www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

## ချစ်ခွင့်မရှိရင်

စာမူခွင့်ပြုချက်အမှတ် - ၅၉၀/၂၀၀၄ (၆)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၄၂/၂၀၀၄ (၆)

၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ၊

ပထမအကြိမ်

တန်ဖိုး - ၃၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။



## ၁

ခင်သည် တန်းစီထားတဲ့ ခုတင်နှစ်တန်းရဲ့အလယ်ေ လျှောက်လမ်းမှ ခပ်သုတ်သုတ် ဖြတ်လျှောက်သွားသည့် ဆရာဝန်လေးကို ခိုးပြီးလိုက်ကြည့်နေလိုက်မိသည်။ ကြည်ပြာရောင်စပို့ရှပ်လက်တို နုဖပ်ဖပ်ကလေးနှင့် ခုအခါ အတော်ဝယ်ခဲ တွေ့ခဲနေသော ယောပုဆိုးအနက်ကလေး မရှည်မတို ဝတ်ထားသည့် ဤဆရာဝန်ကလေးသည် ဖြူနုရှင်းသန့်ကာ ဆရာဝန်ရုပ်ကလေးလည်း ပေါက်လှသည်။

ကြီးကြီးအုန်းကို ဆေးရုံစ,တင်သည့် နေ့ကပင် ဆရာဝန်ကလေးကို ခင် သတိပြုမိခဲ့တာပင်။ သူ့ရဲ့ ဖျတ်လတ်

www.burmeseclassic.com



သွက်လက်ပေါ့ပါးနေတဲ့ဟန်၊ သဘောကောင်းလှတဲ့ အပြုအမူ လုပ်ကိုင်လှုပ်ရှားပုံများ၊ ကြည်လင်ချိုသာပြီး လူနာအများအဖို့ နှလုံးအေးစေနိုင်လောက်တဲ့ ပြောသံဆိုသံ၊ ပြုံးနေတတ်ပြီး အထူး ကြည်လင်သန့်စင်နေတဲ့ ဤမျက်နှာကလေးကို မြင်မြင်ချင်းပင် ဇင့် ရင်ထဲ ဘာကြောင့်မှန်းမသိ ဘာရယ်မှန်းမသိ တစ်မျိုးကလေး တုန်လှုပ်သွားခဲ့သည်။

အသိမိတ်ဆွေ မဖြစ်ဖူးဘူး၊ မတွေ့ဖူးဘူးလို့ သေချာ နေတဲ့တိုင် ဆရာဝန်လေးသည် ဇင့် နှလုံးသားထဲ ရင်းနှီးကျွမ်း ဝင်ပြီးအားလို တအံ့တဩ ခံစားနေခဲ့ရသည်။ တစ်မျိုးပြောရရင် ဇင် ရှာဖွေနေတဲ့ လူတစ်ယောက်ယောက်ကို မမျှော်လင့်ဘဲ အမှတ်မထင် ဘွားခနဲ တွေ့လိုက်ရသလိုမျိုးလည်း ဆန်သည်ပင်။

သူ့၌ ထူးခြားမှု ရှိနေသည်။ အနည်းဆုံး ဇင့် အတွက် ထူးခြားနေပါသည်။ အဲဒါဟာ ဘာလဲလို့ ဇင်လည်း ကောင်းကောင်းမသိ။

"ဒီဆရာလေး ခုထိ မပြန်ရသေးပါလား၊ ညကလည်း သူ့ ဂျူတီပဲ ဂမုန်းရဲ့"

ကြီးကြီးအုန်းက ဇင် ကြည့်မိတာကို သိလို့ပဲလား မသိ၊ လှမ်းပြောလိုက်ပါသည်။ သူသည် နားကျပ်ကို လည်ပင်း





တစ်ဖက်တစ်ချက်ချ ချိတ်လျက် ခပ်သွက်သွက်ကလေး ဤမှ ထိုမှ ရွေ့လျားနေတတ်သည်။

"ဆရာဝန်တွေထဲမှာ သူ့လောက် ဂရုတစိုက် လိုက်လုပ် ပေးတာ မရှိဘူး ဂမုန်းရဲ့၊ သူ့လောက် မျက်နှာချိုသာ ကြည်လင်တာလည်း မရှိဘူး"

ဇင်က ခေါင်းသာညိတ်ကာ နှုတ်ကို ဆိတ်ထားသော် လည်း စိတ်ထဲကတော့ ထပ်တူထပ်မျှ သဘောတူ ဝန်ခံနေမိပါ ဘည်။

"သူ့ သတင်းမေးလိုက်ရင်လည်း လေသံလေးက ဂရုစိုက် ကြင်နာလွန်းလို့ တကယ်ကို ရောဂါတစ်ဝက်လောက် ပျောက်တဲ့အတိုင်းပဲ၊ သိပ်စိတ်ကောင်းရှိတဲ့ ဆရာဝန်လေး တော့၊ ရုပ်လေးက ကြည်နေတာပဲ"

ကြီးကြီးအုန်း ချီးမွမ်းစကားကို ဇင်က ကျိတ်၍ နားဝင်ပီယံ ဖြစ်နေဆဲမှာပင် ...

"သက်သာတယ်နော် ကြီးကြီး"

ဖျတ်ခနဲ နှုတ်ဆက်လိုက်တဲ့ ကြည်လင်ဖော်ရွေသော အသံကြောင့် ဇင်က အငိုက်တမိ ငဲ့ကြည့်လိုက်မိသည်။ သူသည် ဟိုဘက်ထိပ်မှ ဒီဘက်ထိပ်ဆီ ပြန်ရောက်လာပြန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"သက်သာပါတယ် ဒေါက်တာလေးရယ်၊ ကြီးကြီး နေကောင်းပါပြီ"

"ဟုတ်တယ်၊ ကြီးကြီး နေကောင်းပြီ၊ ဒါကြောင့် နက်ဖြန်ခ င်းရတော့မှာပေါ့"

သူက ကြီးကြီးကို ပြုံးကာပြောရင်း ဇင့်ကို တစ်ချက် ဖျတ်ခနဲပင် ရွှန်းတောက်တောက် လှမ်းကြည့်လိုက်ပါသည်။ ဤအကြည့်၌ ပါဝင်သည့် ထူးခြားမှုတစ်မျိုးကြောင့် ဇင့် ရင်ထဲ လှုပ်ခနဲ ဖြစ်ရသည်။

"ဟုတ်လား ... ကြီးကြီး နက်ဖြန် ဆင်းရမလား"

"ဟုတ်တယ် ခင်ဗျာ၊ ကြီးကြီး နက်ဖြန်ဆင်းလို့ရပြီ"

သူသည် တမင်သက်သက် လာရပ်စကားပြောနေတာ ဖြစ်ပြီး ချက်ချင်းလည်း ထွက်မသွားသေးပဲ စကားပြောရင်း ဇင့်ကို ဖျတ်ခနဲ ဖျတ်ခနဲ ကြည့်ပါသည်။ ဆေးရုံမှာ ကြီးကြီးအုန်း နေရတဲ့ ကိုးရက် ဆယ်ရက် အတွင်း နေ့တိုင်းနီးပါး ဇင်နှင့်ဆုံ သော်လည်း ဖျတ်ခနဲ လှစ်ခနဲ မျှသာ။ ဇင်က ညနေတစ်ခေါက်မျှ သာ ကြီးကြီးအုန်းထံ ပုံမှန်ရောက်နိုင်တာဖြစ်ပြီး ရုံမှန်ခေါ် မနက်စောစောကြီး တစ်ခေါက်လောက် ဆိုင်ကိုသွားရင်း လိုတာ ဝင်ပေးရင်းသာ ရောက်ရသူ ဖြစ်သည်။





နေ့လယ်တစ်ခေါက် ညနေတစ်ခေါက် ထမင်းပို့ချိန် ပုံမှန်ရောက်ရတာက ရွှေနီသာ ဖြစ်ပါသည်။ ထို့ကြောင့် အပြုံးလေး အကြည့်လေးချင်း ဆုံစည်းမျက်မှန်းတန်းမိရုံကလွဲ၍ မရင်းနှီးခဲ့ရပါ။

"ဝမ်းသာလိုက်တာ ဒေါက်တာလေးရယ်"

"ကြီးကြီးက အိမ်ပြန်ချင်လှပြီပေါ့"

"ဆေးရုံမှာလည်း ဂရုစိုက်တာပဲဆိုတော့ တက်နေရတာ စိတ်မညစ်ပါဘူး ဒေါက်တာလေးရဲ့၊ အိမ်ကလူတွေ ကရိကထ များနေတာကိုသာ မြန်မြန်ပြီးစေချင်တာပါ"

BURMESE CLASSIC

"ပြီးပါပြီ ... ပြီးပါပြီ ... မြန်မြန်ပြီးပါပြီ ကြီးကြီးရဲ့၊ နားရဦးမယ်နော်၊ အားဆေးလည်း မှန်မှန်သောက်ရမယ်၊ ရက်ရှည်ကြီး အဖတ်မစားလိုက်ရတော့ လူကြီးဆိုတော အားပြတ်နေမယ်၊ ဒီညနေ ဘာကျွေးပြီလဲ"

ရွှေနီက ယူလာသူမို့ ဇင်က ဆိုင်ကအပြန် ဝင်လာသူ ပီပီ မဖြေနိုင်ဘဲ ရွှေနီ့ထံ လှမ်းကြည့်ရသည်။

"မနက်က ဆရာမက ဆန်ပြုတ်ကျဲကျဲ ယူလာဆိုလို့"

"ဩော် ... ဆန်ပြုတ်ကျဲပေါ့၊ ကြီးကြီးကတော့ အဖတ် မစားရတာ ကြာတော့ ဆန်ပြုတ်လည်း စားကောင်းနေမှာ ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဒေါက်တာလေးရယ်"

သူသည် ဇင့်ကို ဖျတ်ခနဲ ဖျတ်ခနဲသာ ကြည့်ကာ ကြီးကြီးအုန်းကို ဦးတည်ကာ ပြောနေရာမှ ကြီးကြီးအုန်း ရွှေနီတို့ရဲ့ အပြင်အဆင် အသွင်သဏ္ဍာန်နှင့် ဇင့် အဆင်အယင် အသွင်သဏ္ဍာန်တို့ကို အနည်းငယ် ယှဉ်နှိုင်း အကဲခတ်သလို ပြုပြီးမှ ဇင့်ကို တိုက်ရိုက်ဦးတည်လျက် ...

"ကြီးကြီးက နားတော့ နားရဦးမယ် မမ"

"ဟုတ် ... ဟုတ်ကဲ့ ဒေါက်တာ"

ဇင်သည် သူ့ကို ဦးတည်စကား ပြောလိုက်၍ အရေးတယူ တလေးတစားလေး ခေါင်းညိတ်လိုက်ပါသည်။

"ကောင်းတာကတော့ ကောင်းပါပြီ၊ တိုက်ဖွိုက်ဖြစ်ထားတာဆိုတော့ အရည်ချည်းပဲ မှီဝဲရတော့ အားတော့နည်းနေတာပေါ့၊ အိမ်ကျရင် အစာပျော့ပျော့ကိုပဲ တတ်နိုင်သလောက် ကျွေးထားပါဦး၊ တစ်ပတ်လောက်နေမှ တဖြည်းဖြည်းနဲ့ ပုံမှန်နားနီးပါး ... ပုံမှန် ... တိုးကျွေးသွားကြည့်ပေါ့"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

"နက်ဖြန်တော့ ..."





သူ့မျက်လုံးများသည် ဇင့် ထံကိုသာ အကြည့်မလွှဲ ရွှန်းချိုချိုကလေး ရပ်တန့်စိုက်နေပြီးမှ ...

"ကြီးကြီး ဆေးရုံကဆင်းချိန် ကျွန်တော်က မရှိဘူး၊ နက်ဖြန်နေ့ဘက်က ကျွန်တော့် အော့ဖ်လေ၊ မနေ့ညနဲ့ ဒီနေ့ တွမ်တီဖိုးအာဝါ ယူလိုက်တော့၊ နက်ဖြန် ကြီးကြီး ဆေးရုံဆင်းရင် မနှုတ်ဆက်ရဘူးဆိုတော့ ခုတည်းက တစ်ခါတည်း နှုတ်ဆက်ထားလိုက်ရမယ်"

သူသည် ကြီးကြီးကို ပြောသလိုလို၊ ဇင့်ကို ပြောသလိုလို တစ်မျိုးလေးလည်း ရှိုးတိုးရှန့်တန့် ဖြစ်နေသေးကာ အပြုံးကလေးကတော့ လှပသော နှုတ်ခမ်းတွင် တပ်ဆင်နိုင်တွဲလျက်သားပင်။ ဇင်သည် ဘာကိုမှန်းမသိ ရှက်သယောင်ယောင် ကတုန်ကယင် အနည်းငယ်နိုင်စွာ ...

"ကြီးကြီးအုန်းကို ဂရုစိုက်တဲ့ အတွက် ကျေးဇူးတင်ပါတယ် ဒေါက်တာ"

"ရပါတယ် မမ၊ ကျွန်တော်တို့က တာဝန်အရရော စေတနာအရရော ဂရုစိုက်မှာပါပဲ"

"ဒေါက်တာလေးကတော့ တခြားဒေါက်တာတွေထက်ကို စေတနာအရာမှာ သာပါတယ်၊ ဒီတစ်ဆောင်လုံး မေးကြည့်၊



www.burmeseclassic.com

www.burmeseclassic.com



လူနာတိုင်းက ဒီလိုချည်း ပြောကြမှာပဲ၊ အဲဒါကြောင့်လည်း သူများထက်ကို ပိုကျေးဇူးတင်ပါတယ် . ဒေါက်တာလေးရယ်”

“ရပါတယ် ကြီးကြီးရယ်”

“စေတနာရော ကြင်ကြင်နာနာ ရှိတာရော၊ ဂရုစိုက်တာရော၊ တော်တာရော၊ သွားလာလှုပ်ရှားတာကအစ ကြော့ပြီး သွက်နေပြီး အပြုံးကလေးကလည်း တကယ်ကိုရောင်ဝါသက်သာလောက်ပါတယ်၊ ရုပ်ကလေးကိုက ဆရာဝန်ပီသတဲ့ ရုပ်ကလေးနဲ့ ကြည်ပြီး ရှင်းသန့်နေတာပဲ”

သူသည် ကြီးကြီးအုန်း စကားကြောင့် ခေါင်းကိုပါ မော့လှန်၍ တဟားဟား သဘောတကျ ရယ်တော့ကာ ...

“ဟား ... ဟား ... ကြီးကြီးကို မှန့်ကျွေးရမယ် ထင်တယ်ဗျို့”

“ကြီးကြီးတို့က ကျွေးရမှာပါ ဒေါက်တာလေးရယ်”

“နေတိုင်း စားနေရတာပါဗျာ၊ နေ့တိုင်း ဝါ့ဒ်က ဆရာ၊ ဆရာမတွေဖို့ ထည့်ထည့်ပေးတဲ့ လိမ္မော်သီးတို့ ကိတ်မုန့်တို့၊ ညအာက်ဆိုရင် လက်ဖက်သုပ်တို့ ဂျင်းသုပ်တို့ နေ့စဉ်နဲ့အမျှ စားနေရတာပဲဟာ ကြီးကြီးရဲ့ ခုတော့ တော်ပါပြီ၊





နောက်မှ အိမ်လိုက်လည်ပြီး ကော်ဖီတောင်းသောက်ရမယ်၊ အဟင်း”

သူ့ရဲ့ မသိမှသာ အကဲဖမ်း စကားကြောင့် ဇင်သည် နှုတ်ပိတ်နေဖို့ မတတ်သာစွာ ...

“လာလည်ပါ ဒေါက်တာ၊ ဇင်တို့ ခြံနံပါတ်(---)၊ အင်းလျားလမ်းမှာ နေပါတယ်၊ ရှာလို့လည်း လွယ်ပါတယ်၊ ရောက်ရင် ဝင်ပါရှင်”

“ဟုတ်ကဲ့ပါ မမ၊ ကျွန်တော်က ကြီးကြီးကို နောက်တာပါ”

“တကယ်လာလည်လို့လည်း ရပါတယ် ဒေါက်တာ၊ ဖိတ်ပါတယ်ရှင်”

ကြီးကြီးအုန်းက သူ့အနေအထားနှင့်သူ ဤနေရာမှာတော့ နှုတ်တွန့်နေရ၍ ဇင်ကပဲ ဖိတ်ခေါ်စကား ဆိုရပါသည်။ တကယ်လည်း စိတ်လိုလက်ရ လှိုက်လှဲပါသည်။ ဇင့်ရင်တွင်းထဲ ဒီဆရာဝန်လေးကို တကယ်ပဲ ဘယ်လိုမှန်းမသိ၊ သံယောဇဉ်ရှိနေတာပါ။ သိပ်လည်း ကြုံဆုံလိုက်ရတာ မဟုတ်ပါပဲနှင့်။

“ဟုတ်ကဲ့ ... ဟုတ်ကဲ့ မမ၊ လိပ်စာလည်း မှတ်မိပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



သူက 'မမ'လို့ချည်း နာမ်စားသုံးနေတော့သည်မှာ မလွန်ပါ။ ဖင်ကလည်း သူဟာ ဖင့်ထက်တော့ ငယ်ရွယ်လောက်ပေသည်ဟု မှန်းဆပြီးသားပါ။ နုစင်ကြည်သန့် ဝင်းဖန့်နေတဲ့ သူ့မျက်နှာကလေးဟာ အပြစ်ကင်းစင်လွန်းသေး၍ ဖင့်ထက် သုံးလေးငါးနှစ် ဆိုသလိုတော့ ငယ်မှာပင်။

သူဟာ ဒီကနေ့ညနေအဖို့ တမင်တကာပဲ ဒီအနားမှာ အချိန်လာဖြုန်းနေတာ အတော်ကြာကြာပါပင်။ ဖြတ်သန်းသွားလာနှင့် ခုတင်တွေဆီ လှည့်လည်နေတဲ့ နာ့စ်လေးတွေက သူတို့ဆရာဝန်ကို ပြုံးတုံ့တုံ့ကြည့်ကြသည်။ သူဟာ အားလုံးနှင့်ကို ခင်မင်ရင်းနှီးသူပင်။

ဟိုပြော ဒီပြောနှင့် အတော်ကြာ ရပ်စကားပြောနေတုန်းက ဖင်သည် "ဒေါက်တာ နာမည် ဘယ်လိုခေါ်ပါလဲရှင်" ဆိုသည်ကို မေးရကောင်းနိုး မမေးရကောင်းနိုး၊ မေးသင့်မမေးသင့် ချိန်ဆလွန်ဆွဲနေရသည်နှင့် သူ ထွက်သွားတဲ့အထိ မမေးလိုက်ရပါ။

ရိုးရိုးသားသား မေးဖို့ရာဆို ကိုယ့်အိမ်ကလူနာကို ကုမေးနေသည့် ဆရာဝန်တစ်ယောက်ကို ဘာမှမမေးသင့်စရာ





အကြောင်းမရှိသော်လည်း ဖင့် စိတ်ထဲကကိုက မရိုးမသား တွန့်ဆုတ်ဆုတ်လို ဖြစ်နေမိသည်ကို ဖင်လည်း မတတ်နိုင်ပါပေ။ သူ နှုတ်ဆက်ထွက်သွားပြီးမှ မမေးလိုက်ရတာကို တနုံ့နုံ့ ဖြစ်နေမိသည်။

ထိုည ညေ့နှင်ချိန်အပြီး ပြန်ကာနီးတွင်တော့ ဖင်သည် ကြီးကြီးအုန်းရဲ့ ညအကူနာ့စ်လေးကို ညအတွက် ဆရာ၊ ဆရာမတွေ ကျွေးဖို့ မုန့်အပ်ရင်း ငွေလည်းရှင်းရင်းနှင့်ပင် ...

"နက်ဖြန် ဆင်းရပြီလို့တော့ ဆရာဝန်တစ်ယောက်က ပြောသွားတယ် ဆရာမ"

"ဟုတ်တယ် ... ဟုတ်တယ်၊ နက်ဖြန်ဆင်းမဲ့ စာရင်းမှာ ကြီးကြီးလည်း ပါတယ်၊ ဆရာကြီး Round ပြီးရင် ဆင်းတဲ့ လက်မှတ် ရပါပြီ"

"အဲဒါလေ ... ကျွန်မ ဒီဝါ့ဒ်ထဲက ဆရာဝန်တွေရော၊ ဆရာမတွေပါ အမှတ်တရ လက်ဆောင်လေးတွေ ကန်တော့ချင်လို့ ဆရာမ စာရင်းရေးပေးပါလားဟင်၊ နက်ဖြန်မနက်ကို ဝယ်လိုက်ပြီး မဆင်းခင် ပေးခဲ့ချင်လို့ပါ"

"ဪ ... ဟုတ်ကဲ့၊ ကျွန်မ အခုပဲ ရေးပေးလိုက်မယ်လေ အစ်မ"



www.burmeseclassic.com

www.burmeseclassic.com



Night Nurse လေးက စာရင်းတစ်ခု ချရေးလိုက်ပါသည်။ စာရင်းကိုမြင်လျှင် ဆရာဝန်လေးရဲ့ အမည်ကိုလည်း မှန်းဆလို့ ရပြီးသားဟု ထင်သော ဖင်သည် စာရင်းရလျှင် ဝါဒ်ပိုင်ဆရာကြီးအမည်အပြင် အမျိုးသားဆရာဝန်အမည်က နှစ်ခုမို့ ငုံ့ဖတ်ငြိမ်သက်နေမိရာမှ အံ့သြသြ တွေးဆဆနှင့် ...

"ဟို ... မနေ့ညနဲ့ ဒီနေ့ 24 hours ဂျူတီကျတဲ့ ဆရာဝန်လေး ..."

"သြော် ... အဲဒါ ဒေါက်တာသီဟသာ၊ ဟောက်စ်ဆာဂျင်လေ အစ်မ၊ ဒီ ဒေါက်တာကျော်စိုးနိုင်က အေအက်စ်"

သီဟသာ။ သီဟသာ ...။ ဖင် တိုးတိုးရွတ်နေမိသည်။





ကြီးကြီးအုန်း ဆေးရုံကဆင်းလာပြီး တစ်ပတ်လောက်ရှိသော နေ့တစ်နေ့ရဲ့ ညနေဘက် ဖင် ဆိုင်ကပြန်လာအပြီး ရေချိုး၊ ထမင်းစားဖို့ ပြင်စဉ် ...

"ကြီးကြီးအုန်း စားပြီးပြီလား ရွှေနီ"

"ဟုတ်ကဲ့ မမ ... စားပြီးပါပြီ"

"ဒီနေ့ ဘာကျွေးလဲ"

"ငါးကြော်လေး စားချင်တယ်ဆိုလို့ ထမင်းပျော့ပျော့နဲ့ ငါးကြော်လေးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး ... အဆီအနှစ်တွေတော့ သိပ်မစားစေနဲ့ ဦးပေါ့နော်"

ရွှေနီနှင့် အမေးအဖြေ လုပ်နေဆဲ ကြီးကြီးအုန်းက ထမင်းစားခန်းအနီးမှ သူ့အခန်းငယ်ထဲက ထွက်လာသည်။

"နေကောင်းလား ကြီးကြီးအုန်း"

"ကောင်းနေပါပြီ ဂမုန်းရယ်၊ ထူထူထောင်ထောင်ပဲ၊ ပါးစပ်လည်း ကောင်းလာပြီ၊ ဗိုက်က တဆာတည်း ဆာနေလို့တောင် ခက်နေတယ်၊ ဟဲ့ ... ကျော့ရီ၊ ရေပုလင်း ဖန်ခွက် ခုထိ မချထားသေးပါလား၊ သဘော်သီးစိတ်တော့ ခုကတည်းက ထုတ်ချထားတယ်၊ ခက်ရင်းသေးသေးတော့ တင်မထားဘူး"

ကြီးကြီးအုန်းသည် ထမင်းပွဲကိုကြည့်ကာ လိုအပ်သည်တို့ကို မနေနိုင် မထိုင်နိုင် ပြောဆိုညွှန်ကြားနေပါသည်။ ကျော့ရီက ကြီးကြီးအုန်း ပြောမှ လိုတာကို အပြေးယူချနေပါသည်။

ရွှေနီရော ကျော့ရီရောဟာ ကြီးကြီးအုန်းတို့ ရွာဘက်ကပဲ။ ကြီးကြီးအုန်းရဲ့ ညွှာရိပ်မကင်း ပြောခဲ့ဆိုခဲ့ထဲကမို့ ကြီးကြီးအုန်းကို ကြောက်ရွံ့ရိုသေ လေးစားကြရပါသည်။ ကြီးကြီးအုန်းကတော့ မာမီ ရှိစဉ်ကတည်းက မာမို့ထံ နှစ်ရှည်လများ





အတူနေလာခဲ့သော လူရင်းလူယုံပင်။ ခုချိန်မှာတော့ ကြီးကြီးအုန်းဟာ ဒီအိမ်မှာ လုပ်ဖို့ကိုင်ဖို့ထက် စီမံညွှန်ကြားဖို့ သက်သက်သာ ဖြစ်သည်။

အသက်ခြောက်ဆယ်တွင်း ဝင်သော်လည်း အပျိုကြီးတစ်ယောက်ဖြစ်တဲ့ ကြီးကြီးအုန်းမှာ ဝဝဖိုင့်ဖိုင့် ထောင်ထောင်မောင်းမောင်းနှင့် နုပျိုအရွယ်တင်သူလည်း ဖြစ်ပါသည်။ ခုချိန်ထိ ဟုတ်တိပတ်တိ ဆံပင်တောင် မဖြူချင်လှသေးပေ။

"ဆာရင် ထပ်စားဦးပေါ့ ကြီးကြီးအုန်းရဲ့၊ တစ်ခါစား နည်းနည်း နည်းနည်းနဲ့ အထပ်ထပ် အခါခါ စားတာကောင်းတယ်"

"ခုတော့ မဆာပါဘူး ဂမုန်းရယ်၊ မနေ့ညကများ သန်းခေါင်ကျော် တစ်ရေးနိုးပြီး ထ,ဆာနေတာ"

"ထိုင်လေ ကြီးကြီးအုန်း"

ကြီးကြီးအုန်းက ထမင်းစားပွဲမှ ကုလားထိုင်တစ်ခု ဆွဲယူကာ အစွန်းမျှလောက် ဝင်ထိုင်ပါသည်။ ကြီးကြီးအုန်းကို ဆွေလိုမျိုးလို နေရာပေး ဆက်ဆံသည်ဖြစ်၍ ဒီအိမ်မှာ လူကြီးသူမသဘောနှင့် ဇင်က တလေးတစား ဆက်ဆံသည်။ အိမ်မှာ လူကြီးရယ်လို့လည်း ကြီးကြီးအုန်းသာ ရှိတာ။ ပြီးတော့ ဇင့်မှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဆွေရယ်မျိုးရယ်လို့ ရင်းရင်းချာချာ အားကိုးစရာရှိတာ မဟုတ်။

"ပြောရဦးမယ် ဂမုန်းရေ့"

မပြောရသေးခင် ကြီးကြီးအုန်းရဲ့ မျက်နှာဝိုင်းဝိုင်း ဖွံ့ဖွံ့က ပြုံးလာသည်။

"ဂမုန်းတော့ အံ့သြသွားဦးမယ်"

ပြောမည့်သူက ပြုံးနေ၍ နားထောင်မည့်သူမှာလည်း အလိုအလျောက်ပင် လိုက်ပြုံးမိတော့ကာ ...

"ဘာလဲ ကြီးကြီးအုန်း"

"မနက်ကလေ ဂမုန်းလည်း အိမ်ကထွက်သွားပြီးရော ဆယ်မိနစ်လောက်ပဲ ရှိသေးတယ်၊ ဘယ်သူလာတယ် မှတ်လဲ"

"ဘယ်သူလဲဟင်"

"ဒေါက်တာလေးတော့"

ဇင်သည် မယုံသလို အင်မတန် အံ့သြသွားကာ ထမင်းစား လက်စပင် တန့်သွားရပါသည်။

"သူ လာတယ်"

နှုတ်ကလည်း တိုးတိုးရေရွတ်လိုက်မိပါသည်။





"အေးတော့ ဂမုန်းရယ်၊ လာလည်မယ် မထင်တော့ ကြီးကြီးလည်း အံ့အားတသင့်ပေါ့၊ ကျောင်းဘေးကလမ်းထဲမှာ သူ့သူငယ်ချင်းအိမ်ရှိတာ၊ အဲဒီကိုလာရင်းနဲ့ တစ်ချက်ဝင်လာတာပါ ဆိုပြီး ထိုင်တောင် မထိုင်တော့ဘူး လုပ်နေတာ၊ ကော်ဖီလေး သောက်သွားပါဦး ဆိုတာတောင် တိုက်မရဘူး ...

သူ့ပုံစံလေးအတိုင်း ပြုံးတုံ့တုံ့ ရီကျဲကျဲနဲ့ပေါ့၊ ဂမုန်းကိုတောင် မေးလို့ ဒီအချိန်ဆိုရင် ဂမုန်းက ဆိုင်သွားပြီလို့ ပြောပြရတယ်၊ မဟာဗန္ဓုလလမ်းပေါ်မှာ 'ရွှေဂမုန်းစိန်တိုက်' ဆိုတာ ဂမုန်းရဲ့ ဆိုင်ပါလို့ ကြီးကြီး ပြောပြလိုက်တယ်၊ အဲဒီဘက်ရောက်ရင်ဖြစ်ဖြစ်၊ စိန်ဝယ်စရာရှိလို့ပဲဖြစ်ဖြစ် ဝင်ပါလို့ ပြောတော့ သူက မြို့ထဲတော့ ရောက်နေတာပါ ပဲတဲ့၊ ဒါပေမဲ့ စိန်ဆိုင်ဆိုတော့ သူတို့ယောကျ်ားတွေအတွက် ဝယ်စရာလည်းမလို၊ ဝင်ရလည်း အခက်ပဲ ဆိုပြီး ရယ်နေသေးတယ်"

ကြီးကြီးအုန်းရဲ့ အားရပါးရ အပြောတွင် ဇင်သည် ရှိန်းရှိန်းကလေး ငြိမ်သက်နေမိပါသည်။ ဆေးရုံလာတက်သွားတဲ့ လူနာတစ်ယောက်ရဲ့အိမ်ကို ဆေးရုံပေါ်က ခင်မင်မှုမျှနှင့် အယ်

www.burmeseclassic.com



ဆရာဝန်ကမှ လိုက်လည်လိမ့်မည် မဟုတ်တာ ပြောနေစရာပင် မလိုပါ။

အခြားအကြောင်းကိစ္စတစ်ခုခု ရှိမှသာ ထိုအကြောင်း ဟိုပြု၍ ရောက်ဖို့ရှိတာပါ။ ဒေါက်တာသီဟသာရဲ့ အကြောင်းက ဘာပါလိမ့်။ ဆေးရုံက ဆင်းကြမည့်မနက်က သူ ဆေးရုံမှာမရှိပါ။ သူ့ရဲ့အားရက် ဂျူတီအော့ဖ် ဆိုတာလည်း သူ ပြောပြီးသားပင်။

ဆရာဝန် ဆရာမတို့ကို အမှတ်တရလက်ဆောင် ပစ္စည်းလေးတွေ ပေးရင်း ရင်းနှီးမျက်မှန်းတန်းနေသော သူနာပြု ဆရာမလေးတစ်ယောက်က ...

"ကျွန်မတို့ နားနေခန်းမှာ အစ်မအကြောင်း ပြောပြောနေတာ အစ်မရဲ့"

"ဘာဖြစ်လို့လဲရှင်"

"အစ်မက လှလို့ပေါ့၊ ညနေ အစ်မလာချိန်ဆိုရင် ချောင်းချောင်းကြည့်ရတာ"

"ဟင် ... အဲလောက်လည်း မလှပါဘူး ဆရာမရယ်"

"လှတာပဲဟာ၊ ကျွန်မတို့တင် မကဘူး၊ ဆရာဝန်တွေလည်း ပြောတာပဲ၊ ကုတင်နံပါတ်(--)က ကြီးကြီးရဲ့ လူနာရှင် မမက အရမ်းလှတာပဲ ဆိုတာလေ"





ဒေါက်တာသီဟသာ အတွက် လက်ဆောင်ပုဆိုးထုပ်ကို တစ်ဆင့်ပေးပေးဖို့ လက်ခံထားလိုက်သော ဟောက်စ်ဆာဂျင် ဆရာဝန်မငယ်လေး သန္တာလွင်က ဝင်ကာ ...

"ဟုတ်တယ်၊ သီဟသာက ဆိုရင် မမကို ဒယ်မြင်ဖူးနေသလိုပဲလို့ ပြောနေတာ၊ သန္တာက နင် ဓာတ်လာမ်းထွင်မနေနဲ့လို့ နှိပ်ပစ်တာပေါ့ ... ဟင်း ဟင်း၊ သူက မမ လာရင် ဟိုကဖြတ်ကြည့် ဒီကဖြတ်လျှောက်နဲ့မို့လို့ သန္တာတို့က စ,တော့ မြင်ဖူးလို့ပါလေး ဘာလေးနဲ့၊ ရယ်ရတယ်၊ အဟင်း ... စိတ်မဆိုးနဲ့နော် မမ၊ မမကို ချစ်လို့နောက်ကြတာပါ"

"စိတ်မဆိုးပါဘူး"

ဇင်က မျက်နှာလေး နီနီနှင့် ပြောရသည်။ သူဖို့လည်းပဲ ဆေးရုံက ဆင်းပြီမို့ နောက်မတွေ့ရတော့ဘူးမို့သာ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး ကျီစယ်ကြတာပင်။ စိတ်မဆိုးပါ။ မြင်ဖူးသလိုပဲဆိုသည့် ဒေါက်တာသီဟသာရဲ့ စကားကိုသာ တကယ်ပဲ စိတ်ထဲက ပြောတာလား၊ ဒီလိုပဲ အရှက်ပြေအကြောင်း တစ်ခု ကောက်ပြလိုက်တာလား ဆိုတာ ဇင် မှန်းဆမရ။



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးအုန်း ဆေးရုံက ဆင်းလာပြီးတဲ့နောက်မှာ ဖင့် ရင်ထဲကို ဆေးရုံက တစ်စုံတစ်ရာ ပါလာသလို ခံစားရပါသည်။ ဘယ်သူမှ မသိနိုင်တဲ့ ခံစားမှုထစ်ခု ဆိုပါတော့။ သီဟသာကိုလည်း ဖင် နေ့တိုင်း အမှတ်ရနေပါသည်။

ခုတော့ … သူ အိမ်အထိ ရောက်လာခဲ့တယ်တဲ့။ ဖင့် ရင်ထဲ တစ်မျိုးလေး ဖြစ်ရသည်။ တစ်ခါလာလိုက်တာ ဖင်နှင့် မဆုံရဘူး ဆိုတော့ နောက်တစ်ခါ ခပ်မြန်မြန် ထပ်လာဖို့လည်း သူ့မှာ ဝန်လေးခက်ခဲနေမှာပဲပင်။

"ဒီနားရောက်လို့ ဝင်တယ်ဆိုပေမဲ့လည်းပဲ တော်ရုံနဲ့တော့ ဒီ ဒေါက်တာလေး ဝင်မလာပါဘူးကွယ်၊ ဆရာဝန်နဲ့လူနာ ဒီလိုသာ ဝင်ထွက်နေရ ခက်ရချည်ရဲ့၊ ကြီးကြီး စိတ်ထင်တော့ သူ့စိတ်ထဲ ဖင့်ကို ခင်မင်ကျွမ်းဝင်ချင်တယ် ထင်ပါရဲ့"

ကြီးကြီးအုန်း သည်လည်း ခေတ်မီသားပင်။ ဖင်ကလည်း သူ ရောက်လာတာသည် ဖင့်အတွက်ကြောင့်ပဲလို့သာ ခိုင်ခိုင်လုံလုံ သေသေချာချာ ကောက်ချက်ချချင်နေပါသည်။ တစ်ကြိမ်သာ ခွန်းတုံ့ခွန်းလှပ် စကားအနည်းအကျဉ်း ပြောလိုက်ဖူးပေမဲ့ အဲဒီကတည်းက သူ့ရဲ့မျက်လုံးအကြည့်တို့က ရိုးသားရဲတင်းမနေပဲ မငုံ့မလဲ ဖြီးခနဲ ဖျတ်ခနဲ ခပ်လွှဲလွှဲနှင့် မဟုတ်လား။





"သူက မေးသေးတယ်၊ ကြီးကြီးက ခေါ်တော့ ဂမုန်းတဲ့၊ အဲဒီအစ်မက စကားထဲ ထည့်ပြောတော့ သူ့ကိုယ်သူ ဖင်တဲ့၊ နာမည်ရင်းက ဘယ်လိုခေါ်တာလဲတဲ့ ဆိုလို့ … ကြီးကြီးက "ဖင်ဂမုန်း"လို့ ပြောပြရတယ်"

"အိမ်ထဲမဝင်ဘဲ အိမ်ပြင်မှာပဲ စကား ရပ်ပြောနေတာပေါ့"

"အေးဟယ် …၊ ခေါ်လို့ကို မရတာ၊ သူ့ကားပေါ်ကဆင်းပြီး ကားဘေးနားပဲရပ်ပြီး စကားပြောနေတာ၊ ကြီးကြီးလည်း ကောင်းကောင်းဧည့်မခံရလို့ အားကလည်းနာ၊ လာခဲ့ပါဦးလို့ ဖိတ်လိုက်မိသေးတယ်၊ တနင်္ဂနွေနေ့ ဆိုရင်တော့ ဂမုန်းလည်း ဆိုင်ပိတ်တယ်လို့ ပြောပြလိုက်တယ်"

ထိုစကားကြောင့်ပင် ထိုတနင်္ဂနွေနေ့က ဖင်က အိမ်ကို မမျှော်လင့်ပဲ ဒေါက်တာသီဟသာ ရောက်လာမလားရယ်လို့ ထင်မိပါသေးသည်။ မမျှော်လင့်ပဲ ဆိုတာက တနင်္ဂနွေနေ့ဟာ သူလာတဲ့နေ့နှင့် နှမ်ရက်သာခြား၍ ဒီလောက်ခပ်မြန်မြန် သူလည်း ပြန်လာလည်ဖို့ ခက်နေလိမ့်မည်ထင်လို့ပင်။ သို့သော် သီဟသာ ရောက်မလာခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲရက်တို့တွင်လည်း သူ့ကို ဇင် မမေ့လျော့။ နောက်တစ်ပတ် တနင်္ဂနွေမှာတော့ ဇင်သည် ရွှေဆိုင်ရတနာဆိုင် အသိုင်းအဝိုင်းထဲကပဲ မသွားမဖြစ်သော မင်္ဂလာဆောင်တစ်ခုသို့ သွားရသည်။ သွားတာပြန်တာနှင့် မင်္ဂလာဆောင်မှာ နေတာနှင့် အလွန်ဆုံးကြာ တစ်နာရီခွဲပင်။

"ဂမုန်းရေ ... ပြောမပြောချင်တော့ဘူး၊ ဂမုန်းထွက်သွားတာနဲ့ အဝင်အထွက်လောက်ပဲ၊ ဘာမှမကြာဘူး၊ ဒေါက်တာလေး ရောက်လာပါလေရော"

ဇင်သည် အမောဆို့သလို ဖြစ်သွားပါသည်။ လွဲစရာရှိလျှင် တိုက်တိုက်ဆိုင်ဆိုင် တော့လွဲကပ်လွဲလည်း လွဲတတ်သည် ဖြစ်ရာ ဇင်သည် မင်္ဂလာဆောင်သွားရင်းပင် စဉ်းစားမိခဲ့ပါသေးသည်။ ဇင်မရှိတဲ့ တနင်္ဂနွေနေ့မှများ သူ ရောက်ချလာရင်တော့ မောရောလို့။ တကယ်ပဲ ဇင် မရှိတုန်းကျမှ ထပ်ရောက်လာမှာ စိုးကာ ဇင့်မှာ မသေချာ မရေရာတာ တစ်ခုအတွက် နောက်ကြောင်းပင် မအေးသလို ဖြစ်နေခဲ့ရပါသည်။

ကဲ ... ခုတော့ ထင်တဲ့အတိုင်းပါပဲလား။ ဇင် အပြင်သွားရပါသည်ဆိုတဲ့ နေ့ကျကာမှ သူက ထပ်ရောက်လာခဲ့သည်။





"ဒီတစ်ခါတော့ အိမ်ပေါ်တက်ပါတယ်၊ ကော်ဖီလေး ကိတ်မုန့်လေး ကျွေးတာ စားသွားသေးတယ်၊ ကြီးကြီးက ဂမုန်းကို စောင့်ပါဦးလားလို့ ပြောသေးတယ်၊ သူ့ သွားစရာလေးတစ်ခုရှိလို့တဲ့၊ ခဏပဲထိုင်တယ်"

"ဒီတစ်ခါရော ဒီနားရောက်လို့ ဝင်တာပဲတဲ့လား ကြီးကြီး အုန်း"

"အေး ... ဒီနားက သူ့သူငယ်ချင်းဆီ သူ မကြာခဏ ရောက်တယ်တဲ့"

နှစ်ကြိမ်ရောက်လာပြီး နှစ်ကြိမ်စလုံး ဇင်နှင့်မတွေ့ရတဲ့အတွက် သူ တော်တော်တော့ စိတ်ပျက်မှာပင်။ ဒီမနိုင်လုံတဲ့ အကြောင်းပြချက်ကြီးကို အကြိမ်ကြိမ်ပြုပြီး အိမ်ကိုထပ်ရောက်ဖို့ဆိုတာ ရှက်နိုးစရာကြီးလို ဖြစ်သည်မဟုတ်လား။

ဆေးရုံကအဆင်းမှာ တစ်ပတ်ခြားပြီးရောက်လာ၊ နောက်တစ်ခါ ဆယ်ရက်လောက် ထပ်ခြားပြီးရောက်လာ၊ နှစ်ကြိမ်စလုံးမှာ ဇင်က မရှိ။ ဇင့်အားရက်ဟာ တနင်္ဂနွေလို့ သူသိပြီးတဲ့တိုင် တနင်္ဂနွေမှာ တစ်ရက်တည်း အားတဲ့အတွက် လူမှုရေး သာရေးနာရေး ပွဲလမ်းသဘင်တွေ ရှိနေနိုင်သေးတာကိုလည်း သူမှ သိလောက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဖို့ တကယ်သေချာတာကတော့ ဇင့်ဆိုင်မှာဆိုတာ သူလည်း သဘောပေါက်ပေမည်။ ဒါပေမဲ့ ဇင့်ဆိုင်က ယောက်ျားလေးနှင့် မအပ်စပ်လှတဲ့ စိန့်ရွှေဆိုင် ဖြစ်နေတာရယ်၊ သူ့မှာ အိမ်ကိုလာလျှင် ဆေးရုံကဆင်းသွားတဲ့ သူ့ရဲ့လူနာကြီးကြီးအုန်းကိုလည်း သတင်းမေးဖို့ဆိုတဲ့ အကြောင်းပြချက် ပြနိုင်ပြီး ဆိုင်ကိုလာရင်တော့ ဇင့်ထံ တမင်တကာ တွေ့ချင်လို့လာတာဆိုတာကြီး ပေါ်လွင်သွားမှာရယ်ကြောင့် ချိန်ဆရတာ ဖြစ်ပေမည်။

ဇင့်ကို သူ တွေ့ချင်နေတာဆိုတာ ဇင် သိပါသည်။ ဇင် ဘာကြောင့် သိရသလဲဆိုလျှင် ဇင်လည်း သူ့ကို တွေ့ချင်မိသေးလို့ပေါ့။ ဒါပေမဲ့ တွေ့လိုစိတ် ရင့်သန်ရတဲ့ အခြေခံကတော့ ကွာခြားဦးမည်။ ဆေးရုံပေါ်မှ ခဏတဖြုတ်မှာ သူဟာ ဇင့်ကို စွဲမက်စိတ်ဝင်စားသွားခဲ့မည်လို့ ဇင် ယူဆသည်။

ဤမျှလောက်သာ ဖြစ်နိုင်တဲ့ သူ့ရဲ့ခံစားချက်ထက် ဇင့်ဘက်က ပိုပါသည်။ ဇင့်ထံမှာ သူ့လိုပဲ မြင်မြင်ချင်း စိတ်လှုပ်ရှား ဝင်စားမိတဲ့ ခံစားချက်အပြင် သူ ဘယ်လိုမှ မတွေးထင်မိနိုင်သေးတဲ့ အချက်လေးတစ်ချက် ရှိနေသေးလို့ပါပဲ။ အဲဒီအချက်လေးဟာ သူ့အပေါ် ဇင့်ဘက်က ရုတ်တရက် စွဲလမ်းမိခြင်းထက် သညားကြီးပိုပြီး လေးနက်စေခဲ့တာ သူသိမှာ မဟုတ်။





ဒီအချက်ကတော့ သူဟာ ဒေါက်တာသီဟသာဆိုတဲ့ လူငယ်လေးတစ်ယောက် ဖြစ်နေလို့ပဲ ဖြစ်ပါသည်။

ခြံထဲကို ကားဝင်လာတဲ့အသံ၊ စကားပြောသံ ဆူဆူညံညံတချို့ ...။ ပြီးလျှင် အိမ်ရှေ့တံခါးကို ခပ်ကြမ်းကြမ်းလှုပ်၍ တံခါးဘဲလ်ကို မလွှတ်တမ်း ဆက်တိုက်ကြီးမြည်အောင် နှိပ်ထားတဲ့အသံ။ ထိုအသံတို့ဟာ သီဟသာတို့အိမ်မှာ ရက်ခြားဆိုသလို ကြုံရနေကျ ဖော်မြူလာ ဖြစ်စဉ်ပင်။

ဒါဟာ ဖေဖေ ပြန်လာတာ။

သီဟသာက ဖတ်လက်စ ရင်ခေါင်းပိုင်းဆိုင်ရာ ရောဂါများစာအုပ်ကို ပြန့်လျက်သား မှောက်ကာ စာကြည့်စားပွဲမှ ထလိုက်ပါသည်။ ဒီအသံတွေ ကြားရပြီဆိုရင် သူ ထွက်ပါမှ။ သူ မထွက်ရင် အခြေအနေ မကောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ထိုကဲ့သို့ ပြန်လာတဲ့ အခါတွေမှာ မေမေဟာ ဖေဖေ့ကို ကိုယ်တိုင်လည်းထွက်၍ တံခါးဖွင့်မကြိုချင်။ ဒီလိုခင်ပွန်းသည်ကို နောက်ကျကျ ညအချိန်မှာ ဆီးကြိုရခြင်း၊ တံခါးဖွင့်ပေးရခြင်းဆိုသည့် ဖြစ်ရပ်အပေါ်၌ မေမေသည် မကျေမချမ်း အမြဲနာကြည်းသည်။

အိမ်မှာ အလုပ်သမား မိန်းကလေးနှစ်ယောက်ရှိရာ ထိုမိနော်နှင့် မိပွရုးကို တံခါးသွားဖွင့်ခိုင်းလိုက်ပါလား ဆိုလျှင်လည်း မေမေ လက်သင့်မခံနိုင်ပေ။ အရက်ထွေ၍ ပြန်လာသော အိမ်ရှင်ယောက်ျားကို အပျိုရွယ် အလုပ်သမားမလေးများ ထွက်မကြိုအပ်ဘူးလို့ မေမေ ဆုံးဖြတ်တာလည်း မမှားပေ။ ပြီးတော့ ထိုသူဟာ ဖေဖေကို ဖြစ်နေလို့။

ဖေဖေ့ကို မေမေသည် 'မ'နှင့်ပတ်သက်သည့် ကိစ္စတို့၌ လုံးဝယုံကြည်စိတ်ချခြင်း မရှိပေ။ မေမေ စိတ်မချခြင်းမှာ နေရင်းထိုင်ရင်း အခြောက်တိုက်ကြီး ယောကျ်ားလုပ်သူကို သဝန်တိုထွာနေ၍ မယုံကြည်တာမျိုး စိတ်မချတာမျိုး မဟုတ်ပါ။ ပြောရလျှင် ဖေဖေဟာလည်း အဆိုးဆုံးကြီး မဟုတ်သော်[illegible] စိတ်ချရလောက်သည့် လူတစ်ယောက်လည်း မဟုတ်တာက အမှန်ပင်။





ကဲ ... အဲဒီတော့ အိမ်မှာတစ်ယောက်ပဲ ကျန်တော့တဲ့ သီဟသာ။ ဖေဖေမေမေတို့ရဲ့ တစ်ဦးတည်းသောသား။ သီဟသာပဲ ထွက်၍တံခါးဖွင့် ကြိုဖို့ရှိတော့တာပေါ့လို့ ဆိုပြန်တော့လည်း ...။ ထိုသို့လည်း မေမေက မဟုတ်ပြန်ပေ။

"ကိုယ့်ရဲ့မွေးသဖခင်ကို စိတ်ပျက်ချင်စရာ အထင်သေးချင်စရာမြင်ကွင်းနဲ့ သားလုပ်တဲ့သူက တွေ့နေမြင်နေတာကို မေမေ သဘောမကျပါဘူး သားရယ်၊ သားသည်းအရိုသေတန်တယ်၊ ပြီးတော့ ... သား မျက်စိထဲမှာ ဒီဖြစ်ရပ်ဟာ ရိုးနေမယ်၊ ဘာမှမဟုတ်လှတော့သလို အရေးမကြီးသလို ပေါ့ပေါ့လေး မြင်လာမယ်၊ မေမေ့သားက လူတော်လူကောင်းလေး၊ မေမေ့သားလေးကို ခင်းအဖေရဲ့ အမူအကျင့်တွေ အကူးစက် မခံနိုင်ဘူး"

ထိုစကားနှင့်အတူ ဖေဖေ ဤသို့ပြန်လာတဲ့နေ့များတွင် 'သားရေ ... ဖေဖေ့ကို တံခါးဖွင့် ကြိုပါဦး'ဟု ဘယ်သောအခါမှ မခိုင်းပေ။ သူကိုယ်တိုင်သာ ထွက်ကြိုသည်။ ကြိုတိုင်းလည်း တံခါးကို ချက်ချင်းမဖွင့်သေးပဲ သံတံခါးချပ် အလယ်ခြားလျက် မေမေကလည်း ဖေဖေ့ကို ပြစ်တင်ဝေဖန် ရှုတ်ချစကားကိုဆို ဖေဖေကလည်း မူးမူးရူးရူး အော်ဟစ်။ ခေတ်လမ်းက မအေး



www.burmeseclassic.com

www.burmeseclassic.com



အေးဆေးဆေး ဘယ်တော့မှ မပြတ်။ ဒီတော့ မေမေ မခေါ်ပေမဲ့ ထွက်မကြိုနဲ့ ဆိုပေမဲ့ သီဟသာက မြန်မြန်နားအေး ပြီးစီးအောင် ဖေဖေ့ကို တံခါးထွက်ဖွင့် ကြိုလိုက်တတ်တာ များပါသည်။

ခုလည်း သီဟသာက အခန်းထဲက ထွက်လာသည်။ မေမေက တံခါးဝမှာ ရောက်နေပါပြီ။ အတွင်းတံခါးဖွင့်ပြီးကာ သံတံခါးကိုတော့ မဖွင့်သေး။

"ရှင့်ပါးစပ်ကိုပိတ်ပြီး တိတ်တိတ်ဆိတ်ဆိတ် ဝင်မှာလား ကိုကျော်သာ၊ တစ်နေ့တစ်ရက်မဟုတ်၊ ရှင်ဒီလို ဆူညံနေတာ အိမ်နီးပါးချင်းကို မရှက်ဘူးလားဟင်"

မေမေသည်လည်း မခံမရပ်နိုင်လွန်း၍ ပြောနေတာပင်။ သို့သော် မီးပြောဘဲ ဖွင့်ပေးလိုက်တာက ပိုပြီးငြိမ်းချမ်းမည် ဆိုတာ မေမေ စဉ်းစားမိပုံမရ။ ခံစားနာကြည်းလွန်းတော့လည်း မပြောပဲ မနေနိုင်၊ ပြောရမှ ကျေနပ်တော့တာမို့သာပင်။

"ဟ ... ဘာရှက်စရာရှိလဲကွ၊ ရှက်ရအောင် ငါက ဘာ လုပ်နေလို့လဲ၊ ကိုယ့်အိမ် ကိုယ်ပြန်လာတဲ့ကိစ္စ ဘာရှက် နေရမှာလဲ"

"ရှင် ဒီလို ဆူဆူညံညံ အသံတွေထွက်အောင် လုပ်နေတာ ကို ပြောနေတာလေ"





"ကိုယ့်ခြံ ကိုယ့်ဝင်းထဲ ကိုယ်လုပ်တာ ဘာဖြစ်သလဲ၊ ဟေ့ ... တံခါးဖွင့်စမ်းပါကွာ၊ အလကား စကားကြောရှည် လိုက်တာ"

"အချိန်မတော် အချိန်တော်မှ ပြန်လာ၊ အော်ကျယ်ဟစ် ကျယ်လုပ်၊ အိမ်ကလူတွေကို စိတ်ဆင်းရဲအောင် နှောင့်ယှက် ပြီးမှ ဝင်အိပ်၊ ရှင့်ရဲ့အဲဒီဒုက္ခတွေကို ခံလာရတာ ဘယ်နှ နှစ်ရှိခဲ့ပြီလဲဟင်၊ ရှင် ကျွန်မအပေါ် သိပ်ဒုက္ခပေးလွန်းအား ကြီးတယ် ကိုကျော်သာ"

"ဟေ့ ... တံခါးဖွင့်စမ်းကွာ၊ ခုဖွင့်မလား၊ မဖွင့်ဘူးလား တောက်"

သီဟသာက မြန်မြန်ပြေးထွက်လာရင်း မေမေ လက်မှသော့ကို ယူကာ ...

"ပေး ... ပေး ... သား ဖွင့်လိုက်မယ်၊ မေမေ သွားတော့ လေ၊ ဖေဖေ့ကို သားခေါ်လာခဲ့မယ်၊ သွား ... မေမေသွား"

သီဟသာက မေမေ့ ကျောပြင်ကလေးကို အသာ တလေး တွန်းလိုက်ပါသည်။ မေမေ့ မျက်နှာသည် ခက်ထန်နီမြန်း နေကာ မျက်လုံးတွေက ရန်လိုဝင်းတောက်နေသည်။ အဝေးထိ ထွက်မသွားပဲ ဧည့်ခန်းထဲတင်ရပ်ကာ ဖေဖေ့ကို ဒေါသတကြီး ကြည့်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သီဟသာ ဖွင့်ပေးသော တံခါးမှ ဝင်လာသော ဖေဖေသည် သီဟသာကို တစ်ချက်ပြုံး၍ ပခုံးပုတ်ကာ ...

"သား မအိပ်သေးဘူးလား"

"မအိပ်သေးပါဘူး ဖေဖေ၊ စာပါသေးတယ်"

"အေးပါကွာ၊ စာပါသေးတယ် ... ဟား ဟား"

အချိန်ဟာ ဆယ့်တစ်နာရီကျော်မို့ စာချင်သူတွေ အတွက် စာသည်ပြောနိုင်ကာ နောက်ကျချင်သူတွေ အတွက်လည်း နောက်ကျသည် ပြောနိုင်တာပင်။ ဖေဖေသည် မေမေ့ကို ဘာမှလဲမပြော ရန်လည်းမလုပ်။ အရက်မူးလာတာတော့ လူတိုင်းသိသော်လည်း မဟန်နိုင် မဆည်နိုင်အောင် ဒယီးဒယိုင်မျိုးလည်း မဖြစ်ပါ။ ဣန္ဒြေရရပင် ဖိနပ်ချွတ်၊ ခြေထောက်သုတ်ကာ အပေါ်ထပ်ကို တည့်တည့်မတ်မတ် တက်သွားပါသည်။

"မေမေ ... လာလေ ... အပေါ်တက်ရအောင်"

သီဟသာက အိမ်ရှေ့တံခါးကို သေချာသော့ခတ် ပြန်ပိတ်ပြီး မေမေ့ပခုံးကိုဖက်၍ ခေါ်သည်။

"အောက်မှာပဲ ခဏနေပါဦးမယ် သားရယ်၊ မင်းအဖေ အိပ်ပျော်လောက်မှပဲ တက်မယ်၊ နို့မို့ရင် ရန်ဖြစ်နေရဦးမယ်"





"မေမေ ဘာမှမပြောနဲ့ပေါ့၊ ဖေဖေက မေမေ့ကို ရန်မဖြစ်ပါဘူး"

"အောင်မာ ...၊ ငါကသာ သူ့ကို ရန်လိုက်ဖြစ်နေတာပေါ့လေ"

မေမေက ချက်ချင်းပဲ ဒေါသထွက်လာသည်။

"ရန်လိုက်ဖြစ်နေတာတော့ ဘယ်ဟုတ်မလဲ၊ မေမေ စိတ်တိုဒေါသဖြစ်ရတာ ပင်ပန်းနေလို့ပါ၊ ဥပေက္ခာပြုထားလိုက်ပေါ့ မေမေရယ်၊ ဖေဖေက ယောက်ျားတစ်ယောက်ပဲ မေမေရယ်"

"ယောက်ျားမို့ မဟုတ်တာတွေ လုပ်ရမှာလား သီဟသာရဲ့"

"မလုပ်တော့ ပိုကောင်းတာပေါ့၊ ဒါပေမဲ့ အရက်သောက်တာလောက်ကတော့ ဖေဖေလည်း စီးပွားရေးလုပ်ငန်းတွေ လုပ်နေတဲ့သူတစ်ယောက် မေမေရယ်၊ အပေါင်းအသင်းကိစ္စ အလုပ်သဘောကိစ္စ ဆိုတာမျိုးတွေ ရှိဦးမှာပေါ့"

"အလုပ်ကိစ္စက အရက်သောက်ပြောမှ ရသတဲ့လား၊ ထမင်းစားရင်း ပြောလို့မရလို့လား၊ တော်ပါပြီ သားရယ်၊ သားကလည်း ဒီအဖေနဲ့ ဒီအမေကို ဖျန်ဖြေချင်တယ်၊ မေမေကလည်း တော်ရုံနဲ့ မပြေနိုင်ပါဘူး၊ ဘယ်တော့မှလဲ ပြေနိုင်ဖို့ မမြင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့အပေါ် ဖေဖေက နိုပ်နိုပ်စက်စက်မှ မရှိဘဲ မေမေ ရယ်"

"ဘာကိုပြောတာလဲ သား၊ မိန်းမကို မရိုက်တာကို ပြောတာလား၊ လက်သီးနဲ့ မထိုးတာကို ပြောတာလား၊ ဒဏ်ရာဒဏ်ချက် မပေါ်အောင် အတွင်းကြိတ် စိတ်ဓာတ်ရေးရာ နှိပ်စက်နေတာကိုတော့ နှိပ်စက်တယ် မခေါ်ဘူးလား"

"မေမေနဲ့သားနဲ့အပေါ်တော့ အဖေတစ်ယောက် ဝတ္တရား မပျက်ပါဘူး မဟုတ်လား မေမေရယ်၊ ဒါကိုပဲတွေးပြီး ဖြေသိမ့်ပြီးတော့ ဥပေက္ခာပြုကားလိုက်ပါ၊ အသက်ကြီးပိုင်းမှာ စိတ်ချမ်းချမ်းသာသာလေး နေတတ်ဖို့က အဓိက မဟုတ်လား မေမေ"

"သားရယ် ...၊ မေမေ့ကို တရားမချပါနဲ့၊ တရားသဘောတွေကို မေမေက သားထက်ပိုနားလည်ပါတယ်၊ မဆင်ခြင်မလိုက်နာချင်အောင် သူ့ဘက်က တစ်ဖတ်သတ် အနိုင်စီးနဲ့ ထင်သလိုနေနေတာကို နာကြည်းလွန်းတော့ တရားနဲ့ မဖြေချင်တော့တာပါ၊ အရက်သောက်တာက အဓိက ပြဿနာမဟုတ်ပါဘူး၊ ပတ်ဝန်းကျင်မှာရော မေမေ့ရင်ထဲမှာပါ ပိုပြီးနာကြည်း အရှက်ရစေတာက သစ္စာမဲ့တဲ့ကိစ္စပါ"





ပြောရင်း မေမေ ကတုန်ကယင် ဖြစ်လာတာကို မြင်လျှင် သိဟာသာ စိတ်မကောင်းပေ။ မေမေ့စကားတွင် အမှားမပါ။ ဖေဖေ့ကလည်း မမှန်ပေ။ သို့ပေမဲ့ မေမေ့ဘက်က အရှည်ကို မျှော်တွေး၍ ကိုယ်မကိုင်တွယ်နိုင်သော ကိစ္စတစ်ခုအတွက် လျစ်လျူရှုထားလိုက်ခြင်းက မေမေ စိတ်ပင်ပန်း သက်သာဖို့ဖြစ်သည်။

"ဖေဖေ့မှာ ရှုပ်တုတ်တုတ်တွေ ရှိတာမှန်ပေမဲ့ ဖေဖေဟာ ခုချိန်ထိ မယားငယ်တော့ မယူခဲ့ဘူး မဟုတ်လား မေမေရယ်၊ အဆိုးထဲက အကောင်းကို စဉ်းစားပြီးစိတ်ကို ဖြေသိမ့်ပါ"

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘယ်တော့မှ မဖြေသိမ့်နိုင်ဘူး၊ ဒါဟာ ဖောက်ပြန်မှု ငါးပါးသီလ မလုံခြုံတဲ့ ကိစ္စရပ်တွေထဲမှာ ရှက်စရာအကောင်းဆုံး၊ အောက်တန်းအကျဆုံး ကိစ္စပဲ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး လွင်လွင့် ယောကျ်ားက ဘယ်လိုဆိုတဲ့ မျက်နှာငယ်စရာ အတင်းစကားတွေကို သား ငယ်ငယ်ကတည်းက မေမေ ခံစားခဲ့ရပါတယ်၊ စိတ်ကို မဖြေနိုင်ပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ သူ့ကို သဝန်တိုလွန်းလို့ မဟုတ်ဘူး၊ ရွံရှာ စက်ဆုပ် အထင်သေးတာ၊ ဇနီးရဲ့ဂုဏ်သိက္ခာကို မထိန်းသိမ်းပေးပါလား၊ သစ္စာမဲ့ပါလား၊ ဒီလိုလူစားပါလားဆိုပြီး နာကြည်းတာ၊ ဒီအကွက် မေမေ သူ့ကို ဘယ်လိုတုံ့ပြန်နိုင်သလဲ၊ ဘယ်လိုမှ မတုံ့ပြန်နိုင်ပါဘူး၊ ဒါကြောင့် ဒီ ပါးစပ်လေး တစ်ပေါက်နဲ့ ရန်လုပ်နေတာ ပြစ်တင်ပြောဆိုနေတာလေးကိုတော့ သား မကန့်ကွက်နဲ့၊ ခွင့်လွှတ်ထားလိုက်ပါ"

"မေမေ စိတ်ချမ်းချမ်းသာသာ နေလို့ရအောင် ပြောပြတာပါ မေမေရယ်"

"ဘယ်တော့မှ စိတ်က မချမ်းသာဘူး"

မေမေဟာ ခေါင်းခပ်မာမာ မိန်းမစားမျိုးပင်။ တော်ရုံနှင့် နားဝင်လိမ့်မည် မဟုတ်ပါ။ ခေါင်းမာမာ ခပ်ထက်ထက် မိန်းမတစ်ယောက် ဖြစ်ပါလျက်၊ ဟိုးတုန်းကတည်းက ဤအိမ်ထောင်ရေးကို အဆုံးမသတ် လမ်းမခွဲခဲ့တာသည်လည်း သီဟသာ အတွက် သက်သက်ဖြစ်ကြောင်း သီဟသာ အသိဆုံးပင်။





သားကို ဖခင်တကွဲ မိခင်တကွဲ ဘဝတစ်ခုကိုတော့ အရောက်မခံဘူးဆိုတဲ့ မေမေ့ ဆုံးဖြတ်ချက်ကို သီဟသာ နားလည်သည်။ မသာယာမှုတွေကိုသာ ဒီအတိုင်း ဒေါသတကြီး ခါးစည်းရင်ဆိုင်လျက်နေသည်။ ဖေဖေကလည်း မေမေ့ကို ကွဲကွာမည့်သူ မဟုတ်။ ကွဲစကား ကွာစကား တစ်ခွန်းမှမပြော။

သီဟသာ နားမလည်နိုင်သော ဖေဖေ ပြောဆိုနေကျ စကားတွေကတော့ ...

"မင်းအမေက သူ့အပြစ်ဒဏ် သူခံရတာပဲကွ၊ လူတစ်ယောက်ဟာ ကိုယ်မဟုတ်တဲ့ ပြစ်မှုကို အရှက်တကွဲ ခံယူရတာနဲ့စာရင် ဒီပြစ်မှုမျိုးကို ကျူးလွန်မိလို့ ခံစားရတာက တော်သေးတာပေါ့၊ ဖေဖေ့ကို ဒီလိုဖြစ်အောင် သူ လုပ်တာပဲကွ"

ဒါဖြင့် ဖေဖေ အရှုံ့တိုက်တာပေါ့။

လုံးစေ့ပတ်စေ့ မသိပေမဲ့ အကြမ်းဖျင်း နားလည်နိုင်သည်မှာ ဖေဖေ မကျူးလွန်ခဲ့တဲ့ ဤသို့ပြစ်မှုတစ်ခုအတွက်၊ မေမေဟာ ဖေဖေ့ကို စွပ်စွဲသမုတ် ပြစ်တင်ရှုတ်ချခဲ့လိမ့်မည်။ ဒီတုန်းက တကယ် မဟုတ်တာကို ဖေဖေ ငြင်းမရ ရှင်းမရ ဖြစ်တဲ့အခါ ဒေါသဖြစ်ဖြစ်နဲ့ နောက်ပိုင်း တမင်တကာ အရှုံ့တိုက်တော့တာမျိုးကို ဖေဖေ ဆိုလိုတာပင်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက ဒဏ်ရာအနာခံနှင့် မေမေ့ကို တန်ပြန်၍ စိတ်ဒဏ်ရာရအောင် ဖေဖေ တမင်နေနေတာပေါ့။ ဘယ်သူကမှတော့ အမှန်ဆုံးကြီးမဟုတ်။ အမှားကိုယ်စီ ရှိကြလို့ ပြဿနာဆိုတာ ဖြစ်ပေါ်လာတာပါ။ ပြဿနာတွေထဲမှာ အိမ်ထောင်ရေးပြဿနာ ဆိုတာကတော့ ဒီအိမ်ထောင်ထဲက ရုန်းထွက်ဖို့ အခြေအနေ မပေးသရွေ့ တတိတိ တရိရိ နစ်ရှည်ခံစားရမည့် ပြဿနာမျိုး။

သီဟသာသည် စာပြန်ဖတ်ဖို့ အပေါ်တက်လာခဲ့ပေမဲ့ ဖတ်လက်စ ဆေးစာအုပ်ကို ပြန်မဖတ်နိုင်တော့ပေ။ ဖေဖေနှင့် မေမေ၏ အိမ်ထောင်ရေးကို စဉ်းစားရာမှာ ဘာကြောင့် ရုတ်တရက် "ဇင်ဂမုန်း"ဆိုတဲ့ မမရဲ့မျက်နှာကို လွမ်းတဆွတ်ဆွတ် မြင်ယောင်လာရပါသနည်း။

ဇင်ဂမုန်း။

နာမည်ကလေးကိုက ခန့်ခန့်လေးနှင့် ချစ်စရာလူကလေးဟာလည်း ခန့်ခန့်ကလေးနှင့် ချစ်စရာ ကောင်းလှပါသည်။ ဆေးရုံမှာ သူ့ကိုစတွေ့ကတည်းက သီဟသာ စိတ်ထဲ မြင်ပဲမြင်ဖူးသလိုလို၊ ခင်မင်ရင်းနှီးဖူးသလိုလို၊ နှလုံးသားတွင် အကျွမ်းတဝင် ရှိလှသည်။





ထိုမှတစ်ဆင့် မြင်မြင်ချင်း ဖျတ်ခနဲ ချစ်သွားမိပုံမှာ အံ့သြစရာ ကောင်းလှပါဘိတော့။ ပေါ့ပေါ့ကလေး ချစ်မိတာမျိုးလည်း မဟုတ်ရပါ။ ကြီးကြီးအုန်း ဆေးရုံတက်ခြင်းသွားကတည်းက မမကို ဆိုးဆိုးဝါးဝါး လွမ်းလှသည်မှာ ထိုင်နေလည်းမရ၊ ထ,နေလည်းမရ။ ဘယ်လိုနေလို့မှ ရင်ထဲ၌ ပြေပျောက်သည် မရှိပဲ ဟာတာတာ လှိုက်တိုက်တိုက်နှင့် လွမ်းဆွတ်ခြင်းကို ဤတစ်ကြိမ်သာ ခံစားဖူးသည့် သီဟသာ့မှာ အလူးအလဲ ဖြစ်နေပါသည်။

ဒါကြောင့်လည်း ဆရာဝန်တစ်ယောက် တန်မဲ့ ကျောင်းသားကလေး တစ်ယောက်လို မျက်နှာပြောင်ပြောင်နှင့် မမရဲ့အိမ်ကို နစ်ကြိမ်တောင်မှ အလည်ရောက်သွားတာပေါ့။ နစ်ကြိမ်လုံး "မ"က မရှိတော့ သူ့မှာ ရှက်လည်းရှက်၊ ထပ်သွားဖို့ ခက်လည်းခက်။ အသေချာဆုံးက ဆိုင်ကိုသွားဖို့ ဆိုတာတော့ သူသိ၍ အားယူနေပါသည်။

အချစ်ဆိုတာကို ရေရေလည်လည် မကြုံကြိုက်ဖူးသေးသည့် သီဟသာ အဖို့ ချစ်မိသည် ဆိုသည်နှင့် တစ်ပြိုင်နက်တွဲ၍ စဉ်းစားလိုက်သည်မှာ လက်ထပ်ဖို့။ ဇင်ဂမုန်းဆိုတဲ့ "မ" ကို သူသည် မြင်မြင်ချင်း လက်ထပ်ယူလိုသောဆန္ဒ ပေါ်ပေါက်ခဲ့ရတာပင်။ ဖေဖေနှင့် မေမေရဲ့ အိမ်ထောင်ရေး မချမ်းမြေ့လှဟာ



www.burmeseclassic.com

www.burmeseclassic.com



ကို မြင်တွေ့နေရပေမဲ့ သူက အိမ်ထောင်ရေးကို စိတ်ပျက်မှုမရှိ။ သူ့အလှည့်တွင် သာယာချမ်းမြေ့အောင် တည်ဆောက်လိုစိတ်သာ ရှိသည်။ သာယာချမ်းမြေ့ဖို့ရာမှာ သူ သိပ်ချစ်မိတဲ့ မိန်းမတစ်ယောက်နှင့် ပေါင်းစည်းခွင့် ရမှသာပင်။

ဖင်ဂမုန်းဆိုတဲ့ "မ"ကို သူ အံ့ဩစရာကောင်းလောက်အောင် ချစ်နေမိသည်။





## ၃

ကိုသော်ကောင်းက ကတ္တီပါအနက်ခင်း ဗန်းထဲက စိန်မှုင်များကို စတီးဂေါ်ပြားသေးသေးလေးနှင့် ကော်ယူကာ ကတ္တီပါဘူးထဲ ပြန်ထည့်ရင်း ...

"ဖင် လိုချင်သလောက် ခွဲယူထားလိုက်လေ"

တဖျပ်ဖျပ် တောက်ပနေသော စိန်ပွင့်များအရောင်က ဖင့်စိန်ဆိုင်ရဲ့ နောက်ဘက်သီးသန့်ခန်းကလေးကိုပင် လင်းတောက်နေစေသလို ရှိသည်။

"ဖင့်ကို ဘယ်ဈေးနဲ့ ပေးမှာလဲ"

နူးညံ့သော အပြုံးချိုကလေးကို ကိုသော်ကောင်းက ငုံကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဖင်နဲ့ကျတော့ ဈေးစကား ပြောနေစရာလား ဖင်ရယ်"

"မဟုတ်သေးဘူးလေ၊ ကိုသော်ကောင်း အတွက်လည်း ကိုက်ဦးမှ ဖြစ်မှာပေါ့"

"ဈေးနောက်တော့ တွက်ပြောတာပေါ့၊ သူများကို ပြန်ပေးမဲ့ ဈေးမျိုးနဲ့တော့ ဘယ်တူမလဲ"

"ဖင် သိပါတယ် ကိုသော်ကောင်းရယ်၊ ဘယ်နည်းနဲ့မဆို ဖင့်အတွက် သူများဆီက မရနိုင်တဲ့ဈေးမျိုးနဲ့ ရမှာဆိုတာ သိပြီးသားပါ၊ ကိုသော်ကောင်း အတွက် ပြောတာပါ၊ ကိုသော်ကောင်းက ဖင့်ကို အရင်းသာသာလောက်နဲ့ ပြန်ပေးမှာ သိနေတော့ အများကြီး ယူရမှာတောင် ဖင်က အားနာရတယ်၊ ဖင် နည်းနည်းပဲယူမှ ကိုသော်ကောင်း အမြတ်တင်ရောင်းစရာ များများကျန်မှာ"

"ဒီလိုလည်း မဟုတ်ပါဘူး၊ ဖင် ကြိုက်သလောက်သာ ယူထားလိုက်ပါ၊ ကိုယ် ဒီတစ်ခေါက် သယ်လာတာ အများကြီးပါ၊ ဒီဘယ်လ်ဂျီယံစိန်တစ်ထုပ်ကတော့ ဖင့်တစ်ယောက်ကိုပဲ ပြန်မျှပေးမှာ၊ ကျန်တာကိုတော့ သိမ်းထားလိုက်ဦးမှာ၊ နောက်နှစ်ဆန်းလောက်မှာ စိန်ဈေးတွေ တက်မယ်လို့ နိုင်ငံတကာပညာရှင်တွေ ခန့်မှန်းထားတယ်"





အိန္ဒိယဘက်၊ ဟောင်ကောင်ဘက် မကြာခဏခရီးထွက်ကာ စိန်ရှာဖွေ ဝယ်ယူတင်သွင်းလေ့ရှိသည့် ကိုသော်ကောင်းမှာ "မာမီ"ရှိစဉ်ကကည်းက ခင်မင်ခဲ့ရသူ ဖြစ်ပါသည်။ မာမီ့ရဲ့ ရတနာဆိုင်အတွက် အမြဲတမ်း စိန်ကုန်သည်ဟာ ကိုသော်ကောင်းပင်။ ကိုသော်ကောင်းရဲ့ မိခင်နှင့်လည်း မာမီက ခင်မင်ကျွမ်းဝင်သည်။

မာမီမရှိတဲ့ နောက်ပိုင်းလည်း ကိုသော်ကောင်းက ဖင့်ကို မာမီရှိစဉ်ကအတိုင်း ကူညီစောင့်ရှောက်မြဲပါ။ စိန်ကိစ္စတစ်ခုတည်းအတွက်သာမက မိဘဆွေမျိုးမရှိသည့် ဖင့်ရဲ့စီးပွားရေး လူမှုရေး ကျန်းမာရေး ကိစ္စကအစ အားလုံးတွင် ကိုသော်ကောင်းရဲ့ အကူအညီ အကြံဉာဏ်နှင့် မကင်းပေ။

"နက်စ်လေး သောက်လိုက်ပါဦး ကိုသော်ကောင်း"

ကိုသော်ကောင်းက သူ့ရှေ့မှ ကော်ဖီပန်းကန်ကြွေအနက်ရောင်လေးကို ဆွဲယူကာ နက်စ်ကော်ဖီကို ဖြည်းဖြည်းသောက်နေပါသည်။ ကိုသော်ကောင်း စိန်ထုပ်လာပြမှာ ဖြစ်တဲ့အတွက် သီးသန့်ခန်းထဲ တံခါးကိုပိတ်ထားကာ အရေးမကြီးလှတဲ့ ဧည့်သည်လာလျှင် ဖင် အပြင်သွားသည်ဟုသာ ပြောဆိုဖို့ အပြင်မှာမှာထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ … ကိုယ် ပြန်မှပဲ ဇင်"

"ဟုတ်ကဲ့ ကိုသော်ကောင်း၊ ဒီဘယ်လ်ဂျီယံထဲကတော့ ကိုသော်ကောင်း မျှနိုင်သလောက်ပဲမျှပါ။ ဟိုဘက်ကတော့ ဟိုအထုပ်အလတ်တစ်ထုပ် ယူထားလိုက်မယ်နော်"

"ဒီတစ်ထုပ်လား"

"ဟုတ်ကဲ့"

"ဒါဖြင့် ဒါကို တစ်ခါတည်း ထားခဲ့တော့မယ်၊ ပိုက်ဆံ တော့ နောက်မှ အေးအေးဆေးဆေး တွက်လိုက်မယ်"

ကိုသော်ကောင်း လက်ရေးနှင့် ရတီချိန် ရေးထားတဲ့ စာရွက်ကလေးကို စစ်ဆေးကာ ဇင်က သူယူမည့်အထုပ်ကို မီးခံ သေတ္တာထဲ သိမ်းဆည်းလိုက်ပါသည်။ နှစ်ယောက်သား ထိုင်ရာမှ ထကာ အခန်းတံခါးဖွင့်၍ အပြင်ထွက်ခဲ့ကြသည်။

"ဇင်လည်း နေကောင်းတယ်နော်"

"ကောင်းပါတယ် ကိုသော်ကောင်းရယ်"

"ဒါပေမဲ့ ဂရုစိုက်ဦးပေါ့၊ အလုပ်လုပ်တာလည်း နားနား နေနေလုပ်ပေါ့၊ ကျန်းမာရေးက အရေးကြီးတယ်"

"ဟုတ်ကဲ့"

"ကြီးကြီးအုန်းတော့ ကောင်းသွားပြီမို့လား"





"ဟုတ်ကဲ့ … ကောင်းသွားပါပြီ"

"ခုတလော ခရီးထွက်တာ များနေတော့ ဇင်တို့အိမ်ဘက် တောင် မရောက်တာကြာပြီ၊ နောက်တစ်ပတ်လောက်မှ ကြီးကြီးအုန်းတို့လက်ရာ လာစားဦးမယ်"

"ဟုတ်ကဲ့ … လာခဲ့ပါ ကိုသော်ကောင်း၊ ညစာပေါ့၊ တစ်ရက်ပြန်ချိန်းမယ်လေ"

"ကောင်းပြီ ဇင်၊ ကိုယ် သွားမယ်နော်"

"ဟုတ်ကဲ့"

ကိုသော်ကောင်းကို ဇင်က ဆိုင်ရဲ့မှန်တံခါးမကြီးအထိ လိုက်ပို့ပါသည်။ လမ်းမပေါ် ရပ်ထားတဲ့ ကိုသော်ကောင်း ကားပေါ် သူ တက်ကာ မောင်းထွက်သွားမှပင် ဇင်က ပြန် လှည့်ဝင်လာသည်။

"မမ … ခုနက ဧည့်သည်တစ်ယောက် လာပါတယ်၊ မမ အထဲရောက်နေတာနဲ့ သိပ်လည်း အရေးမကြီးတာနဲ့ ဝင်း မရှိဘူး ပြောလိုက်ပါတယ်"

"ဟုတ်လား ဝင်း၊ ဘယ်သူတဲ့လဲ"

"ဆရာဝန်တစ်ယောက်ပဲ မမ၊ ဒေါက်တာ … … အင်း"



www.burmeseclassic.com

www.burmeseclassic.com



ဝင်းက နာမည်ရေးမှတ်ထားလိုက်သည့် စာရွက်ကို ပြန်ကြည့်ဖို့ ငုံ့ရှာစဉ် ဇင်သည် ထိတ်ခနဲ ရင်ခုန်သွားရင်း ...

"ဒေါက်တာသီဟသော လား"

"ဟော် ... ဟုတ်တယ် ... ဟုတ်တယ် မမ၊ ဒေါက်တာသီဟသော တဲ့"

ဇင်သည် နောက်ဘက်ခန်းထဲ ပြန်မဝင်နိုင်တော့ဘဲ စိတ်မောလှမောကြီး ခြေကုန်လက်ပန်း ကျသွားကာ ရှေ့ဘက် ဧည့်ခံဆိုဖာတွေမှာပင် ဝင်ထိုင်ချလိုက်သည်။ ဆုံစည်းဖို့ ရေစက် ကိုမပါတဲ့ အတိတ်နမိတ်တွေများလား။

ဆိုဖာနောက်မှီပေါ် ခေါင်းတင်လိုက်ရင်း ...

"သူက ဘာကိစ္စတဲ့လဲ ဝင်း"

"ကိစ္စ အရေးတကြီး မရှိလို့ မမှာခဲ့တော့ပါဘူးတဲ့၊ ဒီဘက် ရောက်လို့ ဝင်လာရုံသက်သက်ပါလို့ပဲ ပြောပေးပါတဲ့"

ဇင်က ညာဘက်လက်မှ ပလက်တီနမ်နာရီလေး တစ်ချက်ကြည့်သည်။ သူ ဆေးရုံကအပြန် ဝင်လာတာပဲလား ဒါမှမဟုတ် ဆေးရုံကို နိုက်ဂျူတီဝင်ဖို့ အလာမှာ လှည့်ဝင်သွားတာ လား။

"ဝင်းရေ ... တို့တွေလည်း ဆိုင်ပိတ်ကြစို့"





အားလုံး စာရင်းပိတ်သိမ်းဆည်းပြီး၍ အိမ်ပြန်ဖို့ ကားပေါ်တက်လာခဲ့ပြီးလျှင်၊ ဇင်သည် ကားကိုမောင်းမထွက်သေးပဲ ကားပေါ်၌ ခဏငြိမ်သက်ထိုင်နေမိသည်။

ခါတိုင်းတော့ ဇင်သည် များသောအားဖြင့် ကိုယ်တိုင်ကားမမောင်းပါ။ ကိုသော်ကောင်းကလည်း တိုက်တွန်း၍ ဒရိုင်ဘာကိုထွန်းလှနှင့်သာ သွားလာလေ့များပါသည်။ တနင်္ဂနွေနေ့လောက်မှာသာ ကိုထွန်းလှကိုလည်း ရက်အားပေး၍ ဇင်ကိုယ်တိုင် ရံဖန်ရံခါ မောင်းနှင်သွားလာသည်။

လောလောဆယ်မှာတော့ ကိုထွန်းလှ ဇနီး မီးဖွား၍ ကိုထွန်းလှက ခွင့်နှစ်ပတ် တောင်းယူထားသည်မှာ ခုမှနှစ်ရက်သာ ရှိပါသေးသည်။ ဒါကြောင့် အသွားအပြန် ဇင် ကိုယ်တိုင်သာ မောင်းနှင်နေသည်။ ခုလည်း ဒရိုင်ဘာမပါ။ ဇင် တစ်ယောက်တည်း။ ဇင်သည် အရဲကိုး စွန့်စားချင်မိသော ဆန္ဒလေးတစ်ခုကို ထိန်းချုပ်မရတော့ပဲ ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပါသည်။

သီဟသောရဲ့ နေရပ်လိပ်စာကို ဇင် သိသည်ပဲလေ။ သူတို့ရဲ့ လမ်းထိပ်မှာ ဘယ်ဘက်၌ Restourant တစ်ခု၊ ညာဘက်မှာ ဈေးဆိုင်ခန်းတွဲ တစ်တန်းနှင့် ခုလောက်အချိန်ဆိုလျှင် မီးရောင်တွေ လင်းလက်တောက်ပ၍ လူတွေ ကားတွေ စည်ကားနေလောက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



သီဟသာတို့ ခြံဟာ လမ်းအတွင်း တတိယမြောက် ခြံမို့ လမ်းထိပ်နှင့် အနီးကလေးပင်။ သူ့ကိုတွေ့ဖို့ ဆိုတာကတော့ ရာခိုင်နှုန်း နည်းနည်းကလေးပင် မသေချာပေမဲ့ ဇင် သွားချင်သည်။ သူနှင့် အထပ်ထပ် အကြိမ်ကြိမ် လွဲဖယ်နေရခြင်းကို မခံချင်စိတ်နှင့် ဇင် သူ့လမ်းထိပ်ကိုတော့ ရောက်ခဲ့သည် ဆိုတာလောက်ကိုပဲ ဖြစ်ဖြစ် ရှူးရှူးမိုက်မိုက် ဖြစ်ချင်နေလေသည်။

ဇင်သည် လမ်းထဲကို ကားမောင်းဝင်ခဲ့ကာ သီဟသာတို့ခြံရှေ့မှ ခပ်ဖြည်းဖြည်း ဖြတ်သည်။ ခြံက ငြိမ်သက်နေကာ သီဟသာကိုလည်း အရိပ်အယောင် မြင်ရဖို့မလွယ်။ ခြံကိုကျော်လျှင် ဇင်က ကားကို ပြန်ကွေ့လိုက်ပါသည်။ ငါ ဘာလာလုပ်တာလဲလို့ ကိုယ့်ဟာကိုယ် ပြုံးချင်နေမိသည်။

လမ်းထိပ်ပေါ် ပြန်ရောက်လာတဲ့အခါ ဇင်သည် ကြေးအိုးဆိုင်ရှေ့မှာ မရည်ရွယ်ပဲ ကားကို ထိုးရပ်လိုက်မိပါသည်။ ဤကြေးအိုးဆိုင်လေးဟာ လူသိလည်းများ၍ ဆိုင်လေးကလည်း သပ်ရပ်အဆင့်မြင့်သည်။ ဆိုင်ထဲမှာလည်း စားနေကြသူတွေ အများအပြားပင်။

– ဇင်က ကားပေါ်မှဆင်းကာ ဆိုင်ရှေ့ မြေပြင်လွတ်ကလေးမှာ ခင်းထားတဲ့ စားပွဲပုပုကလေးများ၌ တစ်ယောက်တည်း





ဝင်ထိုင်လိုက်ပါသည်။ ဇင့် ရည်ရွယ်ချက်က သီဟသာ တကယ်လို့ အိမ်ပြန်မရောက်သေးလျှင် ပြန်လာတဲ့အခါ လမ်းထိပ်ထောင့် စားပွဲလေးက ဇင့်ကို မြင်လိုမြင်ငြား ဆုံလိုဆုံငြားပင်။

ဇင့် ဆိုင်ကို လာသွားတာ မကြာသေးတဲ့ သီဟသာဟာ သူ့အိမ်ကိုသူ ပြန်ရောက်ပြီးလည်း ဖြစ်ချင်ဖြစ်နေမည်။ မရောက်သေးပဲ တစ်နေရာရာ ဝင်နေပြီး နည်းနည်းနောက်ကျမှ ပြန်ရောက်လာလျှင်တော့ ဇင်ကလည်းကောင်း သူကလည်းကောင်း မြင်တွေ့ကာ မတော်တဆ ဆုံနိုင်သည်။ ဤမျှော်လင့်ချက်နှင့် ဇင်သည် လမ်းမပေါ်ကတစ်ဆင့် လမ်းသွယ်ထဲ ချိုးကွေ့ဝင်သမျှ ကားတွေကို လှမ်းငေးကြည့်နေမိပါသည်။

ဖြစ်နိုင်ချေနည်းပါးတဲ့ ဇင့် မျှော်လင့်ချက်အတွက် ဇင် စိတ်မပျက်ပါ။ ဆုံတွေ့လျှင် အမြတ်ပေါ့။ တွေ့လိုစိတ်ကလည်း ဇင့်ရင်ထဲ ထက်သန်မြင်းပြနေသည်။ တွေ့လိုခြင်း၌ ဇင်က တွေ့လိုခြင်းလည်း ပါသလို၊ သူက တွေ့လိုခြင်းဆန္ဒကိုလည်း ပြည့်ဝစေလိုသော ဆန္ဒပါသည်။

"အစ်မ ... ဘာမှာမလဲ ခင်ဗျာ"

စားပွဲထိုးလေး လာမေး၍ ...

"ကြေးအိုးဆီချက်တစ်ပွဲ၊ ဝက်နဲ့ပေးပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ဖင်သည် ဒီလိုဆိုင်မှာ တစ်ယောက်တည်း လာထိုင်ပြီး မှာစားမိတဲ့ ကိုယ့်အဖြစ်ကိုယ်လည်း တရားကျနေမိသည်။ ဖင်က တစ်ယောက်တည်း သွားလာနေတတ်တဲ့ မိန်းမတစ်ယောက်ဖြစ်ပေမဲ့ ဒီလို ညဦးမှောင်ရီရီမှာ ဆိုင်တစ်ဆိုင်မှာ တစ်ယောက်တည်း ထိုင်စားဖြစ်ခြင်းကတော့ မရှိသလောက် ရှားခဲ့ပါသည်။ မှာစားမှလည်း ကြာကြာထိုင်ရမှာလေ။ အိမ်ကို ဝယ်သွားမယ်ဆိုရင် ဖင် ဒီမှာ ကြာကြာဘယ်ထိုင်ရပါ့မလဲ။

ကြာကြာထိုင်ရမှ တွေ့နိုင်ဖို့ ရာနှုန်းကလေး နည်းနည်းပိုမည်။ တကယ်တော့ ဒီအပြုအမူဟာ အဓိပ္ပာယ်မရှိလှသလိုလို ထင်မိသော်လည်း ဖင့် ရင်ထဲ၌ ဆန္ဒပြည့်ဝမလို တစ်စုံတစ်ခုက တလှပ်လှပ် ထင့်နေသည်။ တစ်ခုခု ထူးခြားမလို ထင်နေမိသည်။ ဒါကြောင့်လည်း လမ်းသွယ်ထဲဝင်သမျှ ကားတို့ကို အာရုံမလွှတ်ရအောင် လိုက်ကြည့်နေမိပါသည်။

"မ ..."

ရုတ်တရက် ကြားလိုက်ရတဲ့ အသံကြောင့် ဖင်သည် သူမှာထားတာ ခပ်မြန်မြန်ပဲ ရောက်လာပြီထင်ပြီး စားပွဲငယ်လေးက ပိုက်ဆံအိတ်ကို ပေါင်ပေါ်ယူတင်လိုက်ကာ နေရာရှင်းပေးရင်း မော်ကြည့်လိုက်မိပါသည်။





"ဟင်"

ဖင့် ရင်တွေ အကြီးအကျယ် တုန်လှုပ်သွားတော့တာပင်။ မယုံနိုင်လောက်အောင် သူ့ကို ငေးကြည့်နေမိရင်း တိုက်ဆိုင်မှုကို အံ့အားတသင့် ကျေနပ်နေမိသည်။

"မ, မမှတ်မိဘူး ထင်တယ်"

ပြုံးလိုက်တဲ့ သူ့မျက်နှာ ကြည်ကြည်ကလေးကို မရဲတရဲကြည့်ရင်း ...

"မှတ် ... မှတ်မိပါတယ် ဒေါက်တာ"

သီဟသာက မတ်တတ်။ ဖင်က ထိုင်ရက်မို့ စားပွဲမှမှ နံပုပုကလေးတွေကြောင့် တစ်ယောက်ကင့် တစ်ယောက်ကဆောနေရသည်။

"ကျွန်တော် သူငယ်ချင်းနှစ်ယောက်နဲ့ ကြေးအိုးလာစားတာ၊ ကျွန်တော်တို့က ဆိုင်ထဲမှာ၊ ဟိုတံခါးပေါက်နားက စားပွဲလေ၊ မ, ကားရပ်လိုက်ကတည်းက ကျွန်တော်လှမ်းတွေ့တာ"

"ဪ ... သူငယ်ချင်းတွေနဲ့ လာတာလား"

"ဟုတ်ကဲ့၊ ကျွန်တော် မ,ကို လာနှုတ်ဆက်ရမလား မဆက်ရမလား စဉ်းစားနေတာ"

www.burmeseclassic.com



ဇင်သည် ခေါင်းကလေး မသိမသာငုံ့ကာ ...

"ထိုင်ပါလား ဒေါက်တာ၊ မတ်တတ်ကြီး"

"ကျွန်တော် ဒီကိုရွှေ့ထိုင်လို့ ရမလား၊ မ,များ အနှောင့်အယှက် ဖြစ်နေမလား"

"ဇင့်အတွက် ရပါတယ်၊ ဒေါက်တာသာ သူငယ်ချင်းတွေပါတော့"

"အို ... သူတို့က ရပါတယ်၊ ခဏနော် ... မ,"

သီဟသာသည် ကလေးတစ်ယောက်နှယ် ဆိုင်ဘက်သို့ ဆံပင်လေးတွေ လှုပ်တဲ့ထိ ပြေးသွားသည်။ ဇင်က လမ်းဘက် မျက်နှာမူထားတာမို့ လည်ပြန်ကာ လှည့်ကြည့်မိသည်။ မှန်တံခါးဝနှင့်နီးသော စားပွဲမှ သီဟသာ သူငယ်ချင်းနှစ်ယောက်သည် ရုပ်သန့်သန့်လေးတွေပင်။ ဆရာဝန်လေးတွေပဲ ထင်ပါရဲ့။

ဇင့်ကိုလည်း မသိမသာ ကြည့်ကာ သူတို့စားပွဲမှ သူ့ကြေးအိုးပန်းကန် မ,ချလာသည့် သီဟသာကို ပြုံးစိစိနှင့် ဘာတွေကျီစယ်သည်မသိ။ ဇင်က ပြန်လှည့်ကာ မသိသလို ထိုင်နေမိပါသည်။

"ထိုင်မယ်နော် မ,"

"ဟုတ်ကဲ့"





"အနှောင့်အယှက် မဖြစ်ပါဘူးနော်"

"မဖြစ်ပါဘူး၊ သူငယ်ချင်းတွေကများ ပြောမလား"

"ဘာပြောပြောပေါ့၊ သူတို့နဲ့က ပြောမနာ ဆိုမနာတွေပါ၊ ဒီလိုလာထိုင်တာ မ, မကြိုက်မှာပဲ စိုးတာ"

ကြိုက်ပါတယ်လို့ မဖြေဝံ့၍ ဇင် ငြိမ်နေမိသည်။

"မ,ကို တွေ့လိုက်တာ အရမ်းအံ့သြသွားတာပဲ၊ အရမ်းလည်း ဝမ်းသာသွားတာ၊ ဘာလို့လဲ သိလား မ,၊ ကျွန်တော် ခုနက မ,ဆိုင်ကို ရောက်သေးတယ်၊ ဆေးရုံကအပြန် ဝင်လာတာ၊ မ,က မရှိဘူး၊ အပြင်သွားတယ်"

သူ ယုံယုံကြည်ကြည် ပြောနေ၍ ဇင်က မလုံမလဲ မျက်လွှာချထားမိပါသည်။

"မ,ဆိုင်ကို ပြန်ဝင်သေးလား၊ ဆိုင်က ပြောလားဟင်"

"အင်း ... ဆိုင်က [illegible]း၀င်းက ပြောပြပါတယ်"

"မ, ဒီဘက်ကို ဘာလာလုပ်တာလဲ၊ ဘယ်ကိုလာတာလဲ"

"ဒီဘက်ကို ..."

ဇင်သည် ကမန်းကတန်း ဉာဏ်နီဉာဏ်နက် ထုတ်ရသည်။ သူ့အိမ်ကို ဇင် သိနေတာ သူ မသိ၍ သူ့ထံလာတာလို့တော့ လုံးဝထင်မှာ မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဘက်မှာ တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ယောက် နာမည်ကြီးတယ်၊ ကောင်းတယ်ဆိုလို့ ဇင် လာရှာကြည့်တာ၊ ဒါပေမဲ့ အဲဒီဆေးခန်း,မတွေ့သေးပါဘူး၊ ကြေးအိုးဆိုင်တွေ့လို့ ထိုင်လို့ကောင်းမဲ့နေရာလေးလည်း ဖြစ်တော့ ဇင်လည်း ဗိုက်ဆာနေတာနဲ့ ..."

"ဩော် ... ဒေါက်တာမြတ်ထွန်း ဆေးခန်းဖြစ်လိမ့်မယ်၊ ဟုတ်တယ်၊ နာမည်ကြီး ဆေးခန်းပဲ၊ အဲဒါက ဟိုးအနောက်ဘက် တိုက်တန်းတွေနားမှာလေ၊ ပြီးရင် မ,ကို လမ်းညွှန်ပေးမယ်၊ လိုက်ပြဖို့လိုရင်လည်း ရတယ်၊ ခွေးလားကြောင်လား မ,၊ တစ်ခါထဲ ပါလာလား"

"မပါလာပါဘူး၊ ဇင့်ရဲ့ခွေးလေး ကာကွယ်ဆေးတွေလည်း ထိုးဖို့အချိန်ရောက်လာလို့ပါ၊ ဆေးခန်းကို လာကြည့်ရုံပါ၊ လိပ်စာလည်း သိပါတယ်၊ ဒေါက်တာ လိုက်ပြပေးဖို့မလိုပါဘူး၊ ဘယ်ရက်လောက်လာရင် အဆင်ပြေလဲ၊ ဘယ်အချိန်တွေ လူများလည်း သိရုံမေးကြည့်မလို့ပါ"

"ဩော် ... မ,နေရာသိရင်တော့ ပြီးတာပါပဲ၊ အဟင်း ... မ, အံ့သြသွားမလား မသိဘူး"

"ဘာကိုလဲဟင်"





"ကျွန်တော်က ဒီလမ်းထဲမှာနေတာ မ,ရဲ့"

"ဩော်"

ဇင်က လမ်းသွယ်လေးဘက် မှင်သေသေ လှည့်ကြည့်လိုက်ရသည်။

"တတိယခြံပဲ မ,၊ နောက် ... ခွေးဆေးခန်းပြရင်း ဒီဘက်ရောက်ရင် ဝင်လည်နော်"

ဇင်က ပြုံးနေလိုက်သည်။ ဝင်လည်ဖို့ မလွယ်ပါဘူး သိဟသာရယ်။ ရှင်လေးက "တွေ့ဖူးသလိုပဲ"လို့ ဇဝေဇဝါ ဖြစ်နေဆဲမှ ရှင့်မေမေ အန်တီလွင်ကတော့ ဇင်ကို တွေ့လိုက်တာနဲ့ တန်းပြီး ချက်ချင်းမှတ်မိမှာပါ။ ခွဲခွာကြတဲ့ အချိန်တုန်းက ရှင့်အသက်က ကိုးနှစ်ဝန်းကျင်မို့ ရှင့်အတွက် မြင်ဖူးသလိုလိုပဲလို့ ဝိုးတဝါးလောက်သာ ဖြစ်နေမှာ ဖြစ်ပေမဲ့ အန်တီလွင်ကတော့ ဆယ့်သုံးနှစ်သမီး ဇင့်ရုပ်ကို သဲသဲကွဲကွဲကြီးကို မှတ်မိနေမှာပေါ့။

ဇင့် ရုပ်ရည်က အပျိုပေါက်လေး ဘဝကနေ အများကြီးမှ မပြောင်းလဲတာ။ ရှင့်ရုပ်ကလေးကသာ ကိုးနှစ်သား ကျော် ကလေးရုပ်ကလေးကနေ ခန့်ညားအရွယ်ရောက်လာတဲ့ ယောကျ်ားရွယ်တစ်ယောက် ရုပ်ရည်ကို ပြောင်းလဲသွားတယ်ဆိုတာတောင် ဇင် မှတ်မိနိုင်သေးတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ရှင်က ဒီတုန်းက ကလေးမို့ဘာမှမသိတတ်လှသေးပေမဲ့ ဇင်ကတော့ သီဟသာ ဆိုတဲ့ ကလေးငယ်ကို မောင်ကလေးတစ်ယောက်လို ချစ်ခင်ခဲ့ရတာ နှစ်နှစ်တာလောက်တောင် ကြာခဲ့တာ။

"ခြံတံခါးအနက်နဲ့၊ ဒီထိပ်ခြံကို တစ်လို့ရေရင် ကျွန်တော်တို့ခြံက သုံးပဲ၊ ခြံနံပါတ်ကတော့(ဂ)"

ဇင်က ခေါင်းညိတ်လိုက်ပါသည်။ သီဟသာက ဇင့်အတွက် မရောက်သေးတာမို့ သူ့ကြေးအိုးကိုလည်း ဆက်မစားသေးပဲ စောင့်နေရင်း တစ်မျိုးလေးသော အပြုံးနှင့် ...

"ကျွန်တော် မ,ဆီ ဝင်လာပြီး မတွေ့ခဲ့ရတဲ့ရက်မှာပဲ မ,ဒီနေ့ ဒီဘက်ကိုရောက်လာတာ တူအားတိုက်ဆိုင်တာပဲနော်၊ ကျွန်တော် အိမ်ကို လာသေးတာလည်း မ,သိတယ်မဟုတ်လား"

"ဇင် သိပါတယ်"

"ကြီးကြီးအုန်းနဲ့ချည်းပဲ တွေ့တွေ့ပြီး ပြန်ပြန်သွားရတယ်"

"ကြီးကြီးအုန်း ပြောပါတယ်၊ လွဲလွဲနေတာ ဇင်လည်း စိတ်မကောင်းပါဘူး"





"တကယ်တော့ ကြီးကြီးအုန်းကို သတင်းဝင်မေးတာအပြင် မ,နဲ့လည်း တွေ့ချင်မိတာပါ"

ဇင် သိသားပဲ။ သိပါတယ် သီဟသာရယ်။ ဇင်ကလည်းပဲ သိပ်တွေ့ချင်မိတာ အမှန်ပါ။ ဒါဟာ ဘယ်ဘဝက ပုန်းကပ်ပြီး ပါလာတဲ့ ရေစက်တွေကြောင့်ပါလိမ့်။ ရှင်ကလည်း ဇင့်ကို ခုပြန်မြင်မြင်ချင်း စိတ်ဝင်စားသလို ဇင်ကလည်း ရှင့်ကို သီဟသာရယ်လို့ အတိအကျ မသိရသေးခင်ကတည်းက စိတ်ဝင်စား စိတ်လှုပ်ရှား မိခဲ့တာ ဝန်ခံတယ်။

သီဟသာလို့ သိလိုက်ရတော့ ဇင့်ရင်ထဲ ပိုပြီးလှုပ်ရှားသွားခဲ့ရတာ။ စွဲလမ်းမှုထဲမှာ နဂိုက သံယောဇဉ်အခံကရှိတာရက် ထပ်တိုးပြီး လျှပ်တစ်ပြက်အတွင်းမှာပဲ အင်အားကြီးမားပြင်းထန်လာတာ။

"မ,ကို အရင်ကတည်းက တွေ့ဖူးသလိုပဲ"

"တွေ့ဖူးတာလား၊ တွေ့ဖူးတယ်လို့ ထင်တာလား"

"တွေ့ဖူးတယ်လို့ ထင်တယ်ပဲ ပြောရတော့မှာပေါ့၊ တွေ့ဖူးတယ်လို့ အတိအကျ ပြောရအောင် ဘယ်သူရယ် ဘယ်ဝါရယ်လို့ ကျွန်တော်က အတိအကျ မှတ်မိနေ သိနေတာမှ မဟုတ်တာ၊ တွေ့ဖူးတယ် ဆိုတာထက်ကို စိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးနေတာ၊ ရင်းနှီးပြီးသား လူတစ်ယောက်လိုမျိုး ခံစားနေရတာ၊ တကယ်တော့ 'ခင်ဂမုန်း'ဆိုတဲ့ မ,နဲ့ မသိဖူးတာ သေချာနေတာပဲ"

ခင်က ရောက်လာသော ကြေးအိုးဆီချက် ပန်းကန်ကို မွှေရင်း ငြိမ်ငြိမ်သက်သက်ပဲ ပြုံးနေမိပါသည်။

"မ,က အရမ်းတည်ငြိမ်တာပဲ၊ မ,အသက် ဘယ်လောက်ရှိပြီလဲဟင်၊ ရိုင်းရာ မကျပါဘူးနော်၊ ရင်နှီးချင်ရာပဲ ကျပါတယ်"

ခင်က ပြုံးရင်း ...

"ခင်က ဒေါက်တာ့ထက် လေးနှစ်ကြီးပါတယ်"

"ဟင် ... လေးနှစ်ကြီးတယ် ပြောရအောင် ကျွန်တော့်အသက်ကို မ,သိတာမို့လို့လား"

"သိဖို့လွယ်ပါတယ်"

"ဘယ်လိုလွယ်တာလဲ၊ ကျွန်တော့်အဖို့တော့ မလွယ်ပါလား"

ခင်က စကားကို လျှောချကာ ...

"ဒေါက်တာနဲ့ ရွယ်တူသက်တူ အတန်းတူတွေ အသက်ကိုသိရင် ဒေါက်တာ့အသက်ကိုလည်း သိရနိုင်တာပေါ့"



"သြော် ... သိပြီ၊ ဝါဒ်ထဲက သန္တာနဲ့ မ, ရင်းနှီးခဲ့တယ်ထင်တယ်၊ ဟုတ်တယ်၊ သန္တာနဲ့ ကျွန်တော်က ဆိမ်းမိဘက်ချို၊ ဆယ်တန်းတစ်နှစ်တည်း အောင်တာ၊ အသက်ချင်းလည်း နှစ်လလောက်ပဲ ကွာပါတယ်"

ခင်က ဘာမှမပြောဘဲ ပြုံးသာ နေမိသည်။

"ဒါဖြင့် မ,အသက် နှစ်ဆယ့်ရှစ်ပေါ့၊ ကျွန်တော်က မ,ရဲ့ ရင့်ကျက်မှုကြောင့် ကြီးတော့ ကြီးလိမ့်မယ်လို့ သိတယ်၊ ဒါပေမဲ့ လူက နုနေပြန်တော့ တစ်နှစ် နှစ်နှစ်ပဲ ကြီးမယ်ထင်တာ"

"အဟင်း"

သူ့အပြောကို ခင်က အသံထွက်၍ပင် တိုးတိုးရယ်မိသည်။ ခင့်ရဲ့နှလုံးသားတွေဟာ နွေးပူ၍ အဆက်မပြတ် ဆောင့်တိုးခုန်လှုပ်နေပါသည်။ နှလုံးခုန်မှုကို လူကိုယ်တိုင် ခံစားသိနေကာ နာရီစက္ကန့်တံ သွားနေတဲ့ အသံလို စည်းချက်ကျကျ ကိုယ်တိုင် ပြန်ကြားနေရပါသည်။

စိတ်လှုပ်ရှားလျှင် ဖြစ်မြဲအတိုင်း ခြေလက်တို့လည်း အေးစက်လျက် အသက်ရှူရတာကိုပင် မောလာတဲ့အထိပင်။ အခန့်မသင့်ရင် ပင့်ပန်းလွန်းတဲ့ အချိန်တွေဆိုရင် လူက မ...ထ

www.burmeseclassic.com



နိုင်တော့အောင် ဖြစ်တတ်ကာ ရံဖန်ရံခါ နေထိုင်မကောင်းလွန်းတဲ့အခါ သတိတောင် လစ်သွားတတ်တဲ့ထိ နှလုံးမကောင်းတဲ့ ဝေဒနာရှင်တစ်ယောက် ဖြစ်ပေမဲ့ လောလောဆယ်တော့ ဇင်က ဘာမှမပူပါ။

အနားမှာ ဆရာဝန်တစ်ယောက်လုံး ထိုင်နေတာ မဟုတ်လား။ ဇင် မကြောက်ပါဘူး။ ဇင့်ဘဝဟာလည်း တကယ်တော့ ဘာအတွယ်အတာ၊ ဘာသံယောဇဉ်ကြီးကြီးမှ မနှောင်ဖွဲ့တဲ့ဘဝ။ ဒါပေမဲ့ ခုတော့လည်း နှောင်ဖွဲ့ခြင်း တစ်ခုထဲ တိုးဝင်မိချင်သလို ဖြစ်နေပါရောလား။

"မ,က အံ့ဩမှာပဲနော်၊ ဆေးရုံမှာ ခဏတဖြုတ် သိရုံနဲ့ အိမ်လည်းလိုက်လည်၊ ဆိုင်လည်းလိုက်လည်နဲ့ ဒီဆရာဝန် ဘယ်လိုပါလိမ့်လို့"

သီဟသာက ဇင့်မျက်နှာလေးကို တောင်းပန်သလို စေ့စေ့ကြည့်နေပါသည်။ မ,ဟာ မိဘမရှိ အဖော်မွန်မရှိ တစ်ကိုယ်ရေတစ်ကာယ အမျိုးသမီးတစ်ယောက် ဆိုတာကိုတော့ ကြီးကြီးအုန်းနဲ့ ပထမဆုံးအကြိမ် ထပ်အတွေ့ကတည်းက လှည့်ပတ်မေးမြန်းပြီး သိပြီးသား ဖြစ်နေပါပြီ။

"မ,ကို ကျွန်တော်က စ,မြင်ဖူးကတည်းက ခင်တာ"





ဇင်က ပြုံးလိုက်မိသည် ထင်ပါသည်။

"စိတ်ထဲမှာ အရမ်းခင်မင်ရင်းနှီးနေတယ်၊ အကျွမ်းတဝင် ရှိပြီးသားလိုပဲ ထင်နေမိတယ်၊ ဒါကြောင့် ခုလည်းတရင်းတနှီး စကားလာထိုင်ပြောမိတာ သိပ်အတင့်ရဲသလိုများ ဖြစ်နေလား မသိဘူး"

"မဖြစ်ပါဘူး ဒေါက်တာရယ်၊ ဒေါက်တာ ခင်ခင်မင်မင် လာလည်တာ စကားပြောဆိုတာကိုပဲ ဝမ်းသာစရာပါ၊ ဒေါက်တာက ကြီးကြီးအုန်းရဲ့ ကျေးဇူးရှင် ... ..."

သီဟသာ မျက်နှာက ရှုံ့တွသွားရပြီးမှ စိတ်ရှုပ်ရှုပ်ရက်သလို ပြုံးလိုက်ပြီး ...

"ဟာ ... ဘယ်က ကျေးဇူးရှင်ရမှာလဲ၊ ဒုက္ခပါပဲ မ,ကလည်း၊ ဆေးရုံလာတက်တုန်းခဏ ဝါဒ်က ဆရာဝန်အနေနဲ့ ကုပေးလိုက်ဖူးတာလေးပဲ ရှိတာပါ၊ အသက်ကယ်လိုက်ရတာမျိုးလည်း မဟုတ်ပါဘူး မ,ရယ်၊ ကျွန်တော်လုပ်ရမဲ့ ဝတ္တရားပါ၊ မ,က ကျေးဇူးရှင်ဆိုနေတော့ နေရထိုင်ရတာ တစ်မျိုးကြီး ဖြစ်တယ်ဗျာ"

ဇင်က သီဟသာရဲ့ ရှုံ့မဲ့နေတော့တဲ့ မျက်နှာကို တကယ်ရယ်ချင်လာကာ ခပ်သာသာလေး ရယ်မောလိုက်မိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မ,ပြောတာက ဝတ္ထုထဲက စကားမျိုးလို တာဝန်ကျေစကားကြီးပါဗျာ"

"တာဝန်ကျေတော့ မဟုတ်ပါဘူး ဒေါက်တာရယ်၊ တကယ်ကျေးဇူးတင်တာပါ"

"ဒီဝါဒ်ထဲ ရောက်လာရင် သီဟသာ ကုပေးရမှာပဲဆိုတာ လူတိုင်းသိပြီးသားပါ၊ မ,လည်း သိပြီးသားပါ၊ ပုံမှန်ဝတ္တရားကျေထက် ကျွန်တော်က နည်းနည်းသံယောဇဉ်စေတနာပိုတာလေးပဲ ရှိပါတယ်"

"အဲဒါလည်း ကျေးဇူးတင်စရာပဲ မဟုတ်လား ဒေါက်တာ"

"အဲဒါကလည်း မ,ကြောင့် အများကြီးပဲပါတယ်"

တဖြည်းဖြည်း ပွင့်လင်းလာတဲ့ သူ့စကားတို့ကြောင့် ဇင်က သီဟသာကို ရယ်ချင်လာပါသည်။ အခေါက်ခေါက်လာပြီး အခါခါ မတွေ့ရတဲ့အတွက် တွေ့တဲ့အခိုက်မှာ သုံးခေါက်စာ ရင်းနှီးမှုမျိုးကို တစ်ထိုင်တည်း ဖန်တီးတည်ဆောက်ယူကာ အချိန်တွေ အလဟဿ မဖြုန်းအောင် အကျိုးရှိရှိ အသုံးချတယ်ထင်သည်။

ဇင့် အပြုံးကို သူက အဓိပ္ပာယ် ဝေခွဲလို့ ရသွားပုံနှင့် ...





"မပြုံးပါနဲ့ မ,ရယ်၊ ကျွန်တော်က ကျွန်တော်တို့ ခုမှပြန်တွေ့ရတယ်လို့ကိုလည်း မထင်မိဘူးဗျာ၊ ဒီကြားထဲလည်း တွေ့ဆုံရင်းနှီးနေကြတာပဲလို့ပဲ စိတ်က ထင်နေတယ်"

"ဇင်က ဒေါက်တာ စကားပြောတာ ရိုးသားပြီး မကွယ်မဝှက်တတ်တာကို ပြုံးမိတာပါ"

"ကျွန်တော့်ကို ဒေါက်တာလို့ မခေါ်ပါနဲ့လား"

ဇင်နှင့် သီဟသာ မျက်လုံးချင်းဆိုင်၍ ရွှန်းတောက်စွာ အကြာကြီး စိုက်ကြည့်နေမိကြသည်။ မြိန်ဆန်လွန်းတဲ့ အဖြစ်အပျက်တစ်ခု နှစ်ဦးကြားမှာ အသံတိတ် ဖြစ်ပွားပေါက်ကွဲနေကာ ၎င်းအရာအတွက် နှစ်ဦးလုံး လိုလိုချင်ချင် အာရုံဝင်စားနေမိခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၄

တခါးခေါက်သံကြောင့် ဇင်က ကြည့်လက်စ မီနီ ဗန်းကို အံဆွဲထဲထည့်ကာ သိမ်းဆည်းရင်း ...

"ဝင်းလား ... လာလေ"

တံခါးပွင့်ကာ ဝင်းရဲ့မျက်နှာလေး ကြည်ကြည်လင်လင် ပေါ်လာသည်။ လက်ထဲတွင် ပန်းစည်းငယ်တစ်စည်း။ ထုံးစံအတိုင်း ဇင့်ရဲ့မွေးနေ့ အင်္ဂါနေ့တိုင်းတွင် ကဗျာဆန်တဲ့ ဆရာဝန်လေး ပေးပို့နေကျ ပန်းစည်း။ ဇင်က ပန်းလေးများကို ကြည့်ကာ တအံ့တသြ ပြုံးရွှင်ရင်း ...

"ဟင် ... ဘာပန်းလေးတွေပါလိမ့်"





"မမ ... အဲဒါ ဝင်းတော့ ကျူးလစ်ပ် ထင်တာပဲ၊ ကျူးလစ်ပ်ကို ဝင်းတို့ ဓာတ်ပုံတွေထဲပဲ မြင်ဖူးတာ၊ အပြင်မှာ မတွေ့ဖူးသေးဘူး၊ ချစ်စရာလေးတွေရယ်နော်"

"အေးဟယ်၊ ဟုတ်ပါရဲ့"

"ဒေါက်တာသီဟသာ ဘယ်ကများ ရအောင်ရှာတယ် မသိပါဘူး"

ခုတော့ဖြင့် ဝင်းတို့တစ်တွေပင် သီဟသာကို ရင်းနှီးနေကြပါပြီ။ မရင်းနှီးလို့လည်း မရ။ သူ့ရဲ့အဝင်အထွက်နှင့် ဘရင်းတနီးနိုင်မှုတို့က ဘေးလူကို မခင်မင် မရင်းနှီးပဲ တင်းကျန်ခုစ်လို့ မရအောင်ပင်။

"နိုင်ငံခြားက လာတာတော့ သေချာတယ် မမရဲ့"

"အင်း ... ဒါပေမဲ့ ကြည့်ပါဦး ဝင်းရယ်၊ ပန်းတွေရဲ့ပုံစံက၊ ရိုးတံက ထောင်တက်ပြီးမှ အောက်ဘက်ကို ပြန်ကွေးကျပြီး ပန်းက ငိုက်စိုက်ပွင့်နေတာ၊ တို့မြင်ဖူးတာတွေက အပေါ်ကို မျက်နှာပြုပြီး ထောင်ပွင့်တာပဲ မြင်ဖူးတာပါ"

"ဟုတ်တယ်နော် မမ၊ သူက ကုပ်ကျနေတယ်၊ တစ်ခက်ချင်း ထောင်ကြည့်ရင် 'ရ'ကောက်ပုံစံ ကျနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ မြန်မာအက္ခရာ ရကောက်နှင့် တူနေပါသည်။ ဖင်သည်း အတိတ်နိမိတ် ယုံကြည်လှသူတော့လည်း မဟုတ်။ ဒါပေမဲ့ ဦးခေါင်းထောင်မတ်မနေပဲ ငိုက်စိုက်ကျနေသည့် ပန်းပုံသဏ္ဌာန်ကို မြင်ရသည်မှာ စိတ်ထဲ ညှိုးငယ်စရာလိုလိုပင်။

"သူက ညှိုးပြီး ငိုက်ကျတာလည်း မဟုတ်ဘူး၊ ရိုးတံကိုက ငိုက်ကျတဲ့ပုံသဏ္ဌာန်အတိုင်း ဖြစ်နေတာ၊ ရိုးတံက စိမ်းလန်းလန်းဆန်းနေသားပဲ"

"ဟုတ်တယ် မမ၊ ရှားရှားပါးပါး စတိုင်လ်ပေါ့"

ဖင်သည် အင်္ဂါနေ့ဆိုလျှင် ပန်းမထိုးသေးဘဲ အလှထားစောင့်စားမြဲအကျင့် ပါနေပြီမို့ လွတ်လပ်နေသည့် ဖန်ပန်းအိုးထဲ ပန်းခိုင်လေးခိုင်ကို ထိုးစိုက်လိုက်ပါသည်။ တစ်မျိုးတော့လည်း ဆန်း၍ လှပချစ်စရာကောင်းပေသား။

"ဝင်း အပြင်ထွက်လိုက်ဦးမယ် မမ"

"အေး ... အေး"

ဝင်းဝင်းက ပြန်ထွက်ကာ တံခါးပိတ်သွားပါသည်။

ဖင်သည် ပန်းလေးခက်ကို စိုက်ကြည့်ပြီး နှစ်သက်ရင်ခုန်လျက် ပြုံးနေမိသည်။ ချစ်ဖို့ကောင်းလှတဲ့ "ကိုသာ"။





သူ့ကို သူ့မေမေက "ကိုသာ"လို့ တစ်ခါတစ်ရံ ခေါ်သည်ကိုတော့ ငယ်ငယ်ကတည်းက ဖင် သိသည်။ သူ့သူငယ်ချင်း အများထဲက ရင်းနှီးသူတွေကလည်း "ကိုသာ"လို့ ခေါ်တတ်ကြောင်းကိုတော့ ဟိုတလောက သူ ပြောပြမှ သိရသည်။

ဖင်ကလည်း သူ့ကို အစကတည်းက "ကိုသာ"လို့ပဲ ချစ်စနိုး တိတ်တခိုး ခေါ်မိပြီးသား။ ဖင်နှင့် သီဟသာရဲ့ နှလုံးသားရေးရာကိစ္စက တဆိတ်တော့ မြန်ဆန်လွန်းလှခဲ့ပေသည်။

မြင်မြင်ချင်း ချစ်ကြတယ် ဆိုတာထက် ပိုကာ မြင်မြင်ချင်းမှာ ချစ်ခဲ့ပြီးသား ချစ်သူတွေလို ခံစားနေကြရတာ ဖြစ်ခဲ့သည်။ ရှက်စရာကောင်းမယ်ဆိုလည်း ကောင်းသားပေါ့။ ကြိုးကြိုးအုန်း ဆေးရုံကဆင်းပြီး နှစ်လအတွင်းမှာ ဖင်တို့ ချစ်သူတွေဖြစ်ခဲ့ကြပြီး ခုဆို ချစ်သူသက်တမ်းက နှစ်လပြည့်တော့မည်။

ဤအချိန်ကာလတို အတွင်းမှာ ဖင်တို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး နှစ်နှစ်ကာကာ သဲသဲမဲမဲ အစွဲကြီးစွဲ ချစ်နေကြလေသည်။ ဖင်ကတော့ ဖင့်ဘက်က ပိုမည်လို့ အမြဲထင်ခဲ့သည်။ ဖင်က တစ်ဦးတည်း တစ်ကောင်ကြွက်၊ မေတ္တာငတ်၊ အချစ်ငတ်၊ အဖော်ငတ်၊ သံယောဇဉ်ငတ် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



သီဟသာဟာ ဇင့်ဘဝရဲ့ တစ်ဦးတည်းသော အကျွမ်းဝင် အမြတ်နိုးဆုံး ဖြစ်နေပါပြီ။ သူ ဇင့်ကို သိပ်ချစ်တာလည်း ဇင် သိတာပင်။ သူလေးက ဇင့်ထက် ငယ်ရွယ်သူပီပီ နည်းနည်းတော့ အတွေး ကလေးဆန်သည်။ သူသိသည်မှာ မိုးမမြင်လေမမြင် ချစ်ဖို့သာပင်။

ဆရာဝန်ရင့်မကြီး တစ်ယောက်ပေမဲ့ တစ်ဦးတည်းသောသား၊ အမေ့ရဲ့ ဂရုစိုက်မှု အပြည့်အဝရသော သားတစ်ယောက်အဖြစ် ကလေးကဲ့သို့ အမူအကျင့်မျိုးလေးတွေ ရှိနေသေးတာလည်း အမှန်ပင်။

ကလေးတစ်ယောက်လိုပဲ ရိုးသားသန့်ရှင်း အပြစ်ကင်းစင်ကာ ချစ်စရာကောင်းလွန်းလှတဲ့ ကိုသာ ပါပဲ။

"တီတီတီ ... တီတီတီ ... တီတီ"

ဇင်က စားပွဲပေါ်မှ ဟဲန်းဒ်ဖုန်းလေးကို ကောက်ကိုင်ကြည့်လိုက်လျှင် သီဟသာတို့ ဆေးရုံဝါဒ်ထဲက နံပါတ်မှန်တန်း၍ သိရသည်။

"ဟယ်လို"

"မ,"

"အင်း ... ပြော"





"ပန်း ရောက်ပြီလား"

"ရောက်ပြီ ကိုသာ၊ သိပ်ဆန်းတာပဲနော်၊ မ,တစ်ခါမှ မမြင်ဖူးသေးဘူး"

"မနက်က ဆေးရုံလာရင်း ဖလော်ရယ် ဆိုင်ဝင်တော့ သူတို့ဆီမှာ တွေ့လို့လေ၊ မနေ့ညနေက လေယာဉ်နဲ့ ဗန်ကောက်က ပို့တဲ့ပန်းလို့ ပြောတယ်၊ အဲဒါ ကျူးလစ်ပ်လေ"

"ကျူးလစ်ပ်လို့တော့ ထင်ပါတယ်၊ ဒါပေမဲ့ မ,မြင်ဖူးတဲ့ပုံတွေထဲမှာ ပန်းခက်က ခုလိုကွေးငိုက်ကျမနေပါဘူး၊ မတ်မတ်ထောင်နေတာပါပဲ"

"ဒါက မျိုးခွဲတစ်ခုပေါ့၊ ကျူးလစ်ပ်ထဲက မျိုးခွဲတစ်ခုတဲ့၊ သူ့ရိုးတံတွေက အမြဲ ဒီလိုငိုက်နေတာ"

"မတ်မတ်ထောင်ထောင်လေး ဝယ်တာမဟုတ်ဘူး ကိုသာရယ်၊ ခေါင်းငိုက်စိုက်ကျနေသလိုမျိုး မြင်ရတော့ တစ်မျိုးပဲ"

"အဲဒါ ခေါင်းငိုက်စိုက် ကျနေတာ မဟုတ်ပါဘူး"

"ဘာလဲ"

"အဲဒါ ကောက်ကွေးကျနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"တူတူပဲလေ၊ မ,က ခံစားရမှုပါ ထည့်ပြောတာ"

"ကျွန်တော်လည်း ခံစားရမှု ထည့်ပြောတာပဲ"

"ကောက်ကွေးကျနေတာက ဘာခံစားမှုအတွက်လဲ"

"ကောက်ကွေးတဲ့ ခံစားမှုအတွက်ပေါ့"

"ဘာလဲ ကိုသာရယ်၊ မ,နားမလည်ပါလား"

"ကောက်ကွေးနေတာလေကွာ"

"အဲဒီတော့ ..."

"ကျွတ် ... ချက်ဆို နားခွက်က ဘာလို့ မီးမတောက်တာလဲ"

"အဟင်း ဟင်း"

ဇင်က သူ့ကို ချစ်စနိုး ရယ်နေမိသည်။

"ကောက်နေတာ၊ ကွေးနေတာ၊ သေလိုက်ပါတော့ ... အစအဆုံး ရှင်းပြနေရတယ်ကွာ မ,ကို ကျွန်တော် စိတ်ကောက်နေတာဗျာ"

"ဟင်"

ဇင်က အံ့အားတသင့် ရယ်ချင်မိကာ ...

"ဘာကြောင့်လဲ ကိုသာ၊ မ,လည်း မသိရပါလား"





"အာ ... မ,ကလည်း ... ကျွန်တော်က စိတ်ကောက်နေတာပါဆိုမှ မ, သိပါမလား၊ ကျွန်တော်ဟာ ကျွန်တော် ကျိတ်ဖြစ်နေတာ"

ဖုန်းထဲက သီဟသာရဲ့ စူပွပွအသံကြောင့် ဇင့်မှာတော့ အသံလေး တလွင်လွင်နှင့် ရယ်လို့ချည်း နေမိတော့သည်။ ငြိမ်သက်ပြီး ထူးပြီးပျော်စရာ ထူးပြီး စိတ်ညစ်စရာတို့ ကင်းဝေးနေသည့် ဇင့်ထံတွင် မြူးထူးရယ်ရွှင်ရသည်မှာ အလွန်ပဲ ရှားပါးသည်ဖြစ်ရာ ဇင်သည် ဒီကောင်လေးနှင့် ချစ်မိမှပဲ ဘဝက စိုစိုပြည်ပြည် လှုပ်လှုပ်ခတ်ခတ် ရှိလာတယ် ထင်မိသည်။

"ရယ်နေနော် ...၊ သိလား ... ရယ်နေ"

"ဘာလဲ ကိုသာရဲ့၊ တကယ့်ကို မ, ရယ်ချင်နေတာ၊ ကိုသာ ဘာကို စိတ်ကောက်လဲ မ,ဘယ်လိုမှ စဉ်းစားမရပါလားကွယ်"

"ကျွန်တော် မကြိုက်နိုင်တာ မ,ဘာလုပ်မိလဲ၊ မ,စဉ်းစားပေါ့"

"မ,ဘာမှ မလုပ်မိဘူး ထင်တာပဲ"

"လုပ်တယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဇင်က ရယ်လိုက်မိပြန်သည်။

"မ,ဘာလုပ်မိလို့လဲ ကိုသာရယ်"

"မနေ့ညနေက မ,ဘာလုပ်လဲ"

"ဘာမှထူးပြီး မလုပ်မိပါလား"

"မနေ့က ကိုထွန်းလှ လာလား"

"လာသွားပဲ"

သိဟသာသည် ဇင့်ဒရိုင်ဘာ ကိုထွန်းလှကိုလည်း သိပြီးဖြစ်ပါသည်။

"ဒါဖြင့် မနေ့ကညနေ လေးနာရီလောက်မှာ မ, ဘယ်သူနဲ့ ဘယ်ကိုသွားတာလဲ"

"မနေ့က ညနေလေးနာရီ !"

ဇင်သည် ဇဝေဇဝါ စဉ်းစားလိုက်ပြီးလျှင် ...

"သြော် ... သိပြီ"

"အဲဒါ ဘယ်သူလဲ"

"အဲဒါ ကိုသော်ကောင်းလေ၊ ကိုသာ့ကို မ,ပြောဖူးသား ရော၊ ကိုသော်ကောင်း ဆိုတာ မာမီ ရှိကတည်းက မာမီ မိတ်ဆွေရဲ့သား၊ မာမီနဲ့လည်း အလုပ်နဲ့ပတ်သက်ပြီ လက်တွဲခဲ့ရတာ၊ မာမီ မရှိတော့လည်း မ,ကိုဆက်ပြီ





လက်တွဲကူညီနေတယ် ဆိုတာလေ၊ ကိုသာ့ကို ကိုသော်ကောင်း အကြောင်း မ, ပြောပြဖူးပါတယ်"

"အဲဒါ ကိုသော်ကောင်းလား"

"ဟုတ်တယ် ကိုသာ"

"ကိုသော်ကောင်း ဆိုတာ မ,ပြောဖူးပါတယ်၊ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာ စိန်ကုန်သည် စိန်အရောင်းအဝယ်လုပ်တဲ့ ရွှေဘုံသာလမ်းမှာ ဆိုင်ခန်းဖွင့်ထားတဲ့သူ ဆိုတော့ ဗိုက်ပူပူ ကုလားကြီးတစ်ယောက်လားလို့"

"ကိုသာရယ်"

ဇင် ရယ်မောရပြန်ပါသည်။

"ဒါဖြင့် ... ဒီ ကိုသော်ကောင်း ဆိုတဲ့သူက အရမ်းကြည့်ကောင်းပြီး ခန့်ညားတဲ့ Gentleman တစ်ဦးပဲ၊ သူကလူပျိုလား"

"အင်း ... အိမ်ထောင်မရှိဘူး၊ လူပျိုကြီးပေါ့ ကိုသာရယ်"

"ဟင် ... အဲဒါဖြင့် ကျွန်တော် နည်းနည်းသဝန်တိုချင်လာပြီ၊ သူက မ,နဲ့အရမ်းရင်းနှီးပုံပဲ၊ မနေ့က တွေ့လိုက်တာ ရွှေဘုံသာလမ်းမှာပဲ၊ မ,တို့ ပလက်ဖောင်းပေါ်ကနေ ကားပေါ်လှမ်းအတက်မှာ တွေ့လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဆိုင်ကို မ,လိုက်သွားတာပါ၊ သူ့ဆီက စိန်နည်းနည်း သွားယူတာ၊ သူက မ,ဆီလာတုန်း စကားပြောရင်းက စိန်တစ်ထုပ် လိုချင်တယ်ဆိုပြီးတော့ သူ့ကားနဲ့ပဲ လိုက်ယူမိတာ၊ အပြန် သူပဲ ပြန်ပို့တာပေါ့၊ ကိုထွန်းလှနဲ့ မသွားတော့ဘူးလေ"

"သူကလည်း စိန်ဆိုင်ကြီးပစ်ပြီး လျှောက်သွားလို့ ရတာပဲလား"

"သူ့ဆိုင်မှာက သူ့အမေ အမြဲရှိတယ်၊ သူ့အမေနဲ့လည်း မ,နဲ့ ခင်မင်နေတာပဲလေ"

"ဟာဗျာ ... မနာလိုပါဘူး၊ အမေနဲ့ရော သားနဲ့ရော ရင်းနှီးနေတာ၊ သားကလည်း လူပျိုကြီး၊ ဘယ်လိုအမေ မဆို မျက်စိထဲမှာ မ,ကို ချွေးမဖမ်းချင်မှာပဲ"

ပြုံးရယ်နေသော ဇင့်မျက်နှာလေး အပြုံးလျော့သွားရကာ ...

"သေချာရဲ့လား ကိုဘာရယ်"

"ဘာကိုလဲ"

"ဘယ်လိုအမေ မဆို မ,ကို ချွေးမ ဖမ်းချင်မှာပဲ ဆိုတာလေ"





"ဟုတ်တယ်လေ သေချာတာပေါ့၊ မ,ရဲ့အလှအပ၊ မ,ရဲ့ ဣန္ဒြေ၊ မ,ရဲ့ တတ်သိနားလည်မှု၊ မ,ရဲ့ စီးပွားရေး၊ မ,ရဲ့ အရည်အချင်းတွေက ပြိုင်စံရှား ဖြစ်နေတာပဲဟာ"

ဇင်က တခဏ တိတ်ဆိတ်သွားရပါသည်။ သူ့မျက်စိထဲမှာ အန်တီလွင့် ပုံသဏ္ဌာန်ကို ပြန်ပြီးမြင်ယောင်လာသည်။ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်ကဆိုတော့ ကြာလှရောပေါ့။ အန်တီလွင်ဟာ မကြိုက်တစ်ရာ ကြိုက်တစ်ရာ၊ မကောင်းတစ်ရာ ကောင်းတစ်ရာ အစားထဲကပါ။

သူအာရုံကျသွားပြီး အကောင်းထင်သွားပြီ ဆိုရင် ထိုသူအပေါ် တောက်လျှောက်ကောင်းဖို့ ဝန်မလေးသလို သူမကောင်းထင်သွားတဲ့ သူအပေါ်လည်း တစ်သက်လုံး အမြင်မကြည်လင်တော့သည့် စိတ်သဘောထားမျိုး အန်တီလွင့်မှာရှိတာ မေမေပြောပြ၍ ဇင် သိခဲ့ရပါသည်။

"မ, ... ဘာတွေးနေလဲဟင်"

"ဟင့်အင်း"

"တွေးပါတယ်၊ မ, အကြာကြီး တိတ်သွားတယ်"

"အင်း ... တစ်ခုတော့ တွေးပါတယ်၊ မ,က သားရှင်အမေတိုင်း မျက်စိထဲ နှစ်သက်စရာ ဖြစ်နေလိမ့်မယ် ဆိုတာတော့ မဟုတ်လောက်ဘူး ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မ, ... ကျွန်တော့်မေမေကများ မ,နဲ့ သဘောတူပါ့မလား လို့ မ,စိုးရိမ်နေလား"

ဇင် မဖြေမိပါ။ မတူနိုင်ဘူးလို့ ဇင် ထင်နေပါတယ် ကိုသာရယ်။

"ရယ်စရာကြီး မ,ကလည်း၊ ကျွန်တော် စိုးရိမ်ဖို့ ထားပါဦးလား၊ ကျွန်တော်က ရိုးရိုးသာမန်ဆရာဝန်ပေါက်စလေးပါဗျာ၊ ကျွန်တော်နဲ့ ယှဉ်ရင် မ,က မယှဉ်သာအောင် မြင့်မားနေပါတယ်၊ တစ်ကိုယ်ရည် အစွမ်းအစ အရည်အချင်း အောင်မြင်မှုတွေမှာ မ,က အများကြီး မြင့်မားပါတယ်၊ ဒါပေမဲ့ ကျွန်တော်ကတော့ မစိုးရိမ်ပါဘူး၊ သိလား ... မ,၊ မ,မှာ မိဘအုပ်ထိန်းသူမှ မရှိပဲ ... နော်၊ အရာရာဟာ မ,ဆုံးဖြတ်ချက်နဲ့ မ,ပဲလေ ... နော်၊ မ,က ကျွန်တော့်ကို ရွေးချယ်ရင် ပြီးတာပဲနော် ... မ, ဟား ဟား ..."

အပူပင်ကင်းတဲ့ သီဟသာရဲ့ ရယ်သံချိုကြောင့် ဇင့်မှာ အချစ်ပိုရပြန်ပါသည်။

"ဖေဖေနဲ့ မေမေ့ကို မပြောရသေးဘူး၊ ပြောလိုက်ရဦးမယ် သိလား မ,၊ ဖေဖေကတော့ ဒါမှ ငါ့သားကွလို့ ကြွေးဝါးမှာ သေချာတယ်၊ မေမေကတော့ သူ့တစ်ဦးတည်းသော





သားလေး သိပ်ချစ်တဲ့ချစ်သူ ရနေပြီဆိုတာ သိရင် နည်းနည်းတော့ သဝန်ကြောင်မလား မသိဘူးနော်၊ ဒါပေမဲ့ မ,လို အမျိုးသမီးတစ်ယောက်ကို ရွေးချစ်မိထားတာသိရင် ချီးကျူးမှာပါ"

"... ... ..."

"မ, ဘာမှလဲ ပြန်မပြောဘူး၊ ဘာစဉ်းစားပြန်ပြီလဲ"

ဇင် ငြိမ်နေမိဆဲ အခန်းတံခါးခေါက်သံ ပေါ်လာပြန်တာမို့ ဇင်က "ဝင်းဝင်းလား"ဟု လှမ်းမေးလိုက်ပါသည်။ တံခါးပွင့်ဟကာ ဝင်းဝင်းရဲ့ခေါင်းလေး ပြူဝင်လာရင်း ...

"မမ, ဧည့်သည်ပါ၊ ဦးသော်ကောင်းပါ"

ဇင် ခေါင်းညိတ်လိုက်ခြင်းနှင့်အတူ ကိုသော်ကောင်း အခန်းထဲ ဝင်လာပါသည်။ ကိုသော်ကောင်းကတော့ ဇင့် သီးသန့်ရုံးခန်းကို အချိန်မရွေး ဝင်ထွက်ခွင့်ရသူဆိုတာ အပြင်ကဝန်ထမ်းတိုင်း သိပြီးသားပါ။

ကိုသော်ကောင်းက ဇင် ဖုန်းကိုင်နေလျက်သား မြင်ရတာမို့ တစ်နေရာမှာ တိတ်တိတ်ဆိတ်ဆိတ်သာ ဝင်ထိုင်လိုက်ပါသည်။

"မ,၊ ဧည့်သည်လာလို့လား"



www.burmeseclassic.com

"ဟုတ်တယ် ကိုသာ"

"ဖုန်းချလိုက်မယ်လေ၊ တစ်ခွန်း နှစ်ခွန်းတော့ ပြောဦးမယ်"

"ပြော"

"ကျွန်တော့်မိဘ သဘောထားနဲ့ ပတ်သက်ပြီး မ,တစ်ခုခု စိတ်ထင့်နေတာ ရှိနေလား"

"အဲဒီလိုတော့ မဟုတ်ပါဘူး"

"မ,စိတ်ချသိလား၊ ဖေဖေရော မေမေရော သဘောကျမှာ သေချာတယ်၊ ကျွန်တော့်ကိုတောင် ချီးမွမ်းဂုဏ်ပြုကြဦးမယ်"

"အဲလိုဆိုရင် ကောင်းတာပေါ့ ကိုသာ"

"ဧည့်သည်က ဘယ်သူလဲ"

ဇင်က ရယ်လိုက်မိ၍ ...

"ဟော ...၊ ဟို Gentleman လား"

"အဟင်း ... ဟုတ်တယ်"

"ဟာကွာ၊ ကျွန်တော် ဆေးရုံကနေ ထွက်လာလို့ မရှုသေးတဲ့အချိန်မှာ ကျွန်တော့်ချစ်သူဘေးမှာ ခပ်ခန့်ခန့် အားကိုးချင်စရာ လူတစ်ယောက် ရောက်နေတယ်၊ မကျေနပ်ဘူးကွာ"





ဇင်က ရယ်မောနေမိသည်။

"မ, အဲဒီလူကြီးကို သိပ်မလေးစား အထင်မကြီး အားမကိုးနဲ့ဗျာ"

"အင်းပါ"

"သူက ကျွန်တော့်ထက်များ မ,နား ပိုကပ်ခွင့် ရနေလား၊ ကျွန်တော့်ထက်များ မ,နဲ့ ပိုတွေ့နေရလားဟင်"

"ဘာမှ မစိုးရိမ်ပါနဲ့ ကိုသာ၊ တစ်ခုခု ဖြစ်ဖို့ရှိရင် အစောကြီးကတည်းက ဖြစ်ပြီးသားပေါ့၊ ကဲ ...၊ မ, ဖုန်းချတော့မယ်"

"ဆေးရုံကအပြန် ခဏဝင်ခဲ့မယ်နော်"

"အင်း ... အင်း ...၊ ဒါပဲနော်"

ဇင့်ကို ငေးစိုက်၍ ကြည့်နေသော ကိုသော်ကောင်းသည် ဇင် ဖုန်းကိုပိတ်ကာ ဘေးကိုချလိုက်လျှင် အကြည့်ကိုသိမ်း၍ ကိုယ်ကို လှုပ်ရှားလိုက်ရင်း ...

"ကိုယ်ရောက်လာလို့များ အားနာပြီး ချလိုက်လား ဇင်ရယ်၊ ပြောစရာရှိတာ အေးအေးဆေးဆေး ပြောပေါ့"

"ပြီးပါပြီ ကိုသော်ကောင်း"

www.burmeseclassic.com



ကိုသော်ကောင်းသည် ဇင့်ထံမှ ကြားလိုက်ရသော "ကိုသာ"ဆိုတဲ့ နာမည်စိမ်းတစ်ခုကြောင့် စိတ်ဝင်တစား သိချင်မှုကို ဖုံးဖိမထားနိုင်ပဲ ...

"အလုပ်ကိစ္စလား ... ရိုးရိုး ... ဟိုဒင်း ..."

"ဇင့်မိတ်ဆွေ ဆရာဝန်တစ်ယောက်ပါ ကိုသော်ကောင်း။ ကြီးကြီးအုန်း ဆေးရုံတက်ရင်းက ရင်းနှီးသွားတာပါ"

"ဪ ... ဆရာဝန်တစ်ယောက်လား"

"ဟုတ်ကဲ့"

"ဆရာဝန်တစ်ယောက်နဲ့ ဇင် ခင်မင်ရင်းနှီးနေတော့ ကောင်းတာပေါ့နော်၊ ဇင့် ကျန်းမာရေးအတွက်ပါ အားကိုးအားထားပြုလို့ ရတာပေါ့"

"ဇင် ခုတလော နေကောင်းပါတယ်"

"ဘာပဲဖြစ်ဖြစ် ဇင်က ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပြီးနေရမဲ့သူတစ်ယောက်နော်၊ ဇင့်ဘေးပတ်ဝန်းကျင် အနီးကပ်မှာက အားလုံးက ဇင့်လောက်မှ ဗဟုသုတ မပြည့်ဝတဲ့ တပည့်တပန်းချည်း မဟုတ်လား၊ ဒါကြောင့်လည်း ကိုယ် ခရီးမသွားဖြစ်ရင် ရက်ခြားလောက်တော့ တမင်ရောက်အောင်





လာနေတာ၊, မေမေကလည်း ကိုယ်မရောက်ဘူးထင်ရင် တဖျစ်ဖျစ် ပြောနေတာ"

"အန်တီနဲ့ ကိုသော်ကောင်းတို့ သားအမိနှစ်ယောက်တောင် အားကိုးအားထား ရှိနေတာပဲ ကိုသော်ကောင်းရယ်၊ စိတ်ပူစရာ မရှိပါဘူး၊ ကိုသော်ကောင်းတို့ သားအမိက ဇင့်ရဲ့ ဆွေမျိုးရင်းချာလို မိတ်ဆွေကောင်းတွေပါ၊ ဇင် အမြဲ ကျေးဇူးတင်တယ်၊ ဘုရားရှိခိုးတိုင်း မေတ္တာပို့ ရှိခိုးနေကျ"

"အဲသလို မလိုပါဘူး ဇင်ရယ်၊ မိတ်ဆွေကောင်းတွေလို့ သတ်မှတ်ထားရင် လုံလောက်ပါပြီ၊ လိုအပ်တာရှိရင် တိုင်ပင်စရာရှိရင် အမြဲပြောပါ ဇင်"

"ပြောမှာပါ၊ ပြောလည်း ပြောခဲ့နေကျပါ ကိုသော်ကောင်းရယ်"

ကိုသော်ကောင်းက ဇင့်ကို နွေးနွေးထွေးထွေး ပြုံး၍ကြည့်နေပါသည်။ သူ ဇင့်ကို စ,သိကာစက ဇင်ဟာ ဆယ့်ခြောက်နှစ်သမီးလောက် ရှိဦးမှာမို့ သိကျွမ်းခဲ့တာ ဆယ်နှစ်ကျော်ခဲ့ပါပြီ။ သိကတည်းက သူ ဇင့်အပေါ် ကရုဏာသက်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ဖင်ဟာ အသက်ဆယ်နှစ်ကျော်မျှ ကွာတာ
အဲဒီတုန်းက ဖင်ဟာ တကယ့်ပီဘိ ကလေးမငယ်ကလေးပါ။
သူ့အမေ ကျန်းမာရေးအတွက် ညှိုးနွမ်းအားငယ်နေတတ်သည့်
ကောင်မလေးတစ်ယောက်လည်း ဖြစ်သည်။

ခုတော့ အဲဒီကောင်မလေးသည် သူ့ဘဝမှာ ဝင်
ကျက်သရေ ပြည့်ပြည့်ဝဝနှင့် ကျကျနန ရပ်တည်နေနိုင်
ဟိုးတုန်းနဲ့ကတော့ တခြားစီ။ ဖင့်ဘဝကို အစအဆုံး
သိခွင့်ရခဲ့သူမို့လည်း ဖင့်ကို သူက အမြဲ ကရုဏာနှင့် မြင်
ရှိသည်။ ဟိုတုန်းက မပြေလည်စဉ်ကလည်း မပြေလည်စဉ်
မို့လို့။ ခုလို သူ့ဘဝလေး ပြည့်ပြည့်စုံစုံ ဖြစ်နေပြန်တော့လည်း
သူ့မှာ အချိန်မရွေး အခြေအနေဖောက်ကာ ဆိုးဝါးလာနိုင်
နှလုံးရောဂါအဆောက်အဦကြီးနှင့်။

ဒီမိန်းကလေးကို ကိုသော်ကောင်းက အရိပ်တ
ကြည့် ကြည့်ရှုကြည့်လာခဲ့သည်မှာ နှစ်ရှည်လများပြီပင်။ သ
ခဲ့တွေဟာ သေးသေးကွေးကွေး နည်းနည်းနောနော
ခုတလောတော့ သူ အရိပ်ကြည့်နေသည့် မျက်နှာလေး
အရိပ်အကဲတွင် တစ်စုံတစ်ရာသော ထူးခြားဆန်းကြယ်
သူ ရှာဖွေတွေ့ရှိနေသလိုပင်။





"ပန်းလေးတွေ ဆန်းလိုက်တာနော်၊ ဖင် ဘယ်ကဝယ်သလဲ"

"လက်ဆောင်ရတာ ကိုသော်ကောင်း၊ ကျူးလစ်ပ်မျိုးကွဲလို့ပြောတာပဲ"

"ဒီမှာ ရှိမယ်မထင်ဘူး၊ ဘယ်က လက်ဆောင်ရတာလဲ ဖင်"

ဖင်က မျက်လွှာလေး ဝဲချရင်း ...

"ခုန ဆရာဝန် ဒေါက်တာသီဟသာ ဆိုတာ ပေးတာပါ၊ သူ ဖလော်ရယ်လ်တစ်ခုက ဝယ်တာလို့ ပြောတယ် ကိုသော်ကောင်းရဲ့"

ဖင့် မျက်နှာပေါ်က ကြည်နူးရိပ် သွေးရောင်လေးကို သူက စိုက်ကြည့်နေမိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၅

ဒီနေ့ဟာ ရှားရှားပါးပါး ဖေဖေ မူးပြီးပြန်လာတာ မဟုတ်တဲ့နေ့ပင်။ တစ်ပတ်မှာ လေးရက်လောက် မူးကာပြန်လာတတ်တဲ့ ဖေဖေ့အဖို့တော့ ဒီလိုနေ့မျိုးဟာ ကြုံတွက်ထားရို မလွယ်ကူအောင် ရှားပါးပါသည်။

ဖေဖေ့ ပြန်ချိန်နှင့် ဖေဖေ ဘယ်လိုပြန်လာမည်ဆို တာဟာ ကြိုတွက်ဆလို့ မရတာမို့ ညစာထမင်းစားချိန်တိုင်းမှာ မေမေနှင့် သီဟသာတို့သာ အတူတကွ စားဖြစ်တာ နှစ်ပေါင်းများစွာ ချီလာပါပြီ။ သီဟသာ နေ့ဂျူတီကအပြန်၊ ဒါမှမဟုတ် နိုက်ဂျူတီ အတွက် မသွားခင်တို့မှာ မေမေနှင့်သားအမိ နှစ်ယောက် ထမင်း လက်ဆုံစားမြဲ ဖြစ်သည်။





ဒီနေ့လည်း ဖေဖေ ပြန်လာတော့ မေမေနှင့် သီဟသာတို့ ထမင်းစားပြီးနေပါပြီ။ ကိုးနာရီ ဆိုတာဟာ ဖေဖေ့ ပြန်ချိန်တွေထဲမတော့ ခပ်စောစောလို့ ဆိုနိုင်သည်။ ကားသံခြံထဲ ဝင်ရောက်လာကာ ပေါ်တီကိုအောက်၌ ဖေဖေ ဆင်းတဲ့အသံက လည်း ဆူဆူညံညံ မရှိ၊ အိမ်တံခါးဝမှာလည်း ဘဲလ်ကိုတစ်ချက် သာနှိပ်ကာ တိတ်တိတ်ဆိတ်ဆိတ် ဆိုလျှင် ဒီညဟာ ဖေဖေ ဝိုင်း ဖြစ်မလာတဲ့ညဆိုတာ သိနိုင်လောက်ပြီ။

ဤလိုနေ့မျိုးတွင် မေမေကလည်း ဧည့်ခန်းနံဘေးက မိသားစု နားနေခန်းထဲမှာ တီဗီထိုင်ကြည့်နေတတ်ရာမှ ...

"မိနော်ရေ ... မိပူစူးရေ ... နင်တို့ဦးလေးကို တံခါး သွားဖွင့်ချည်"လို့ အေးအေးဆေးဆေး ပြောတတ်သည်။ ဒီနေ့လည်း မိနော်ကို တံခါးသွားဖွင့်ခိုင်းကာ မေမေကတော့ တီဗီရှေ့၌ ကြည့်လက်စကို ဆက်ကြည့်နေလျက်သားပင်။

ဖေဖေ မိုးလေဝသ ကောင်းတာမို့ သီဟသာကပါ အိမ်ရှေ့ထွက်လိုက်ခဲ့ကာ ...

"ဖေဖေ ... ဒီနေ့ စောပါလား"

"အေးကွ ...၊ ဒီနေ့ စားပွဲသောက်ပွဲတွေ ဝိုင်းတွေ မရှိဘူး ကွ၊ မင်းအမေရော တီဗီကြည့်နေလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဖေဖေ"

"အေး,အေး ...၊ မိနော်ရေ ... စားစရာ ဘာရှိလဲ"

"ဖေဖေ ထမင်းမစားရသေးဘူးလား"

"မစားရသေးဘူးကွ၊ ထမင်းလည်း မစားချင်ဘူး၊ ခေါက်ဆွဲ ပြုတ်ဖော့ဘူးတွေ ရှိသေးလားဟေ့"

"ရှိပါတယ် ဦးလေး"

"အေး ... ငါ့ဖို့ တစ်ဘူးပြုတ်ပေးစမ်း၊ ကြက်ဥနှစ်လုံး ဖောက်ထည့်၊ ကြက်သွန်မြိတ်ရှိရင် ထည့်ပေး"

"ဟုတ်ကဲ့ ဦးလေး"

ဖေဖေက အဝတ်လဲဖို့ လှေကားမှ တက်သွားပါသည်။ သီဟသာက မေမေ့ထံ ပြန်ဝင်လာကာ ...

"မေမေ ... ဖေဖေ ထမင်းမစားရသေးဘူး"

"မစားရသေးရင် သူ့ဟာသူ စားလိမ့်မပေါ့၊ မိနော်တို့ ချူးပေးလိမ့်မပေါ့"

"ထမင်းမစားတော့ဘူးတဲ့၊ ခေါက်ဆွဲဘူးပြုတ် စားမယ်တဲ့"

"သူ့ဟာသူ ဘာစားစား စားပလေ့စေပေါ့"

"အဟင်း ... မေမေကလည်း လာပါ၊ ချူးခပ်ပေးဖို့ မဟုတ်ပါဘူး၊ ဖေဖေ စားသောက်တုန်း ကျွန်တော်တို့က ဖရဲသီး





စားတာပေါ့၊ ဖရဲသီးစိတ်ပြီး အေးထားတယ်လေ မေမေရဲ့၊ ဖေဖေလည်း စားတုန်းသောက်တုန်း ဆောမှာ မယားနဲ့သားနဲ့ ရှိတော့ အပျင်းပြေတာပေါ့"

မေမေသည် ခါးခါးသီးသီးတော့ မဟုတ်ဘဲ မှာန်ဆောင်ပန်ဆောင် မျက်ခုံးကြုတ်ကြီးနှင့် ...

"အို ... မေမေတို့ မရှိလည်း သူ ဘာဖြစ်မှာကျလို့၊ မလိုပါဘူးကွယ်"

"လာပါဆို မေမေကလည်း၊ ဒီလိုရက်မျိုးက ရှားရှားပါးပါး တစ်ပတ်ကို တစ်ရက်လောက်ရှိတာ"

မေမေနှင့် ဖေဖေဟာ အချိန်ပြည့် မတည့်နေတာ တော့လည်း မဟုတ်။ ပြောစကားတို့ဟာ ထေ့ကာငေါ့ကာ အတင်မခံ ဖြစ်နေတတ်ကြပေမဲ့ တည့်တဲ့အချိန်တွေလည်း ရှိပါသေးသည်။ ပွဲလမ်းသာရေးနာရေးတို့ကို တွဲတက်ရောက်တာမျိုး လည်း လုပ်ပါသေးသည်။

ဖေဖေကလည်း သူ အေးအေးဆေးဆေး ရှိသော အချိန်တွေမှာ မေမေ့စကားတွေ ဘုကျတဲ့တိုင် သည်းခံရန်ရှောင် ရှားတတ်သူပါ။

"လာ ... မေမေ ထ"



www.burmeseclassic.com

www.burmeseclassic.com



သီဟသာ ဆွဲထူနေ၍ ဒေါ်လွှင်လွှင်က ထိုင်နေရာမှ လေးကန်ကန်ပုံစံနှင့် ထရပ်လိုက်ရင်း ...

"ဪ ... ဒီသားတစ်ယောက်ဟာ ဇွတ်တရွတ်ပဲ၊ မင်းအဖေကလည်း ငါ အနားလာမထိုင်လေ နားအေးလေပါကွယ်"

"မဟုတ်ပါဘူး၊ ဘေးမှာ အဖော်ရှိရင် ဖေဖေလည်း ကြိုက်တာပေါ့၊ မေမေက ဒါတွေလိုနေတာ၊ ဘေးကနေ ဘာလိုလဲ၊ ညာလိုလားနဲ့ နည်းနည်းပါးပါး နှမ်းဖြူးရတယ် မေမေရဲ့၊ မေမေ အပြောကောင်းရင် ကောင်းသလို ဖေဖေ့ကို ကိုင်ထားနိုင်တာပေါ့"

"အမယ်လေး ... ကိုင်လည်း မထားချင်ပါဘူး၊ ငါ့ဟာငါ အေးအေးပဲ နေချင်တာ၊ သူ့ဟာသူ ဘာဖြစ်ဖြစ် ဘာလုပ်လုပ် ဂရုလည်းမစိုက်ဘူး၊ ကိုယ့်ဘက်က အမှားအယွင်း မရှိစေရဘူး ... ဒါပဲ ... တာဝန်ကျေပြီ"

မေမေက ပြောရင်းဆိုရင်း ထမင်းစားခန်းထဲ သူပဲ ရှေ့ကဝင်သွားကာ ထမင်းစားပွဲပေါ် လက်သုတ်ပဝါယူချ၊ တူယူချ၊ ဇွန်းချနှင့် ဖြတ်ကယ် ဖြတ်ကယ် အလုပ်များနေပြန်သည်။





"ပုစုံးရေ ... ဂေါ်ဖီကြက်သွန်၊ မုန်လာဥနဲ့ ငရုတ်သီးစိမ်းချဉ် ပုလင်းလေး ရှိသေးလား"

ဖေဖေ စားနေကျအရာဖြစ်၍ မေမေပဲ အိမ်မှာမပြတ်အောင် လုပ်ပေးထားရတတ်တာပင်။

"ရှိပါတယ် အန်တီ"

"ဖန်ပန်းကန် သေးသေးလေးနဲ့ ထည့်ခဲ့"

ဖေဖေဟာ ခေါက်ဆွဲပြုတ်၊ ကြာဆံပြုတ်တွေ ကြိုက်တတ်၍ ဒါတွေစားတဲ့ခါ ဂေါ်ဖီကြက်သွန်မုန်လာဥ ငရုတ်သီးစိမ်းတို့ရောပြီး မေမေ အချဉ်ထည့်ထားသည့် မုန်လာချဉ်နှင့် တွဲစားတတ်လေ့ရှိသည်။ ဖေဖေ ကြိုက်တဲ့အတွက် အဲဒီဟာသည် အိမ်မှာမပြတ်။ မေမေ အမြဲလုပ်ထားသည်။

သီဟသာသည် မေမေ့ကို စိုက်ကြည့်နေမိသည်။ မိန်းမပီသ၍ ဖေဖေ့အပေါ်လည်း ဂရုစိုက်သည့် မေမေ့အပေါ် ဖေဖေက ဘာကြောင့် အပြည့်အဝ သစ္စာမရှိရတာလဲ။ ဖေဖေ့စကားအရ မေမေက သူ့အပေါ် မယုံသင်္ကာ စွပ်စွဲအထင်သေးခြင်းတစ်ခုမှ အစပြုပြီး သိက္ခာထိပါးခံရသည့် ဖေဖေကလည်း တမင်တကာ မေမေ့အပေါ် တုံ့ပြန်တဲ့အနေနဲ့ အရွဲ့တိုက်ခဲ့တာလို့ နားလည်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ဖေဖေနှင့် မေမေ့အဖြစ်က ကြက်ဥနှင့် ကြက်မ ဘယ်သူက အရင်စ,သလဲ ဆိုတာမျိုး အငြင်းပွားရခက်သည့် ပြဿနာတစ်ခုလိုပင်။ သီဟသာသည် သူ့ရဲ့အိမ်ထောင်ရေး တစ်ခုကို ဦးတည်အစပျိုးသည့် နှလုံးသားရေးရာကိစ္စကို ဖေဖေနှင့် မေမေ့ကို ဖွင့်ဟအသိပေးဖို့ ကြံရွယ်လိုက်တာမို့ မျက်စိရှေ့မှောက်က အိမ်ထောင်ရေးအတွက် ပင့်သက်ရှိုက်မောလိုက်မိပါသည်။

"ရပြီလားဟေ့ ... ခေါက်ဆွဲ"

ဖေဖေ အပေါ်ထပ်က ပြန်ဆင်းလာရင်း သီဟသာတို့ကို မြင်သွားလျှင် ...

"ဟ ... သားတို့ မစားရသေးဘူးလား"

"စားပြီးပါပြီ ဖေဖေ"

"သိပါဘူးကွာ၊ မင်းအမေက သူစားပြီးပြီဆိုရင် ထမင်းစားခန်းထဲ လာလေ့မရှိတော့လို့ ဆန်းနေလို့"

"ကိုယ်စားပြီးမှတော့ ထမင်းစားခန်းထဲ ဘာကြောင့်ပြန်ဝင်နေရဦးမှာလဲရှင့်"

"အင်းပါကွာ၊ ယောက်ျားကို ပြုစုခူးခပ်ကျွေးမွေးတယ် ဆိုတာမျိုးလည်း မင်းမှာ ထုံးစံမှ မရှိပဲ၊ ထမင်းစားခန်း ဘယ်ပြန်လာစရာ လိုမလဲ"





"ရှင့်ကို ခူးခပ်ကျွေးရအောင်က ရှင်ကကော တစ်လမှာ ဘယ်နှရက် အိမ်မှာ တစ်နပ်စားလို့လဲ၊ အပြင်မှာတင် သောက်စားမူးယစ်ပြီးမှ ပြန်လာတာချည်းပဲ မဟုတ်လား"

"ဒါနဲ့ ... ဒီနေ့က ဘာကြောင့်များ အထူးတဆန်း မင်းက ထမင်းစားပွဲနား ရောက်လာရတာလဲ"

"ရော ... မုန်လာချဉ်ပန်းကန်၊ သားက လာပါမေမေရယ် လို့ ခေါ်လာလို့ စိတ်ကောင်းလေးနဲ့ လိုက်ဝင်လာတာ၊ ရှင် ဘာမှရန်စကား ပြောမနေနဲ့"

"ရန်စကားပြောတာ မင်းပါကွာ မိန်းမရာ"

သီဟသာသည် ကုလားထိုင်တစ်လုံး ဆွဲကာ ဝင်ထိုင်ရင်း ...

"ဖေဖေတို့ကလည်းဗျာ၊ ကျွန်တော်က ပြောစရာလည်းရှိလို့ပါ၊ ဖေဖေကလည်း မေမေ ခုလိုဝင်လုပ်ပေးနေရင် အသာကလေး နှုတ်ဆိတ်ပြီး မရိမသဲ့ပဲ ကြည့်နေလိုက်တော့ ဘာဖြစ်သွားမှာလဲ၊ မေမေကလည်း ဖေဖေ ဘာကြီးပြော နေနေ ကိုယ်ကောင်းတာ လုပ်ပေးတာ ကိုယ်အသိဆုံးပဲဟာ၊ ဘာမှပြန်မပြောလည်း ပြီးသွားမှာပဲဟာကို"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် ... သီဟသာ၊ မင်းက အဖေ့ဆုံးမ အမေ့ဆုံးမနဲ့၊ ဒီနေ့ ထူးထူးခြားခြား ဘာများဖြစ်နေသလဲဟင်၊ ဘာပြောစရာရှိတာလဲ ... ပြော"

"မေမေလည်း ထိုင်ဦးလေ"

မေမေက မျက်ခုံးခပ်တွန့်တွန့်နှင့် ဖရဲသီးအေးအေး ပန်းကန် ချပေးရင်း ဝင်ထိုင်သည်။ သီဟသာနှင့် နှစ်ယောက်တည်း ဆိုလျှင် ပြုံးရယ်ကြည်လင်တတ်သေးသည့် မေမေဟာ ဖေဖေ့ရှေ့ ဆိုရင်တော့ မျက်မှောင်တွန့်ရင်တွန့်၊ မျက်နှာညိုရင်ညို၊ မှုန်မှိုင်းမှိုင်း ရှိတတ်သည်။

ဖေဖေက တူကိုဆွဲယူကာ ခေါက်ဆွဲပန်းကန်ကို မွှေရင်း ရယ်ကာမော့ကာနှင့် ...

"ဘာလဲ ငါ့သား၊ မိန်းမယူတော့မလို့လား ... ဟား ဟား"

မေမေက ဖေဖေ့ရဲ့ ထိုစကားကို မကျေနပ်သလို ဖေဖေ့ကို လှမ်းကြည့်သည်။ မေမေ့ အမူအရာမှာ "ဒီစကားမျိုး သူ့သားလေးကို မဦးမချွတ် ပြောစရာလား" ဆိုတဲ့ပုံပင်။ တစ်ခါတစ်ရံ မေမေက ရယ်ရသည်။

"ဟဲ ဟဲ ... နီးစပ်မှုတော့ ရှိတယ် ဖေဖေ"

"ဟင်"





မေမေသည် တကယ်ပင် အံ့အားသင့်သွားကာ သီဟသာကို မျက်လုံးပြူး မျက်ဆန်ပြူးနှင့် လှည့်ကြည့်သည်။ သီဟသာက မေမေ့ကို ပြုံးကြည့်ရင်း ...

"ကျွန်တော်မှာ ချစ်သူတစ်ယောက် ရှိနေပြီ မေမေ"

သူ ခပ်တိုးတိုး ... သို့သော် ပီပီသသ လေးလေးနက်နက် ပြောလိုက်သည်။ မေမေ တိတ်ဆိတ်သွားတာကို တစ်ချက် အကဲခတ်ရင်း ဖေဖေက စတင်လှုပ်ရှားလိုက်ကာ လက်ထဲကတူကို ခေါက်ဆွဲပန်းကန် နှုတ်ခမ်းပေါ် ကန့်လန့်ချလိုက်ရင်း သီဟသာထံ လက်ကမ်းသည်။

သီဟသာကလည်း ရယ်ရယ်မောမော လက်ပြန်ကမ်း ကာ သားအဖ လက်ဆွဲနှုတ်ဆက်လိုက်တာကို ကြည့်ရင်း မေမေ ကသိကအောက် ဖြစ်သွားပုံနှင့် ...

"ကိုကျော်သာ ... ရှင် ကလေးကို ဘာမြှောက်ပေးနေတာလဲ"

"ဟာ ... ဒါကလေးလားကွာ၊ ငါ့သား ချစ်သူရတာကို ငါက အသိအမှတ်ပြု ဂုဏ်ပြုတာပါ"

"ဒါ ဘာမှဂုဏ်ပြုစရာ မဟုတ်ဘူး"

"ဟင် ... မင်းကတော့ ခုပဲ၊ လွှင်လွှင် ... မင်းသိထားဖို့က မင်းသားက ဆယ်တန်းကျောင်းသားလေး မဟုတ်ဘူးကွ၊



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်တစ်ယောက် ဖြစ်နေပြီ”

“ခုမှဖြစ်တာ”

ဖေဖေက တဟားဟားရယ်ရင်း ...

“ခုမှ ဖြစ်ဖြစ်လေကွာ၊ အရွယ်ရောက်နေပါပြီ၊ လူတစ်လုံး သူတစ်လုံး ဖြစ်နေပါပြီ”

“ဘွဲ့လေးတစ်လုံး ရတာနဲ့ လူတစ်လုံး သူတစ်လုံးဖြစ်တယ် မခေါ်နိုင်သေးပါဘူး”

“မင်းကလည်းကွာ၊ မင်း ကဖျက်ယဖျက် ပြောနေတာနဲ့ မင်းသား မျက်နှာလေးတောင် ငယ်နေပါပြီ၊ ကိုယ့်သား မဟုတ်တာ လုပ်တာမှ မဟုတ်တာ၊ မိန်းမတစ်ယောက်ကို ချစ်မိတာပဲဟာ”

“မိန်းမတစ်ယောက်ကို ချစ်မိတိုင်း အကောင်းဖြစ်ရောလား၊ ဒီမိန်းမက ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာလုပ်လဲ၊ ဘာမျိုးရိုးလဲ၊ ဘယ်လိုသဘောထား အကျင့်စာရိတ္တရှိလဲ၊ ဒါတွေလို သေးတယ်”

“ကဲ ... ပြောပြလိုက် သား၊ မင်းသားရွေးချယ်ထားတာပဲ ဟာ၊ မဟုတ်မဟုတ် မကောင်းမကန်းထဲကတော့ မဖြစ်နိုင် ဘူးလေ”





မေမေက သီဟသာကို ဆတ်ခနဲ လှည့်ကြည့်သည်။ ရှော်လင့်မထားသည်ကို ရုတ်တရက် သိလိုက်ရ၍ မေမေ့အသွင် သဏ္ဌာန်က ကယောင်ကတန်း ဖြစ်နေသလိုပင်။ ဖေဖေ့ကို မကြည့်လင် မကျေနပ်သံမျှ သားဖြစ်သူအပေါ်သာ တစ်ဘဝလုံး ပုံချစ်အားကိုးထားသော မေမေ့ခံစားချက်ကို သူ သိသည်ဖြစ်၍ သီဟသာက မေမေ့ကို မျက်နှာချိုသွေးသော အပြုံးလေးနှင့် ...

“မေမေ သဘောကျမှာပါ မေမေရဲ့၊ သူ့နာမည်က ‘ဇင်ဂမုန်း’တဲ့၊ ရွှေဂမုန်းစိန်တိုက်ပိုင်ရှင်ပဲ ဆိုပါတော့၊ သူက မိဘတွေ မရှိတော့ဘူး၊ ဆုံးပါးကုန်ပြီ၊ သူတစ်ယောက် တည်း ရပ်တည်နေတာ၊ ကျွန်တော့်ထက် အသက်လေးနှစ် လောက် ကြီးတယ်မေမေ၊ လှတယ်၊ ဉာဏ်ရှိတယ်၊ အရည်အချင်းလည်း ရှိတယ်၊ အေးဆေးသိမ်မွေ့တယ်၊ စိတ်နှလုံးကောင်းတယ်”

“အမယ်လေးနော် ... မကောင်းတဲ့ မှတ်ချက်လည်း တစ် ချက်မှ မပါပါလား”

“ဪ ... သူ ချစ်ပါတယ် ဆိုမှကွာ၊ မကောင်းတဲ့မှတ် ချက် ရှိပါ့မလား”



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ပေါ့ပေါ့လေး မပြောပါနဲ့ ကိုကျော်သာရဲ့၊ ရှင်က မိန်းမတွေကို ဘာများမှတ်နေလဲ၊ ခုခေတ်မှာ မိန်းကလေးတွေဟာ ဂုဏ်တို့ ငွေတို့လောက် ကြည့်တာ၊ ဒါတွေရမယ်ဆိုရင် လူပျိုထွတ်ထွတ် မပြောနဲ့ အိမ်ထောင်သည်ကိုလည်း ပြစ်မှားဖို့ ဝန်လေးကြတာ မဟုတ်ဘူး"

မေမေသည် အကွက်ရတုန်းရခိုက် ဖေဖေ့ကို စောင်းမြောင်း၍ နည်းနည်းကလေး ခွပ်လိုက်ချင်သေးသည်။

"လူကို မေတ္တာစစ်နဲ့ ချစ်တာလား၊ ဆရာဝန်ဆိုတဲ့ ဂုဏ်ကိုမက်တာလား၊ အဖေကုမ္ပဏီပိုင်ရှင်ဆိုတဲ့ ပိုင်ဆိုင်မှုကို တွက်တာလား၊ ဒါတွေ စဉ်းစားရဦးမှာပေါ့"

"ဟာ ... မင်းသား ပြောသလိုဆိုရင် စိန်တိုက်ပိုင်တဲ့ ပိုင်ရှင်ပါ ဆိုနေမှ ဒါတွေ မက်နေတွက်နေစရာ လိုပါ့မလား"

"ဒါတော့ ဒါပေါ့၊ ကျွန်မက ထည့်စဉ်းစားဖို့ ပြောတာ"

"အပျက်ဘက်ကချည်း မစဉ်းစားနဲ့လေကွာ၊ မင်းက ဘယ်အရာကိုမဆို အထင်မှား အမြင်မှားဖို့ အရင်ဆုံးကြိုးစားတယ်"

"အထင်မှားတာ မဟုတ်ဘူး၊ အကောင်းရော အဆိုးပါ တွက်ထားရင် အမှားကင်းတာပေါ့"





"ကဲ ... ကဲ ... တော်ပါတော့ ဖေဖေနဲ့ မေမေကလည်း ဗျာ"

နှစ်ယောက်လုံး တစ်ခဏ တိတ်သွားကြကာ မေမေကတော့ ကြာကြာ မတိတ်နိုင်သလို အသံပြန်ထွက်လာပါသည်။

"မင်းထက် လေးနှစ်တောင်ကြီးတယ် ဟုတ်လားသား"

"ဟုတ်ကဲ့"

"ဒါဆို နှစ်ဆယ့်ရှစ်နှစ်တောင် ရှိပြီပေါ့"

"ဣန္ဒြေရရလေး တည်ငြိမ်နေတာကလွဲရင် မ,ကနုပါတယ် မေမေ"

မ,တဲ့။ ဒေါ်လွင်လွင်သည် ဝမ်းနည်းသလိုလိုလေး ဖြစ်မိပါသည်။ သူ့ဘဝမှာ ခင်ပွန်းသည်ကို ရင်ထဲအခုအခံနှင့် ကြည်လင် မကျေချမ်းသမျှ ဒီသားတစ်ဦးကိုသာ သူ့ရဲ့အချစ်၊ မျှော်လင့်ချက်၊ ခံစားချက် အားလုံးပုံ၍ တမြတ်တနိုး အရေးထား ခရိုပ်ကြည့်နေခဲ့တာ။

ခင်ပွန်းသည်ဆီက မေတ္တာအကြင်နာကို သူမ အပိုင်ရတော့ဘူးလို့ ကိုယ့်ဟာကိုယ် နားလည်ထားလိုက်သည်ကစပြီး သား သီဟသာရဲ့ သူ့အပေါ် ချစ်မြတ်နိုးမှုကိုပဲ ပိုပြီးမက်မော



www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးထားနေလိုက်တော့တာပါ။ သားဟာ အမေနဲ့တော့ ပွတ်သီးပွတ်သပ် ချွဲချွဲနွဲ့နွဲ့ မလုပ်တတ်ပေမဲ့ အမေ အပေါ်တော့ ကလေးငယ်တစ်ယောက်ရဲ့ နွဲ့ဆိုးမှုမျိုးတွေလည်း ရှိတတ်ပါသေးရဲ့။ အမေနဲ့ပိုကပ် ပိုရင်းနှီးတဲ့ ဒီသားကို အမေနဲ့ ကင်းကွာဝေးဟ,စေမည့် အနှောင့်အယှက်ဟာ ဒီ"ချစ်သူ"ဆိုတဲ့ ပတ်သက်ရာ ပတ်သက်ကြောင်းမျိုးသာ ရှိမှာ။

ဘာကြောင့်လဲဆိုတော့ သီဟသာဟာ ငယ်ငယ်ကတည်းက ခုထိ ဆေးကျောင်းသက်တမ်း တစ်လျှောက်လုံးမှာ ချစ်သူရယ် ရည်းစားရယ်လို့ ဟုတ်ဟုတ်ငြားငြား တစ်ယောက်မှကို မထားခဲ့ဖူးသေးတာကြောင့်ပင်။ သားဟာ နူးညံ့တဲ့ နှလုံးသားမျိုးပိုင်ရှင်မို့ ချစ်သူမိန်းကလေး ရှိလာတဲ့အခါလည်း ထိုချစ်သူကို ယောကျ်ားပီပီသသ သစ္စာရှိရှိ သဲသဲမဲမဲ စွဲစွဲမြဲမြဲ ချစ်မည့်လူစားမျိုးဖြစ်သည်။

ဒါတွေကိုတွေးကာ နှမြောဝမ်းနည်းနေမိတာကို သဝန်တိုတယ် ပြောရင်လည်း ဒေါ်လွင်လွင်၌ ငြင်းစရာမရှိပေ။ သားချစ်သူမှာ တခြားကောင်းတာတွေ ဆိုးတာတွေ ဘေးဖယ်ထား၊ သားရဲ့အချစ်တွေကို သိမ်းကျုံးသိမ်းပိုက်သွားတော့မည့်သူ ဖြစ်တာ တစ်ခုနှင့်ပင် ဒေါ်လွင်လွင်က မကြည်သာချင်တော့ပါပေ။





တကယ်တော့ ဒါဟာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ခံစားချက် မဟုတ်ဘူးလို့တော့ဖြင့် သဘောတရားအရ နားလည်ပါသည်။ သားကိုလည်း တကယ်ချစ် သားကလည်း တကယ်ချစ်၊ သူတို့ဟာသူတို့ တင့်တင့်တယ်တယ်ကလေးတွေ ဆိုရင်ဖြင့် မငြင်းသင့် မကန့်ကွက်သင့်တာကိုလည်း ကောင်းကောင်းကြီး စဉ်းစားသိနိုင်သည်။

သို့ပေမဲ့ သဘောတရားက တခြား။ ရင်ထဲ ခံစားရတာကတခြား။ သားချစ်သူဟာ စိတ်ပြတ်နေလျှင် စိတ်ပြတ်နေလို့ဟု အလွယ်တကူ ကန့်ကွက်ပစ်လိုက်နိုင်မည်ဖြစ်၍ ကောင်းကောင်းကန်းကန်း ပြီးပြည့်စုံနေတာကိုပင် မကျေမနပ်လိုလို ဖြစ်ရပြန်သည်။

"သားနဲ့ ဘယ်လိုတွေ့ကြတာလဲကွ"

"မ,ရဲ့အိမ်က အိမ်ထောင်ထိန်း မိန်းမကြီး ဆိုပါတော့ ကြီးကြီးအုန်းတဲ့၊ သူ ဆေးရုံလာတက်ရင်း စ,တွေ့ကြတာ ဖေဖေ"

"မြင်မြင်ချင်း ချစ်တယ်ဆိုပါတော့ကွာ"

"ကျွန်တော်ရော မ,ရောက မြင်မြင်ချင်း ချစ်တာထက် စောတယ် ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော ..."

"မြင်မြင်ချင်းမှာ ချစ်ခဲ့ပြီးသား ချစ်သူတွေလို ဖြစ်နေတာ"

ဦးကျော်သာက တအံ့တသြ သဘောတကျ ရယ်မောနေချိန်မှာ ဒေါ်လွင်လွင် မှာတော့ နားထဲ ကသိကအောက်နှင့် အတော်ကြာ အောင့်သက်သက် ဖြစ်ရလေသည်။ အတော်ကြီးကို သည်းတဲ့စကားလေ။ သားရဲ့အချစ်တွေ အကြင်နာတွေ၊ ဂရုစိုက်မှု အလေးထားမှု အာရုံစိုက်မှု ပေးဆပ်မှုတွေ အားလုံးဟာ ထိုမိန်းကလေးအပေါ် ပုံကျနေပြီ ဖြစ်ပုံရပါသည်။

"သားဘက်မှာလည်း ပညာဂုဏ်ရှိတယ်၊ မိဘကလည်း စီးပွားရေးအရ ပြည့်စုံပြီးသား၊ သူ့ဘက်ကလည်း သူ့လုပ်ငန်းနဲ့သူ၊ တစ်ယောက်ကို တစ်ယောက်လည်း ချစ်မြတ်နိုးကြတယ်၊ အသက်အရွယ်အရလည်း တားမြစ်ပိတ်ပင်ရမဲ့ အရွယ်တွေ မဟုတ်ကြဘူး၊ စိတ်သဘောချင်း ညှိနှိုင်းတိုက်ဆိုင်ကြတယ်ဆိုရင် ဘာမှမလိုပါဘူး၊ ပြီးပြည့်စုံပါတယ်၊ ဖေဖေတို့ကလည်း ပြောစရာမရှိပါဘူး"

"ရှင်ပြောသလောက် မလွယ်ပါဘူး ကိုကျော်သာရယ်"

"ဘာဖြစ်လို့လဲကွ"





"ကိုယ်တိုင်ကိုယ်ကျလည်း မမြင်ရမတွေ့ရ၊ အကဲမခတ်ရသေးပဲနဲ့ သားပြောသလောက်နဲ့ မျက်စိမှိတ် လက်ခံရမယ်ဆိုတာက အလွယ်တကူ ဆန်လွန်းလှပါတယ်၊ ရှင်ပြောစရာမရှိပေမဲ့ ကျွန်မက ပြောစရာရှိရင် ရှိလာမယ်"

ဖေဖေက မျက်ခုံးကိုတွန့်ကာ ...

"ဒီတော့ မင်း ပြောချင်တဲ့ သဘောထားက ဘာလဲ"

"ကျွန်မ ဘာမှ မပြောနိုင်သေးဘူး၊ မြင်တွေ့အကဲခတ်ရပြီးမှ တစ်ခုခု ပြောနိုင်မယ်၊ သဘောကျတယ် မကျဘူးဆိုတာလည်း တွေ့ဖူးမှ သိမှာ၊ ဒီကိစ္စက သိပ်ပြီးကျယ်ပြန့်တယ်၊ ကြိုမတွေး ကြိုမမြင်နိုင်တဲ့ မတိုက်ဆိုင်မှု ဆိုတာတွေ အများကြီးပေါ်ပေါက်လာနိုင်တယ်"

"ငါတော့ ကိုယ့်သားကိုယ် ယုံတယ်ကွာ၊ ငါ့သားအသိဉာဏ်နဲ့ ဦးနှောက်နဲ့ အမှားအယွင်းကြီးကို ရွေးချယ်လာမှာ မဟုတ်ဘူး"

"ကိုယ့်ဘက်ကတော့ ဟုတ်တာပေါ့၊ တစ်ဖက်ကို ဟိုးရင်ထဲ စိတ်ထဲအထိ ထွင်းဖောက်မြင်နိုင်တာမှ မဟုတ်တာ"

"မင်းကလည်းကွာ၊ လူတစ်ဖက်သားကို သံသယနဲ့မကောင်းက စ,မထင်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အို ... အကောင်းရော အဆိုးရော တွက်ထားရမှာပဲပေါ့"

"ဟုတ်ပါပြီ ... ဖေဖေရော မေမေရော မှန်ပါတယ်၊ မေမေလည်း အဆိုးပါ ထည့်တွက်ရင် တွက်ထားပါ၊ တစ်ရက်ရက် ကျွန်တော် ခေါ်ပြမှာပဲဟာ၊ အဲဒီကျရင် မေမေ့ လိုလိုမယ်မယ် ကြိုတွေးထားတဲ့ အဆိုးတွေ အားလုံးပျောက်သွားမှာ သေချာပါတယ်၊ ကျွန်တော် သိတယ်၊ မေမေ ဘာမှမပူနဲ့၊ စိတ်ချမ်းချမ်းသာသာပဲနေ"

"မင်းအမေက အဓိက,က မင်းကို သဝန်တို နှမြောတာပါကွာ"

"အဲသလိုဖြစ်ရင်ကော ဘာဖြစ်သေးလဲ၊ ကိုယ့်မှာ ဒီသားလေးတစ်ယောက်တည်း ရှိတာ၊ သူများလို သုံးလေးယောက် ရှိတာ မဟုတ်ဘူးရှင့်၊ ဒီသားလေးကို ဒီမိန်းကလေးလက် အပ်လိုက်ရမှာ အကောင်းဆုံးလက်ကိုမှ အပ်ချင်တာပေါ့"

"မ,ကလည်း တစ်ဦးတည်းသမီးပါပဲ မေမေ၊ ဒါပေမဲ့ မ့မှာ မိဘတွေမရှိတော့ဘူး၊ အစစအရာရာကို သူပဲလူကြီးလုပ် ဦးဆောင်ကွပ်ကဲနေရတာ၊ သူ့ဘက်မှာ အုပ်ထိန်းသူရယ်လို့ မရှိတော့၊ ဆုံးဖြတ်ချက်က သူ့ဆုံးဖြတ်ချက်ပဲ၊ မ,တို့ဘက်ကတော့ ကျွန်တော့်ကို ကောင်းမကောင်း သင့်





မသင့် ကြည့်ရှုအကဲခတ်ပြီး စဉ်းစားဆုံးဖြတ်ဦးမဲ့ အနေအထား လုံးဝမရှိဘူး"

"ငါ့သားလေးကလည်း လူလိမ္မာ လူတော်လူကောင်းကလေးဟာ၊ အကဲခတ်ဦးမဲ့သူရှိတောင် စံမမီတာ တစ်ကွက်မှမရှိဘူး"

"ဟွန်း ... ကောင်းကွာ၊ မင်းကတော့ အရာရာတစ်ဖတ် သတ်ကြီးပါပဲလား လွှင်လွှင်ရယ်"

မေမေက ဖေဖေ့ကို မျက်စောင်းတစ်ချက် ထိုးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့ ... ကိုသာ့ မိဘတွေကို ဇင် လိုက်တွေ့ရမှာပေါ့ ကွယ်"

သီဟသာကို အဲဒီကတိစကား ပေးနိုင်ဖို့ကိုလည်း အတော်အားယူ ကြိုးစားခဲ့ရတာပါ။ ဒီကတိပေးလိုက်ပြီး သီဟသာနှင့် ရက်ချိန်းတစ်ခု ပြုလုပ်စီစဉ်ပြီးသည့် အခါတွင်တော့ ဇင်သည် စိတ်ရဲ့စိုးရိမ်ပူပန် ဖိစီးမှုကြောင့်ပဲ ထင်သည်။

လုံးဝနေမကောင်းဖြစ်ရတဲ့ဘဝကို ရောက်ပါတော့သည်။





သီဟသာ ချိန်းထားတာက မဝေးလှတဲ့ တနင်္ဂနွေ တစ်ရက် ဖြစ်သည်။ ဇင် အားလပ်ရက်၊ သူ့ဂျူတီအားရက် အပြင် သူ့ဖေဖေပါ အားရက်ဖြစ်နေသော ရှားပါးတိုက်ဆိုင်သည့် ဤတစ်ရက်ကို ပြက္ခဒိန်မှာ ကွင်းမှတ်လိုက်ပြီးကတည်းက ဇင် နေမကောင်းတော့တာပင်။

သူ သွားတွေ့ရတော့မည်။ ဤအတွက် အင်အား များစွာ မွေးမြူဖို့ လိုပါလိမ့်မည်။ ဤအင်အားတို့ကို ဘယ်လိုမှ မွေးမြူတည်ဆောက်လို့လည်း မရနိုင်ပဲ ဖြစ်နေခဲ့ပါသည်။

တနင်္ဂနွေကိုရောက်ဖို့ လေးရက်အလိုမှာ ဇင် အိပ်ရာထဲ လဲသွားခဲ့ရသည်။ နှလုံးရောဂါရဲ့ တိုက်ခိုက်မှုကို ခံရသည်ဆိုလျှင် ဖြစ်နေကျအတိုင်း တစ်ခါတည်း ချုံးကျအားပြတ်ပြီး လဲသွားတာမျိုး ဖြစ်သည်။ ရင်ဘတ်အောင့်ကာ မောကာ အိပ်ရာ၌ ပက်လက်ကလေးနေ၍ ဘာမှမလုပ်နိုင်တော့တာပင်။

ခါတိုင်းလိုပင် ဇင် ဒီလိုဖြစ်တော့ အိမ်ကလူတွေက အရင်ဦးဆုံး ကိုသော်ကောင်းကို လှမ်းအကြောင်းကြားမြဲ ထုံးစံအတိုင်း အကြောင်းကြားကြ၍ ကိုသော်ကောင်းက ကြည့်ပေးနေကျ ဆရာဝန်ကြီးနှင့် ရောက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဇင်သည် ချစ်သူဆရာဝန်ကလေးကို အားနာသတိရသည်။ သူ့ကို အားမကိုးသလိုများ ဖြစ်နေမလား။ သူ့ကိုလည်း နေမကောင်းလို့ လာကြည့်ပါ ဆိုတာမျိုး လှမ်းခေါ်ပြီး မသည်းချင်ပေ။ လိုအပ်လို့ ခေါ်ကိုခေါ်ရမှာမျိုးတော့ သီဟသာ အပေါ် မလိုအပ်ပါ။ သီဟသာဟာ ခုချိန်ထိ ဇင့်ရဲ့ရောဂါနှင့် History ကို လုံးဝသိရှိသူမှ မဟုတ်ပဲ။

ဆိုင်ကို ဇင် မသွားနိုင်၍ ကြီးကြီးအုန်း နေ့တစ်ပိုင်း သွားပေးတတ်ရာ ဆိုင်ကို ဖုန်းဆက်လိုက်သော သီဟသာနှင့်တွေ့ပြီး ဇင် နေမကောင်း၍ အိမ်မှာပဲရှိတာ သိသွားပါသည်။ ဇင်က ဟန်းဖုန်းလည်း ပိတ်ထားတာမို့ ကြီးကြီးအုန်းကိုလည်း မှာထားပြီးသားပါ။

"တကယ်လို့ ကိုသာများ ဖုန်းဆက်ရင် စိတ်ပူသွားအောင် မပြောနဲ့ဦးနော် ကြီးကြီးအုန်း၊ ဇင် သိပ်နေမကောင်းဘူးပဲ ပြောပါ"

သို့သော် ထိုနေ့ညနေမှာပင် သီဟသာက အိမ်ကို ဖုန်းဆက်လာပါသည်။ စိတ်ပူအောင် မပြောပေမဲ့လည်း နေမကောင်းဘူးဆိုတော့ ဘာပဲဖြစ်ဖြစ် အနည်းအကျဉ်းတော့ ပူပန်မည်။





စကားကြာရှည် မပြောစေချင်သော ကိုသော်ကောင်းက အိမ်မှာ ရှိနေတာမို့ ဖုန်းလာတဲ့အခါ သိပ်ပြီးတော့ပင် မပြောစေချင်။

သို့သော် သူတားလျှင် သဘောတစ်မျိုး သက်ရောက်မှာစိုး၍ တားမြစ်ရလည်း မရောက်အောင် ...

"ဇင် ... ဆရာကြီးက ညှိသည်တောင် ရှောင်ခိုင်းထားတာ မဟုတ်လား၊ အဲဒါ စိတ်ပင်ပန်းမှာ စိုးလို့လည်းပါတယ်၊ စကားနည်းနည်းပဲပြောပြီး အကျိုးအကြောင်း ပြောပြီးချလိုက်ပေါ့ ... နော်"

ဇင်က ခေါင်းညိတ်ရသည်။ ဇင် ဖုန်းပြောသောအခါ ကိုသော်ကောင်းက အခန်းထဲမနေဘဲ အပြင်ထွက်သွားပေးပါသည်။

"ဟဲလို ... ကိုသာ"

"မ, နေမကောင်းလို့ဆို၊ နေ့လယ်ကဆိုင်မှာ ကြီးကြီးအုန်းနဲ့ပဲ စကားပြောရတယ်၊ မ,ဖုန်းလည်း ပိတ်ထားတယ်နော်"

"ဟုတ်တယ်၊ မ,သိပ်စကားမပြောနိုင်လို့"

"ဟုတ်လား မ,၊ ဘာဖြစ်လို့လဲဟင်၊ ဖျားတာမျိုး တုပ်ကွေးလိုမျိုး မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

"ဘာဖြစ်လို့လဲ မ,"

"နည်းနည်းမောတာပါ"

"ဘာဖြစ်လို့ မောတာလဲဟင် မ,"

"မ, နှလုံးနည်းနည်း မကောင်းတာပါ"

"ဟင် ... ကျွန်တော်လည်း မသိထားပါလား၊ နှလုံးက ဘာဖြစ်လို့လဲ"

"သွေးကြောနည်းနည်းကျဉ်းတယ်"

"ဟောဗျာ မ,ရယ်၊ ရည်းစားဆရာဝန်တစ်ယောက်လုံးကို တောင်မှ ဖွင့်မပြောဖူးပါလား"

"များသောအားဖြင့်က လူကောင်းလိုပဲမို့လို့၊ ကိုယ့်ဟာကိုယ်လည်း မေ့နေတတ်တာပါ ကိုသာရယ်၊ ဖြစ်မှပဲ"

"ဒါဖြင့် မ, ဘယ်သူနဲ့ပြလဲ၊ ဒီညနေရော ဆရာဝန်ပြရ ရဲ့လား"

"ဆရာကြီးဦး—— လာကြည့်သွားပါပြီ"

"သြော် ... ဆရာကြီး ကြည့်ပေးနေကျလား၊ ဟိုတုန်းကတည်းက ပြရနေကျပေါ့ ... ဟုတ်လား၊ ကျွန်တော့်တောင် မပြောဘူး မ,ရယ်၊ နေ့လယ်ထဲကသိရင် ညနေဝင်ခဲ့ပါတယ်၊





ဒီညနေ ဆရာတစ်ယောက်ရဲ့ ဆေးခန်းကို အဲဒီဆရာ မအားလို့ တစ်ရက်သွားထိုင်ပေးပါဆိုလို့ ကျွန်တော်သွားထိုင်ပေးရတာ၊ ခုမှပဲ ပြန်ရောက်တာ ...

သိပ်မိုးချုပ်ရင် မ,ဆီဝင်ရမှာ အားနာလို့ ဝင်မလာတာ၊ စိတ်ထဲလည်း တုပ်ကွေးရှောက် များတယ်ထင်မိတယ်၊ အိမ်မှာရှိတဲ့သူတွေက ဘယ်သူမှ မလုပ်တတ် မကိုင်တတ်၊ ကျွန်တော့်ကို ပြောရောပေါ့ မ,ရယ်၊ လှမ်းခေါ်ရောပေါ့"

"လှမ်းခေါ်ဖို့လောက်လည်း မလိုလို့ပါ၊ ကိုသာလည်း အားတဲ့သူမှ မဟုတ်ဘဲ"

"ဆရာကြီးကို ကိုထွန်းလှ သွားပင့်တာပေါ့ ... ဟုတ်လား"

"ဟို ... ဆရာကြီးက ကိုသော်ကောင်းနဲ့ ခင်တယ်၊ ကိုသော်ကောင်း သွားပင့်ခေါ်လာတယ် ကိုသာ၊ ခါတိုင်းလည်း မ,တစ်ခုခုဖြစ်ရင် ဆရာကြီးဆီ သူပဲဆက်သွယ်ပြသပေးနေကျ ဆိုတော့လေ"

သီဟသာသည် ခဏတာတော့ တအံ့တသြ နှုတ်ဆိတ်သွားသော်လည်း လက်သင့်ခံထိုက်တာကို လက်ခံရမည်ဟူသည့် အသိတရား အတွေးအခေါ် ရှိသူပီပီ ...



www.burmeseclassic.com

www.burmeseclassic.com



"သူ့ တစ်ယောက် ရှိတာ တော်သေးတာပေါ့၊ မ,အသိုင်းအဝိုင်း မိတ်ဆွေထဲမှာ အရေးဆို လုပ်လည်းလုပ်တတ်၊ အားလည်းကိုးရတဲ့ သူ့လိုမိတ်ဆွေမျိုးရှိတာ တော်ပါသေးရဲ့၊ အိမ်ကလူတွေကတော့ မ,စီစဉ်ပေးမှ လုပ်တတ်မှာကိုး၊ သူ့ကိုလည်း ကျေးဇူးတင်စရာပဲနော်"

"ကိုသော်ကောင်းနဲ့က မ, ခပ်ငယ်ငယ်ကတည်းက ခင်မင်ကြတော့လေ ... သူက မ,ရဲ့ရောဂါ History ပါသိတာ၊ ဘယ်တုန်းက ဘာလုပ်ခဲ့ဖူးတယ်တွေလည်း သူသိတယ်လေ၊ ပထမတစ်ခါ သွေးကြောချဲ့တုန်းကလည်း ကိုသော်ကောင်းတို့ပဲ အစစအရာရာ လုပ်ကိုင်ဆောင်ရွက်ပေးခဲ့တော့ ..."

"ဟင် ... မ,က သွေးကြောချဲ့ထားဖူးတယ် ဟုတ်လား"

"ဟုတ်တယ် ကိုသာ"

"မ,ကလည်းဗျာ၊ ဆရာဝန်တစ်ယောက်လုံးကို ချစ်ထားပြီး ကိုယ့်ရောဂါ အကျိုးအကြောင်းလေးတောင် မပြောပြထားဘူး၊ ကျွန်တော် ဘာမှမသိရပါလား၊ သိထားကော့ မ,ကို ဂရုစိုက် စောင့်ကြည့်နိုင်တာပေါ့ မ,ရယ်"

"စကားလည်း မစပ်မိလို့ပါ ကိုသာရယ်"





"တမင်ကိုစပ်ပြီး ပြောရမှာပေါ့၊ ဒါဖြင့် ခုတစ်ခေါက်ဖြစ်တာကော မ, ဝေဒနာခံရတာ ဆိုးသလား၊ လျော့သလား၊ ဒါဖြင့် မ,လူရောစိတ်ရော ဘယ်အပင်ပန်းခံလို့ ရဦးမလဲ၊ စကားလည်း သိပ်မပြောရင် ကောင်းတယ်၊ ကျွန်တော်လည်း အကြာကြီး မပြောတော့ဘူး၊ မ,နားရမယ်"

"ရပါတယ် ကိုသာ၊ မ,ကလည်း ကိုသာ့ကို စကားပြောချင်သေးတာ၊ ကိုသာ့ အသံကို နားထောင်ချင်သေးတာ"

"မ,ရယ် ... ကျွန်တော် စိတ်မကောင်းလိုက်တာ၊ ဒီလိုကြိုသိထားရင် ခုလိုနေမကောင်းတာသိရင် ကျွန်တော်ဘယ်ကပဲဖြစ်ဖြစ် ပြေးလာမှာပေါ့ဗျာ၊ အခု ... ဟို ကိုသော်ကောင်းကတော့ မ,ကို ကူညီပေးနေတယ်ပေါ့နော်"

"အင်း"

"အိမ်မှာ တစ်နေကုန်ပေါ့"

"အင်း"

"အခုကော ရှိသေးလားဟင်"

"အင်း ... ရှိတယ်"

"မ, ကျွန်တော် နည်းနည်းသဝန်တိုတယ် သိလား၊ မ, စိတ်မကောင်းတော့ မဖြစ်နဲ့နော်၊ ကျွန်တော် ဝမ်းနည်းသွား

www.burmeseclassic.com



တယ်၊ ကျွန်တော်က မ,ချစ်သူဖြစ်ပြီး မ,အကြောင်းလည်း မသိတော့ မ,အနား ရောက်လာခွင့် မရခဲ့ဘူး၊ ကိုသော်ကောင်းကတော့ မိတ်ဆွေတစ်ယောက်ပဲ ဖြစ်ပေမဲ့ မ,မှာ အကူအညီ လိုအပ်တဲ့အချိန်မှာ မ,ကိုကူညီဖို့ မ,အနား တစ်နေကုန် ရှိနေခွင့် ရခဲ့တယ်"

"ကိုသာရယ် ... အဲလို စိတ်မကောင်း မဖြစ်ပါနဲ့၊ ကိုသော်ကောင်းက ခင်မင်ရင်းနှီးလာတာ ကြာပြီဆိုတော့ တစ်ယောက်အကြောင်း တစ်ယောက် အားလုံးသိနေရတာပေါ့"

"ဟုတ်ပါတယ်၊ အဲဒါကို သဘောပေါက်ပါတယ်၊ ကျွန်တော့်ဘာသာ ကျွန်တော် ဝမ်းနည်းမိတာပါ၊ မ,နေမကောင်းဖြစ်တုန်း ကျွန်တော် ဘေးမှာရှိချင်တာပေါ့၊ နက်ဖြန်မနက်ကျရင် ကျွန်တော် မ,ဆီလာခဲ့မယ် သိလား မ,နော်"

"အင်း ... လာလေ ကိုသာ"

"ဆေးရုံကို ခွင့်တင်လိုက်မယ်၊ တစ်နေကုန် မ,နားမှာနေမယ်၊ နေလို့ရတယ် မဟုတ်လား မ,"

သူ့ကိုယ်သူ ကိုသော်ကောင်းနှင့်ယှဉ်ကာ အားမလိုအားမရ ဝမ်းနည်းစိတ်မကောင်းနေပုံ ပေါ်သည့် သီဟသာကို ဇင့်မှာ သနားလွန်းရကာ ...





"ရတာပေါ့ ကိုသာရယ်၊ ကိုသာ လာခဲ့နော်၊ မ,စောင့်နေမယ်"

"ဒါပဲနော် မ,၊ မ,ပင်ပန်းနေမယ်၊ ချလိုက်တော့မယ်၊ မ,နေကောင်းပါစေ"

သီဟသာ ဖုန်းချသွားလျှင် ဇင်ကလည်း ကော့ဒ်လက်စ်ဖုန်းလေးကို ပိတ်လိုက်ပါသည်။ ပိတ်ပြီး မကြာခင်ပဲ ကိုသော်ကောင်းက ပြန်ဝင်လာခဲ့သည်။ ဖုန်းပြောပြီးသွားပြီကို သိနေတာဟာ ဒီနားတစ်ဝိုက် အခန်းပြင်လောက်မှာတင် ရပ်နေပြီး စကားသံတွေ ကြားနေရလို့ ဖြစ်ပေမည်။

ဇင်က မျက်နှာပူသလိုလေးဖြစ်ကာ မျက်လွှာချ၍ ငြိမ်သက်နေ၏။ ကိုသော်ကောင်းဟာ ဇင် အစ်ကိုကြီးတစ်ယောက်လိုလည်း လေးစားအားကိုးရသူပါ။ အင်မတန် နားလည်မှုရှိတဲ့ လူကောင်းတစ်ယောက်လည်း ဖြစ်သည်။ ဇင့်အပေါ် ဟိုးတုန်းကတည်းက အရိပ်တကြည့်ကြည့် သံယောဇဉ်ကြီးပုံ ပြခဲ့သည့် ကိုသော်ကောင်း ရင်ထဲ ဘာရှိသလဲ ဇင် မသိပါ။

ဟိုတုန်းကတော့ ကိုသော်ကောင်းဟာ တစ်ချိန်ချိန်မှာ ဇင့်ကို ချစ်ခွင့်ပန်လာလိမ့်မည်ဟု ဇင်က ထင်ခဲ့သည်။ ဇင်ကတော့ သူ့ကို အစ်ကိုကြီး အရင်းအချာလိုပင်။ သို့ပေမဲ့ ကိုသော်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းက ဒီနေ့ထိ ဖင့်ကို နှလုံးသားရေးရာ စကားမျိုး လုံးဝ မပြောဖူးခဲ့သည်ဖြစ်၍ ဖင် စိတ်အေးရပါသည်။

ဖင့်မှာလည်း ချစ်သူ မရှိဘူးဆိုရင် ကိုသော်ကောင်းလို ကျေးဇူးရှင်တစ်ပိုင်း မိတ်ဆွေကောင်းတစ်ပိုင်း လူတစ်ယောက်ကို ဘယ်လိုအကြောင်းပြချက်နှင့်များ ငြင်းရမလဲ။ ခုတော့ ဖင့်မှာ ချစ်သူရှိခဲ့ပြီဆိုတာ ဖင် ပွင့်ပွင့်ဖွင့်ဖွင့်ဟမပြောမိသေးတဲ့တိုင် ကိုသော်ကောင်း ရိပ်မိနိုင်ပါသည်။

သူ အခန်းဝမှာသာ ရှိနေတာဆိုလျှင် ခုနက ဖင် ပြောနေသည့် စကားတွေထဲ သူ့အကြောင်းအရာတွေကိုလည်း ကြားနေရပါလိမ့်မည်။

"ဖင် ဘယ်လိုနေလဲ၊ ကိုယ်လည်း ခဏနေ ပြန်မယ်"

"ဖင် နေသာပါတယ် ကိုသော်ကောင်း"

"ဆရာကြီးက တစ်ပတ်တော့ Completely နားရမယ် ပြောတယ်နော်"

"ဟုတ်ကဲ့"

"အလုပ်ကိစ္စ စီးပွားရေး လူမှုရေး အားလုံး ဘာမှခေါင်းထဲ မဖိစီးစေနဲ့၊ ခုတလောကော ဖင့်ကို ဘာကများဖိစီးလိုက်သလဲ"





ဖင် ငြိမ်နေမိသည်။ ကိုသော်ကောင်းကို ပြောသင့် မပြောသင့်။ သူဟာ အစ်ကိုတစ်ယောက်လိုပါပဲ။ ပြီးတော့ ဖင့်မှာ တခြားလည်း ပြောစရာ တိုင်ပင်စရာ လူရင်းရှိတာ မဟုတ်ပေ။

"ကိုသော်ကောင်းကို ဖင် ပြောပြစရာ တိုင်ပင်စရာတောင် ရှိတယ်"

ကိုသော်ကောင်းက ဖင့်ကို ဖျတ်ခနဲ အကဲခတ်လိုက်ပြီးလျှင် ...

"အကြောင်းအရာက သိပ်ရှည်လျားပြီး ဖင့် စိတ်ကိုထိခိုက်စေမဲ့ကိစ္စမျိုးဆိုရင် လောလောဆယ် မပြောပါနဲ့ဦး"

"သိပ်တော့ မရှည်လျားပါဘူး"

"ဖင် တစ်ခုခုကို စိတ်ထိခိုက်သွားလို့ အခုတစ်ကြိမ် ဖြစ်တာလား"

"အဲလိုတော့ မထိခိုက်ပါဘူး၊ ဒါပေမဲ့ စိတ်တော့လှုပ်ရှားမိတယ်"

"ဖင် သိပ်ပြောချင်ရင် တိုတိုနဲ့လိုရင်း ပြောလေ"

ကိုသော်ကောင်းက ဖင့် အိပ်ခန်းထဲက ဆိုဖာရှည်ပေါ် ထိုင်ချလိုက်ပါသည်။ ဖွင့်ဟထားသည့် အခန်းတံခါးအပြင်ဘက်မှာ ကြီးကြီးအုန်းက ဒရင်းမ်ဘက်ဒ်နှင့် စာတစ်အုပ်နှင့်

www.burmeseclassic.com



ရှိနေသည်။ ဇင်သည် ရှက်စနိုးနှင့် မပြောလည်း မပြီးသည့် ကိစ္စတစ်ခုကို (ကိုသော်ကောင်းကို လေးစားအားထားလျက် အရင်းအချာ သဘောထားမှန်းလည်း သိစေချင်သည့်အတွက်) အားယူရင်း ...

"ဇင် ... ဇင် လူတစ်ယောက်နဲ့ မေတ္တာရှိမိကြတယ်"

ကိုသော်ကောင်း ထံမှ ဘာသံမှ ထွက်မလာ၍ ဇင်က ဖျတ်ခနဲ ကြည့်လိုက်လျှင် တည်ငြိမ်လွန်းတဲ့ မျက်နှာနှင့်ပင် ဇင့်ကို စိုက်ကြည့်နားစွင့်နေတာ တွေ့ရသည်။

"ဆရာဝန်တစ်ယောက်ပါ၊ ဒေါက်တာသီဟသာတဲ့"

"ဪ"

"ဇင့်မှာလည်း လူကြီးမိဘ မရှိတဲ့အတွက် ဇင် အန်တီနဲ့ ကိုသော်ကောင်းကို အသိပေးတိုင်ပင်ဖို့ပါပဲ၊ ဒါပေမဲ့ ပြောရမှာ နည်းနည်းမျက်နှာပူနေသေးလို့"

"ဆိုင်ကို ပန်းလေးတွေ ပို့ပို့ပေးနေတဲ့ ..."

"ဟုတ်ကဲ့"

"ဆရာဝန်တစ်ယောက် ဆိုတာကတော့ ဇင့်အတွက် အများကြီး အားကိုးအားထား ပြုလောက်စရာဖြစ်လို့ အားသာချက်ပါပဲ"





"ဇင့်ထက် လေးနှစ်လောက် ငယ်ပါတယ်"

ဇင့် အထူးပြု ပြောကြားချက်ကြောင့် ကိုသော်ကောင်းက မျက်မှောင်ကြုတ်သွားရကာ ...

"သူ့အိမ်က သဘောမကျလို့လား"

ဇင့်စိတ်ကို ဒါက ထိခိုက်နေစေတာလားလို့ အလောတကြီး ပူပန်ကရုဏာ သက်သွားမိတာပင်။

"သူ့အိမ်က သဘောမတူတာမျိုးတော့ မဟုတ်သေးပါဘူး"

"ဒါဖြင့် ဇင် ဘာအတွက်များ စိတ်သောက ရှိနေသလဲ"

"ဇင်တို့ ချစ်ကြတာ သုံးလေးလလောက်ပဲ ရှိပါသေးတယ်၊ သူက အခု သူ့မိဘတွေကို ဖွင့်ပြောလိုက်တယ်၊ သူ့မိဘတွေကလည်း သဘောတူတယ် မတူဘူး မရှိပါဘူး၊ သူတို့သားက ချစ်တယ်ဆိုတော့ ဇင်နဲ့လည်း သူတို့တွေ့ချင်တယ်၊ ဇင့်ကိုလည်း အကဲခတ်ချင်တယ် ထင်ပါတယ်"

"ဒီတော့ ... !"

"လာမဲ့တနင်္ဂနွေ ဇင့်ကို အိမ်လိုက်လည်ပါလို့ ကိုသာက အဲ ... သူက ခေါ်တယ်၊ သူ့မိဘတွေနဲ့လည်း တွေ့ရအောင်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ..."

"အဲဒီကို သွားရမှာ ဇင့်စိတ်တွေ လှုပ်ရှားတာ အမှန်ပဲ ကိုသော်ကောင်း"

ကိုသော်ကောင်းက နားမလည်နိုင်သေးသလို ဇင့်ကို စူးစိုက်၍သာ ကြည့်နေပါသည်။

"သူ့မိဘတွေက ဦးကျော်သာနဲ့ ဒေါ်လွင်လွင် ဆိုတာပဲ ကိုသော်ကောင်း၊ ကိုသော်ကောင်း လူတွေကို မသိပေမဲ့ ဇင့်ဘဝအတ်ကြောင်းထဲမှာတော့ ကြားဖူးထားတဲ့လူတွေ ဖြစ်မှာပါ"

"ဪ ... ဦးကျော်သာ ဒေါ်လွင်လွင်၊ ဒေါ်လွင်လွင် ဆိုတာ ဇင့်မေမေရဲ့"

"ဟုတ်ပါတယ်၊ မေမေ့ရဲ့ အချစ်ဆုံး သူငယ်ချင်းပါ၊ နောက်တော့ အမုန်းဆုံးတွေ ဖြစ်သွားခဲ့ရတဲ့သူပေါ့"

"ဪ"

ကိုသော်ကောင်းက ဇင့်ကို ငေးကြည့်ကာ စဉ်းစား နေရှာ၍ ...

"ဒါကို အဲဒီ ဒေါက်တာသီဟသာက မသိဘူးလား၊ သူက ဇင့်ကို မမှတ်မိဘူးလား၊ ဇင်ကကော"





"ဇင်က မှတ်မိခဲ့ပါတယ်၊ သူကတော့ မမှတ်မိဘူး၊ အဲဒီ တုန်းက သူက ငယ်လည်း ငယ်သေးတယ်၊ ပြီးတော့ သူတို့ခြံထောင့်က အိမ်အိုလေးတစ်လုံးမှာ မှီခိုနေတဲ့ သား အမိကိုလည်း သူ သိပ်စိတ်မဝင်စားပါဘူး၊ ဇင်နဲ့ကရွယ် တူလည်းမဟုတ် ယောကျ်ားလေးချင်း မဟုတ်တော့ သူက ဘာသိဘာသာပဲ"

"အဲဒီတော့ ဇင် အခု သူ့မိဘတွေဆီ သွားတွေ့တဲ့အခါ အဆင်မပြေနိုင်ဘူးလား"

"ဇင်လည်း မပြောတတ်ဘူး ကိုသော်ကောင်းရယ်"

"သိပ်တော့လည်း စိတ်ထဲမှာ ပူပန်ပြီး ထင့်မနေပါနဲ့၊ ခုချိန်မှာ ဇင်က အဘက်ဘက်က ပြောစရာမရှိအောင် ပြီးပြည့်စုံတဲ့ မိန်းကလေးတစ်ယောက်ပဲ မဟုတ်လား၊ ဘယ်သားရှင်မှ ဇင့်ကို ငြင်းဆန်နိုင်စရာ မရှိပါဘူး"

"အဟင်း ... ကိုသာကလည်း အဲသလိုပဲ ပြောနေပါတယ် ကိုသော်ကောင်းရယ်၊ ဒါပေမဲ့ အဲဒါက သာမန်အခြေအနေ မှာလေ၊ အန်တီလွင်ကကျတော့ မေမေ့အပေါ် အထင်အမြင် လွဲတဲ့ နာကြည်းချက်အခံ ရှိတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကိုသော်ကောင်းသည် ငြိမ်သက်၍ တခဏ စဉ်းစားနေမိပါသည်။ သူ စဉ်းစားသမျှမှာ ဇင့်ဖို့သာဖြစ်သည်။ အကယ်၍များ အဲဒီ ဒေါ်လွင်လွင် ဆိုတဲ့ အမျိုးသမီးက ဇင့်ကို နာကျင်စေအောင် ဆက်ဆံခဲ့လျှင် ...။ ဇင့်မှာ ခံနိုင်ရည်ရှိမည် မဟုတ်ပါ။

နှလုံးသားကိစ္စနှင့်လည်း ပတ်သက်နေ၍ ပိုပြီးအထိနာ ခံစားရဦးမှာ ဖြစ်သည်။ ဇင် နာလန်ထူနိုင်မည် မဟုတ်။

"ဆိုးဆိုးဝါးဝါး ဖြစ်နိုင်စရာ ဇင် မျှော်လင့်ရင်တော့ အဲဒီကို ဇင် သွားဖို့မသင့်ဘူး၊ ဇင့်အတွက် ကိုယ်ပြောတာပါ၊ ဒီအချိန်ကာလတာ တစ်လလောက်အတွင်းမှာတော့ ဇင့်မှာ ခံနိုင်ရည် မရှိနိုင်ဘူး"

"ဒါပေမဲ့ သူ့မိဘတွေကို လိုက်မတွေ့ဘူးလို့ ဇင် ငြင်းရခက်တယ်"

"ဇင့် ကျန်းမာရေးနဲ့ပတ်သက်တယ်ဆိုရင် ဒေါက်တာသီဟသာလည်း နားလည်နိုင်ရမှာပေါ့ ဇင်ရယ်"

"ဒါပေမဲ့ သူက ဘာကိုမှ သိထားတဲ့သူ မဟုတ်ဘူးလေ၊ သူ့မိဘအိမ်ကို ဇင် လိုက်တွေ့တဲ့အတွက် ဇင့်မှာ စိတ်ထိခိုက်စရာ အဖြစ်မျိုးလည်း ကြုံရကောင်း ကြုံရနိုင်တယ် ဆိုတာကို သူ သိနိုင်တာမှ မဟုတ်တာ"





ကိုသော်ကောင်းက သက်ပြင်းရှိုက်ရင်း ...

"သူ့ကို ဖွင့်ပြောလိုက်ရင်ကော ..."

ဇင် ငြိမ်သက်တွေးတောနေမိပါသည်။ ဖွင့်ပြောလိုက်သင့်သလား။ ဖွင့်မပြောပဲ ဒီတိုင်းသွားတွေ့လိုက်ပြီး ဖြစ်လာတာကို ကြည့်ပြီး စိစဉ်ရင်ဆိုင်သွားတာက ကောင်းမလား။

ဇင် စိုးရိမ်တာက ဖွင့်ပြောလိုက်တဲ့အတွက် သီဟသာကတော့ ဘယ်လိုမှ တွေဝေပြောင်းလဲသွားလိမ့်မယ် လို့တော့ မထင်ပါ။ သို့သော် ... သူ့မိဘထံ သူ့ဘာသာ တစ်ယောက်တည်း ဇင်နှင့်ပတ်သက်ပြီး တင်ပြရှင်းပြတာမျိုး အရေးဆိုနှင့်တာမျိုး လုပ်ခြင်းဟာ ဇင် ကိုယ်တိုင် မျက်နှာပြ ရင်ဆိုင်ရတာမျိုးလောက် ခွန်အားမရှိ ထိရောက်မှုမရှိလို့ ဇင် ထင်ပါသည်။

ဒီတနင်္ဂနွေ တွေ့ဆုံဖို့ကိစ္စကို ဇင့်ဘက်က ပျက်ကွက်ပြီး ရွှေ့ဆိုင်းရတော့မှာက သေချာတာမို့ ဒီအချိန်မှာ သီဟသာက သူ့အမေထံ ဇင့်အကြောင်း တင်ပြလိုက်လျှင် ဇင့်ဘက်က မလုံမလဲ အဖြစ်မကင်းမှု အားနည်းချက်ကြောင့် (ဆင်ဖြူ့မျက်နှာ ဆင်မည်း မကြည့်ဝံ့ဆိုသလို) လာရောက်ရင်မဆိုင်ရဲဘဲ ရှောင်ရှားတာလို့ ထင်တော့မှာ သေချာပါသည်။ ဇင် နေမကောင်းဖြစ်လို့ပါ ဆိုတာကိုပင် ယုံကြည်မှာ မဟုတ်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမှ မဟုတ်လျှင် တစ်ချိန်က ဒီအိမ်ရိပ်က လွင့်ထွက်ကာ ဒုက္ခပင်လယ် ဝေခဲ့ရသည့် ဇင်က ဇင်ပေါ်ရောက်ချိန်မှာ မာနတရားနှင့် လာမတွေ့ဘဲ အကြောင်းပြ ငြင်းဆန်တာလို့လည်း တစ်မျိုးတွေးကောင်း တွေးနိုင်ပေသေးသည်။

ဇင် ကိုယ်တိုင်ကိုယ်ကျ ဇင့် မျက်နှာကိုပြပြီး (ကိုယ့်ဘက်ကတော့) အေးချမ်းစွာ ဝင်တွေ့နှုတ်ဆက်နိုင်ခြင်းက အခြေအနေ အားလုံးထဲမှာ အကျိုးအရှိဆုံး ဖြစ်မည်ဟု ဇင် ထင်သည်။ တကယ်တမ်း ပြောကြရကြေးဆိုလျှင် ဇင့်ဘက်ကလည်း အန်တီလွင့် အပေါ် စိတ်နာချင်က နာလို့ကောင်းတဲ့ အဖြစ်မျိုးပင်။ ဇင်လည်း ဇင့်ခံစားချက်နှင့် ဇင်ပင်။ မေမေ့ စိတ်နလုံးကို ညှိုးချုံးကာ အပတ်မဆယ်နိုင်အောင် အန်တီလွင် ရက်ရက်စက်စက် ပြောထွက်ခဲ့ပါသည်။

မေမေ့ရင်ထဲ ခံစားနာကျင်ခဲ့ရတာကို ဇင် အသိဆုံးပါ။ အန်တီလွင့် အပေါ် ဇင်လည်း စိတ်ကွက်ပါသည်။ စိတ်ထဲ မျက်ပါသည်။ ဒါပေမဲ့ သိဟာသာကို သိဟာသာမှန်း သိလိုက်ရတဲ့ အချိန်၌ ဇင်သည် သူ့အပေါ် တစ်နွယ်ငင် တစ်စင်ပါ စိတ်မနာနိုင်ခဲ့ပါ။ ဆန်းကြယ်တဲ့ ရေစက်တစ်မျိုးနှင့် တမြတ်တနိုး ချစ်ခဲ့မိသည်မှာ ဇင့် အားနည်းချက်တည်း။





အန်တီလွင်က "မင်းနဲ့ ငါ့သားကို သဘောမတူနိုင်ပါဘူး"ဆိုလိုက်အုံး။ ဇင် ဘာဆက်လုပ်မည်နည်း။ ဇင် ငိုမိမှာလား။ မတူလည်းနေပေါ့လို့ မာနကြီးကြီး အသည်းမာမာနှင့် ဂရုမစိုက်ပဲ ရှိမှာလား။ ခုချိန်မှာ ဇင့် အနေအထားဟာ မာနနှင့် ခပ်တင်းတင်း ရပ်တည်လို့ရတဲ့ ဘဝအနေအထား မဟုတ်လား။

ဒီအသက်အရွယ် စီးပွားရှာလည်းကောင်း အလှကျက်သရေနှင့်လည်း ပြည့်စုံတင့်တယ်သော ဇင့်ထံမှာ ပျားပိတုန်းများစွာ ဝဲပျံခ,စားဖူးပါသည်။ သားကောင်းရတနာတွေ ကိုယ်တိုင်ကလည်းကောင်း၊ သားရှင်မိဘတွေကလည်းကောင်း၊ ဇင့်ကို ချဉ်းကပ်ဖူးတဲ့ အဖြစ်အပျက်တွေ မနည်းခဲ့ပါ။

သူတို့လောကမှာ ဇင်ဟာ "မာနကြီးလွန်းတဲ့ မင်းသမီးတစ်ပါး"လို့ သတင်းပျံ့နှံ့နေပါသည်။ တကယ်တမ်း ဇင်က မာနမကြီးလှသော်လည်း တည်ငြိမ်အေးစက်လှတဲ့ ဇင့် ဣန္ဒြေက မာနတစ်မျိုးလို့ ထင်ရလောက်အောင် အရှိန်အဝါကြီးခဲ့ပါသည်။

ဇင်က သူ့အတွေးထဲမှာ ထင်မြင်ယူဆချက်တို့ကို ကိုသော်ကောင်းကို ခပ်တိုတိုနှင့် ပွင့်ပွင့်လင်းလင်း ရှင်းရှင်းပဲ ပြောပြလိုက်မိပါသည်။ ကိုသော်ကောင်းဟာ ကိုယ့်အတွက် ဇင် ကွက်ချန်၍ ကြည့်ကောင်းအောင် ပြောနေရမည့်သူ မဟုတ်။ ဇင့်



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်မှုကို ဇင် မရှက်ပါ။ မကွယ်ဝှက် မထိန်ချန်ပါ။ သူ့ကို ဇင်က ယုံကြည်လေးစားသည်။

ဇင့် ပြောစကားဆုံးလျှင် ကိုသော်ကောင်းလည်း ရုတ်တရက် အဖြေမထွက်သလို စဉ်းစားခန်း ဝင်သွားရပါတော့သည်။

"ကိုယ်လည်း ရုတ်တရက် ဘာကို အကြံပေးရင် ကောင်းမယ်ဆိုတာ မစဉ်းစားနိုင်ဘူး ဖြစ်နေတယ်၊ ဇင့်ကိုတော့ တစ်ခုခု ထိခိုက်မခံနိုင်ဘူး၊ ဇင့် ကျန်းမာရေးက အရေးကြီးတယ်၊ သီဟသာကလည်း ဆရာဝန်တစ်ယောက်ပဲ၊ ကျန်းမာရေးကိစ္စနဲ့ ပတ်သက်ရင် နားလည်မှု ရှိနိုင်ပါလိမ့်မယ်"

"သူ့ကို ဖွင့်ပြောလိုက်ရင် သူနဲ့တင် ပြီးသွားလိမ့်မယ်၊ ဇင်ဟာ သူ့မေမေကို ရင်မဆိုင်ဝံ့ပဲ ရှောင်ရှားတယ်လို့ သူ့အမေ ထင်မှာကိုလည်း မဖြစ်ချင်ဆုံးပဲ"

ကိုသော်ကောင်းက သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်ပါသည်။

"အင်း ... ဇင်က ကာယကံရှင် ဆိုတော့ ကိုယ်က ကိုယ့်စိတ်တိုင်းကျ ဝင်ဆုံးဖြတ်ဖို့ ခက်တဲ့ကိစ္စပါ၊ ဇင် ကောင်းမယ်ထင်သလို စိတ်ချမ်းသာသလို ဆုံးဖြတ်ပါ၊ ဒါပေမဲ့





ဘာအဲတွက် အကူညီ လိုအပ်လိုအပ် ကိုယ့်ဘက်က ကူညီဖို့ အသင့်ရှိတာကိုတော့ သိထားပါ ဇင်။ ပြီးတော့ ဇင့်ကို နာကျင်စေမဲ့သူကိုလည်း ကိုယ် ခွင့်မလွှတ်ဘူး ...

ဇင့်ရောဂါ ဇင့်ကျန်းမာရေးကို ဇင်ပဲသိတာ၊ တခြားသူတွေ သူတို့တွေက ဘာမှ သိနိုင်တာ မဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုယ် ဇင်ပဲ ညှာတာမှ ရမယ်၊ ဇင့်ချစ်သူဆိုတာကလည်း ဇင့်ကို ကာကွယ်ပေးမနိုင်တဲ့သူ ဖြစ်ရမယ်၊ ကိုယ် ဒါပဲပြောချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မနက်အစောကြီးကတည်းက သီဟသာ ရောက်လာပါသည်။ သီဟသာသည် ဆိုင်ကိုလာတတ် အပြင်မှာ ဧင်နှင့်သွားလာတတ်သော်လည်း အိမ်ကို လာခဲသည့်သူမို့ သီဟသာလာတော့ ကြီးကြီးအုန်းတို့ ပျော်ရွှင်ကြသည်။

အိမ်ကလူတွေသည် ကိုသော်ကောင်းကို ရင်းနှီးခင်မင် လေးစားကြသော်လည်း ကိုသော်ကောင်းက တည်ကြည်လွန်းသူမို့ တရင်းတနှီး ပြောဟယ် ဆိုဟယ် မနေရဲကြ၍ အဖွဲ့မကျပါ။ သီဟသာကိုတော့ ခင်မင်လေးစားတာထက် သူတို့က အချစ်ပိုကြပါသည်။





ရှားရှားပါးပါး ရုံဖန်ရံခါ သီဟသာ လာလျှင် နှောက်ကြ ပြောင်ကြ ရယ်ကြ မောကြနှင့် ဟက်ဟက်ပက်ပက် စည်စည်ကားကား ရှိလှသည်။ ဒီမနက်လည်း သီဟသာက ပန်းသီးတစ်အိတ် ယူလာကာ ရွှေနီတို့ ကျော့ရီတို့ကို ပန်းသီးတစ်လုံးလုံး အခွံကို အဆက်မပြတ် ကွင်းလိုက်ပုံမပျက်ရအောင် ခွာနိုင် မခွာနိုင် လောင်းပြီး သူကိုယ်တိုင် ခွာပြမည်ဟု ခွာပြနေရာ အနားမှာ ကြီးကြီးအုန်းရော၊ ရွှေနီ၊ ကျော့ရီတို့ပါ ရောက်နေပြီး တဟင်းဟင်း တခိခိ ရယ်မောသဘောကျနေကြပါသည်။

အခွံက အခွေလိုက် တစ်ဆုံးတစ်ဆ ကျွတ်သွားတော့လျှင် ...

"ဟော ... ကဲ ... တွေ့ပြီလား၊ ပြီးရင် ဒီပန်းသီးကို အလယ်အူတိုင် အကွင်းလိုက်ရော ထုတ်တတ်လား"

ကြီးကြီးအုန်းက တဟင်းဟင်း သဘောတွေကျနေကာ ...

"ဟင်း ဟင်း ... မထုတ်တတ်ပါဘူး ဒေါက်တာလေးရယ်"

"ကြည့်နော် ... ကြီးကြီးအုန်း"



www.burmeseclassic.com

www.burmeseclassic.com



သီဟသာက စားဦးချန်ကလေးနှင့် အလယ်ဖောက်ကာ အလယ်က အစေ့နှင့် အူတိုင်နေရာကို ဆလင်ဒါပုံ အဖောင်းရှည်လေး ကျွတ်ထွက်လာအောင် ဖောက်ရစ်လှီးထုတ်ပြလိုက်ပါသေးသည်။

"စားကိုင်ကျွမ်းတယ်နော် ... တွေ့လား မ,"

"ခွဲစိတ်ဆရာဝန်ပဲ လုပ်ပါတော့ ကိုသာရယ်"

"ဟုတ်တယ် မ,၊ ကျွန်တော်က ခွဲစိတ်တာ ဝါသနာပါတယ်၊ ဆက်တက်ဖြစ်ရင် ခွဲစိတ်ကုသမားတော် ဖြစ်ချင်တာ၊ ဒါပေမဲ့ အခု ကျွန်တော် စိတ်ကူးပြောင်းလိုက်တယ်၊ Cardiacပဲ လိုက်တော့မယ်၊ ဒါမှ မ,ရဲ့နှလုံးရောဂါဝေဒနာကို ကျွန်တော် အထူးကုပေးနိုင်မှာပေါ့"

သီဟသာရဲ့ အပြောလေးတွင် ဇင့် နှလုံးသားတို့ ညွတ်နူးရသည်။

"ဟား ဟား ... အဲဒီကျရင် မေမေက စကားနာတွေ ထိုးပါလိမ့်မယ်"

"ဘာကိုလဲ ကိုသာ"

"မေမေက သွေးတိုးသမားလေ၊ မေမေက ကျွန်တော့်ကို သွေးတိုး သွေးချို ဆီးချိုနဲ့ ပတ်သက်တာ စပါယ်ရှယ်





လိုက်စေ လုပ်စေချင်တာ၊ အဲဒီတုန်းကတော့ ကျွန်တော်က ဝါသနာမပါဘူး ခွဲစိတ်တာပဲ လုပ်ချင်တယ်လို့ ပြန်ပြောခဲ့တာကို;"

"ခွဲစိတ်ပဲ ဆက်လုပ်ပါ ကိုသာရယ်၊ ကိုသာက ရယ်စရာပြောပေမဲ့ ကိုသာ့ မေမေက တစ်သက်လုံး ရင်ထဲမှာခံစားသွားနေရပါဦးမယ်"

"ဖြစ်နိုင်တယ် သိလား မ,၊ ခုတောင် မေမေက ကျွန်တော့်ကို ခပ်တိုတိုရယ်၊ မ,အကြောင်း ပြောပြလိုက်ပြီးကတည်းက တချို့ကိစ္စတွေမှာ သူ့ကို ဂရုမစိုက်ဘူးထင်တာ များလာတယ် ... ဟား ဟား"

သီဟသာကား ဘွင်းဘွင်းရှင်းရှင်း သမားလေးတည်း။ သူက ရယ်ကာမောကာ ပေ့ါပေ့ါပါးပါး ပြောနေပေမဲ့ ဇင်ကတော့ မပေ့ါပါးနိုင်။ ရင်ထဲ လေးလံရသည်။

"ကျွန်တော် ဒီမှာ ထမင်းစားမှာနော် ကြီးအုန်း"

"အို ... စားရမှာပေါ့ ဒေါက်တာလေးရယ်၊ ပြောနေစရာလိုသေးလား"

"ဒီမနက် ဆေးရုံမသွားဘူး၊ မ,ဆီသွားမှာ ဆိုတာ မေမေသိတယ်လေ၊ တစ်နေကုန် နေမှာလို့ ပြောလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



ထမင်းဘယ်မှာစားမှာလဲတဲ့ ဟား ဟား၊ မှုစရာလား မေမေရာလို့၊ ကိုယ့်ချစ်သူတစ်ယောက်လုံးအိမ် သွားမှာ အဲဒီမှာပဲ စားမှာပေါ့လို့ ပြောလိုက်တာပေါ့"

ဇင့် မျက်နှာလေး ရှက်သွေးဖျန်းရသည်။ ကြီးအုန်း မျက်စပစ်ပြ အချက်ပေးလိုက်၍ ရွှေနီ၊ ကျော့ရီတို့လည်း အခန်းထဲက ထွက်ကာ တော်ရာသွားကြပေပြီ။ ကြီးကြီးအုန်းကတော့ အခန်းပြင်က ဒရင်းမ်ဘက်ဒ်မှာ ခေါ်လို့ကြားတဲ့နေရာလောက်၌ ရှိပါလိမ့်မည်။

"ဗင်းလေသံက သိပ်ပိုင်တဲ့ လေသံပေါ့လေ တဲ့၊ မေမေက ဒီတော့ ကျွန်တော်ကလည်း သိပ်ပိုင်တာပေါ့ မေမေရလို့ ပြောလိုက်တယ်"

"အဲသလိုမျိုးတွေ သိပ်ပြောမနေပါနဲ့ ကိုသာရယ်"

"ဘာလို့လဲ မ,ရဲ့"

"အမေတွေ ဆိုတာ ကိုယ့်သားကလေးက မိန်းမတစ်ယောက်ကို ချစ်ပြီဆိုရင် ကိုယ့်ရင်က လွှတ်ပေးလိုက်ရသလို ဝမ်းနည်းသွားတတ်တာ များတယ်၊ ကိုသာက တစ်ဦးတည်းသောသား၊ ပိုဆိုးတာပေါ့၊ ကိုသာ့မေမေ နှမြောခံစားနေရမဲ့ အချိန်မျိုးမှာ ကိုသာက အပြောအဆို ဆင်ခြင်ပြမှပေါ့၊





သိပ်သည်းသည်းလှုပ်ပြရင် နေရင်းထိုင်ရင်း မျက်စိနောက်နေပါဦးမယ် ကိုသာရယ်"

"အရေးမကြီးပါဘူး မ,ရယ်"

"အရေးကြီးတယ် ကိုသာ၊ ဒါမျိုးတွေက တကယ်ဖြစ်တတ်တယ်၊ ကိုသာက တစ်ဦးတည်းသောသားလည်း ဖြစ်တယ်၊ ကိုသာ့ မေမေကလည်း ..."

"မေမေက ဘာဖြစ်လဲ မ,"

"ကိုသာ့ကို သိပ်ချစ်မှာပေါ့လို့"

"ဟုတ်တယ် ... မေမေ နည်းနည်းတော့ နှမြောနေပုံပေါက်တယ်၊ ဖေဖေကတော့ ကျွန်တော်ပြောလိုက်တာနဲ့ လက်ဆွဲနှုတ်ဆက်ပြီးသားပဲ၊ ကျွန်တော် ရွေးချယ်တဲ့ချစ်သူဟာ သင့်တော်မှာပဲ ဆိုတာ ဖေဖေက ယုံကြည်စိတ်ချပြီးသား"

"ကိုသာ့မေမေနဲ့ မ,နဲ့ တွေ့တဲ့အခါ"

"ဘာဖြစ်လဲဟင် မ,"

ဇင်က သိဟာသာကို ရီဝေစိုစွတ်သော မျက်ဝန်းလေးနှင့် အလေးအနက် စိုက်ကြည့်ရင်း ...

"အခြေအနေကောင်းတစ်ခုပဲ ကိုသာ မျှော်လင့်မထားနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



သီဟာသာက နားမလည်နိုင်သလို ဖြစ်နေကာ —

"ဘာလို့လဲ မ,"

"စိတ်အနှောင့်အယှက် ဖြစ်စရာ၊ စိတ်မကောင်းဖြစ်စရာ အခြေအနေမျိုးကိုလည်း ကိုသာ ကြိုတွေးထားဦး"

"မ,ပြောမှ ရင်တောင်လေးလာပြီဗျာ"

"ဟုတ်တယ်၊ အဲဒီလိုရင်လည်း လေးရမယ်၊ ကိုယ်မဖြစ်စေလိုတာမျိုး ဖြစ်လာတဲ့အခါမှာ ကိုယ် ဘယ်လိုရင်ဆိုင်မယ် ဘာဆက်လုပ်မယ် ဆိုတာမျိုးကိုပါ ကြိုပြီး အချိန်ယူစဉ်းစားထားရမယ်"

"မ,ပြောနေတာတွေကလည်းဗျာ၊ တစ်ခုခု ဖြစ်နိုင်တာကျနေတာပဲ၊ မေမေက ကျွန်တော့်ကို နည်းနည်းသဝန်တိုတာမျိုး ဖြစ်နိုင်တာကလွဲရင် တခြားဘာမှ ဆိုးဆိုးဝါးဝါးမှ မရှိနိုင်တာ၊ မဟုတ်ဘူးလား၊ တကယ်တမ်း တစ်ကိုယ်ရည်ချင်း ယှဉ်ကြည့်ရင် မ,က ကျွန်တော့်ထက် မြင့်မားပါတယ်၊ ကျွန်တော့်ထက်, သာတာကိုလည်း မ,ရွေးချယ်လို့ ရနိုင်တယ်၊ ဒါကို မေမေလည်း နားလည်မှာပဲ"





"မ,က မြင့်မားတယ် ဆိုတာကလည်း မ,က မိဘအုပ်ထိန်းသူ မရှိတော့လို့ အားလုံးကို ကိုယ်တိုင်အုပ်ချုပ် လုပ်ကိုင်နေရလို့လေ၊ မ,အထက်မှာ လူကြီးမိဘ ရှိသေးရင် မ,လည်း မိဘအလုပ်ကို ကူနေတဲ့ အဆင့်ပဲပေါ့ ...

အဲဒါထက်ကို မ,က မ,အရည်အချင်း မှ,ကြိုးစားမှုကြောင့်ထက် စိုင်ကော်လို့ ချုပေါ်ရောက် ဆိုတာလို ကုသိုလ်ကံကြောင့်သာ ဒီဘဝ ဒီအဆင့် ရောက်လာတာပါကိုသာရယ်၊ မ,ကို မွေးစားတဲ့ မာမီကြောင့်သာ မ,အခြေအနေက ခုလိုဖြစ်နေရတာပါ၊ ဘာမှ ဂုဏ်ယူစရာ မရှိပါဘူး"

"အဲဒီတော့ကော ဘာဖြစ်လဲ မ,ရယ်၊ အဲဒါကြောင့် မေမေမကြိုက်စရာ ဘာရှိလို့လဲ"

"အဲဒါကြောင့်တော့လည်း မဟုတ်ဘူးပေါ့ ကိုသာရယ်"

အပူပင်ကင်းမဲ့သော သီဟာသာကား ဘယ်လိုမှ သာကမရှိပေ။ သူ့စိတ်တွင် ဇင်ပြုံးပျော်လန်းဆန်းဖို့ တစ်ခုသာ အရုံရှိလေရာ တစ်မနက်ခင်းလုံး ပေါ့ပေါ့ပါးပါး ရယ်ရွှန်းဖတ်ရွှန်း စကားတို့နှင့်သာ တစ်အိမ်လုံးကို ပျော်ဖြေနေတဲ့ အတိုင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်တစ်ချက်မှ ဖောက်ကာ ဇင့်ကို ဆရာကြီး ရေးသွားတဲ့ မှတ်တမ်းကိုဖတ်၊ ဇင့်ရဲ့အရင်က ရောဂါလက္ခဏာ တချို့မေးပြီး အဲဒီအထဲချည်းပဲ ဇင် စိတ်မရောက်လေအောင် လုပ်သေးသည်။

တောက်လျှောက် နှလုံးအထူးကုသမားတော်ကြီး ကြည့်လာခဲ့သည့် ရောဂါမှတ်တမ်းများ၊ ပေးခဲ့သည့်ဆေးများ ခွဲစိတ်မှုတို့ကို ဖတ်ရှုပြီးလျှင်တော့ ဇင့်ရောဂါဝေဒနာဟာ သာမန် နှလုံးအားနည်းတာမျိုးလောက်တော့ မဟုတ်တာ သီဟသာက သိပေပြီ။

Left Main Stemဟာ အတော်ကြီး ကျဉ်းနေတာကို မှတ်တမ်းတို့အရ သီဟသာ သိရသည်။ နှလုံးကို အဓိကအထောက် အပံ့ပေးနေသော ဘယ်ဘက်အဓိက သွေးကြောမကြီးဟာ ပိတ်ဆို့လု အခြေအနေဖြစ်လျှင် ချက်ချင်းပင် အရေးပေါ်ခွဲစိတ် ကုသရတတ်ပါသည်။

မ,ရဲ့ နှလုံးရောဂါ အနေအထားဟာ အမြဲတမ်း စိုးရိမ်စောင့်ကြည့်ရမည့်အနေအထား။ ဒါကို သူ မသိခဲ့ရပါလား။ ဘယ်လိုအတွက်ကြောင့်မှလဲ လူနာကို ပင်ပန်းဆင်းရဲခြင်းဖြစ်စေ





ဖို့ မသင့်သည့် အခြေအနေ ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းကြီး ကြီးတစ်ခုကို သူ့ ကိုယ်တိုင်ပဲ ဦးဆောင်အုပ်ချုပ် စီမံခန့်ခွဲဆုံးဖြတ် နေရတာကလည်း လူကို ဖိစီးမှု ပေးနေမှာပင်။

သူ့ရင်ထဲ၌ မ,အတွက် စိတ်မကောင်းခြင်း၊ စိုးရိမ် ပူပန်ခြင်းတွေ ပြည့်ကျပ်လာပေမဲ့ ဆရာဝန်တစ်ယောက်ပီပီ သီဟသာက ဒါကို သူ့မျက်နှာပေါ်မှာ မပေါ်လွင်စေပါ။ မ,ကို မသိစေရပါ။ ရောဂါနှင့်ပတ်သက်ပြီး မ,နှင့် မဆွေးနွေးပဲ ဆရာ ဝန်ကြီးနှင့်သာ မေးမြန်းဆွေးနွေးဖို့ စိတ်ထဲကျူးထားလိုက်ပါသည်။

မ,ကိုတော့ အရိပ်တကြည့်ကြည့် ယုယရင်း မ,ဖြိုး ပျော်ကြည်နူးနေရအောင်သာ သူ တမင်တကာ ပေါ့ပေါ့ပါးပါး နေပေးတာပင်။ မ,အတွက် စီစဉ်ထားသော မြူစွပ်ဖတ် နည်းနည်း နှင့် ကြက်သားစွတ်ပြုတ် နူးမြိမြိလေးကိုလည်း သူကိုယ်တိုင်ပင် တယုတယ ခွံ့ကျွေးတိုက်သည်။

မ,ကို သီဟသာ သိပ်ချစ်သည်။ ဘာကြောင့် သိပ် ချစ်မိသည်မှာ ဘယ်လိုမှ ပြောမပြတတ်အောင် ဆန်းကြယ်လှပါ သည်။ မ,ကို မြင်ကတည်းက ဤမိန်းမဟာ သူ့ဘဝကို စိုးမိုး မည့် တစ်ဦးတည်းသော မိန်းမပဲဆိုတာကို လုံးဝသေချာနေတာ။

www.burmeseclassic.com



"ဒေါက်တာလေး ထမင်းစားပါတော့လား၊ ဆာရောပေါ့၊ ပြင်လိုက်တော့မယ်နော်၊ ဂမုန်း အခန်းထဲ လာပြင်ပေးရမလားဟင်"

"နေပါစေ ကြီးကြီးအုန်း၊ ကျွန်တော် ထမင်းစားခန်းပဲ လာစားမှာပေါ့၊ မ, အခန်းထဲမှာ ဟင်းနံ့ကျွေးနံ့တွေနဲ့ မ, အာရုံနှောက်နေပါ့မယ်"

"မ,လည်း ထမင်းစားပွဲဆီ လာမယ်လေ"

"မ,မလာပါနဲ့၊ ဒီမှာပဲ နားနားနေနေ နေ၊ ကျွန်တော် ခပ်မြန်မြန် စားမှာပါ၊ ခဏပဲဟာ၊ ဒီလောက်လေးတောင် မခွဲနိုင်ဘူးလားကွာ၊ ဒုက္ခပါပဲ၊ ဒီအစွဲအလမ်းကြီးသူတစ်ယောက်နဲ့တော့"

သီဟသာရဲ့ လေသံနှင့်ဟန်ပန်ကြောင့် ဖင် ရယ်ရသေးသည်။

"အေးအေးဆေးဆေး စားနော် ကိုသာ၊ မြန်မြန်မစားနဲ့"

"ဖြစ်ရပြန်ပြီ၊ ကြာကြာခွဲနိုင်တယ်ပေါ့"

ဖင်ကပြုံး၍ ခုတင်အပေါ် ကျန်ရစ်ပါသည်။





သီဟသာ မ,အခန်းမှ ထွက်လာခဲ့ကာ ထမင်းစားခန်းဘက် အလာ၊ ဧည့်ခန်းကို ဖြတ်လျှောက်ခိုက်တွင် အိမ်ရှေ့မှ ကားရပ်သံတစ်ခုကြောင့် လှမ်းကြည့်လိုက်မိတဲ့အခါ တောက်ပြောင်ထည်ဝါသော နို့နှစ်ရောင် CYGNUSကားကြီးတစ်စီးကို လှမ်းမြင်လိုက်ရပါသည်။

ကားဝင်လာသံ ကြားကတည်းက တံခါးဝရောက်နေသော ကြီးကြီးအုန်းက ပျာပျာသလဲနှင့် ...

"လာ ... မောင်သော်ကောင်း၊ လာပါ"

"ဧည့်သည် ရောက်နေလား ကြီးကြီး"

"ဟိုလေ ... ဂမုန်းရဲ့ မိတ်ဆွေ ဒေါက်တာလေ"

"ဪ ... ဒေါက်တာသီဟသာ ရောက်နေလား"

သူက ကိုယ့်နာမည်ကို တရင်းတနှီး ထည့်မေးလိုက်၍ကော ကိုယ်တိုင်ကလည်း ကိုသော်ကောင်း ဆိုတဲ့ မ,ရဲ့မိတ်ဆွေကောင်း Gentleman ကို စိတ်ဝင်စားတာကြောင့် တစ်ကြောင်း သီဟသာက ထမင်းစားခန်းဘက် ချိုးမကွေ့သေးပဲ တံခါးဝသို့ ပြုံးရပ်၍ စောင့်နေလိုက်ပါသည်။

တံခါးမှ ဝင်လာသော ကိုသော်ကောင်းသည် သူ့ကို ဖော်ရွေသော မျက်နှာနှင့် တမင်တကာ ရပ်စောင့်နေပုံရသော သီဟသာကို မြင်လျှင် တစ်ချက် အကဲခတ်လိုက်ပါသည်။ ခင်



www.burmeseclassic.com

www.burmeseclassic.com



မတန် ကြည်သန့်တဲ့ မျက်နှာကလေးနှင့် လှရှယ်ချောကလေး ပဲ။

ကိုယ်ကလည်း သူ့ကို ဇင်မှတစ်ဆင့် သိထားသလို သူကလည်း ကိုယ့်ကို ဇင်မှတစ်ဆင့်ပဲ သိထားမှာ သေချာတာမို့ ကိုသော်ကောင်းက ညာလက်ကို ကြိုတင်ဆန့်တန်း လျှောက်ဝင်လာရင်း ...

"ဒေါက်တာသီဟသာထင်တယ်၊ ကျွန်တော် သော်ကောင်းပါ"

သီဟသာက ပြုံးရွှင်စွာ လက်ပြန်ကမ်းရင်း ...

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ် ကိုသော်ကောင်း"

"ဇင့်မှာ ဆရာဝန်မိတ်ဆွေ တစ်ယောက် တိုးတာ သိရကတည်းက ကျွန်တော် ဝမ်းသာကျေနပ်နေတာပါ"

"ဆရာဝန်မိတ်ဆွေပေမဲ့ ခုမှပဲ မ,ရဲ့ရောဂါတွေ ဘာတွေ အကြောင်းသိခွင့်ရပါတယ် ကိုသော်ကောင်း၊ ကိုသော်ကောင်းကသာ တောက်လျှောက် စောင့်ရှောက် အကူအညီ ပေးလာနိုင်တာပါ"

"မောင်သော်ကောင်းလည်း တစ်ခါတည်း ထမင်းဝင်စား လိုက်ပါလားဟင်၊ ဒေါက်တာလေးဖို့ ထမင်းပြင်နေတာ၊ တစ်လက်စတည်းပဲ"





"ဟုတ်ကဲ့ကြီးကြီးအုန်း၊ ကျွန်တော်လည်း စားမလာသေးဘူး"

"တစ်ခါတည်း ဝင်မယ်နော်"

"ဟုတ်ကဲ့၊ ဒေါက်တာနဲ့ တူတူစားတာပေါ့"

ကြီးကြီးအုန်း လှည့်ဝင်သွားလျှင် ...

"ကျွန်တော့်ကို သီဟသာပဲ ခေါ်ပါ ကိုသော်ကောင်း"

"ဟုတ်ကဲ့ ကိုသီဟသာ"

"မ, အခန်းထဲမှာပဲ ကိုသော်ကောင်း"

ကိုသော်ကောင်းဟာလည်း ဝင်ထွက်ခွင့်ရပြီးသားသူပဲ ဖြစ်မှာကို နားမလည်စရာ မရှိပါ။ ကိုယ်ဘာမှ မသိခင်ကတည်းက မ,အခန်းကို ဆရာဝန်ကြီး ပင့်ပေးရင်း သတင်းမေးရင်း သူက အရင်ကျွမ်းဝင်သူသာ ဖြစ်ခဲ့ပါလိမ့်မည်။

"ကျွန်တော် တစ်ချက်ဝင် နှုတ်ဆက်ပြီး ထမင်းစားခန်း လာခဲ့ပါ့မယ်"

"ဟုတ်ကဲ့"

သီဟသာက ပြန်လိုက်မသွားတော့။ ထမင်းစားပွဲဆီ လာဝင်ထိုင်ပြီး စောင့်နေလိုက်ပါသည်။ ကိုသော်ကောင်း ဆိုသူဟာ ကြံ့ခိုင်ခန့်ညားရှိ ယောက်ျားပီသ တည်ကြည်သော ရုပ်ရည်ရှိသည့်



www.burmeseclassic.com

www.burmeseclassic.com



လူကြီးလူကောင်း တစ်ဦးပင်။ မ,အနားမှာ ဒီလောက် အနီးကပ် ရင်းနှီးခင်မင်ကျွမ်းဝင်ခွင့် ရထားသည့် ဒီလူဟာ မ,ကို သံယောဇဉ်မဖြစ်၊ မေတ္တာမရှိဘူးလား။ အံ့သြစရာပင်။

သူလူပျိုကြီးဆိုတာ မ,ထံမှ သိဟာသာ သိပြီးပြီ။ မ,ကို မိတ်ဆွေကောင်း အစ်ကိုကြီး ရင်းချာလို ထာဝစဉ် စောင့်ရှောက်ခဲ့သူ ... တဲ့။ ကိုသော်ကောင်း ရောက်လာသည်နှင့် စောစောက ပွဲတကျကျ တဟီးဟီး တခစ်ခစ် ဖြစ်နေကြသော ကြီးကြီးအုန်း အပါအဝင် ရွှေနီတို့ ကျော့ရီတို့ အားလုံး မျက်နှာပိုးသတ်ကာ အသံတွေ တိတ်ကုန်ကြသည်ကို ကြည့်ခြင်းအားဖြင့် သူတို့အားလုံး လေးစားရွံ့ကြောက်ရတာ သိသာပါသည်။

ကိုသော်ကောင်းက မကြာလှပဲ ထမင်းစားပွဲနား ရောဆလာကာ ဗေစင်မှာ တန်း၍လက်ဆေးရင်း ...

"စားနှင့်ရောပေါ့ ကိုသိဟာသာ"

"ရပါတယ် ... တူတူစားတာပေါ့ ကိုသော်ကောင်း"

"ဒီနေ့တော့ ဇင် လန်းဆန်းပါတယ်၊ ဒေါက်တာ ... အဲ ... ကိုသိဟာသာ လာနေပေးလိုက်တာလည်း သူ့စိတ်ကို ဒ မျှား ကြီး အားတက်ရွှင်လန်းစေပုံ ရပါတယ်"

သိဟာသာမှာ မနေတတ်သလိုပင် ဖြစ်ရပါသည်။





"ကျွန်တော့်ကို မ,က ညကမှ စကားစပ်တယ် ကိုသော်ကောင်း၊ ကျွန်တော် မ,နဲ့သာသိနေတယ်၊ မ,ကို ကျန်းမာရေးနဲ့ ပတ်သက်ပြီး ဘာမှမစိုးရိမ်ခဲ့မိဘူး၊ သိလည်း မသိဘူး"

"သူတို့က နေကောင်းနေရင် လူကောင်းပဲကိုး"

"ကျွန်တော် ခုနက ဆရာကြီးရဲ့ မှတ်ချက်တွေ တောက်လျှောက်ကို ကြည့်နေတာ၊ ခပ်ပေါ့ပေါ့ မဟုတ်ဘူးဗျာ"

"မဟုတ်ပါဘူး. ကိုသိဟာသာ၊ ဆရာကြီးကလည်း အနေအထိုင် အစားအသောက်ကအစ ဂရုစိုက်ပေးဖို့ ရက်ရှည်နားဖို့ သေချာမှာပါတယ်၊ ဘယ်ဘက်သွေးကြောမက အချိန်မရွေး ပိတ်ဆို့လု ဖြစ်လာနိုင်တယ်"

"တစ်ကြိမ် ချဲ့ထားဖူးတာ ကျွန်တော် တွေ့တယ်"

"ကိုသိဟာသာတို့ ပိုနားလည်မှာပါ၊ လိုအပ်ရင် ထပ်ခွဲစိတ်ဖို့လိုရင် လိုမယ်လို့လည်း ဆရာကြီးက ပြောတယ်"

"ကျွန်တော် ဆရာကြီးကိုလည်း တွေ့ပြီး အသေးစိတ်ဆွေးနွေးချင်သေးတယ်ဗျာ၊ ကျွန်တော် ထင်တယ်၊ ဒီတစ်ကြိမ်ဆိုရင် သွေးကြောမျှား အစားထိုးမလား မသိဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါမျိုးက ခုန ကိုသော်ကောင်း ပြောသလို ပိတ်လုမတတ် ဖြစ်လာရင် ပေါင်ကသွေးကြော၊ လက်မောင်းကသွေးကြော စသဖြင့်နဲ့ အစားထိုးပေးတာမျိုးလည်း ရှိတယ်၊ ရုတ်တရက် ပိတ်ရင်တော့ အရေးပေါ် ခွဲစိတ်အစားထိုးရမှာပဲ"

"အဲဒီ အခြေအနေမျိုးရဲ့ Result က ဘယ်လိုရှိလဲ"

"အဲဒါမျိုးက ပြောရခက်တယ်ဗျာ၊ ဖစ်ဖ်တီ ဖစ်ဖ်တီလို့ပဲ ဆိုပါတော့၊ လူနာရဲ့ တခြားကိုယ်တွင်းရောဂါ၊ ဥပမာ သွေးတိုး ဆီးချို သွေးချို စတာတွေနဲ့လည်း သက်ဆိုင်သေးတယ်၊ လူနာရဲ့နှလုံးညှစ်အား၊ နှလုံးကြွက်သားတွေ ကောင်း မကောင်း ဒါတွေအပေါ်လည်း အများကြီးမူတည်တော့ ယေဘူယျ ပြောရခက်တယ်"

နှစ်ဦးသားမှာ စကားပြောရင်း ထမင်းကို စားသာ စားနေကြသည်။ ဇင့်အတွက် စိုးရိမ်မကင်းမှုတို့ကြောင့် ပါးစပ်ထဲ အရသာလည်း သိပ်မသိပါ။ စားချိန်တန် ဗိုက်ဆာ၍ ဗိုက်ပြည့် အောင် စားနေရသလိုမျိုးသာ ဖြစ်သည်။

"အဲသလို အစားထိုးဖို့ထိ ဖြစ်လာနိုင်သလား"

"ဖြစ်မယ်ဆိုရင်လည်း ဖြစ်နိုင်တာပဲ"





"ကျွန်တော် ကိုသီဟသာနဲ့ တွေ့ချင်နေတာ၊ အခုတွေ့လိုက်ရတာ သိပ်အဆင်ပြေတယ်ဗျာ၊ ပြောချင်တာလေး တစ်ခုလည်း ရှိလို့ပါ"

"ပြောပါ ကိုသော်ကောင်း၊ ဘာဖြစ်ဖြစ် ပြောနိုင်ပါတယ်"

"ဇင် ... အခုတစ်ကြိမ် လဲသွားတာထဲမှာ စိတ်လှုပ်ရှားမှု စိတ်ဖိစီးခံရမှုလည်း ပါတယ်ဗျ၊ အဲဒါက ဘာကိစ္စအတွက်လဲ ဆိုတော့ ခင်ဗျားမိဘနဲ့ တနင်္ဂနွေနေ့ လိုက်တွေ့ဖို့ စီစဉ်ထားတဲ့ ကိစ္စပဲ"

"ဗျာ"

သီဟသာ အံ့အားသင့်သွားရကာ ...

"ဒီကိစ္စက ရိုးရိုးပါပဲ ကိုသော်ကောင်း၊ အိမ်အလည်ခေါ်ပြီး မ,ကို ကျွန်တော့်မိဘတွေ မြင်ဖူးအောင် မျက်နှာပြတာလောက်ပါ၊ မ, ဘာကိုများ ..."

"ဟုတ်ပါတယ် ... ဒါပေမဲ့ ခင်ဗျားမိဘတွေနဲ့ တွေ့ဖို့ရာ ဇင့်မှာ စိုးရိမ်သောက ရှိတယ်"

"မ, ဘာကိုစိုးရိမ်ပါလိမ့်၊ မ,ကို မြင်ရင် ဘယ်မိဘမဆို နှစ်လိုစရာပဲရှိတာ ကိုသော်ကောင်းလည်း သဘောပေါက်မှာပါ၊ မ,ဘာကိုများ စိတ်ပူတာပါလိမ့်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း ဒီလောက်ပဲ ပြောတတ်တယ်၊ ကိုသီဟသာ သိထားစေချင်လို့ပါ၊ ဒီတစ်ခေါက် မတွေ့ဖြစ်ပေမဲ့လည်း ဖင် နေကောင်းတဲ့အခါ တစ်နေ့မဟုတ် တစ်နေ့ ဒီကိစ္စက ကြုံရမှာပဲ၊ အဲဒီအခါ ဘာအကြောင်းကြောင့်မှ ဖင့်ရဲ့စိတ်မှာ ထိခိုက်နာကျင်စရာ ဝေဒနာမရပါစေနဲ့ဗျာ"

သီဟသာက ကိုသော်ကောင်းကို တအံ့တသြ ကြည့်နေမိပါသည်။

"ကိုသီဟသာလည်း ဖင့်အပေါ် ချစ်ခင်သူတစ်ယောက်ပဲ၊ ပြီးတော့ ဆရာဝန်တစ်ယောက်လည်း ဖြစ်ပါသေးတယ်၊ နားလည်ရ ခက်နေရင်တောင် ဖင့်ကို မိဘတွေနဲ့ တွေ့ပေးတဲ့အခါ အတတ်နိုင်ဆုံး ဖင် စိတ်မဆင်းရဲရအောင် ပြေလည်ချောမွေ့အောင် ဖင့်ဘက်က ရပ်တည်ပေးမပေးနိုင်ဖို့သာ ကြိုးစားပါ၊ ဖင့်ကို ဘာအတွက်ကြောင့်မှ စိတ်မထိခိုက် မနာကျင်ပါစေနဲ့"

ဤစကားက သတိပေးစကားလိုလို၊ သီဟသာကို အနည်းငယ်တော့ အောင့်သက်သက် ဖြစ်စေသည်။ ကိုသော်ကောင်းလို အားလုံးသူစိမ်းယောကျ်ားတစ်ယောက်က ဝင်သတိပေးနေတာ





မျိုးမို့ သီဟသာ ပို၍ကသိကအောက် ဖြစ်ရတာပင်။ ဘာမှလဲ နားမလည်။ ကိုသော်ကောင်း မျက်နှာကတော့ အလေးအနက် တည်ငြိမ်လျက် ရှိသည်။

"ခင်ဗျားက ဖင့် ချစ်သူနော်၊ ဖင် စိတ်မဆင်းရဲဖို့ ဖင့်ကို မထိခိုက်ဖို့ ကာကွယ်စောင့်ရှောက်ရမှာ ခင်ဗျားတာဝန်ပဲ ကိုသီဟသာ"



www.burmeseclassic.com

www.burmeseclassic.com



## ၉

"နေစမ်းပါဦး သီဟသာရယ်"

မေမေသည် စိတ်တိုလာသလို ခါးနှစ်ဖက်ကို ဖတ်ခနဲ လက်ပစ်တင်၍ ထောက်လိုက်ကာ သူ့ကို စူးစူးရဲရဲကြည့်လာသည်။ ဆေးရုံသွားခါနီး သုံးဆင့်စတီးချိုင့်ထဲ မေမေ ကိုယ်တိုင် ဟင်းခပ်ထည့် ပြင်ပေးတတ်ကာ ရေဘူး ကော်ဖီနှစ်ခွက်စာ တတ်ဘူး စသည်တို့ပါသည့် ပလတ်စတစ်ခြင်းငယ်ကိုလည်း မေမေ ကိုယ်တိုင်ပဲ ပြင်ပေးနေကျပင်။

"မင်းက ငါ့ကို ဒါကိုပဲ တရရ တတွတ်တွတ် ထပ်ထပ်ခါခါ မှာနေရအောင် ငါက ဘာများပြောနေမိလို့လဲ"





မေမေ တွဲမြီးတိုလေပြီ။ သူကလည်းသူ ...။

"မေမေ အိမ်ကို မ,လိုက်လာတဲ့နေ့ကျရင် မ,ကို ကောင်းကောင်းမွန်မွန် ချိုချိုသာသာလေး ဆက်ဆံပေးပါနော်၊ တကယ်လို့များ မေမေ မကြိုက်တဲ့ အချက်အလက် ရှိခဲ့ရင် တောင်မှလေ ဟန်ဆောင်ပြီး ကြည်ကြည်သာသာလေးပဲ နေပါနော်၊ ပြီးမှ မေမေ မကြိုက်တာ ကျွန်တော့်ကိုပြောပြနော်၊ ကျွန်တော်ကသာ ကျွန်တော် မ,နဲ့ ပြန်ဆွေးနွေးမယ်"

အဲဒီလိုက တစ်မျိုး။

"မေမေ မ,လိုက်လာရင် ဘာပဲဖြစ်ဖြစ် ဘာပဲကြုံကြုံ၊ မေမေ့မျက်နှာကြီးကို မလိုလားဘူး ထင်စရာဖြစ်အောင် တင်းမထားပါနဲ့နော်၊ မ,က အရမ်းအားငယ်တတ်တယ်၊ မေမေ့ဘာသာ မေမေ စိတ်ရှုပ်လို့ မျက်ခုံးတွန့်နေရင်တောင် သူ့ကို မကျေနပ်တာရှိလို့ပဲ ထင်မှာ"

အဲဒီလိုက တစ်မျိုး။

"မ, ပါလာရင် မ,ကို အရေးပေးနော်၊ မေမေနော်၊ မ,က အရမ်းစိုးရိမ်နေတယ်၊ ကြောက်လည်း ကြောက်နေတယ်၊ မေမေ့ မျက်နှာက တစ်ခါတလေ တင်းတတ်တယ်၊ ပြုံးပြုံးလေး ဆက်ဆံပါနော် မေမေ"

www.burmeseclassic.com



မကြာမှုကြာ ပြောဖန်များတော့ နားကြားပြင်းကတ်ကာ မေမေ ဒေါပွလေပြီ။

"ငါက မင်းရဲ့ မ,ပါလာရင် ဘာတွေများ ဆီးကြိုလုပ်မယ်လို့ ထင်ထားလို့လဲ၊ အိမ်ကို ဧည့်သည်ပါလာတာ ငါက တင်းတင်းမာမာ လုပ်မယ် ထင်နေရအောင် ငါက မိန်းမရိုင်း မိန်းမကြမ်းကြီးလား သီဟာသာရဲ့ ... ဟင်"

"မေမေက ဘာမှ ဖြစ်လို့ မဟုတ်ပါဘူး မေမေရယ်၊ မ,က အားငယ်တတ်လို့ပါ"

"သူ့ဟာသူ အားငယ်တတ် တတ်လေ၊ ငါက ဘာလုပ်မှာမို့လဲ၊ သားရဲ့ရည်းစား အိမ်လိုက်လာတာ ငါက ဖင်မ,နေရမှာလား ... ဟုတ်လား"

"မဟုတ်ပါဘူး မေမေရယ်၊ ကျွန်တော်က စိတ်ပူနေမိလို့ပါ။ မေမေ့ကို ဘာမှ ပြောတဲ့သဘော မဟုတ်ပါဘူး"

"မင်းက ပူစရာမရှိတာ ဘာကို စိတ်ပူနေတာလဲ၊ ဘာလဲ ဒီစကားတွေဟာ မင်းရဲ့ မ,က ရှင့်အမေကို ပြောထားဆိုပြီး သင်ထားတာတွေလား"





ပြဿနာက မမျှော်လင့်ဘဲ ကြီးထွားလာလေပြီ။ မေမေသည် အိမ်ထောင်သက်ရဲ့ သုံးပုံနှစ်ပုံကို ယောက်ျားအပေါ် အယုံအကြည်မဲ့ခြင်း၊ မကျေနပ်ခြင်း၊ စိတ်တိုင်းမကျခြင်း၊ ခါးသီးခြင်းတို့နှင့် လျှောက်လှမ်းနေရသည်ဖြစ်၍ နဂိုစိတ်အခံမှာ နူးညံ့သိမ်မွေ့၍ မနေပေ။ စိတ်ကောင်းရှိတာက ရှိတာတစ်ပိုင်း။ ဖေဖေ စွပ်စွဲသလို အရာရာကို မကောင်းတာလေးဘက်က လှည့်မြင်သံသယဝင်တတ်တာလည်း မှန်ပေသည်။

သားတစ်ယောက်သာ သူ့ရဲ့ ထာဝရယုံကြည်အားထားရာ ယူဆထားရာမှ သားချစ်သူရှိသွားတာ သိတဲ့အခါ ဝန်တိုဝမ်းနည်းခြင်းက သားအပေါ်၌ပါ သံသယနှင့် မကြည်လင်သောအမြင်တို့ကို မွေးဖွားစေတော့သည်။

"မ,က ဘာမှ မပြောပါဘူး မေမေရယ်"

"အေး ... သူ ပြောရင့်လည်း ငါ့ကို လာမပြောပြနဲ့၊ အခု မေမေ့စိတ်ထဲမှာက သူ့ကို မချစ်မမုန်း သာမန်ပဲ၊ မင်းက သူ့ဘက်ပါပြီး သဲသဲလှုပ်ပါများလာရင် ရင်ထဲက ဓာတ်ခံကို က မနှစ်သက်တဲ့ဘက် ပြောင်းသွားလိမ့်မယ်၊ ဘယ့်နှယ် သူလာတဲ့အခါ ငါက ဘယ်လိုဆီးကြိုရမယ် ဆိုတာကို သူကလည်း သင်စရာမလိုဘူး၊ မင်းကလည်း ကြားကဝင်သင်စရာ မလိုဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မ,က တကယ်ပဲ ဘာမှ မပြောပါဘူး မေမေ၊ ကျွန်တော့် ဘာသာ အာရှောင်ပြီး လျှာရှည်ပြီး ပြောမိတာပါ"

"အေး ... မင်းကကော ဘာတွေကို ဒီလောက်သည်းနေတာလဲ၊ သိပ်မသည်းနဲ့၊ မျက်စိနောက်တယ်"

"သည်းတာတော့ မဟုတ်ပါဘူး မေမေ၊ မ,က ဟိုတစ်နေ့က ကျွန်တော် ပြောပြသလို နှလုံးရောဂါ ရှိတယ် မဟုတ်လား၊ စိတ်ညစ်စိတ်ပင်ပန်းခံလို့ မရဘူး မေမေရယ်၊ ပြီးခဲ့တဲ့ တနင်္ဂနွေက ချိန်းထားတာ ပျက်သွားရတာလဲ သူ့ နေမကောင်းလို့လို့ မေမေ့ကို ကျွန်တော် ပြောပြတယ်မို့လား၊ နည်းနည်းလေး စိတ်လှုပ်ရှား စိတ်ဆင်းရဲစရာလေး တစ်ခုခု ထပ်ကြုံလိုက်ရင် သူ့အခြေအနေက ဆိုးဆိုးဝါးဝါး ဖြစ်သွားမှာ စိုးရိမ်လို့ပါ၊ သူ့အခြေအနေက စိုးရိမ်ချင်စရာမို့ ကျွန်တော့်ဘာသာ အစိုးရိမ်ကြီးနေတာပါ မေမေရယ်"

မေမေ့ကို သူ ချော့ရပါသည်။

"မင်း မိဘနဲ့ တွေ့ဖို့ရာ သူ့မှာ ဒီအထိ ဖြစ်ရတယ်ဆိုတာကိုက သဘာဝမကျတာ၊ အဲဒါ သူက ဘာကိုစိုးရိမ်နေတာလဲ"

"ဘာကိုရယ် မဟုတ်ဘူး မေမေ၊ ဒီလိုပဲ စိုးရိမ်နေတာ"





"အဓိပ္ပာယ်မှ မရှိတာ၊ ငါ ကောင်းကောင်းဆက်ဆံပါ့မလား လို့ သူ ကြောက်နေရင် ငါ ကောင်းကောင်းဆက်ဆံဖို့ မသင့်တဲ့ အကြောင်းတစ်ခုခု သူ့မှာ ရှိလို့နေမှာပေါ့၊ သူ့မှာ ဘာအားနည်းချက်တွေ ရှိနေမှန်းမှ မသိတာ သိဟာသာရယ်၊ သူ့အပြစ်နဲ့သူမို့ စိတ်မလုံတာကလွဲရင် ဒီလိုဖြစ်စရာအကြောင်းမှ မရှိဘဲ"

မေမေ ပြောတဲ့စကားကလည်း ငြင်းလို့ မရပါ။ မ, ဘာကို စိုးရိမ်ကြီးနေသလဲလည်း သူ မသိပေ။ သူသိသည်မှာ မ,ကို စိတ်ဆင်းရဲစရာ မဖြစ်စေချင်တာတစ်ခုပင်။ ဘာကိုမှန်း မယ်မယ်ရရ မသိဘဲ မ, စိုးရိမ်နေလို့ သူပါ လိုက်စိုးရိမ်နေရသလိုပင်။

"မင်း မိန်းကလေးက နောက်ကြောင်းရော ရှင်းရဲ့လား သားရယ်"

"အဲသလို နောက်ကြောင်းမရှင်း မိန်းမစားထဲက လုံးဝ မဟုတ်ပါဘူး မေမေရယ်"

"မင်း ပြောသလောက် ကောင်းမွန်ပြည့်စုံနေတဲ့ မိန်းကလေး တစ်ယောက်ဟာ ယောက္ခမလောင်းကို မျက်နှာလာပြရမှာ ဂုဏ်ရှိရှိနဲ့ ဝင့်ဝင့်ထည်ထည် ရောက်လာဖို့ပဲ ရှိတာမဟုတ်လား၊ မေမေတော့ မင်း လုပ်မှ တစ်မျိုးရင်လေးပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးစိတ်ထင့်လာပြီသိလား၊ ဘာတွေများ သူ့မှာ ဖုံးကွယ်ထားတာမျိုး ရှိလို့လဲလို့ စိတ်ပူချင်စရာတောင် ဖြစ်လာပြီ"

"သူ့နှလုံးရောဂါကြောင့် စိတ်လှုပ်ရှား စိတ်ပူပန်တတ်လွန်းတာမျိုးလည်း ဖြစ်ရင်ဖြစ်မှာပါ"

"သူ့နှလုံးရောဂါနဲ့ချည်းပဲလည်း ငါ့ကို ကိုင်မပေါက်မနေနဲ့၊ မင်းအမေမှာလည်း သွေးတိုးရောဂါ ရှိတယ်ဆိုတာ မမေ့နဲ့"

သီဟသာ စိတ်ညစ်ညစ်နှင့် ရယ်လိုက်မိပါတော့သည်။ မေမေကလည်း ဖေဖေနှင့် ပြင်းပြင်းထန်ထန် စိတ်အခန့်မသင့်တဲ့အခါ သွေးတွေဆောင့်တိုးတက်ပြီး စိုးရိမ်လောက်စရာ ဖြစ်သွားတာမျိုး သုံးကြိမ်ခန့် ဖြစ်ခဲ့ဖူးပါပြီ။ မေမေ့လို ယောက်ျားအပေါ် အချိန်ပြည့် မကျေနပ် အလိုမကျ ဖြစ်နေတဲ့ မိန်းမတစ်ယောက်အဖို့ သွေးတိုးကို ရှင်းရှင်းပျောက်အောင် ချလို့လည်း မရခဲ့ပါ။

"မင်း ချစ်သူဘက်ကပဲ မင်း မှန်ပြီး မေမေ့ကို ဘယ်လိုနေပါ၊ ဘယ်လိုထိုင်ပါ၊ ဘယ်လိုဆက်ဆံပါဆိုတဲ့ သွန်သင်ညွှန်ပြမှုတွေ ရပ်တော့ သီဟသာ၊ ပြေပြေလည်လည် ဆီးကြိုဆက်ဆံဖို့ပဲ ပြင်ဆင်ထားပါရက်နဲ့ မင်း လုပ်ပုံကြောင့် မေမေ့စိတ်ထဲ ကြိုတင်အခုအခံ အဖုအထစ်တွေ ဖြစ်မလာပါရစေနဲ့ ..."





မင်းကို ဘယ်လောက်ချစ်ချစ်၊ ဘယ်လောက်သဝန်တိုတို နမြောတဲ့ ခံစားချက်က သပ်သပ်ပါ၊ သူ့ဂုဏ်ကျက်သရေနဲ့သူ ပြည့်စုံနေတဲ့ ချွေးမလောင်းကို ဘယ်လိုဆီးကြိုလက်ခံတွေ့ဆုံရမယ်ဆိုတာ ငါနားလည်ပါတယ် သီဟသာရယ်၊ ဘယ်သူက အကြောင်းမရှိဘဲနဲ့ ရိုင်းပျပါ့မလဲ၊ မင်း ထပ်ခါထပ်ခါ သတိပေးနေတာကသာ မေမေ့ကို စော်ကားသလို ဖြစ်လာမယ်နော် သီဟသာ"

သီဟသာ သက်ပြင်းတစ်ချက် ချလိုက်ရပါသည်။ မှန်ပါသည်။ ပိုလွန်းသည်းလွန်းတာကလည်း မကောင်းပါ။ ဖေဖေ့ကိုတော့ သူက ဤသို့ သတိပေးမနေမိသည်မှာ ဖွင့်ပြောပြကတည်းက ဖေဖေက မေမေ့ထက် ဟက်ဟက်ပက်ပက် လက်ခံနိုင်ကာ ကြည်ကြည်ဖြူဖြူ ရှိနှင့်တာကြောင့်ပင်။

ဤသို့နှင့်ပင် လနှင့်ချီကာ ရက်ခြားလာခဲ့ပြီးမှ သူ့အိမ်ကို မ, လိုက်လာဖို့ ဒုတိယအကြိမ် ချိန်းဆိုခြင်း ရက်ကို ရောက်ရှိခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က မ,သည် သီဟသာ မြင်ဖူးသမျှ အကြိမ်တိုင်းထက် ရိုးရိုးယဉ်ယဉ် ကျနဖြ့ရရဖြစ်အောင် ဝတ်စားထားပါသည်။ မ, နာလန်ထ,လာတာ ရက်နှစ်ဆယ်လောက် ရှိပြီးမှ နောက်တစ်ကြိမ်ကို ချိန်းဆိုဖြစ်တာပင်။ စိတ်ကသိကအောက်ဖြစ်မရာ အနည်းငယ် ရှိသည်မှာ သူတို့ရဲ့ ချိန်းဆိုမှုကိစ္စ ကိုသော်ကောင်းပါ ဝင်ပြီး တိုင်ပင်အကြံပေးနေခြင်းပင်။

ကိုသော်ကောင်း ပုံသဏ္ဌာန်မှာ သီဟသာ စိတ်၌ပင် မကြာမီ တစ်ခုခု ဖြစ်တော့မလို ထင်ယောင်လာစေသည်။ ဗိုလ္ဆန်းတယ်ပြောရမလား။ သီဟသာ အိမ်ကို မ, လိုက်ပါပြီးတဲ့ နောက်မှာ သီဟသာ မသိတဲ့ တစ်စုံတစ်ခုဟာ ဖြစ်ကိုဖြစ်လာမှာလို့ ပူပန်စိုးထိတ်ဟန်ဟာ သူတို့နှစ်ယောက်လုံး၌ ရှိနေသည်။

သီဟသာသည် မိမိကိုယ်ကို ဘာမှ အတွင်းကျကျ မသိရတဲ့ အပြင်လူလိုပင် ထင်မြင်လာမိကာ စိတ်ထဲ အောင့်သက်မိတာ အမှန်ပင်။ သို့ပေမဲ့ သူတို့ရဲ့ စိုးရိမ်မှုဟာ သူ ချစ်တဲ့ "မ" အတွက်မို့ သူ စိတ်ဖြေရသည်။ သူပါ ဘာမှန်းမသိ ရင်ထဲ မောကျပ်လာရတာလဲ အမှန်ပင်။



သူ့အိမ်လိုက်ဖို့အတွက် မ,မှာ စိတ်ငြိမ်ဆေးပင် ကြိုတင်သောက်ရသည်။ သောက်ဖို့လည်း လိုအပ်ခဲ့သည်ကို ဆရာဝန်တစ်ယောက်အနေနှင့် သူလည်း အသိမို့ အံ့အားသင့်ရသည်။ ဘာတွေ ဘယ်လို အံ့ဩပါစေ၊ ကသိကအောက် ဖြစ်ရပါစေ မ,ကို သိပ်ချစ်သည့် အချစ်စိတ်တစ်ခုကြောင့်ပဲ သူ့ရင်ထဲက မကျေညက်မှုတို့ကို ဖျောက်ဖျက်ပစ်နိုင်ပါသည်။

တစ်ယောက်တည်းလာဖို့ မ, မငုံရဲ၍ သီဟသာက မ,ကို လာကြိုခေါ်ရပါသည်။ မ,အိမ်ကို သီဟသာ ရောက်ချိန်တွင် ...

"ခဏနော် ဒေါက်တာလေး ... ဂမုန်း ဘုရားရှိခိုးနေတယ်"

သီဟသာ အနည်းငယ် ကြောင်အမ်းတိတ်ဆိတ်သွားရသည်။ နံနက်စာ ထမင်းကို အိမ်မှာ စားဖို့ပါ စီစဉ်ထား၍ လာခေါ်ချိန်ဟာ နံနက်ဆယ်နာရီလောက်ပင်။ ဒီအချိန်မျိုးဟာ ခါတိုင်း မ,ရဲ့ ဘုရားခန်းဝင်ချိန် လုံးဝ မဟုတ်တာ သီဟသာ အသေအချာသိသည်။ မ, ဘုရားရှိခိုးနေသည်မှာ အတော်နှင့် မပြီးတော့ပါ။ အိမ်မှာ ဖေဖေ မေမေတို့ကို ပြောဆိုချိန်းချက်ထားချိန်နှင့်ဆိုလျှင် နောက်ကျမှာတောင် စိုးရိမ်ရပါသည်။

www.burmeseclassic.com



သီဟသာမှာ မ,ဘက်ကို သတိထားရ၊ မေမေ့ဘက်ကို သတိထားရနှင့် သူကိုယ်တိုင်ပါ နှလုံးရောဂါ ရချင်လောက်အောင် စိတ်လှုပ်ရှား ရင်မောနေသည်။

မ, ဘုရားရှိခိုးပြီး ထွက်လာတဲ့အခါကျမှ ခရမ်းပုပ်ရောင်နှင့် ယဉ်ယဉ်ရှင်းရှင်းကလေး ဝတ်စားထားသော မ,ကို ပိုပြီး ဖြူဝင်းလင်းဖျော့ပြီး မြင်လိုက်ရပါသည်။ သီဟသာက ထိုင်ရာမှထ လက်ကမ်း၍ပြုံးကာ ...

"နေကောင်းတယ်နော်"

ဇင် သိပ်နေမကောင်းပါ။

ဇင်သည် စိတ်လှုပ်ရှားလွန်း၍ မောလျှနေသည်။ ဒါကြောင့်လည်း လက်ကိုင်အိတ်ဖြူဖြူကလေးထဲ ဆေးတွေဝါးတွေ အသင့်ထည့်ဆောင်ခဲ့ပါသည်။ သီဟသာ လာကြိုခေါ်သွားမှာဖြစ်ပေမဲ့ လိုလိုမယ်မယ် ဇင်သည် ကိုထွန်းလှကိုလည်း မှာထားပါသည်။ သီဟသာရဲ့ အိမ်လိပ်စာပြောပြီး ဇင်တို့ ထွက်သွားအပြီး ငါးမိနစ်ခန့်သာခွာ၍ လိပ်စာအတိုင်း လိုက်ခဲ့ဖို့ လမ်းထိပ်မှာ ကားကို ရပ်စောင့်နေဖို့ ...။

အကယ်၍ အခြေအနေကောင်းလျှင်လည်း သီဟသာနှင့်သာ အေးအေးဆေးဆေး ပြန်မည်။ တစ်ခုခုဆိုလျှင် ကိုထွန်းလှ





ရော၊ ကားရော ဇင်း သုံးနိုင်အောင်။ အရေးအကြောင်း ပေါ်ပေါ် မပေါ်ပေါ် ကိုထွန်းလှဟာ (ဇင် ဘယ်သူနဲ့ပြန်ပြန်) ပြန်တာကို မြင်တွေ့စောင့်ကြည့်ပြီးမှ ပြန်။ (သို့မဟုတ် သူကိုယ်တိုင်နှင့် ပြန်လျှင်ပြန်ရမည်)။

ဇင့်စီစဉ်မှုတွေကို ကြီးကြီးအုန်းပင် ဂယနဏနားမလည်။ ကြီးကြီးအုန်းဟာလည်း ဇင့်ကို မာမီ မွေးစားခဲ့သည်အထိ အကြမ်းဖျဉ်းသာ သိသူပင်။ ဇင် ရောက်လာကတည်းက ရှိခဲ့ပေမဲ့ မာမီကိုယ်တိုင်က ခရေစေ့တွင်းကျ ပြောပြတာမျိုး မရှိ၍ ရှေ့ဘဝတို့ကို မသိ။ ဇင်တို့သားအမိ ဒီကို မရောက်ခင်ရဲ့ ရှေ့ဇာတ်ကြောင်းများကို မာမီ ပြီးလျှင် မာမီ ယုံကြည်စိတ်ချအားကိုးခင်မင်တဲ့ ကိုသော်ကောင်းတို့ သားအမိပဲ လုံးစေ့ပတ်စေ့ သိကြပါသည်။

"အား ... မ, လက်ဖျားလေးတွေ အရမ်းအေးနေပါလား"

"ရပါတယ်ကိုသာ၊ ဘာမှ မဟုတ်ပါဘူး၊ အေးနေကျပါ"

"ဘာမှ စိုးရိမ်စရာ မရှိဘူး သိလား မ,၊ မေမေ ကိုယ်တိုင် ဟင်းပွဲတွေ ဝင်စီစဉ်နေတယ်၊ မေမေက 'မနေ့က မနက်ကတည်းက မ, ဘာတွေ ကြိုက်တတ်လဲ၊ ဘာအရွက်တွေ ကြိုက်တတ်လဲ မေးနေတာ"



www.burmeseclassic.com

www.burmeseclassic.com



ဇင်သည် မျက်လုံးလေး ရီရီလဲ့၍ ...

"ကိုသာက ဘာတွေများ ပြောလိုက်လဲ"

"မ,က ပုစွန် ကြိုက်တယ်လို့၊ ပြီးတော့ မုန်ညင်းအသေးနဲ့ ဂျပန်တိုဖူးထုပ် ကြော်တာ ကြိုက်တယ်လို့"

"အဟင်း ... ကိုသာက သိတယ်နော်၊ မ, တစ်ခါမှ မပြောဖူးပါဘူး"

"မ, မပြောပေမဲ့ ကျွန်တော် သိတာပေါ့၊ ကျွန်တော် မတော်ဘူးလား"

"သိပ်မတော်ပါဘူး"

"ဟင် ... ဘာဖြစ်လို့လဲ"

"ကိုသာ့ မေမေက မ, ဘာကြိုက်လဲ မေးရင် ချက်ချင်တာ သာချက်ပါ မေမေရယ်၊ မ,က အစားမရွေးပါဘူးလို့ ဖြေရတယ်ရှင့်"

သီဟသာကား နဖူးကို လက်နှင့် ဖြန်းခနဲ ရိုက်မိလေသည်။ အင်း ... မိန်းမတို့ရဲ့ စကားအထာသဘောလေးတွေကို သူ မကျွမ်းကျင်ပါလား။ ဒါကြောင့် ဒီမနက် သူ ထွက်လာခါနီး မေမေက ပြုံးမဲ့မဲ့လေးနှင့် ...



"ရှင့် မမအကြိုက် ပုစွန်တုပ်ချက်ထားပါသတော်၊ တိုဖူးနဲ့ မုန်ညင်းသေးလေးတွေတော့ စားခါနီးမှ ပူအောင်ကြော်ပေးပါ့မယ်"

ဤသို့ ရိတီတီလေး ပြောသည်ကို သူကလည်း သဘောတကျနှင့် တဟဲဟဲလုပ်ရင်း ...

"အဲဒီနှစ်မျိုးတည်းလား မေမေ" ... လို့တောင်မှ အထွန့်တက်လိုက်မိပါသေးသည်။

"စိန်တိုက်ပိုင်ရှင် သူဌေးမလေးကို ဟင်းနှစ်ခွက်တည်းနဲ့တော့ မကျွေးပါဘူးတော်"

သူက မေမေ့ပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန် နမ်းရှုံ့ခဲ့ပါသေးသည်။ ဒီမနက်အဖို့ ပျာလောင်ခတ်နေမဲ့ သူ့အပြုအမူတို့ကို မေမေ မျက်စိနောက်မှာ မလွဲ။ အရာရာဟာ မ,စိတ်ထင်သလို အခန့်မသင့် ဖြစ်မသွားဘဲ အေးဆေးကြည်လင်ငြိမ်းချမ်းပါစေလို့ သူက တစ်ချိန်လုံး ဆုတောင်းနေသည်။ မ,လို ဘုရားမရှိခိုးမိတာလွဲရင်ပေါ့။

"တီ တီ တီ ... တီ တီ"

အိမ်က ထွက်ခါနီး ဇင့် ဟဲန်ဒ်ဖုန်းမြည်လာ၍ ဇင်က ဖွင့်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ..."

"ဖင် ... ကိုယ်ပါ"

"ဟုတ်ကဲ့"

"စိတ်အေးအေးထားနော်၊ အဆင်ပြေမှာပါ"

ဖွင်သည် သူ့အတွက် ပုပန်နိုင်အားသော ကိုသော်ကောင်းကို ကျေးဇူးတင်လှသည်။ ဝမ်းနည်းဝမ်းသာလေးနှင့် ...

"ဟုတ်ကဲ့ပါ"

"…နော်၊ လိုရင် ဖုန်းဆက်ပါ"

"ဟုတ်ကဲ့"

ဖင် ဖုန်းကို ပိတ်လိုက်လျှင် ...

"ဘယ်သူလဲ မ,"

သီဟသာက မနေနိုင် မထိုင်နိုင် မေးမိသည်။

"ကိုသော်ကောင်းပါ၊ စိတ်အေးအေးထားတဲ့"

သီဟသာ့ ရဲ့ မျက်နှာမှာ မပြင်နိုင်ပဲ ပျက်သွားရပါတော့သည်။

"ဒီမှာကလည်း ဘာတွေ ဒီလောက် ပူနေတာလဲ၊ သူ လုပ်တာက ပိုပြီး သည်းထိတ်ရင်ဖို ဖြစ်စရာဖြစ်နေပြီ၊



တကယ်ပဲ စိတ်ထဲ စနောင့်စနင်း ဖြစ်လာပြီ မ,ရာ၊ ကျွန်တော့်အိမ် သွားရမှာကို သူက မ,ကို သရဲလိုက်ကွ်ဝူထဲ လွှတ်ရမလောက် ဖြစ်နေတာ ဘာဖြစ်တာလဲ"

"သူလည်း မ, စိတ်ပူတတ်တာသိလို့ အားပေးတာပါ ကိုသာရယ်"

"လာဗျာ ... မ,ရယ်၊ သွားကြမယ်"

သီဟသာ ကားနှင့် ဖင်တို့ ပျော်ကြလာခြင်းချိန်မှာ ကိုထွန်းလှက အိမ်ကကားကို သုတ်ရင်း ကျိန်ရစ်ပါသည်။ မကြာခင် လိုက်လာမှာမလွဲ။ ဖင်သည် တစ်လမ်းလုံး ရင်ခုန်လာသည်။ ဥပါဒါန်ကြောင့် ဥပဒ်ရောက်ဆိုတွေး ကြားဖူးသော်သည်း ဖင့်စိတ်ကို အေးချမ်းအောင် ဖင် မပြုတတ်ပါ။ ဥပဒ်ကလည်း ရောက်ကိုရောက်တော့မည် ထင်ပါရဲ့။ ဖင်သည် လဲတ်မျှားတွေ အေးချမ်း ခြေချောင်း လက်ချောင်းနှင့် နှုတ်ခမ်းတွေပင် ကျင်လာသည်။

စိုးရိမ်စိတ်စစ်နှင့် ကျင်နေသော ဝေဒနာက အစံရဆိုးသည်။ ရင်ထဲကလည်း နလုံးခုန်မမှန်၊ အသက်ရှူမဝ၍ မောဟိုက်နေကာ ပါးစပ်ကို ဟ,ကာ ဟ,ကာ လေးများများရှူအောင် အကူးကတ ရှိုက်ရှူနေရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သီဟသာတို့ ခြံဝင်းတံခါးက အသင့်ဖွင့်ဟကြိုလျက်သား။ အစဝ်လမ်းလေးဆီ ကားရောက်သည်နှင့် ဇင့်မျက်ဝန်းတို့က ခြံကြီးရဲ့ ဟိုးအနောက်ထောင့်က အိမ်အိုကလေး တည်ရှိရာကို လှမ်းကြည့်မိသည်။ ဆယ်ပေ ပေနှစ်ဆယ်လောက်ပဲရှိမည့် သစ်သားအိမ်အိုမည်းမည်းလေးသည် ဟောင်းမြင်းအိုမင်းစွာ ယိုင်နဲ့ ရှုပင်နေပေပြီ။

"ကိုသာ"

"ဘာလဲ မ,"

"ဟိုးက အိမ်အိုလေးက ဘာသုံးတာလဲ"

"ဘာမှ မသုံးဘူး မ,၊ ပိတ်ထားတာပဲ၊ ပစ္စည်းဟောင်း အစုတ်တချို့ ထည့်ထားတယ်ထင်တယ်"

သီဟသာက နှစ်ထပ်တိုက်ရဲ့ ပေါ်တီကိုရှေ့ ရပ်လိုက်သည်။ အိမ်ကို မြင်လျှင် ဒီကြားထဲ ပြုပြင်တိုးဖွဲ့ထားသေးသည်ကို ဇင် ပြောနိုင်ပါသည်။ ဇင်သည် ခြံထဲက သူ မှတ်မိသမျှ နေရာလေးတွေကို လိုက်ကြည့်နေမိသည်။

"ဆင်းလေ မ,"

သီဟသာ ဖွင့်ပေးသော တံခါးမှ ဇင်က ဆင်းလိုက်သည်။ တံခါးဝ၌ ထွက်ကြိုသူ ရှိမနေပါ။ ဒါပဲကောင်းပါတယ်၊





ထိုင်ပြီးမှပဲဖြစ်ဖြစ် ရင်ဆိုင်ရသည်က အပေါက်ဝ၌ ရပ်ဆိုင်ရသည်ထက် ကောင်းပါသည်။ သီဟသာက ဇင့်လက်ကို ဆုပ်တွဲ၍ ဧည့်ခန်းထဲ ခေါ်လာသည်။

"ဖေဖေ ... မေမေ ကျွန်တော်တို့ ရောက်ပြီ၊ ဒီမှာ မ, ပါလာပြီ"

သီဟသာက ခပ်ရွှင်ရွှင် ဟစ်အော်လိုက်ပါသည်။ ဝင်ဝင်ချင်း ဧည့်ခန်းရဲ့ဘေး၊ မိသားစုခန်းထဲရှိ တီဗီထဲမှ စလောင်းက လာနေသည့် အစီအစဉ်အသံတွေ ထွက်ပေါ်နေသည့် ကြားက ...

"လာကြပြီလားကွ၊ သား ... ဒီကို ခေါ်ခဲ့လေ"

ဖေဖေ့ရဲ့ ဖော်ရွေရွှင်ပျသော အသံကြောင့် သီဟသာက ဇင့်ကို လှည့်ပြုံးပြကာ ဇင့်လက်ကို ဆွဲ၍ ထိုအခန်းထဲ ခေါ်သွင်းသွားပါသည်။ ကျယ်ကျယ်လွင့်လွင့် ချထားသော ဆိုဖာကြီးတွေအနက် နှစ်ယောက်ထိုင် ဆိုဖာတစ်ခုပေါ် ဝင်မထိုင်ခင် သီဟသာက ...

"ဖေဖေ ဒီမှာလေ မ,၊ မ, အဲဒါ ကျွန်တော့် ဖေဖေပဲ"

သီဟသာရဲ့ အဖေ ဦးကျော်သာနှင့် ဇင်တို့ မျက်လုံးချင်း တည့်တည့်ဆုံကြလျှင် ဇင်က နွေးနွေးထွေးထွေး ပြုံးပြလိုက်ပါသည်။ ဦးဦးဟာ ဇင်တို့သားအမိအပေါ် ကောင်းခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... မင်းရဲ့မ, ဆိုတာလား၊ ထိုင် သမီး ... ထိုင်၊ သမီး အန်တီတော့ စားဖို့သောက်ဖို့တွေ စီစဉ်နေလေရဲ့၊ ငါ့သားက အချောအလှကို ရွေးချယ်တတ်သားပဲ၊ ဟား ဟား၊ နေပါဦးကွ၊ သမီးကို ဦးက မြင်ဖူးသလိုလိုတောင် ရှိတယ်၊ ဘယ်မှာများ ဆုံဖူးပါလိမ့်မလဲ"

ခင်သည် ဘာမှ ပြန်မပြောနိုင်ဘဲ စေ့ထားသော နှုတ်ခမ်းသားတွေသာ တစ္ဆစ္ဆ တုန်လာသည်။ 'ဦးဦး ... သမီး ခင်ပါ'လို့ ပြောလိုက်ချင်သော်လည်း နှုတ်က မထွက်နိုင်ပေ။

"ဟော ... ဟိုမှာ မင်းအမေ လာပါပြီ"

သီဟသာက လှည့်ကြည့်လိုက်ကာ ထ,ရပ်ကြိုသဖြင့် ခင်ပါ မတ်တတ်ရပ်လိုက်ပါသည်။ အခန်းထဲ လှမ်းဝင်လာသော သီဟသာရဲ့ မေမေသည် လက်ကို လက်သုတ်ပဝါတစ်ထည်နှင့် သုတ်လျက်သား ပြုံး၍ ခင့်ကို အကဲခတ်ရင်း လျှောက်လာသည်။ အနည်းငယ် ဝ,လာသော်လည်း ဖြူဝင်းခန့်ရန့်သည့် အန်တီလွင့် ရုပ်ရည်က တွဲကျသောနှစ်တွေနှင့် ညီအောင် ရင့်ရော်မလာသော်လည်း ဟိုးတုန်းကထက် မျက်ဝန်းများက အေးစက်ခက်မာလာခဲ့တာ မြင်မြင်ချင်း သိနိုင်သည်။





အန်တီလွင့်ကို ခင် စတင် မြင်မြင်ဖူးချင်း ဟိုးတုန်းက အန်တီလွင်သည် နူးညံ့နွေးထွေးသော မျက်ဝန်းတို့နှင့် ဒီထက် နှစ်လိုဖွယ်ကောင်းခဲ့ပါသည်။

"မေမေ ... ဒါ မ,လေ၊ မ, ကျွန်တော့် မေမေပေါ့"

"ထိုင် ... ထိုင် ...၊ ထိုင်ကြပါ"

"မေမေ ပင်ပန်းနေပြီလား"

သီဟသာက မေမေ့ကို ဖားသည်။ မေမေက သီဟသာကို တစ်ချက်သာကြည့်ပြီး လုံးဝ အဖြေမပေးပါ။ ခင့်ကိုသာ စူးစိုက်ကြည့်ရင်း လျှောက်လာသည်။ မေမေက ဖေဖေနံဘေး ဝင်ထိုင်လိုက်၍ သီဟသာတို့လည်း ပြန်ထိုင်ချလိုက်ကြပါသည်။ မေမေ တိတ်နေ၍ ဖေဖေက ...

"ဒီသမီးကို မြင်ဖူးသလိုရှိတယ် ပြောနေတာ လွင်ရဲ့"

ခင်သည် ခေါင်းကို အသာအယာ ငုံ့လိုက်ပါသည်။

"ကိုယ့်ပဲ အပြင်စီးပွားရေးလောကမှာ မြင်ဖူးတွေ့ဖူးတာ လား ဘာလား မသိပါဘူး လွင်ရော မြင်ဖူးသလို မရှိဘူး လား"

သီဟသာသည် ပေါင်ပေါ် တင်ထားသော မ,ရဲ့ လက်ချောင်းလေးတွေ တုန်နေတာကို တအံ့တသြ ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ချောင်းလေးတွေတင်မကာ၊ ပခုံးကလေးပါ အနည်းငယ် တုန်နေသယောင်ပင်။ ဒီလောက်တောင်ထိပဲ စိတ်လှုပ်ရှားနေရပါလား မ,ရယ်။

"မေမေ ... မ,က မလှဘူးလား"

"လှပါတယ်"

ဒေါ်လွှင်လွှင့်အသံက အေးစက်တိုးတိတ်နေသည်။ အခန်းထဲ ဝင်ဝင်လာချင်းတုန်းက ပြုံးနေခဲ့သေးသော ဒေါ်လွှင်လွှင့် မျက်နှာတွင် အပြုံးပျောက်ကွယ်ကာ ဘာမှန်းမသိသည့် ကြောက်စရာကောင်းသော အရိပ်အယောင်တစ်မျိုး ထင်ဟပ်လာသည်။ မေမေ့ကို ကြည့်ကာ သီဟသာ ရင်တဒိတ်ဒိတ် တုန်လာသည်။

ဒုက္ခပဲ။ သေချာသည်။ မြင်မြင်ချင်းပင် မ,ကို မေမေ မနှစ်မြို့ဘူး။ သီဟသာ ရိပ်မိသည်။ မေမေ ဘာများ ဖြစ်ပါလိမ့်။ ဤမျှ အပြစ်ကင်းစင်နုထွေးသည့် မ,အပေါ် တစ်ထိုင်တည်း အမြင်နှင့် မေမေ ဘာကိုများ ခါးသီးသွားပါလိမ့်။

"မေမေ ..."

"နေဦး သီဟသာ"

မေမေ့ အသံကလည်း ရေခဲစိမ်ထားသလို အေးခဲနေသည်။ ဖေဖေပါ မေမေ့ကို အလန့်တကြား လှည့်ကြည့်ကာ ...





"လွှင် ..."

မေမေက ဖေဖေ့ကို မကြည့်။ ခုချိန်မှာ တဆတ်ဆတ် သိသာအောင် တုန်ယင်နေပြီဖြစ်သော ဇင့်ကိုသာ စူးစူးစိုက်စိုက် ကြည့်ရင်း ...

"မင်းနာမည် ဇင်ဂမုန်း ဟုတ်လား၊ ဒါ နာမည်ရင်းလား"

"မေမေ ..."

"နေစမ်း သီဟသာ"

ဇင်က မျက်နှာလေးကို မော့လိုက်ပါသည်။ သွေးခြည်ဥသလို နီမြန်းနေသော ဇင့် မျက်နှာကို သီဟသာက အထိတ်တလန့် ကြည့်နေမိသည်။ မျက်လုံးအိမ်မှာလည်း မျက်ရည် ရစ်ဝိုင်းနေရင်း ဇင်က ...

"နာ ... နာမည်ရင်းက 'ဇင်'ပါပဲ၊ အန်တီလွှင်"

ထင်ထင်ရှားရှား တည့်တည့်ပေါ်လွှင်နေပြီဖြစ်သော ဇင့်မျက်နှာကို ဒေါ်လွှင်လွှင်က အထိတ်တလန့် စူးစူးရဲရဲ ကြည့်နေရင်း သူ့မျက်နှာတွေပါ နီရဲလာပါသည်။ ချက်ချင်းပင် ဝုန်းခနဲ ထ,ရပ်လိုက်ရင်း ...

"ဇင် ... ဟုတ်လား၊ ညည်းဟာ မိနှင်းရဲ့သမီး ဇင်ပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ... မ, ..."

သီဟသာသည် ထိုင်ရမလို ထ,ရမလို ရုပ်ဆင် တပျက် ဖြစ်နေရှာပါသည်။ ဦးကျော်သာကတော့ ဒေါ်လွင်လွင် စကားကို ကြားလျှင် ဇင့်ကို အံ့အားတသင့် စူးစိုက်ပုံဖမ်းကြည့် ရင်းက တရေးရေး မှတ်မိလာတော့သလို သက်ပြင်းတစ်ချက်ကို စိတ်ပျက်လက်ပျက် မှုတ်ထုတ်ပစ်လိုက်ကာ ...

"လွင် ... အေးအေးဆေးဆေး ပြောလို့ဆိုလို့ ရတယ် ကွာ"

"မပြောနိုင်ပါဘူး၊ ရှင် ဘာမှ မပါပါနဲ့၊ ကိုကျော်သာ၊ ရှင် မှာ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘာမှ ပြောရေးဆိုခွင့် မရှိတော့ ဘူး၊ ဒါကို ရှင် နားလည်လိုက်ပါ"

"မေမေ ... ဘာဖြစ်တာလဲ မေမေ၊ ကျွန်တော် ဘာမှ မသိပါလား၊ မ,က 'ဇင်' ဖြစ်နေတာနဲ့ ဘာဖြစ်သွားလို့လဲ"

မေမေ ကိုယ်တိုင်လည်း ဘာစကားမှ မဆက်နိုင်အောင် တုန်တုန်ယင်ယင် ဖြစ်နေပါသည်။ ဇင့်ကိုတော့ စူးစူးတောက် တောက် စိုက်ကြည့်နေကာ အကြီးအကျယ် အပြင်းအထန် ခံစား နေရပုံပင်။





"ဟုတ်ပါတယ် အန်တီလွင်၊ ဇင်က မေမေ့ သမီးပါပဲ၊ အန်တီလွင် မုန်းတဲ့ နှင်းရဲ့ သမီးပါ၊ မမုန်းထိုက်ပဲ အမုန်း ခံရတဲ့ ..."

"တော်ပါတော့၊ ဒါတွေ ပြန်မကြားပါရစေနဲ့၊ ပြန်မပြောပါ ရစေနဲ့၊ နားခါးလွန်းလို့၊ ရှက်လွန်းလို့ စက်ဆုပ်လွန်းလို့"

"လွင် ... မင်း ပြောနေတာတွေ ရုပ်ရင်ကောင်းမယ်၊ အခြေအမြစ် မရှိတာတွေ၊ ဒါတွေနဲ့ပဲ မင်း တစ်သက်လုံး စိတ်ဆွဲဖြစ်လာတာ၊ လုံးဝ မဟုတ်ဘူးဆိုတာ ငါ ကိုယ်တိုင် လည်း အကြိမ်ကြိမ် အခါခါ အမျိုးမျိုး ရှင်းပြပြီးပြီ"

"ရှင် မပြောနဲ့၊ ရှင့်ကို တစ်လုံးမှ မယုံဘူး"

"တောက် ..."

"ဇင် ... ညည်း သီဟသာကို ငါတို့သားမှန်း အစကတည်း က သိတယ်မဟုတ်"

"ဟုတ်ကဲ့ သိပါတယ် အန်တီလွင်"

"ဒါနဲ့များတောင် အိမ်လိုက်တွေ့တဲ့ထိ ညည်း အတင့်ရဲ သေးတယ်၊ ညည်းအမေကို ငါ ဘယ်လို စိတ်နာတယ်ဆို တာ ညည်း မသိဘူးလားဟင်၊ ညည်း အမေ မျက်နှာကို မကြည့်ချင်ဘူးဆိုတာ ညည်း နားမလည်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဇင် သိပါတယ်"

ဇင်သည် ပါးပေါ် မျက်ရည်ပေါက်တို့ တတုတ်တုတ် ပြုတ်ကျလာသည်။

"မေမေ မရှိတော့ပါဘူး အန်တီလွင်၊ မေမေ သေပါပြီ၊ ဒီက ထွက်သွားပြီး ငါးနှစ်အကြာကတည်းက မေမေ ဆုံးခဲ့တာ၊ ခုဆို မေမေ မရှိတာ ဆယ်နှစ်ရှိပါပြီ"

"အဲဒီတုန်းကတည်းက ညည်းဟာ နားလည်တဲ့**အရွယ်**၊ သိတဲ့အရွယ်၊ အဖြစ်အပျက်တွေလည်း ညည်း **အကုန်သိရဲ့**သားနဲ့၊ ညည်း ကိုသာ့ကို ချစ်စရာလားဟင် မိဇင်၊ ညည်း ဘာစိတ်ကူးနဲ့ ငါ့သားကို ချစ်လိုက်ရတာလဲ"

ဇင်သည် ရင်ထဲ နာနာနှင့် မျက်ရည်ကို သုတ်ကာ ...

"ချစ်တယ်ဆိုတာ အန်တီလွင် ပြောသလို ချစ်လိုက်မယ် မချစ်လိုက်ဘူး လုပ်လို့ရတဲ့ ကိစ္စမျိုးမှ မဟုတ်တာ၊ ကိုသာ့ကို ဇင် အလိုလိုချစ်တာ၊ ဘာကြောင့် ချစ်သလဲဆိုတာ ဇင်လည်း မပြောတတ်ပါဘူး၊ တစ်နေ့ ဒီလို ကြုံရမှာကိုလည်း ဇင် သိပါတယ် အန်တီလွင်၊ ဒါနဲ့တောင် အရဲစွန့်ပြီး မျက်နှာပြောင်တိုက်ပြီး ဒီအိမ်ပေါ် ဒီအထိ ရောက်လာရသလားဆိုရင် ဇင် တမင်တကာပဲ ရောက်လာ





တာပါ၊ အပြစ်မရှိတဲ့သူ ဖြစ်တဲ့အတွက် ရှက်ကြောက်ဝန် လေးဖို့လည်း မလိုပါဘူး ...

အန်တီလွင်နဲ့ တွေ့ကိုတွေ့ဦးမယ်၊ မေမေဟာ အန်တီလွင် ထင်သလို မဟုတ်ဘူးဆိုတာ ရှင်းကိုရှင်းပြဦးမယ်၊ အန်တီလွင် ယုံယုံမယုံယုံ အဖြစ်မှန်ကို ပြောကိုပြောရဦးမယ်ဆိုပြီး မရှောင်ဖယ်တော့တာပါပဲ"

"ညည်း ပြောမှ အဖြစ်မှန်ဆိုတဲ့ မုသားအရေခြုံတွေကို လွှန်ခဲ့တဲ့ ဆယ့်ငါးနှစ်ကတည်းက ညည်း အမေ ပြောခဲ့ပြီးသား၊ ငါ တစ်လုံးမှ မယုံဘူး၊ ခုလည်း မယုံဘူး၊ နားလည်လား"

"လွင် ... မင်း သိပ်တစ်ဖက်သတ်ဆန်တယ်၊ တစ်ယူသန် ဆန်နေတယ်"

"ရှင် ဘာမှ ဝင်မပြောနဲ့လို့ ပြောထားတယ် မဟုတ်လား"

"ဝင်မပြောလို့ ရမလားကွ၊ မင်း တစ်ဖက်သတ် ပေါက်လွှတ်ပဲစား စွပ်စွဲခဲ့တဲ့အထဲ ငါလည်း အပြောခံရတဲ့ ကာယကံရှင်ပဲ၊ ကိုယ်လည်း မဟုတ်ဘဲနဲ့ အောက်တန်းကျကျ သမုတ်ခံရတာ၊ ဘယ်လောက်သိက္ခာကျသလဲ၊ လုံးဝ မဟုတ်ဘူးဆိုတာ အဲဒီတုန်းကလည်း ပြောတယ်၊ ခုလည်း ပြောတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မင်း နားမထောင်ချင်လည်း မရဘူး၊ မင်းဟာမင်း ယုံချင်ယုံ မယုံချင်နေ၊ ပြောဖို့က ငါ့အခွင့်အရေးပဲ ...

လူတစ်ဖက်သားရဲ့ ဂုဏ်သိက္ခာကို မယုံဘူးဆိုတာ မင်း ပါးစပ်က အလွယ်ကလေး ပြောထွက်ဖို့ ဘာမှ မခက်ပေမဲ့ အပြောခံရတဲ့ သူမှာ အသက်နဲ့တမျှ နာကြည်းစရာကွ၊ ခုနေခါမှာ မင်းက မှားတဲ့သူမို့ မင်းကသာ ဒီကောင်မလေးကို အားနာမျက်နှာပူနေရမှာ၊ ဒီကောင်မလေးက မင်းကို တောင်းပန်းတိုးလျှိုးနေရမှာ မဟုတ်ဘူး"

"ဟင် ... ရှင် ဘယ်လို ပြောလိုက်တာလဲဟင်"

"ဒီလိုပဲ ပြောလိုက်တာ၊ သူ့မှာ ဘာအပြစ် ဘာအမှားမှ မရှိဘူး၊ မင်းမှာ ရှိတာ"

"သူ့မှာ အပြစ်မရှိတာ ကျွန်မ သိတယ်၊ သူက ဘာအပြစ်ရှိမှာလဲ၊ သူက ဒီတုန်းက ကလေးပဲ၊ အပြစ်ရှိတာ သူ့အမေလေ၊ သူ ဘာမှ အပြစ်မရှိပေမဲ့ ကျွန်မက ကိုယ့်လင်နဲ့ ဖောက်ပြန်တဲ့ မိန်းမရဲ့ သမီးနဲ့ ကိုယ့်သားကို သဘောတူစရာလား"

သီဟသာသည် အရုပ်ကြိုးပြတ် ဖြစ်သွားကာ ဦးကျော်သာက ဝုန်းခနဲ ထ,ရပ်လိုက်ပါသည်၊





"ဘာမှ မဖောက်ပြန်ခဲ့ဘူး၊ ငါ ဒီလောက် မယုတ်မာဘူးကွ၊ ကိုယ်အိမ်အရိပ်အာဝါသမှာ လာခိုလှုံတဲ့ ကိုယ့်မိန်းမရဲ့ သူငယ်ချင်းကိုမှ မရှောင် ကြာကူရိုရိုက်ရ ဖောက်ပြန်ရအောင် ငါ အောက်တန်းစားကောင် မဟုတ်ဘူး၊ ငါတို့ သန့်ရှင်းတယ်၊ မနှင်းကလည်း မင်း ထင်သလို မဟုတ်ဘူး သူတော်ကောင်းမ"

"ဩော ... ကျွန်မ တစ်ယောက်သာ သူယုတ်မာမ,ပေါ့"

"မင်း လူတစ်ဖက်သား ဂုဏ်သိက္ခာကို ပါးစပ်တစ်ပေါက်နဲ့ အလွယ်တကူ ရက်ရက်စက်စက် ချိုးဖွဲ့သတ်ဖြတ်ခဲ့တာလေ၊ မင်းကိုယ်မင်း ဆုံးဖြတ်ပေါ့"

ဦးကျော်သာ စကားကြောင့် ဒေါ်လွင်လွင့်ခန္ဓာကိုယ်မှာ ယိမ်းထိုး၍ပင် သွားပါသည်။ ဦးကျော်သာကို နာနာကြည်းကြည်း ကြည့်နေရာမှ ဆတ်ခနဲ သီဟသာဘက်သို့သာ လှည့်လိုက်ကာ ...

"သီဟသာ ... မင်းရဲ့ မ,ဆိုတဲ့ ဒီမိန်းကလေးဟာ မင်း ငယ်ငယ်တုန်းက ဒီအိမ်မှာ နှစ်နှစ်လောက် လာမှီခိုသွားဖူးတဲ့ ငါ့သူငယ်ချင်း မိနှင်းရဲ့သမီး၊ သူ့မှာ ယောကျ်ားသေပြီး ခိုကိုးရာမဲ့ စုတ်ပြတ်နေကြလို့ ငါ စောင့်ရှောက်ထားခဲ့

www.burmeseclassic.com



မိတာ၊ ဒီအိမ်မှာလာနေ၊ ငါ့ကျေးဇူးကို စားသုံးပြီး ငါ့ယောက်ျားနဲ့ ဖောက်ပြန်ခဲ့လို့ ငါ ကိုယ်တိုင် နှင်ထုတ်ခဲ့တဲ့ မြို့နှင်းရဲ့ သမီး၊ နားလည်လား ...

သူကိုယ်တိုင်က ဒီတုန်းက ကလေးသာသာ၊ သူ့ပယောဂအပြစ် ဘာမှ မပါဘူးဆိုပေမဲ့ မင်း ငါ့ရင်ထဲကို ဝင်ကြည့်စမ်းပါ သိဟသာရဲ့၊ ဒီလို မိန်းမရဲ့ သမီးနဲ့ မင်းကို ငါ သဘောတူနိုင်ပါ့မလား၊ လုံးဝ မတူနိုင်ဘူးဆိုတာ သူလည်း သိပြီးသား၊ ဒါကြောင့်သာ ဒီကို လာလို့ သူ့မှာ အထိတ်ထိတ် အပျာပျာ ဖြစ်နေတာ ...

မင်းကိစ္စ ခုကစ,ပြီး ရပ်တန်းကရပ်၊ ငါ ဒီကောင်မလေးနဲ့ မင်းကို လုံးဝ မပေးစားနိုင်ဘူး၊ သဘောမတူနိုင်ဘူး၊ နားလည်လား"

ဇင်သည် ခေါင်းကလေးကို ယမ်းကာ မျက်ရည်အသွယ်သွယ် ကျကာ တစ်ဆို့အက်ကွဲသော အသံနှင့် ...

"မဟုတ်ဘူး၊ မဟုတ်ရပါဘူး၊ မေမေက ဒီလို မဟုတ်ပါဘူး"

"ဟုတ်တယ်၊ ညည်းနဲ့ ငါ့သားကို သဘောမတူဘူး၊ အဲဒါ သိပြီ မဟုတ်လား၊ ညည်း ပြန်တော့၊ ဒါပဲ"





"မေမေ ... အဲဒီကိစ္စတွေ ကျွန်တော် ဘာမှ မသိဘူး၊ ဒါပေမဲ့ မ,နဲ့ ဘာဆိုင်လို့လဲ မေမေရယ်၊ ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ"

"ဘာဆိုင်လဲဆိုတော့ အဲဒီ အပြစ်ရှိသူတွေဟာ မင်းရဲ့ အဖေ၊ သူ့ရဲ့ အမေ၊ မင်းတို့ဟာ သူတို့ရဲ့ သွေးသားတွေ၊ မင်း မရှက်ဘူးလား သိဟသာရဲ့"

"ဟော့ ... လွင်လွင်၊ မင်း သိပ်စကားပြောလွန်လှပြီ၊ မင်း သိပ်ရိုင်းနေပြီ၊ လွန်လွန်းအားကြီးနေပြီ၊ တောက် ..."

"ရှင် ဘာလုပ်ချင်သလဲ၊ လုပ်လေ"

"ဟာကွာ ... တောက်၊ အဲဒီတုန်းကတည်းက သိပ်စိတ်ပျက်တယ် နားလည်လား၊ ကိုယ့်လင်ယောက်ျား ဂုဏ်သိက္ခာ၊ အပြစ်မဲ့တဲ့ မိန်းမတစ်ယောက် ဂုဏ်သိက္ခာ၊ ဒါတွေအတွက် လုံးဝ မစာနာခဲ့ဘဲ မျက်စိမှိတ် တစ်ယူသန်ပြီး ရမ်းသန်းစွပ်စွဲခဲ့တယ်၊ ဒီအတွက် မင်းကို ငါ စိတ်ပျက်တယ်၊ ခွင့်မလွှတ်ချင်ဘူးကွ၊ ဒါပေမဲ့ ဒီနေ့ထိ မင်းအပေါ် ဝတ္တရားမပျက် သားအပေါ် ဝတ္တရားမပျက် ငါ ဆက်ပြီး ရပ်တည်ခဲ့တယ် ...



www.burmeseclassic.com

www.burmeseclassic.com



ငါ အခု အပြင်မှာ နေချင်သလိုနေတာထိုင်တာ၊ ဒါတွေဟာ မင်း ဖန်တီးလိုက်လို့ ဖြစ်လာတဲ့ နောက်ဆက်တွဲတွေပဲ၊ ကောင်းအောင်နေတဲ့ ကျော်သာဆိုတဲ့ လူတစ်ယောက်ကို လူယုတ်မာဖြစ်အောင် မင်း စွပ်စွဲတယ်၊ ပတ်ဝန်းကျင်ကိုပါ သတင်းလွှင့်တယ်၊ ငါ့သိက္ခာတရားကို ခြေထောက်နဲ့ နင်းပစ်ခဲ့တယ်လေ၊ အဲဒါကြောင့် အခု မင်းကို ငါက မင်း ရသင့်ရထိုက်တဲ့ တန်ဖိုးကိုပဲ ပေးတာ နားလည်လား ...

အဖိုးမဖြတ်နိုင်တဲ့ ပစ္စည်းကို မင်းကို ပေးခဲ့ရဲ့သားနဲ့ မင်းက တစ်ဆယ်တန်လောက် နှိမ်ပြီး သတ်မှတ်တော့ မင်းကို အခု ငါက တစ်ဆယ်တန်လောက် ပစ္စည်းမျိုးပဲ ပြန်ပေးတော့တာ၊ မင်းနားလည်ရဲ့လား"

"ဟင် ... ရှင် ... ရှင်"

ဦးကျော်သာ စကားကြောင့် ဒေါ်လွှင်လွှင်မှာ အကြီးအကျယ် မခံမရပ်နိုင်ဖြစ်ကာ မတ်တတ်ကပင် လဲတော့မလို တက်ချက်တော့မလို ဖြစ်သွားပါသည်။ တစ်ဖက်တစ်မျိုး အနာအကြည်းတွေ အလုံးဆို့ကာ စကားလုံးတွေနှင့် ပစ်ခတ်တိုက်ခိုက်နေသမျှ ဘယ်ဘက်ကမှန်တယ်ကိုလည်း သီဟသာ မသိ။ ဘယ်ဘက်က ပါရမည်ကိုလဲ သီဟသာ မသိ။





"မင်းက ရိုးသားစင်ကြယ်မှုနဲ့ မထိုက်တန်ဘူး လွှင်လွှင်၊ မင်းက သိက္ခာမဲ့တဲ့ မစင်ကြယ်မှုနဲ့ပဲ ထိုက်တန်တဲ့ ရထိုက်တဲ့ မိန်းမပဲ၊ ငါ့ကို ရစရာမရှိအောင် မင်း သိက္ခာချခဲ့တာ နှစ်ပေါင်းများပြီ၊ အခု ဒီကောင်မလေး 'ဇင်'ဟာ ဘာအပြစ်မှ မရှိဘူးကွ၊ သူ တင်မကဘူး သူ့အမေ မနှင်းလည်း အပြစ်မရှိဘူး ...

အပြစ်မရှိသော်လည်း သေတဲ့ထိ သူ အပြစ်မရှိတာကို မင်းဆီ ထပ်ရှင်းလို့လည်း မရခဲ့ရှာဘူး၊ မရှိတဲ့အပြစ်ကို တစ်ဖက်သတ် နိုင့်ထက်စီးနင်း မင်း ထင်ခဲ့သမျှ၊ ရှင်းခွင့်မရ၊ ပြောခွင့်မရ၊ တလေးတပင် သယ်မိုးပြီး သေတောင် သေရှာပြီ၊ သူ့သမီး လက်ထက်အထိ မင်း ဆက်ပြီး မရက်စက်သင့်ဘူး လွှင်လွှင်၊ မင်းမှာ ဒီစိတ်နဲ့ပဲ ပူလောင်ပြင်းပြပြီး ဘယ်တော့မှ ငြိမ်းချမ်းမှာ မဟုတ်တော့ဘူး"

ဒေါ်လွှင်လွှင်သည် နားထင်နှစ်ဖက်ကို လက်ဝါးနှင့် ညှပ်ကိုင်ကာ မိုက်ခနဲ ယိုင်သွားပါသည်။

"မေမေ ..."

သီဟသာက ရုတ်ခနဲ မေမေ့ဆီ ထ,ပြေးကာ မျက်စိမှိတ် ခွေကျသွားသည့် မေမေ့ကိုယ်ကို အမိဆီးပွေ့ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပူစူး ... မိနော်၊ ငါ့ပရက်ရှာကာ့ဖ် ယူပေးစမ်း"

အသံကုန် ဟစ်အော်လိုက်ကာ မေမေ့ လက်ကောက်ဝတ် သွေးကို စမ်းသည်။ 'မေမေ' 'မေမေ'ဟု ပါးကို ပုတ်ကာ ပုတ်ကာ ခေါ်သည်။ တစ်ဆက်တည်းပဲ 'မ'ဟု သတိရကာ မ,ကော ဘယ်လိုများ ဖြစ်နေပြီလဲ အလန့်တကြား လှည့်ကြည့်မိသည်တွင် စောစောက ထိုင်နေခဲ့သော ဆိုဖာ၌ မ,က လုံးဝ ရှိမနေခဲ့တော့။ မ, ထွက်သွားခဲ့ပြီ။





ဇင်

(သို့မဟုတ်)

ဇင်ဝမ့်နှုန်း

(သို့မဟုတ်)

မ ... ... ...



www.burmeseclassic.com

www.burmeseclassic.com



## ၉

ဇင့် ဖေဖေ ကွယ်လွန်သွားတဲ့အခါ ဇင့်မေမေက အားကိုးရာမဲ့၊ ခိုကိုးရာမဲ့၊ သမီးတစ်ယောက်အမေ မုဆိုးမဘဝကို ရင်ဆိုင်ခဲ့ရပါသည်။ မလုပ်တတ် မကိုင်တတ် အငတ်ငတ်အပြတ်ပြတ်။ နဂိုကတည်းက သဘောမတူ၍ အမွေပြတ်စွန့်လွှတ်ထားသည့် ဇင့် ဖေဖေဘက်က အမျိုးအဆွေတို့ကလည်း ဖေဖေ ဆုံးတော့ပင် အသုဘ မလာပါ။

မေမေ့ဘက်ကတော့ နဂိုကပင် ဆွေမဲ့မျိုးမဲ့။ မေမေက ထုံးအပြီး အဖြစ်မရှိလှတဲ့ မိန်းမတစ်ယောက် ဖြစ်ခဲ့သည်။ ဘယ်လိုမှ ဆက်လက်ရပ်တည် လုပ်ကိုင်ရှာဖွေ မစားသောက်တတ်





တဲ့အဆုံး မေမေက သူ့အချစ်ဆုံးသူငယ်ချင်း လွှင်လွှင်ဆိုတဲ့ အန်တီလွှင်ကို ဆက်သွယ်လိုက်ရာက အန်တီလွှင်က ဇင်တို့သားအမိကို ခေါ်ယူလိုက်ခြင်း ဖြစ်ပါသည်။

အန်တီလွှင်ဟာ နဂို စိတ်ရင်းကောင်းကာ သနားကြင်နာတတ်သူပါ။ ဆယ့်တစ်နှစ်သမီးအရွယ် ဇင့်ကို ...

"ဘာမှ အားမငယ်နဲ့နော် သမီး၊ သမီး အမေက သိပ်အားငယ်တတ်တာ၊ သမီးက မေမေ့ကို အားပေး၊ ငိုငိုမနေပါနဲ့ နှင်းရယ်၊ နှင် ငိုနေတာ မြင်ရတာ ငါ့ နှလုံးမချမ်းသာလွန်းလို့ပါ၊ နှင် ဘာမှ တွေးပူမနေနဲ့၊ နှင်တို့သားအမိနှစ်ယောက်စာလောက်တော့ ငါ တစ်သက်လုံး ကျွေးထားနိုင်တယ် ...

နှင့်သမီး ပညာမတတ်မှာလဲ မပူနဲ့၊ ဘွဲ့ရတဲ့ထိ ငါ ပညာသင်ပေးမှာပေါ့၊ နှင် ဘာမှ မပူပင်နဲ့၊ အားလည်း မနာနဲ့၊ နှင်တို့သားအမိကို ဒီအိမ်လေးမှာပဲ နေခိုင်းတာက နှင်က ဒီမှာပဲ နေပါရစေ ဆိုလို့ကတစ်ကြောင်း၊ အိမ်ကြီးပေါ်ဆိုရင် နှင် စိတ်ကျဉ်းကျပ်မှာစိုးတာတစ်ကြောင်း၊ ပြီးတော့ ငါ့ယောကျ်ားက အခုတော့ နှင်တို့ကို သနားပြီး ဘာမှ မပြောပေမဲ့ တစ်ချိန်ချိန် အတူနေရင်း မျက်စိနောက်

www.burmeseclassic.com



စရာ၊ စိတ်အခန့်မသင့်စရာ တစ်ခုခု မဖြစ်ခင် ကြိုရှောင်စေချင်တာကတစ်ကြောင်းကြောင့် သိလား နှင်း၊ အိမ်ပေါ်မထားဘဲ ခွဲခြားတယ်လည်း နှင် မထင်နဲ့”

“မထင်ပါဘူး လွင်ရယ်၊ ဒီမှာ နေရတာ ဝမ်းသာလှပြီ၊ အိမ်ပေါ်မှာ ငါလည်း စိတ်ကျဉ်းကျပ်ပါတယ်၊ ခုလိုလာမှီခိုရတာ နှင့်ယောကျ်ားကို ရှက်လည်းရှက်၊ ကြောက်လည်းကြောက်၊ အားလည်းနာတယ်”

တကယ်ကတော့ အန်တီလွင်ဟာ ယောကျ်ားကို ချစ်လွန်းသူတစ်ယောက်၊ သဝန်တိုလွန်းအားကြီးသူတစ်ယောက် ဖြစ်ပါသည်။ အိမ်ထောင်ကျကာစ ဦးဦး ကိုယ်တိုင် လူရိုးလူအေး ဖြစ်နေခဲ့တဲ့ ကာလတွေကတည်းက အလုပ်ခွင်မှာ ဝန်ထမ်းအမျိုးသမီးငယ်ငယ်ပင် မရှိစေခဲ့တာ နောင်တဖြည်းဖြည်းမှ သိလာရသည်။ ယောကျ်ားကို ချစ်သလောက် တိုထွာမှုမှာလဲ ကမ်းကုန်သည်။

ဇင့် မေမေအပေါ် အန်တီလွင် အင်မတန် ကောင်းရှာခဲ့ပါသည်။ မေမေဟာ ဘာမှ မလုပ်ရ၊ မကိုင်ရဘဲ မှီခိုနေရခြင်းအပေါ် အားနာကာ မနေတတ်ဖြစ်ပြီး မီးဖိုအလုပ်တွေ၊ လျှော်ဖွပ်ရေးတွေမှာ ဝင်ဝင်လုပ်တတ်သည်။ အဲဒါကိုပင် အန်တီလွင်က မလုပ်စေခဲ့သူပါ။





“နှင်း ... နှင့်ကို ငါက အိမ်အလုပ်ကူဖို့ ခေါ်ထားတာ မဟုတ်ဘူး။ ဒုက္ခရောက်နေတဲ့ ငါ့သူငယ်ချင်းကို ခေါ်စောင့်ရှောက်ထားတာ၊ နှင် ဒီလို ဝင်လုပ်နေတော့ ဘေးလူတွေက ဘာပြောမလဲ၊ နှင့်ကို ငါက ထမင်းစားကျွန်ခံ ခေါ်လုပ်ထားတယ်တောင် ကဲ့ရဲ့ကြဦးမယ်၊ နှင်း အပူပင်ကင်းကင်းနဲ့ အိပ်လိုက် စားလိုက်သာနေ၊ ဘာမှ မလုပ်ပါနဲ့ဟယ်”

အဲသလို အိပ်လိုက် စားလိုက် နေလာရင်းက နေရိပ်ထဲမှာ ထမင်းဝနေ၍ ဖြူဥကာ ဝ,လှလာတဲ့ မေမေ့အသွင်ဟာ ဖေဖေ ဆုံးစ ဒုက္ခအတိရောက်နေစဉ်ကနှင့် ဘာမှ မဆိုင်တော့ပါ။

“လွင်ရာ ... မနှင်းတို့သားအမိကိုပါ အိမ်ပေါ် ခေါ်ကျွေးပါလား၊ ဟိုအိမ်လေးကို ထမင်းပို့ပေးနေတာ တကူးတကလည်း အလုပ်ရှုပ်သေး၊ ခွဲခြားရာလည်း ကျပါတယ်ကွာ၊ လွင်တို့ သူငယ်ချင်းက ဘာမှ မဖြစ်ပေမဲ့ မနှင်းက တော်ကြာ ကိုယ် မကြိုက်လို့ မကြည်ဖြူလို့ ဒီလိုခွဲခွဲခြားခြား နေရစားရတယ် ထင်ပြီး အားငယ်ကြောက်လန့်နေပါ့မယ်”



www.burmeseclassic.com

www.burmeseclassic.com



ဦးဦး စေတနာစကား ဆိုမိရာက အဖြစ်အပျက်တို့က စ,ခဲ့တာပင်။ ဦးဦး ထင်သလိုပင် ဖင့်မေမေဟာ ဦးဦးကို ကြောက်သည်။ ရှိန်သည်။ သူ ခြံထဲရှိတုန်း ဦးဦး ပြန်လာလျှင်ပင် အိမ်ပေါ်တက်ပြေးပါသည်။ မေမေက အဲသလို ကြောက်တော့ ဒါကို ဦးဦးက ပြန်အားနာကရုဏာသက်သည်။ အန်တီလွင့်ကို ခုနလို စကားမျိုးတွေ ပြောဖြစ်လာသည်။

ဒါမျိုးကို သဝန်တိုတိုချစ်ရလွန်းတဲ့ ခင်ပွန်းသည်ထံမှ ကြားရတာ အကြိမ်များလာတဲ့အခါ အန်တီလွင်ဟာ အလိုအလျောက် မေမေ့အပေါ် စေတနာ စ,တင်ကွက်ခဲ့ပါတော့သည်။ ဆယ့်တစ်နှစ် ဆယ့်နှစ်နှစ်သမီးတစ်ယောက်အမေ မထင်ရအောင် နုရွလှကာ ဖြူစင်ဝင်းအိလာသော မေမေ့ကိုလည်း အလိုလိုနေရင်း ကြည့်မရဖြစ်လာပါသည်။

အဖြစ်အပျက် အသေးစိတ်တို့က များစွာ ရှိခဲ့ပြီး ဒါတွေကို အတိုချုံ့ရသော် အန်တီလွင်ဟာ တဖြည်းဖြည်း ဖင့်မေမေကို ကြည့်မရကာ နှိမ်လာသည်။ ခိုင်းလာသည်။ လေသံမာလာသည်။ အပြစ်မြင်လာသည်။ ဆူပူကြိမ်းမောင်းလာသည်။ ရန်လုပ်လာသည်။





ဖင့် မေမေဟာ အ,တိုးအ,တ လူကြောက်သူ။ အညံ့ခံတတ်သူ။ မျက်ရည်လွယ်သူ။ မေမေနှင့် ဦးဦး အကြား ထူးခြားသောရင်းနှီးဆက်ဆံမှုမျိုး မရှိပါဘဲနှင့်ကို အန်တီလွင်က အူတိုလာတာဖြစ်သည်။ ဂျာအေး သူ့အမေရိုက်သလို အန်တီလွင်က ပြောင်းလဲမာကျောရင့်သီးလာလေ၊ မေမေကလည်း ပိုပြီး ညှိုးငယ်ဝမ်းနည်းမျက်ရည်ကျတတ်လေ၊ ဦးဦးက ကြားက အားနာပါးနာတွေဖြစ်ကာ အန်တီလွင့်ကို တောင်းပန်ဟန့်တားလာလေ အန်တီလွင် ပိုဆိုးလေ။

"ရှင်က ဘာဖြစ်လို့ သူ့ကို ထိရင် မခံနိုင်အောင် ဖြစ်နေရတာလဲ"

အန်တီလွင် ထိုသို့ စ,ဖြစ်လာချိန်ထိ မေမေနှင့် ဦးဦးဟာ စကားဆယ်ခွန်းပြည့်လောက်အောင် မရင်းနှီးသေးပေ။ ဦးဦးကလည်း မေမေ့ကို တိုက်ရိုက် ဖော်ရွေပျူငှာမှု မရှိပါ။ အန်တီလွင့် အကြိမ်းအမောင်းတို့ကိုသာ ကွယ်ရာမှာ ဟန့်တာ။ မေမေ လှနေတာက အပြစ်တစ်မျိုး ဖြစ်မည်ထင်ပါသည်။

"ရှင် အလုပ်ကပြန်လာရင် အိမ်ပေါ်တန်းတက်ပါ ကိုကျော်သာ၊ ခြံထဲမှာ လေညင်းခံသလိုလို လတ်လျားလတ်လျား လုပ်မနေနဲ့၊ ကျွန်မ မကြိုက်ဘူး၊ ဟိုဟာမလည်း ရှင်ပြန်ချိန်ဆို သနပ်ခါး ခြေဆုံးခေါင်းဆုံး လူလုံးပြရတာ အမော"

www.burmeseclassic.com



"မင်း ဘာတွေ လျှောက်ပြောနေတာလဲ လွင်ရယ်၊ အလုပ်သမားတွေရော၊ မနှင်းတို့ သားအမိပါ ကြားတော့မှာပဲ၊ မကောင်းပါဘူးကွာ၊ ကိုယ်လည်း အမြဲ အဲသလို ခြိမ်းခြောက်နေနေတာမှ မဟုတ်ဘဲ၊ တစ်ခါတလေ မေ့မေ့လျော့လျော့နဲ့ ကိုယ့်ခြံထဲမို့ ကိုယ် ခဏလျှောက်မိတာပါ၊ မင်း ပြောတာနဲ့ပဲ စိတ်တောင် မလွတ်လပ်တော့ဘူးကွာ၊ ကိုယ် လုပ်မိကိုင်မိတာပဲ မသင့်တော်တာ ဖြစ်သွားမလား စိတ်ထင့်နေတာနဲ့ စိတ်ညစ်လာပြီကွာ၊ အဲဒါ မင်း သူငယ်ချင်းပါ၊ မင်း သနားလို့ ခေါ်ထားတာပါ၊ မင်း မယုံသင်္ကာရင် တခြားသွားနေတော့လို့ နှင်ပစ်လိုက်ကွာ"

ဤအချိန်မှာ အန်တီလွင်က ဇင်တို့သားအမိကို မနှင်နိုင်တော့ပါ။ ဝန်တိုမီးဟာလည်း အတော်ပူလောင်နေပြီ။ မသင်္ကာခြင်းကလည်း အန်တီလွင့်ကို ပိန်လျှသွားစေတဲ့ထိအောင် ဖိစီးနေပြီ။ ဒီကနေ နှင်လိုက်ပြီးမှ ကိုယ့်မျက်ကွယ်မှာ သွားတွေ့နေကြမလားဆိုတဲ့ စိုးရိမ်သံသယမျိုးတောင်မှ ဖြစ်နေခဲ့ပါပြီ။

ဒါတွေကိုလည်း မေမေ့ကို စွပ်စွဲနှင်ထုတ်စဉ်က အန်တီလွင် ကိုယ်တိုင် ဖွင့်ဟပြောလိုက်၍ သိရတာတွေပါ။ နှင်လည်း မနှင်ရဲ။ ထားလည်း မထားလိုတော့။ အန်တီလွင်ဟာ





မေမေ့ကို အလိုလိုနေရင်း မုန်းလာတော့တာမျိုးပင်။ မေမေ့မှာလည်း အိမ်ထဲက အိမ်ပြင်၊ အိမ်အဝပင် ထွက်မရပ်ရဲအောင်ပင်။ အဲသလို ပျောက်နေပြန်တော့လည်း ဦးဦးက နှုတ်အငြိမ်မနေ။ (သူ့စိတ်ထဲ ရိုးရှင်းလို့လည်း ဖြစ်ပေမည်။)

"မင်း သူငယ်ချင်း ခုတလော မတွေ့ပါလား၊ သူ့သမီးလေးပဲ ကျောင်းသွားကျောင်းပြန် တစ်ချက်တလေ တွေ့တယ်၊ အိမ်မှာကော ရှိသေးရဲ့လား၊ နေမကောင်း ဖြစ်နေလို့လား"

ဤမျှလောက် အရေးတစိုက် မေးမိလျှင် ဤနေ့အဖို့ ဇင့်မေမေ နေစရာမရှိတော့ပါ။ အန်တီလွင် အပြစ်ရှာ ဆူပူကြိမ်းမောင်းတာတွေကို ဦးဦး မရှိခိုက်မှာ တရကြမ်းခံရပြီမှတ်။

"နင် အဝတ်လျှော်လိုက်ပြီးရင် ရေက အဲဒီအတိုင်းပဲ တင်ကျန်ရစ်တယ်၊ ကြာရင် ဗွက်ပေါက်တော့မယ်ဟဲ့" ဆိုတာမျိုး။

"ဟိုကောင်မလေးဟာ စကတ်ကို အောက်နားကွဲအောင် ဆော့ရတယ်လို့၊ နင်ကလည်း တစ်လုံးမှ မဆုံးမတော့ဘူးလား၊ အလိုချည်း လိုက်မနေနဲ့၊ ဖအေရှိတာ မဟုတ်ဘူး၊ ကိုယ့်ဘဝကိုယ်သိပစေ" ဆိုတာမျိုး။

"လုချင်ပြန်လည်း နင့်အပြင်မရှိဘူး၊ သနပ်ခါးဘာ အဖုံသား၊ ပျင်းနေပြန်ရင်လည်း လူက မပြင်မဆင် ဗျစ်ဟီးဗျစ်



www.burmeseclassic.com

www.burmeseclassic.com



ရတ်၊ ညစ်ပတ်သတ်နေတာပဲ၊ အဲဒါမျိုး ငါ မကြိုက်ပါဘူး” ဆိုတာမျိုး။

ဘာမှ အပြစ်မဟုတ်လှတဲ့ အဖြစ်တွေဟာလဲ အပြစ်ဖြစ်ရလေသည်။ မေမေသည်လည်း ရောက်စ သုံးလေးရက်ကလွဲ၍ မပျော်ပိုက်ပါ။ အန်တီလွင် ဝေါက်လျှင် အားငယ်၍ ကျိတ်သာ ငိုတတ်သည်။ ထွက်သွားဖို့ရာကလည်း ပြေးစရာမြေမရှိ ဆိုသလို ဖြစ်နေ၍ အရည်အချင်း မရှိတာနှင့် ပေါင်းကာ ကြွသမျှ ပေတော ခါးစည်းခံနေရသလို ဖြစ်တော့တာပင်။

အမှန်က အဲဒီကတည်းက မေမေ့မှာ နှလုံးရောဂါ အခံ ရှိခဲ့မည်။ မေမေက ဗဟုသုတနည်း၊ ဖင်က ကလေးဖြစ်၍ ဘာမှ မသိပါ။ မေမေ ဆုံးတော့ နှလုံးရောဂါနှင့် ဆုံးတဲ့အခါကျမှ ပင် ဖင် ပြန်တွေးမိတော့တာ။ ထစ်ခနဲ အားငယ်ကာ ကတုန်ကယင် ဖြစ်ကာ မေမေ ငိုတတ်တာတွေဟာ နှလုံးရဲ့ အားနည်းချက်ကြောင့် လည်းကောင်း စိတ်ဓာတ်ကျဆင်းခြင်းကြောင့်လည်းကောင်း ဖြစ်လိမ့်မည်။

စိတ်ညစ်ညစ်နှင့် ကြိတ်မှိတ်ဖြစ်ညှစ်နေရသော မေမေဟာ အချိန်တိုတွင်းမှာ ရောဂါလက္ခဏာပြလာတာတွေ၊ ထိုစဉ်ကတော့ နားမလည်ပေ။ လှစ်ခနဲ အရုပ်ကြိုးပြတ် မောဆို





တက်လာကာ သတိလစ်သွားတတ်တာမျိုး မေမေ မကြာမကြာ ဖြစ်လာပါသည်။ အန်တီလွင် ရှိခိုက်နှင့် ကြုံတော့ အန်တီလွင် ကိုယ်တိုင် အလန့်တကြား စိုးရိမ်တကြီး ဆရာဝန်ပင့်ပေးခဲ့သော် လည်း အန်တီလွင် အိမ်မှာ မရှိဘဲ ဦးဦး စောပြန်လာတဲ့ ရှားရှားပါးပါး တစ်ရက်မှာတော့ မေမေ ထိုသို့ ဖြစ်တဲ့အခါ ဖင့်မှာ ဦးဦးကိုသာ အားကိုးတကြီး ပြေးခေါ်ရတော့တာပဲပေါ့။ ဦးဦးကလည်း တစ်ကြိမ်မှ မကြုံဖူးသေး၍ စိုးရိမ်တကြီး ပြေးရောက်လာသည်။ ဆရာဝန်ခေါ်ပေးကာ ဆရာဝန် ပြန်သွားတဲ့တိုင် မေမေ့ပုံစံကို အားမရနိုင်သေး၍ ဦးဦးက မပြန်။

မေမေက အိမ်အိုလေးရှေ့ခန်းမှာ ဖျာခင်းအိပ်၍ ဖင်နှင့် ဦးဦးက အနားက ထိုင်ကြည့်နေသည်။ ဒီတုန်းက မေမေ အိပ်မပျော်နေတာ ဖင် သိသည်။ သို့သော် မေမေ့ခမျာ ဦးဦးနှင့် စကားမပြောဝံ့၍ အိပ်ပျော်ဟန်ဆောင်နေပါသည်။ အဲဒီတုန်း အန်တီလွင် ပြန်ရောက်လာတဲ့အခါ တစ်ကြိမ်မှ ဒါမျိုး မကြုံသေးဖူးတဲ့ ဦးဦးက သူ အလန့်တဖျပ် ဖြစ်ရပုံကို အရေးတကြီး ပြန်ပြောတဲ့အခါ ...

“အမယ်လေး ... သူ ဒီလိုဖြစ်တာ ရိုးနေပြီ၊ ရှင်က ခုတစ်ခါပဲသိလို့ပါ၊ မိန်းမတို့က မူယာမာယာက ပိုပိုရယ်၊



www.burmeseclassic.com

www.burmeseclassic.com



လန့်မနေနဲ့၊ သူက ဂရုစိုက်က ခံချင်ချင်ရယ်၊ ကောက်ကာငင်ကာ ဖြစ်ချင်လည်း ထ,ဖြစ်ပြန်ရော၊ ဘာမှ မဟုတ်ပါဘူး၊ အလကားပဲတင်းပါ၊ သည်းနေတာ"

အန်တီလွှင့်စကားကြောင့် ဦးဦးက အားနာသွားပုံနှင့် ...

"လွှင်ကလည်းကွာ၊ ဆရာဝန်က သေချာပြောသွားတာပါ၊ ခုနက နှလုံးခုန်စမ်းမရသလိုလို ဖြစ်တာတဲ့၊ ဟန်လုပ်တာ မဟုတ်ပါဘူး၊ တကယ်ဖြစ်ရှာတာပါ လွှင်ရယ်"

"အမယ်လေး ... အဲသလောက်လည်း သနားမနေနဲ့၊ ရှင်နဲ့ ဘာမှ မဆိုင်ဘူး၊ မဆိုင်သလိုနေပါ"

"လွှင်ကလည်းကွာ"

ဦးဦးဟာ အပြောခံရတာကို ခပ်ရှက်ရှက် မျက်နှာပျက်ပျက်နှင့် ထွက်သွားခဲ့ပါသည်။ ဖြစ်များဖြစ်ချင်တော့ အဲဒီတလောက ဦးဦးဟာ သူ့ရဲ့ မြို့ထဲကကုမ္ပဏီရုံးကို တိုက်မြင့်ကြီး ပြင်ဆောက်ပြုပြင်လေရာ။ သူ့အိမ်မှာပဲ ယာယီကုမ္ပဏီရုံးခန်း ဖွင့်ထားလိုက်ပါသည်။ အဲဒါကြောင့် သူ့အလုပ်တွေကို မိုးလင်းကမိုးချုပ် အိမ်က တစ်ဖဝါးမှ ခွာစရာမလိုပဲ အိမ်မှာ ရုံးထိုင်နေရတော့ပြီး မထွက်မဖြစ်ကိစ္စရှိမှ အပြင်ထွက်ရတဲ့အချိန်။





အမေရိကား ရောက်နေတဲ့ အန်တီလွှင့် အစ်မရင်းနှင့် သူ့ယောက်ျား ဘိုကြီးရယ်၊ ဆံပင်ဝါဝါ သူတို့ရဲ့ သားငယ်လေးရယ် မြန်မာပြည်ကို တစ်လတာ အလည်လာကြပါသည်။ ရောက်ကာစ သုံးလေးရက် ရန်ကုန်မြို့ထဲမှာတင်ပဲ ဟိုပို့ဒီပို့။ နိုင်ငံခြားသားပါနေ၍ ဒီအိမ်လာတည်းလို့မရဘဲ ဟိုတယ်မှာ တည်းကြသည်။

ဒါတွေကို ကြိုလိုက်ပို့လိုက် လျှောက်ပြလိုက် လုပ်အပြီး သူတို့ မိသားတစ်စု ရှမ်းပြည်နယ် တောင်ကြီး၊ အင်းလေး၊ ပုဂံတို့သို့ နှစ်ပတ်ခရီး ထွက်ကြသည့်အခါ အန်တီလွှင့်ကိုပါ ဖွတ်ခေါ်ကြ၍ မလိုက်မဖြစ် နောက်ဆံငင်ခြင်းကြီးစွာ အန်တီလွှင် လိုက်ပါသွားခဲ့ရပါသည်။ အန်တီလွှင် တစ်ယောက် နောက်ကြောင်းမအေးပုံမှာတော့ ဘေးလူအားလုံး ရိပ်မိတဲ့အထိပင်။

အိမ်က အလုပ်သမားတွေကိုလည်းမှာ။ ယောက်ျားကိုလည်းမှာ။ ဇင့်ကိုလည်းမှာ။

"ဇင် ထမင်းဟင်းချိုင့် သွားယူရင် အိမ်ထဲကို သမီးသွားယူ ကြားလား၊ နင့်အမေ မလွှတ်နဲ့၊ တော်ကြာ အိမ်ထဲရောက်မှ မူးပြုလဲနေဦးမယ်၊ သူကလည်း တရှောင်ရှောင်နဲ့၊ ငါ နည်းနည်းမှ စိတ်မချဘူး၊ မိနှင်း တစ်ခုခု



www.burmeseclassic.com

www.burmeseclassic.com



နေမကောင်းရင် ဒီမှာ အန်တီလွှင်ပေးခဲ့တဲ့ ဖုန်းနံပါတ်နဲ့ အိမ်ပေါ်ကို သမီး တက်ပြီးဆက်၊ ဆရာဝန်လာမယ်၊ နားလည်လား၊ ဆရာဝန်ကို သေချာမှာခဲ့ပြီးသား၊ ဦးဦးကို သွားသွားမပြောနဲ့၊ ဦးဦးက အလုပ်များတယ်၊ မအားဘူး ကြားလား၊ ညည်း အိမ်ထဲဝင်ရင် နောက်ဖေးပေါက်ကတက်၊ အိမ်ရှေ့က မတက်နဲ့၊ ရုံးလုပ်ထားတော့ လူဝင်လူထွက်ရှိတယ်၊ ကလေးတစ်ယောက် ဝင်ထွက်နေရင် လူကြီးတွေ မကြိုက်ဘူး၊ နားလည်လား၊ ဒီမှာ နင့်အတွက် ဆေးတွေနော် မိနှင်း၊ ငွေလည်း အရေးရှိ သုံးလို့ရအောင် ထားပေးခဲ့မယ်”

မပြီးဆုံးနိုင်သည့် နာရီချိအောင် ကြာသော အမှာစကားတို့ကို မေမေ မျက်ရည်ကျရင်း ခေါင်းသာညိတ်နေခဲ့ပါသည်။

“ငါ့ကို စိတ်ချပါ လွှင်ရယ်၊ နင်ပြောတဲ့အတိုင်း ဖြစ်ရပါ့မယ်၊ နင်က ငါ့တို့သားအမိရဲ့ ကျေးဇူးရှင်ပါ၊ ငါ့တစ်သက် ဘယ်တော့မှ မပြစ်မှားပါဘူး”

ဤစကားသာ မေမေက ပြန်ပြောခဲ့ပါသည်။ ကုသိုလ်ကံကြမ္မာက ဖြစ်ဖို့ပါလာလျှင် ဖြစ်ကိုဖြစ်တာပဲ ထင်ပါရဲ့။ ဇင့် အပြစ်လို့ ပြောလည်းရသည်။ တစ်ရက်မှာ မေမေ အသက်ရှူမရ





အောင် အေးစက်ပြာနှမ်းမောကျပ်လာ၍ ဇင်က ဆရာဝန်ဆီ ဖုန်းဆက်ဖို့ ပြေးမည်ပြုလျှင် ...

“မသွားနဲ့သမီး၊ သက်သာသွားမှာပါ”

မေမေက ဇင့် လက်ကို မရှိမဲ့ရှိမဲ့ အားနှင့် ဆုပ်ဆွဲထားခဲ့သည်။ အိမ်ပေါ်က တစ်ယောက်ယောက် သိသွားမှာ၊ ဦးဦး သိသွားမှာ မေမေ အရမ်းစိုးရိမ်ခဲ့ပါသည်။ ဦးဦးကို မပြောရဘူးဆိုတာတော့ ဇင် သိသည်။ ဒါပေမဲ့ ဇင့် အသိဟာ မေမေ့လောက်တော့ မပြင်းထန်မလေးနက်။ ဘယ်လိုနည်းနှင့်မှ မသိစေရဘူးဆိုတာလောက်ထိတော့ မဟုတ်ပါ။

မေမေ ပိုဆိုးလာတဲ့အခါ ဇင်က ဖွတ်ပင် အိမ်ကြီးဘက် ပြေးလာခဲ့သည်။ နေ့လယ်ချိန်ဖြစ်၍ နောက်ဖေးတံခါးက ပိတ်ထားကာ ဒီအချိန်မျိုးမှာ အလုပ်သမားတို့ဟာ သူတို့ အခန်းထဲ သူတို့ နားနားနေနေ ရှိနေတတ်ကြတာပင်။ နောက်ဖေးတံခါးပိတ်ထားတော့ ဇင် လေးတုံ့မနေ။ အိမ်ရှေ့ကသာ ပြေးဝင်ချသွားလိုက်ပါသည်။ ပြူးပြူးပျာပျာ အမောတကောနှင့် ဖုန်းနံပါတ်စာရွက်ကို ကိုင်ကာ ဖုန်းအနား ဆတ်ဆတ်တုန်နေတဲ့ ဇင့်ထံ ဦးဦး ရောက်လာပြီး ...

“ဘာဖြစ်လဲ သမီး၊ မနှင်း နေမကောင်းဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဦးဦး"

"ဒါ ဘာလဲ ..."

"ဆရာဝန် ဖုန်းနံပါတ်၊ အန်တီလွင် ပေးခဲ့တာပါ"

ဦးဦးက အသံထွက်အောင် သက်ပြင်းချပြီး ဆရာဝန်ထံ သူကိုယ်တိုင် ဆက်ခေါ်သည်။ ပြီးလျှင် နောက်မေးမှ 'မမြ'ဆိုသည့် အလုပ်သမားကိုပါ လှမ်းခေါ်ပြီးမှ ...

"မမြ ... ငါနဲ့ အဖော်လိုက်ခဲ့၊ သူ့အမေ နေမကောင်းလို့ သွားကြည့်ရမယ်"

မမြဟာ အန်တီလွင့်အကြောင်းတွေ၊ ပူပန်မှုတွေ၊ ဝန်တိုမှုတွေကို အားလုံး သိနားလည်နေသူပါပင်။ အဲဒီနေ့က ဦးဦး၊ မမြ၊ ဆရာဝန်တို့ ဖင်တို့အိမ်အိုလေးထဲ အတန်ကြာ ရှိကြသည်။ နောက်ထပ်သုံးလေးရက်လည်း ဤသို့ပင်။ ဦးဦးဟာ မမြကို ဖင်တို့အိမ်ဘက် လွှတ်ထားတာ များပါသည်။

ဒါတွေဟာ အန်တီလွင် ပြန်လာတော့ ဒေါသူပုန်ထစရာ အဖြစ်တွေ ဖြစ်ရသည်။ ပြန်သိတော့ မမြကို စစ်ဆေးမေးမြန်း သည်။ မမြ ပြောစကားတို့ဟာလည်း အပိုမပါ။ အမှန်တွေ။ ဦးဦး လေးငါးရက် နေ့တိုင်း လာကြည့်သည်။ ဆရာဝန် ခေါ်ပေးသည်။ မမြ လာစောင့်ပေးရသည်။ ဦးဦးက





မနှင်းကိုလည်း သတင်းမေးသည်။ အားပေးသည်။ ဖင့်ကို ဘာဖြစ်ဖြစ် လာခေါ်ဖို့ မှာထားသည်။

အန်တီလွင် မေးသမျှကို မမြ ပြောသမျှဌ် မုသားမပါ။ ဘာမှ မရိုးမသား မပါဝင်တာ မမြလည်း အသိဆုံး။ သို့ပေမဲ့ သံသယကြီးသူက မေးခွန်းထုတ်ကတည်းက အမြင်စောင်းစောင်းနှင့် မေးတဲ့အခါတို့တွင် အဖြေမှန်တို့သည်လည်း အဓိပ္ပာယ်စောင်း သွားတတ်ကြသည်။

"နှင့် ဦးဦးက စိတ်ပူနေတဲ့ပုံရလား"

ဤမေးခွန်းမျိုးကို မမြ မည်သို့ ဖြေမည်နည်း။

"ဟုတ်ကဲ့ ... စိတ်ပူပါတယ်"ရယ်လို့ပင်။

"သူကိုယ်တိုင် မိနှင်းကို သတင်းမေးပြုလုပ်သေးလား"

"ဟုတ်ကဲ့"

"နှင့်ကို ဘာမှာလဲ"

"သေချာဂရုစိုက်ကြည့်၊ တစ်ခုခုဖြစ်ရင် ဦးဦးကို ပြေးခေါ်လို့ မှာပါတယ်"

"မိနှင်း ဖြစ်တာက ပြေးခေါ်ရလောက်အောင်မို့လို့လား၊ နင် ပြေးခေါ်ရသေးသလား"

"မခေါ်ရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မိနှင်းကို ဘာကျွေး ညာကျွေး ဆိုတာ ဘယ်သူ စီစဉ်လဲ"

"ဆရာဝန်က ပြောတာတွေ ဦးဦးက ကျွန်မတို့ကို ပြန်ပြောပြီး ခိုင်းပါတယ်"

အန်တီလွင်ဟာ ဇင့် မေမေ့အပေါ် ဦးဦး ဟျာဟျာသလဲ ပူပန်စိုးရိမ်သည်။ အဖြစ်သည်းသည်။ မနေနိုင်လောက်အောင် ဖြစ်နေသည်လို့ပဲ မသက်ဖြစ်ကာ ထိုအချက်သို့ ရောက်အောင် မပေါ်ပေါ်လွင်အောင်မဲ စကားဦးလှည့်၍ မေးတာမျိုးပင်။

"နင် သိပ်လျှာရှည်ပါလား မိဇင်၊ နင့်ကို ငါက မီးဖိုပေါက်က ဝင်ပါမှာခဲ့ရက်နဲ့ အိမ်ရှေ့က ဝင်တာက နင့် ဦးဦး မသိသိအောင်ပေါ့ ဟုတ်လား၊ နောက်ဖေးတံခါးအထဲက ပိတ်ထားလည်း နင် ထုပေါ့၊ ခေါ်ပေါ့၊ ခဏနေ မမြတို့ မလှတို့ ကြားမှာပေါ့၊ နင်တို့သားအမိကိုယ်တိုင်ကိုက ဟိုက ကရုဏာသက်မှုတွေကို လိုချင်နေတာ"

ဇင် မျက်စိပေကလတ်နှင့်သာ နားထောင်ငြိမ်သက်နေခဲ့သည်။ မေမေကလည်း "ကလေးက ဘာမှ မသိရှာပါဘူး လွင်ရယ်" ဆိုတာမျိုးပင် အန်တီလွင့်ကို ပြန်မပြောခဲ့ပါ။ နှုတ်ပိတ်ငြိမ်ခံသည်။ ဘာကိုမဆို ငုံ့သာခံနေသည်။ ဒါကို ဦးဦး ကြားကာ အန်တီလွင့်ကို အိမ်ပေါ်မှာ ပြန်ဖျောင်းဖျပါသည်။





"ဟိုက- ကောင်းကောင်း ကောင်းသေးတာ မဟုတ်ဘဲ သွားကြိမ်းမောင်းမနေပါနဲ့လားကွာ၊ ကလေးကကော ဘယ်သိမှာလဲ၊ ဒါဟာ လိုအပ်လို့ လုပ်ပေးတာ၊ တမင်ကို မခြေခေါ်ထားရတာ၊ ဒီလောက်ထိ မင်း ဖြစ်မနေသင့်ဘူး"

"ရှင်က ကျွန်မ ဘာသွားပြောသလဲကအစ သိရပြန်ပြီ၊ ကျွန်မ ဟိုအိမ်သွားကတည်းက ရှင်လည်း နောက်က လိုက်ချောင်းနားထောင်တယ်ပေါ့လေ"

"ဟ ... ကိုယ့် ခြံထဲတောင် ကိုယ် ခြေဆန့်လက်ဆန့် မဆင်းရဲလို့ မဆင်းရတာကြာလို့၊ မင်းလည်း ရှိလို့ ခြံထဲဆင်းလျှောက်တာ၊ မင်း အသံက အကျယ်ကြီး၊ အားလုံးကြားတယ်၊ ဟိုသားအမိကဖြင့် တိတ်လို့"

"ဒါကိုပဲ ရှင် သနားပြန်ပြီ မဟုတ်လား"

"မင်း သိပ်လွန်လွန်းအားကြီးတဲ့ မိန်းမကွာ၊ ယောကျ်ားကို တိုတာတိုပါ၊ သိက္ခာချတဲ့သဘော၊ လူတစ်ဖက်သားကို စော်ကားတဲ့သဘောတော့ ရောက်မလာစေနဲ့၊ မနှင်း ခမျာ မင်း ဘာပြောပြော အရှုပ်လို ငုံ့ခံတယ်၊ ဘာမှကို ပြန်မပြောတော့ဘူး၊ သေးက မြင်နေကြားနေရတာ မင်း အစား ငါ ရှက်လာတယ်ကွ၊ မင်း လုပ်နေတာကိုက မနှင်းကို ငါ မသနားသနားအောင် လုပ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



ဤစကားကြောင့် အန်တီလွင် ဆတ်ဆတ်ခါပါသည်။ ကိုယ်ကောင်းလျက် ခေါင်းရှော့သော ဤပြဿနာဟာ ငြိမ်းမသွားခဲ့။ တစ်ရက်မှာ ဇင်က ကျောင်းသွားနေ၊ အန်တီလွင်က သိဟာသာကို နေ့လယ်ကျောင်း ဒရိုင်ဘာနှင့် သွားပို့နေခိုက် ဦးဦးဟာ ရုံးကိစ္စလာသော ညှေ့သည်ကို ခြံထဲက ကားဆီ ပြန်ပို့ရင်း အိမ်အိုလေး လှေကားထစ်မှာ မေမေ ထွက်ထိုင်နေတာ မြင်၍ တမင်တကာ တကူးတက မေမေ့ဆီ သွားပါသည်။ အိမ်ပေါ်တက်ပြေးတဲ့ မေမေ့ကို ခေါ်ထုတ်၊ အန်တီလွင့်စကားတွေအတွက် တောင်းပန်စကားပြော၊ အဲဒီတုန်း အန်တီလွင် ပြန်ရောက်လာ။

ဤမျှသော အဖြစ်အပျက်လောက်နှင့် မေမေဟာ ဦးဦးနှင့် ဖောက်ပြန်နေတယ်ဆိုတဲ့ထိ စွပ်စွဲခံခဲ့ရတာပင်။ သူ မရှိခိုက် မေမေ အိမ်ဝထွက်ထိုင်တာသည် မြူဆွယ်မှုတစ်ခုလို့ ဖြစ်ခဲ့ရသည်။ ထိုအိမ်လေးရှေ့မှာပင် ဦးဦးနှင့် အန်တီလွင် အော်ကြီးဟစ်ကျယ် ရန်ဖြစ်ကြသည်။ ဦးဦးက ဇင်တို့သားအမိကို ဒီမှာ မနေတော့တာ အေးကြောင်းပြောပြီး တစ်နေရာရာမှာ အိမ်ငှားပေးမည်။ ငွေရင်းပေးလိုက်မည်။ ပြောင်းရွှေ့ဖို့သာ သင့်တော့ကြောင်း ပြောတဲ့အခါ ထိုစကားသည် မဟားငယ်ကို တောက်ပုံမှုလို့ အမည်တပ်ခံခဲ့ရသည်။





ဘယ်ဘက်ကမှ အပြစ်မလွတ်သည်ကို လည်စင်းခံရင်း ဇင်တို့သားအမိ ထိုနေ့က ဇင် ကျောင်းက ပြန်လာချိန်၌ပင် ထိုအိမ်လေးက ခွာကြရပါသည်။ မေမေသည်လည်း ထမင်းငတ်မှာထက် စိတ်၏ဆင်းရဲခြင်းကို ငုံ့စည်းမခံနိုင်တော့ပြီ။ ဇင်တို့ထိုအိမ်မှ ထွက်ခွာလာတဲ့အခါ မေမေ့လက်ထဲ ပိုက်ဆံနှစ်ရာလောက်သာ ပါလာပါသည်။ ထိုနေ့က ဇင်တို့သားအမိ သီလရင်ကျောင်းတိုက်တစ်ခုမှာ မျက်နှာပြောင်ပြောင်နှင့် ခိုကိုးခွင့်တောင်းပြီး ဝင်အိပ်ကြရသည်။

သုံးလေးရက်အတွင်း မေမေဟာ ထမင်းဆိုင်တစ်ဆိုင်မှာ သားအမိနှစ်ယောက်လုံး ညအိပ်ခွင့်နှင့်အတူ အလုပ်ရအောင် ရှာခဲ့ရှာပါသည်။ ထိုထမင်းဆိုင်ပိုင်ရှင်ဟာလည်း စိတ်သဘောမဆိုးလှပါ။ ဇင်လည်း မေမေ့ကို ကူလုပ်သည်။ ကျောင်းလည်း ဆက်တက်ရသည်။ စာအော်ကျက်လျှင် နားငြီးလို့ ဆိုင်ရှင်က မကြိုက်တာရယ်၊ မေမေ နေမကောင်းဖြစ်လျှင် ပျော့ရပါမလားဟု မကြည်ဖြူလှတာရယ်ကလွဲလျှင် အဆင်ပြေတာက များခဲ့ပါသည်။

အဲဒီမှာ နှစ်နှစ်ကျော်တဲ့ထိအောင် ဇင်တို့ သားအမိ တည်မြဲနေခဲ့ပြီး 'မာမီ'ဖြစ်လာမည့် 'ဒေါ်ရွှေဂမုန်း'ဆိုသည့် ခရစ်ယာန် သူဌေးမကြီးနှင့် ဇင်တို့ တွေ့ဆုံခဲ့ကြတာပင်။ တွေ့ဆုံ



www.burmeseclassic.com

www.burmeseclassic.com



ကြရုံသာရှိပြီး အရင်က ရင်းနှီးမှု လုံးဝမရှိပါဘဲ မာမီ့အိမ်ကိုထို ခင်တို့သားအမိ ပါလာရသည်မှာ ခင်တို့သားအမိရဲ့ ရိုးသားမှုကြောင့်ပင်။

မာမီ ထမင်းဆိုင်ထဲ ဝင်လာသည်မှာ ညဦးပိုင်း။ ထမင်းဆိုင်က ပိတ်တော့မည် ဖြစ်ပါသည်။ မာမီ့ကားက ခင်တို့ ထမင်းဆိုင်ရှေ့အလွန်နားမှာ ပျက်ပါသည်။ အနီးတစ်ဝိုက်မှာတင် ကားဝပ်ရှော့တစ်ခုရှိ၍ မကြာခင်နစ် သွားခေါ်ကာ စစ်ဆေးပြင်ဆင်ဆဲ မာမီနှင့် ကြီးကြီးအုန်း ဆိုင်ထဲ ဝင်လာကြသည်။ မာမီ့လက်တွင် သားရေအနက်ရောင် လေးထောင့်ပုံးကလေးလို လက်ဆွဲသေတ္တာငယ်ငယ်လေး ကိုင်လာသည်။

"ဆိုင်က သန့်ပါတယ် မမ၊ မမလည်း ဆာလှပြီဆိုရင် ထမင်းစားလိုက်ပါလား"

"ဘာတွေ ရသလဲ မေးကြည့်စမ်းပါ မအုန်းရယ်"

ဤသို့နှင့် ဆိုင်ရဲ့ နောက်ဆုံးစားသုံးသူတွေအဖြစ် ထိုညက မာမီနှင့်ကြီးကြီးအုန်း ထမင်းဟင်း မှာစားကြသည်။ သူတို့ ပြီးလျှင် ဆိုင်သိမ်းဖို့ပဲ ကျန်သည်။ ဆိုင်ရှင် အန်တီကြီးက ငွေရေတွက်ပြီး ပိုက်ဆံပုံးသိမ်းကာ ဆိုင်နောက်က အိမ်ကလေးဆီ မတက်ခင် မေမေ့ကို ပြီးတာနှင့် မြန်မြန်သိမ်းဆည်းဖို့ မှာကြားသည်။





"ညည်း ကြည့်လိုက်ရင် လေးတိလေးကျွေးနဲ့အေး၊ မြန်မြန် ထက်ထက်လုပ် ကြားလား၊ ညည့်သည် ဘာလိုလဲ မေးပါဦး လား၊ နှုတ်ကို ပိတ်ပြီး စိတ်က ဘယ်လွင့်နေမှန်းမသိဘူး"

မေမေ့ကိုယ်စား ခင်က မာမီတို့စားပွဲထံ လာ၍ ...

"အန်တီကြီးတို့ ဘာလိုပါသလဲရှင်၊ သုံးဆောင်လို့ ကောင်းပါရဲ့လား"

"မလိုပါဘူး သမီးလေးရယ်၊ ကောင်းပါတယ်၊ ဟိုအံမျိုး သမီးက ကြည့်ရတာ သိပ်ကျန်းမာရေး မကောင်းဘူးထင်တယ်နော်"

"ဟုတ်ပါတယ် အန်တီကြီး၊ ခင့် မေမေပါ"

"ဪ ... သားအမိလား"

ထိုအချိန်တွင် ဆိုင်ရှင်ရဲ့ သမီးနှင့်တူမတို့လည်း သူတို့ တာဝန်ကျတာလုပ်ပြီး အိမ်ပေါ် တက်သွားကြပါပြီ။ ခင်တို့ သားအမိသာ ပြီးလျှင် အိုးခွက်ပန်းကန်တွေ ဆေးကြောဖို့သာ ကျန်တော့သည်။

"သမီး အမေက ဘာရောဂါရှိလို့လဲကွယ့်"

"ဘာရောဂါလဲတော့ မသိပါဘူး၊ မကြာမကြာ မောပန်းနွမ်းနယ်တာမျိုး ဖြစ်ပါတယ်"

www.burmeseclassic.com



"ကြည့်ရတာ အသားအရေတွေလည်း ဖျော့တော့လို့၊ သမီးတို့က ဒီမှာပဲ နေကြလား"

"ဟုတ်ကဲ့"

"ဆွေမျိုးတွေလား"

"ဆွေမျိုးတော့ မတော်ပါဘူး၊ ဇင်တို့က အလုပ်သမားပါပဲ"

"ဪ ... အဖေကော !"

"ဖေဖေ ဆုံးသွားတာ လေးနှစ်ကျော် ငါးနှစ်လောက်ရှိပါပြီရှင်"

"ဪ ... သမီးကကော ကျောင်းနေသေးလား"

"ဟုတ်ကဲ့၊ ဇင် ဒီနှစ် ကိုးတန်းဖြေမှာပါရှင်"

"ဪ ... တော်သားပဲ"

မာမီဟာ ဇင့်ကို မြင်မြင်ချင်း ရေစက်ပါသည်ဆိုရလောက်အောင် မေတ္တာကရုဏာ သက်ဝင်ခဲ့တာ ဖြစ်ပါသည်။ သူတို့ စားသောက်အပြီး ငွေချေကာ ပြန်သွားကြတော့ ဇင်တို့ သားအမိ အိုးခွက်ပန်းကန်တွေ ဆေးကြောသည်။ စာပွဲတွေ သုတ်ကာ ခွေးခြေတွေ စာပွဲပေါ် မှောက်တင်၊ ကြိုးချည်၊ တံခါးလည်း လုပ်ကြစဉ်မှာ ခုနက အန်တီကြီး ဆွဲလာသော သေတ္တာ ပုံးနက်လေးကို တွေ့လိုက်မိတာပင်။





မေမေ့ကို ခေါ်ပြပြီး သေတ္တာလေးကို သေချာကြည့်သည်။ ဘာအမှတ်အသားမှလဲ မပါ။ ခုန ကားနံပါတ်လည်း မမှတ်မိ။ သူတို့က ကျန်ရစ်ကြောင်း မှတ်မိ၍ ပြန်လာယူမှပင် ပေးနိုင်မှာဖြစ်သည်။ သေတ္တာကလေးဟာ သော့မပါ။ ဖိနိပ်ပိတ်ရုံနှင့် အံကျနေပြီး တစ်ဖက်တစ်ချက် ဘုလေးနှစ်ဖက် နှိပ်လိုက်ရုံနှင့် ချောက်ခနဲ အဖုံးပွင့်လာတဲ့အခါ အထဲမှာပါလာသည်များအတွက် သားအမိနှစ်ယောက် မျက်လုံးပြူးရတော့သည်။

"မေမေ ... ဒါ စိန်တွေထင်တယ်"

"အေးဟဲ့"

စိန်အလုံးလိုက် ပလတ်စတစ်ထုပ်များ၊ စိန်လော့ကက်တွေထည့်ထားသည့် ကော်ဘူးကြည်ကြည်များ၊ စိန်လည်ဆွဲကြိုးတွေမှာလည်း ဆယ်ခုမက။ စိန်အလုံးကြွေတို့မှာ ရေတွက်လျှင် သောင်းများချီလုမလား မသိ။ အထုပ်ပေါင်းများစွာ။ အင်မတန်တန်ဖိုးကြီးမားလှစွာသော သေတ္တာလေးကို ပိုင်ရှင် အန်တီကြီး မေ့လျော့ကျန်ရစ်ပြီ။

နောင်မှ ပြန်သိရသည်မှာ မာမီဟာ ခါတိုင်းထသူ့စိန်သေတ္တာကို ဒီလို သွားသွားလာလာ သယ်ဆောင်လေ့ရှိ၍ ထိုနေ့က မေ့လျော့ပေါ့ဆသွားခြင်းပင်။ ကိုင်နေကျမှတ်၍



www.burmeseclassic.com

www.burmeseclassic.com



ကျန်ခဲ့တာကို အိမ်ရောက်တဲ့ထိလည်း မသိဟု ဆိုပါသည်။ အရေးတကြီး ကိစ္စရှိ၍ ဤနေ့ကသာ အပြင်ကို ယူဆောင်ဖြစ်တာ။ ကားက ပျက်တော့ ကားထဲလည်းမထားရစ်ပဲ ထမင်းဆိုင်ထဲ ကိုင်၍ ဆင်းလာခဲ့ပြီး ဘေးက ခွေးခြေလေးပေါ် ချအပြီးတွင် လုံးဝ အမှတ်မရတော့တာ ဖြစ်ပါသည်။

ညသန်းခေါင်ကျော်မှ ကြီးကြီးအုန်းက အရင်သတိရကာ မာမိုကို နှိုးတော့ ထိုစဉ်က အပေါ်ထပ်တက်သည့်နေရာက မှန်တံခါးသော့ခတ်ပိတ်ထား၍ မာမိုအခန်းထိလည်း မသွားနိုင်၊ နှိုးမရဘဲ ကြီးကြီးအုန်းမှာ တထင့်ထင့်နှင့် မိုးအလင်း အိပ်မပျော်တော့ပါ။ မိုးလင်းပါမှ ကြီးကြီးအုန်း ပြောမှပဲ မာမိ သတိရပါသည်။ သတိရသည်နှင့် ထမင်းဆိုင်ကို မာမိနှင့် ကြီးကြီးအုန်း ရောက်ချလာကြသည်။

ဇင်တို့သားအမိ သေတ္တာကောက်ရသည်ကို ဆိုင်ရှင်ကို မပြောမိခဲ့ပါ။ မနက် အကျိုးအကြောင်း လာမေးတော့မှပင် ဆိုင်ရှင်အန်တီကြီးက မေမေ့ကို ခေါ်မေးမှ မေမေနှင့် ဇင် တွေ့ရှိသိမ်းဆည်းထားတာ သိရသည်။ စိန်သေတ္တာဟု သိလျှင် ဆိုင်ရှင်သည် သူ့ကို သတင်းမပေး အသိမပေးရကောင်းလားဟု မေမေ့ကို ဆူပါသေးသည်။





"ငါ့ဆိုင်ထဲ ဘာပစ္စည်းတွေ့တွေ့ ငါ့ အပ်ရမှာပေါ့ဟဲ့၊ နင်တို့က ပိုင်ရှင်ပေါ်လာရင် နင်တို့ပဲ သူ့ရဲ့ကောင်းလုပ်ပြီး နင်တို့ပဲ ဂုဏ်ပြုခံရအောင်ပေါ့လေ၊ ဆုချီးမြှင့်ခံရလည်း နင်တို့ပဲ ဆိုင်တယ်ဆိုတဲ့ သဘောနဲ့ ငါ့ကို ပြောတောင်မပြောခဲ့ကြတာပေါ့လေ၊ နောက်မှတ်ထားဟဲ့၊ ငါ့ဆိုင်ထဲ ဖြစ်တာ ငါ အရင်ဆုံး သိရမှာပေါ့၊ ငါက တစ်ဆင့်မှ ပိုင်ရှင်လက် အပ်ရမယ်၊ နားလည်လား"

မာမိက ဆိုင်ရှင်ကို တအံ့တဩ ကြည့်နေသည်။ မေမေကတော့ သူ့ထုံးစံအတိုင်း ဘာမှ မပြော ခေါင်းငုံ့ခံနေသည်။ ဇင်သည် မာမို့အကြည့်ကြောင့် ဆိုင်ရှင်ကိုယ်စား ရှက်မိသည်။ ဘာပဲဖြစ်ဖြစ် ဆိုင်ရှင်ဟာ ဇင်တို့ ကျေးဇူးရှင်ပဲမို့ ...

"အန်တီကြီးရယ် ... ဘာသဘောမှ မပါပါဘူး၊ ဇင်တို့က ညသိပ်နက်ပြီး အန်တီကြီးလည်း အိပ်ပြီမို့လို့ မပြောဖြစ်လိုက်မိတာပါ၊ တခြားတွေ မစဉ်းစားမိပါဘူး၊ မနက်ကျ ပိုင်ရှင်အန်တီ ရောက်လာရင် ပေးလိုက်ရုံပဲလို့ ရိုးရိုးပဲ တွက်လိုက်မိလို့ပါ"

"အပိုတွေ ပြောမနေနဲ့အေ၊ ကျေးဇူးတင်ခံရ၊ ချီးမြှင့်ခံရတာကို ခွဲဝေမပေးနိုင်တဲ့ သဘောပဲ မဟုတ်လား၊ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ရင်သာ နင်တို့ ကျေးဇူးတင်ခံရမှာ၊ ဒီထဲက တစ်ခုခု လျှော့လို့ပျောက်လို့ကတော့ ငါ့ဆိုင်နဲ့ နာမည်တပ်ပြီးပျက်မှာ၊ နင်တို့နာမည် ပျက်မှာမဟုတ်ဘူး"

မာမီက ဝင်ကာ ...

"ကိစ္စမရှိပါဘူး၊ ခုလည်းပဲ သေတ္တာပြန်ရတာ ကျေးဇူးတင်လှပြီ၊ ဒီသားအမိက တွေ့တော့ သူတို့ကိုလည်း ကျေးဇူးတင်ပါတယ်၊ ညီမရဲ့ ဆိုင်က အလုပ်သမားတွေ ရိုးသားလို့ ပြန်ရတာမို့လို့ ညီမကိုလည်း ကျေးဇူးတင်ပါတယ်၊ ဒီသေတ္တာကလည်း တန်ဖိုးကြီးပါတယ်၊ သမီး အထဲမှာ ဘာပါသလဲ သိသလား"

"ဟုတ်ကဲ့ ... ဖင် ဖွင့်ကြည့်လိုက်ပါတယ်၊ စိန်တွေလို့ ထင်ပါတယ်၊ အထဲကိုတော့ လက်နဲ့တောင် မကိုင်ပါဘူး၊ အန်တီကြီး အားလုံး ရေကြည့်လိုက်ပါဦးရှင်"

"အင်း ... အင်း ... အကြမ်းဖျဉ်းတော့ စစ်ကြည့်ပြီးပါပြီ၊ အားလုံး စုံပါတယ် သမီး"

"ယူသွားပြီးမှ စိန်တစ်လုံး လျော့တယ် နှစ်လုံးလျော့တယ်ဆိုပြီးတော့ ဆိုင်နာမည်တော့ မပျက်ပါရစေနဲ့နော်၊ အလုံးရေပါ ခုပဲ ဒီမှာ ပြန်စစ်ရင် စစ်သွားလိုက်ပါ"





ဆိုင်ရှင်စကားကို မာမီက ...

"မလိုပါဘူး၊ ရပါတယ်ရှင်၊ သူတို့သားအမိကိုလည်း ကျေးဇူး ကောင်းကောင်းဆပ်ရမှာပဲ၊ ဘယ်လိုဆပ်ရမယ်လို့တော့ သေချာစဉ်းစားလိုက်ပါဦးမယ်"

မာမီတို့ ပြန်သွားတဲ့အခါ ဘာမှ လက်ဝယ်မရလိုက်တဲ့ ဖင်တို့သားအမိကို ဆိုင်ရှင်က သရော်ရယ်မောချင်ခဲ့သည်။ ဆိုင်ရှင် အန်တီကြီးဟာ သဘောမဆိုးသူမို့ သူကောက်ရလည်း ပြန်ပေးမှာပါပင်။ သူ့ကို ကျော်ပြီး ဖင်တို့ပဲ ကျေးဇူးတင်ခံရတာကိုသာ မခံချိဖြစ်နေပုံမျိုးပါ။ ဖင်တို့ကပဲ သူ့ကို ဘောက်ဆူးတွေဘာတွေ မပေးလိုလို့ ထိမ်ချန်ထားတာမျိုးသာ ထင်မြင်ပြောဆိုနေပြီး ဖင်တို့ ဘာဘောက်ဆူးမှ မရလိုက်တာကိုလည်း 'ကောင်းတယ်၊ မှတ်ကရော'လို့ ဝမ်းသာနေပုံပါ။

"ငါ့သာ ပြောပြထားရင် ငါက ဒီလောက်တန်ဖိုးကြီးတာကြီး ပြန်အပ်ရမှာ၊ နင်တို့ နည်းနည်းပါးပါး ဆုငွေရအောင် လုပ်ပေးနိုင်တာပေါ့၊ ခုတော့ ငါ့မှ အသိမပေးဘဲ၊ တော်ပေါ့"

"ဆုငွေ လိုချင်တဲ့စိတ်လည်း မရှိဘူး အန်တီကြီး၊ သူ့ပစ္စည်း သူ ပြန်ယူသွားတာပဲ၊ ဖင်တို့ဟာ ယူသွားတာမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူး ဘယ်လိုဆပ်မလဲ အသေအချာ စဉ်းစားပြီးပုံရသော မာမီဟာ သုံးရက်မြောက်နေ့မှာ ဇင်တို့သားအမိကို ဆိုင်မှ လာတောင်းယူ ခေါ်ငင်သွားခဲ့တာပင်။ မေမေက မလိုက်ချင်လှ။ မေမေသည် သူစိမ်းလူအရိပ်အာဝါသ၌ ကျေးဇူးတင်ကာ ခိုလှုံရမည်ကို ကြောက်နေပုံရပါသည်။ မာမီက အတော်ပြောပြီး ဖိတ်ခေါ်ယူမှပင် ဇင်တို့သားအမိ လိုက်ပါဖို့ ဆုံးဖြတ်လိုက်ကြရပါသည်။

"ကျွန်မက ဒီသမီးကို မွေးစားမှာ၊ အိမ်မှာ ကျွန်မရယ်၊ ခင်ရာဆွေမျိုး ဖြစ်နေတဲ့ မအုန်းတို့လို အိလုပ်သမားတွေရယ်ပဲ ရှိတာ၊ သူများ သဘောဆန္ဒလည်း ညှိနှိုင်းခံယူနေစရာ မလိုဘူး၊ ဒီကလေးမလေး ရိုးသားထက်မြက်ပုံလေးကို သဘောကျလို့၊ ခိုင်းဖို့သက်သက် ခေါ်တာလည်း မဟုတ်ဘူး"

ဆိုင်ရှင် အန်တီကြီးအတွက် ပါတိတ်၊ မုန့်ပုံး၊ အသီးအနှံ၊ စားသောက်ဖွယ်ရာ လက်ဆောင်ထုပ်ကို ပေးအပ်ခဲ့ပါသည်။ အဲဒီကစ,ပြီး ဇင်နှင့်မေမေ မာမီထံ မမျှော်လင့်ဘဲ ရောက်ရှိလာခဲ့ကြရတာဖြစ်သည်။ မာမီသည် ဇင့်ကို တကယ်ပဲ မွေးစားသမီး သတ်မှတ်ကာ အရင်းအချာထားခဲ့တာဖြစ်သည်။





မာမီဟာ ခင်ပွန်းဆုံးပါးသွားကာ သားထောက်သမီးခံမကျန်ခဲ့သော ဆွေနည်းမျိုးနည်း ခရစ်ယာန်ဘာသာဝင် မုဆိုးမ တစ်ဦးဖြစ်သည်။ ဆွေးဝေးဝေးဆွေမျိုးတို့သည်လည်း ရှမ်းပြည်နယ်မှာသာ ရှိကြသည်။ ဘာသာရေး ကိုင်းရှိုင်း၍ စိတ်ထားနူးညံ့သော စိန်တိုက်ပိုင်ရှင် သူဌေးမကြီးရဲ့ မွေးစားသမီး ဖြစ်ခဲ့ရပြီးတဲ့နောက် 'ဇင်'သည် 'ဇင်ဂမုန်း' ဖြစ်လာခဲ့ရပါသည်။

မေမေသည်လည်း စိတ်လက်ချမ်းသာစွာ နေထိုင်ခွင့်ရရှိခဲ့ပါသည်။ သို့ပေမဲ့ ကံဆိုးနှင့် ယှဉ်မွေးလာသလား မသိရသည့် မေမေဟာ ကောင်းကောင်းနေ၊ ကောင်းကောင်းစား၊ အေးအေးချမ်းချမ်း နေရသည့်ဘဝမှာ သက်ဆိုးမရှည်ရှာ။ နှလုံးရောဂါလို့ မသိရဘဲ တရှောင်ရှောင် မကျန်းမာဘဲ ဆုံးခါနီးကျမှပဲ နှလုံးသွေးကြောကျဉ်းပိတ်သည့် ဝေဒနာခံစားခဲ့ရမှန်း သိရပါတော့သည်။

မေမေ့ကို ဆေးရုံတင် ခွဲစိတ်ကုသခဲ့သော်လည်း အသက်မကယ်နိုင်ခဲ့တော့။ မေမေ မရှိတော့တဲ့အခါ မာမီကိုသာ မိခင်တစ်ယောက်လို သဘောထားပြီး ဇင် ရိုကျိုးပြုစုခဲ့ပါသည်။ ကိုသော်ကောင်းတို့သားအမိနှင့်လည်း အဲဒီတုန်းကတည်းက ဇင် ရင်းနှီးခင်မင်ခဲ့ရသည်။

ဇင်ဟာ အဲဒီတုန်းကတည်းက နှလုံးသွေးကြောကျဉ်း ဝေဒနာကို စတင်ခံစားနေရပါပြီ။ တစ်ချိန်လုံး ချူချာမနေသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း အခန့်မသင့်လျှင် ပြင်းပြင်းထန်ထန် ဆိုးဆိုးဝါးဝါး ခံစားရတတ်သည်။

မာမိကျပြန်တော့လည်း သွေးတိုးရောဂါ ရှိသည်။ ငါးပိရည်ကို အင်မတန် စားသည်။ မာမိသည် သူ မကွယ်လွန်မီ တစ်နှစ်လောက်ကတည်းက ချူချာလာသည့် သူ့ ကျန်းမာရေး အားမရ၍လားမသိ။ ကိုသော်ကောင်းတို့ သားအမိကို အသိသက်သေထားကာ ဝတ်လုံနှင့် စနစ်တကျ သေတမ်းစာရေးနှင့်ပြီးဝါသည်။ သူ မရှိတော့သည်မှစ၍ သူ ပိုင်ဆိုင်သမျှ အရပ်ရပ်သော ပစ္စည်းဥစ္စာတို့ကို ဇင့်အား တရားဝင် အပြီးအပိုင် လွှဲပြောင်းပေးအပ်ရန်။

မာမိ့ကို ဇင် တစ်နှစ်လောက် ဝတ်ကြီးဝတ်ငယ်ပြုကာ ကိုယ်ဖိရင်ဖိ ပြုစုလိုက်ရသည်။ ဦးနောက်သွေးကြောပြတ်၍ မာမီ ရုတ်တရက် ကွယ်လွန်သွားတဲ့အခါ ဇင်သည် မမျှော်လင့်နိုင်အောင် ပိုင်ဆိုင်ကြွယ်ဝလျက် 'ရွှေဂမုန်း'စိန်တိုက်ပိုင်ရှင် 'ဇင်ဂမုန်း' ဆိုသည့် သူဌေးမငယ်လေးအဖြစ် ဝင့်ဝင့်ထည်ထည် ကျန်ရစ်ခဲ့ပါသည်။

အဲဒီရဲ့နောက်မှာတော့ ကိုသာ့ရဲ့ 'မ'ပေါ့။





## ၁၀

သီဟသာနှင့် ကိုသော်ကောင်း မ,အိမ်မှာ စတင်ဆုံဆုံးကြတဲ့နေ့၊ ထမင်းအတူစားကြရင်း ဗစ်ဇင်းကတ်ချင်းဖလှယ်ထားကြသည်ဖြစ်ရာ သီဟသာသည် နောက်တစ်နေ့မှာ ကိုသော်ကောင်းဆီကို ဖုန်းဆက်လိုက်ပါသည်။

မ,ဆီကို မဆက်ချင်ပါ။ မ, သိချင်မည့် မ,မေးမည့် အကြောင်းအရာများ အတွက် မ,စိတ်ကျေနပ်မှု ရမည့် စိတ်ချမ်းသာစရာအဖြေ သီဟသာ ထံတွင် မရှိ၍ မ,နှင့် စကားပြောရမှာကို သီဟသာ ဝန်လေးစိတ်ထင့်နေပါသည်။ သူကိုယ်တိုင်လည်း စိတ်တွေ ညစ်နောက်ရှုပ်ထွေးနေ၍ သူ စိတ်ညစ်နေရတာကိုလည်း မ, မသိစေချင်ပါ။

www.burmeseclassic.com



"ကိုသော်ကောင်း ... ကျွန်တော် သီဟသာပါ"

"ပြောပါ ကိုသီဟသာ"

"မ, တစ်ခုခုဖြစ်ရင် ကိုသော်ကောင်း မသိဘဲ မနေဘူးဆိုပြီး ကိုသော်ကောင်းဆီကိုပဲ ဆက်လိုက်တာပါ၊ ကျွန်တော်နဲ့ စကားပြောရင် မ, စိတ်ညစ်မှာစိုးလို့ပါ၊ ကျွန်တော့်မှာ မ,အတွက် သတင်းကောင်း မရှိဘူး မဟုတ်လားဗျာ"

"ကိုသီဟသာ ... ဘာသိချင်လို့လဲ"

"မ, ... မ, နေကောင်းရဲ့လားလို့ပါ"

"ဇင် နေမကောင်းပါဘူး"

"မ, ဘယ်လိုနေလဲဟင်၊ မ, အခြေအနေကောင်းရဲ့လား၊ မ, ဘယ်လိုများ ဖြစ်နေလဲ ကိုသော်ကောင်း"

"ဇင်က ကြီးကြီးအုန်းတို့ကိုတော့ ကိုသီဟသာ မေးရင် ဘာမှ မပြောပါနဲ့ မှာထားတယ်ဗျ၊ အိမ်ကိုပဲ ဆက်လိမ့်မယ်ထင်လို့နေမှာပေါ့၊ ကျွန်တော့်ဆီကိုတော့ ခုလို ဆက်လိမ့်မယ် မထင်လို့ နေလိမ့်မယ်၊ ကျွန်တော့်ကိုတော့ ဘာမှ မမှာထားဘူးဗျ၊ ကိုသီဟသာလည်း သိချင်မှာပဲလေ၊ ကျွန်တော် ပြောပြပါမယ်၊ ဇင် ဆေးရုံတင်ထားရတယ်"

"ဗျာ"





"ခုလို ဖြစ်မှာကို ကျွန်တော် တောက်လျှောက်စိုးရိမ်ခဲ့တာပဲ၊ ဒါပေမဲ့ ခင်ဗျားအိမ်ကို သွားမတွေ့ပါနဲ့လို့ ကျွန်တော်က ဝင်ကန့်ကွက်ခွင့် မရှိပါဘူး၊ သူ တော်တော်စိတ်ထိခိုက်လာတယ်၊ မနေ့ညကပဲ ဆေးရုံ တင်လိုက်တယ်"

"ဆရာကြီးက တင်ခိုင်းတာပေါ့"

"ဟုတ်တယ် ခင်ဗျ၊ ဆရာကြီး တင်ခိုင်းတာပါ၊ ဘာအလုပ်မှလဲ မလုပ်ရဘူး၊ စီစဉ်ခန့်ခွဲတာမျိုးတောင် မလုပ်ရဘူးဆိုလို့ ဒီနေ့ကစပြီး ဆိုင်လည်း ပိတ်ထားလိုက်တယ်၊ ဇင့်နောက်ကြောင်းကို ကျွန်တော် ခင်ဗျားကို ကြိုပြောပြချင်ခဲ့ပါတယ်၊ ခင်ဗျားကို မြင်ကတည်းက ဇင် မှတ်မိပါတယ်၊ ဒါကြောင့်လည်း ခင်ဗျားမိဘတွေ အဓိက ခင်ဗျားအမေနဲ့ တွေ့ဖို့ သူ အင်မတန် တုန်လှုပ်ခဲ့တယ်၊ တွေ့ဖို့ကိုတောင် ဒီလောက် တုန်လှုပ်ရင် တွေ့လိုက်လို့ အခြေအနေ မကောင်းဘူး ဆိုတဲ့အခါ သူ အတော်ဆိုးဆိုးခံစားရမယ်ဆိုတာ သိပါတယ်၊ ဒါပေမဲ့ သူကိုယ်တိုင်ကိုယ်က တွေ့ချင်တယ်၊ ပြီးခဲ့တာတွေအပေါ် အမြင်မှန် နားလည်မှုအမှန်နဲ့ ခင်ဗျား အမေ စိတ်ပြေပြီးများ ဖြစ်နေမလားဆိုတဲ့ မျှော်လင့်ချက်မျိုးလည်း သူ ထားခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုသော်ကောင်းက ဒီအဖြစ်အပျက်တွေ အားလုံး သိတယ် နော်"

"ဟုတ်ကဲ့၊ ကျွန်တော် အားလုံး သိထားတယ်၊ ဇင့်အမေဟာ သူ့သူငယ်ချင်းက ခင်ပွန်းသည်နဲ့ အထင်လွဲတာခံရတယ် ဆိုတဲ့ဟာက သူတို့ မပြောရင် ကျွန်တော်တို့ ဘယ်သိမလဲ၊ သူကိုယ်တိုင် ယူကျုံးမရ ဖွင့်ပြောခဲ့တာကြောင့် သိရတာ၊ အဲဒီအပြင် အဲဒီ အန်တီနှင်းကို ကျွန်တော် နှစ်နှစ်ခွဲသုံးနှစ် ခင်မင်ဆက်ဆံလိုက်ရပါတယ်၊ သူ ဘယ်လိုအမျိုးသမီးဆို တာ သိခဲ့ရတော့၊ ဒီကိစ္စမှာ သူ့အပြစ် မရှိနိုင်ဘူးဆိုတာ ကို ကျွန်တော်ကတော့ သံသယမရှိပါဘူး"

"ကျွန်တော်လည်း သံသယ မရှိပါဘူး၊ မေမေကိုယ်တိုင်က လည်း အလေးအနက် ပြောပါတယ်၊ ဒီကိစ္စဟာ မေမေ အစိုးရိမ်လွန်ကဲပြီးဖြစ်တဲ့ ကိစ္စလို့ ကျွန်တော် ယူဆထား ပြီးသားပါ ကိုသော်ကောင်း"

"ဒါကို ခင်ဗျား အမေကတော့ ဝန်မခံဘူးမို့လား"

"___"

"အဲသလိုဆိုရင် ခင်ဗျား ဇင်နဲ့ ပတ်သက်ပြီး ခင်ဗျားအမေနဲ့ သေသေချာချာ ဆွေးနွေးဖို့ လိုလိမ့်မယ် ကိုသီဟသာ၊





အခုလို ကိစ္စမျိုး ဇင်ဟာ တစ်ခါက နှစ်ခါ၊ နှစ်ခါက သုံးခါ ထပ်အဖြစ်ခံနိုင်တဲ့ စွမ်းအားမရှိဘူးဆိုတာ ခင်ဗျား လည်း ဆရာဝန်ပဲ၊ နားလည်ပါလိမ့်မယ်"

သီဟသာသည် တစ်ခဏငြိမ်သက်နေမိပြီးမှ သက် ပြင်းချရင်း ...

"ကျွန်တော့် မေမေလည်း အခု ဆေးရုံတင်ထားရတယ် ကိုသော်ကောင်း"

"ဟင် ... ဘာဖြစ်လို့လဲ"

"သွေးတော်တော်တိုးနေလို့ပါ၊ မျက်စိဖွင့်ရဘူး၊ ခေါင်းထူမရ ဖြစ်နေပါတယ်၊ အချိန်မရွေး Strokeရနိုင်တဲ့ အနေအထားမို့ ဆေးရုံတင်ထားလိုက်ရပါတယ်၊ လောလောဆယ်တော့ မေမေ့ကို ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘာမှ ဆွေးနွေးလို့ မရ နိုင်သေးဘူးဗျာ"

"ဒါ ခင်ဗျားဘက်က အပိုင်းပေါ့လေ၊ ခင်ဗျား ဘာသာ အဆင်ပြေသလိုသာ ကြည့်လုပ်ပါ"

"ကျွန်တော် မ,ကို လာကြည့်လို့တော့ ဖြစ်တယ် မဟုတ်လား ကိုသော်ကောင်း၊ ကျွန်တော့်အပေါ်တော့ မ, ဘယ်လိုမှ သဘောမထားဘူး မဟုတ်လားဟင်"



www.burmeseclassic.com

"ခင်ဗျားနဲ့ ပတ်သက်ပြီး ဇင် ဘာမှ ထူးထူးခြားခြား မပြောပါဘူး"

"မ, ဘယ်ဆေးရုံမှာ တင်ထားတာလဲ ကိုသော်ကောင်း"

"ရွှေဂုံတိုင်မှာပါ"

"ဗျာ ... မေမေကလည်း ရွှေဂုံတိုင်မှာပဲ၊ တိုက်ဆိုင်လိုက်တာဗျာ၊ ကျွန်တော် မ,ကို လာကြည့်ချင်တယ်၊ ကျွန်တော် လာကြည့်မယ်နော်"

"လာကြည့်ပါလေ၊ ကျွန်တော့်ကို ခွင့်တောင်းဖို့ မလိုပါဘူး၊ ကျွန်တော်လည်း ဆေးရုံမှာ တစ်ချိန်လုံးလိုလို ရှိပါတယ်"

ကြီးမားကျယ်ဝန်း၍ အထပ်များစွာ၊ အခန်းများစွာရှိသော ဆေးရုံကြီးမှာ မတူညီသော အထပ်နှစ်ခု၌ ဇင်နှင့် သီဟာသာအမေတို့ကို တိုက်တိုက်ဆိုင်ဆိုင် ဆေးရုံတင်ထားမိလျက်သား ဖြစ်နေပါသည်။





မ, အခန်းက တစ်ခန်းလုံး အေးစက်ငြိမ်သက်တိတ်ဆိတ်နေသည်။ အခန်းကျယ်ကျယ်ထဲမှာ သူနာပြုဆရာမက တစ်နေရာ၊ ရွှေနီက တစ်နေရာ၊ ကိုသော်ကောင်းက တစ်နေရာ ငြိမ်သက်ပြီး ထိုင်နေကြသည်။ ခုတင်ပေါ်မှာ မ,။

သီဟာသာ တံခါး တိုးတိုးခေါက်၍ ဝင်လာသည်ကို ကိုသော်ကောင်းက ခေါင်းတစ်ချက်ဆတ်၍ နှုတ်ဆက်သဖြင့် သီဟာသာက ခုတင်ခြေရင်းကို လျှောက်လာသည်။ မ,က ခုတင်ပေါ်မှာ မျက်စိမှိတ်လျက် အိပ်ပျော်နေသလား၊ မပျော်ဘူးလား မသိပါ။ မ, ခုတင်အေား ဗီရိုပေါ်မှ ဆေးမှတ်တမ်းစာရွက်ဖိုင်လ်ကို ကောက်ယူကာ သီဟာသာ ဖတ်ကြည့်သည်။ အီးစီဂျီ ရိုက်ထားတာ အက်ခိုးရိုက်ထားတာတွေကို ဖြန့်ကာ ကြည့်ရှုသည်။

ကိုသော်ကောင်းကို လှည့်ကြည့်လိုက်လျှင် သီဟာသာထံ မကြည့်ဘဲ နယူးစ်ဝိစ် စာအုပ် ဖတ်နေ၍ ဘာမှ မမေးသာ မပြောသာ။ သီဟာသာက မ,မျက်နှာကလေးကို ငုံ၍ စိုက်ကြည့်နေမိသည်။ ရှေ့ကို ဘယ်လိုတွေများ ဆက်လာကြ

www.burmeseclassic.com



တွေ့ရမလဲ။ သူ့ကို ချစ်မိ၍ မ, ခုလို ဝေဒနာခံစားရတဲ့ အထိ ဖြစ်နေတာကို တွေးမိနိုက် သူ့မျက်ဝန်းတွေပင် စိုစွတ်လာသည်။

ထိုစဉ် ဖျတ်ခနဲ မ, မျက်လုံးတွေပွင့်လာပါသည်။ မျက်လုံးဖွင့်လိုက်သည်နှင့် မျက်ဝန်းအိမ်ထဲ မျက်ရည်ပြည့်နေသည်။ မ, အိပ်မပျော်တဲ့ သူ့ကိုလည်း တွေ့ပြီးမှ မျက်စိတမင် ပြန်မှိတ်ထားခဲ့တာ ဖြစ်ပါမည်။

"မ, ..."

"ကိုသာ ..."

"မ, နေမကောင်းဘူးနော်၊ မ, သနားပါတယ်၊ ကျွန်တော့်ကြောင့် မ, စိတ်ညစ်ရတယ်"

"ကိုသာ့ကြောင့် မဟုတ်ပါဘူး"

လေသံ တိုးချွတ်ချွတ်ကလေးတွေနှင့် ပြောနေကြသည်ကို ဆရာမက တစ်ချက်ကြည့်ကာ သူ လူနာရှင် အဖြစ် သတ်မှတ်ထားသော ကိုသော်ကောင်းများ တားမြစ်မလားလို့ တစ်ချက် ကြည့်သည်။ ကိုသော်ကောင်း ဘာမှ မပြော၍ သူလည်း မျက်နှာပြန်လွှဲသွားပါသည်။

"ငယ်ငယ်တုန်းက 'ဇင်'ဆိုတဲ့ အစ်မကြီးကို ကျွန်တော် မမှတ်မိဘူး"





"ကိုသာ ငယ်သေးတယ်လေ၊ မ,နဲ့လည်း ခင်မှမခင်တာ"

"ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကို ကြိုပြောဖို့ ကောင်းပါတယ် မ,ရယ်၊ ဒီလို နောက်ကြောင်းတွေရှိမှန်းသာသိရင် ကျွန်တော် မေမေ့ဆီမှာ တစ်နည်းနည်းနဲ့ ပြေလည်အောင် လုပ်နှင့်မှာပေါ့"

ဇင်က ဖြည်းဖြည်း ခေါင်းခါလိုက်ပါသည်။

"မလွယ်ပါဘူး၊ ခုကော ကိုသာ့ မေမေက စိတ်ပြေတာမို့ လို့လား"

"မေမေ့ကိုလည်း ဆေးရုံတင်ထားရတယ် မ,"

"အင်း ... ဟိုနေ့က လဲမလို ဖြစ်သွားတာ မ, မြင်ပါတယ်၊ အဲဒါကြောင့် မ,လည်း ထွက်လာခဲ့လိုက်တာ"

"အဲဒီနေ့က မ, ပြန်သွားတာကို ကျွန်တော် မတားလိုက်နိုင်တာ အရမ်းစိတ်မကောင်းဖြစ်ရတယ်၊ မေမေ့ကိုလည်း ဆေးရုံချက်ချင်းပို့၊ လူလဲ မွန်ထူပြီး ဘာတွေ ဖြစ်လို့ဖြစ်ကုန်မှန်းတောင် မသိတော့ဘူး၊ မ,ဆီကိုလည်း ဖုန်းဆက်ဖို့ မရဲဘူးလို ဖြစ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မ, နားလည်ပါတယ်၊ ဒီလို ဖြစ်နိုင်တယ်လို့ မျှော်လင့်ထား ပြီးသားမို့လို့ ကိုထွန်းလှကို အဆင်သင့် ခေါ်ထားတယ်၊ မ, ကိုထွန်းလှနဲ့ပဲ ပြန်သွားတာပါ၊ အိမ်ကို ခဏဝင်၊ အရမ်းနေမကောင်းတာနဲ့ ကိုသော်ကောင်းက ဆေးရုံပို့လိုက် တာပဲ"

"သူက အိမ်မှာ ကြိုရောက်နေတယ်ပေါ့"

"ကြိုရောက်နေတယ်"

သီဟသာသည် ရင်ထဲ နည်းနည်းမှ မကောင်းပေ။ အရာရာအတွက် စိတ်ထိခိုက်နေမိသည်။

"ကျွန်တော်ဟာ မ,အတွက် အရေးအကြောင်းဆိုရင် ဘာမှလဲ အသုံးမဝင်ဘူးနော်၊ ကူညီခွင့်လည်း မရဘူး၊ မ, အကြောင်းကိုလည်း ထဲထဲဝင်ဝင် မသိဘူး၊ ခုဆိုရင်လည်း မ, စိတ်ချမ်းသာအောင် မလုပ်နိုင်တဲ့အပြင် စိတ်ဆင်းရဲ အောင်ပဲ လုပ်မိတဲ့သူ ဖြစ်နေတယ်၊ မ,ကို သိပ်ချစ်တဲ့ လူတစ်ယောက် ဖြစ်တာကလွဲရင် မ,အတွက် ဘာမှ အရေးမပါဘူး၊ မရှိလည်းဖြစ်တယ်၊ မရှိလည်းဖြစ်တာထက် မရှိရင်တောင် ပိုကောင်းမဲ့ကောင်များ ဖြစ်နေမလား မသိပါ ဘူး မ,ရယ်"





ဤစကားကို သီဟသာ ကြေကြေကွဲကွဲ ခံစားရင်း ပြောမိပါသည်။ သူ့ရင်ထဲမှာ သူ့အတွက်ကော မ,အတွက်ပါ ဝမ်းနည်းမဆုံး ဖြစ်မိသည်။ သူ့မျက်နှာ ညှိုး၍ ပျက်နေတာကို မ,ကလည်း ဝမ်းပန်းတနည်း ငေးကြည့်နေရင်း …

"ဒါတွေဟာ ကိုသာ ဖန်တီးတဲ့ အဖြစ်တွေမှ မဟုတ်ဘဲ၊ မ,လည်း နားလည်ပါတယ်ကွယ်၊ စိတ်မကောင်းမဖြစ်ပါနဲ့ ကိုသာရယ်"

"မ, ထပ်ပြီး စိတ်ထိခိုက်အောင် ပြောမိသလို ဖြစ်နေပြီ၊ ကျွန်တော့်ကို မြင်တွေ့နေရတဲ့အတွက်ကော မ, စိတ်ချမ်း သာနိုင်ရဲ့လားဟင်၊ ကျွန်တော့်ကို မ, ချစ်တာ သိပေမဲ့ ကျွန်တော့်ကို မြင်ရင် မ, စိတ်ဆင်းရဲစရာတွေများ တွေးမိလား"

"ဟင့်အင်း"

ဖင်က နှုတ်ခမ်းလေး ကွေးရုံပြုံးကာ …

"ဘာတွေ ဘယ်လိုဖြစ်ဖြစ်၊ ကိုသာ့ကို မြင်ရတွေ့ရတာ မ, ကြည်နူးပါတယ်၊ မ, ပျော်ပါတယ် ကိုသာရယ်"

အနားကို လူရိပ်တစ်ခု နီးကပ်လာ၍ လှည့်ကြည့် လိုက်လျှင် ကိုသော်ကောင်းပဲ ဖြစ်နေပါသည်။ သူ့ရဲ့ တည်တံ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဟာ တစ်ခါတစ်ရံမှာ သေားလှကိုပင် အပြစ်မကင်းသယောင် ခံစားရစေသည်။ သူ လာရပ်လိုက်တာဟာ မ,ကို ဒီထက် စကား တွေ ရှည်ရှည်လျားလျား မပြောစေချင်တဲ့သဘောဆိုတာ ရိပ်မိပါ သည်။

သီဟသာ ကိုယ်တိုင် မ,ကို နားစေချင်တာလည်း တစ်ဝက်၊ စကားပြောနေချင်တာလည်းတစ်ဝက်။ မ,ဟာ စိတ်ရော ကိုယ်ပါ နားသင့်နေမှန်း၊ ငြိမ်သက်နေစေသင့်မှန်း သူ သိပါသည်။ သိသော်လည်း ဒါကို သိသာအောင် ကိုသော်ကောင်းက သတိပေး သလို ပြုမူတာကိုကျတော့လည်း အခံရခက်အောင်မျက်ရပြန်သည်။

ကိုယ့်နေရာက တဖြည်းဖြည်း နိမ့်လျှောကျကာ သူ့ နေရာက တဖြည်းဖြည်း မြင့်မားတက်လာနေသလိုပင်။ အဲဒီ အတွက် ဝန်ခံရရင် မနာလိုပါ။ မရွှစိမ့်ပါ။ ဒါပေမဲ့ နှစ်လိုကျေးဇူး တင်ရခြင်းကလည်း ရှိနေပြန်သည်။ ခုနေခါမျိုးမှာ မ,မှာ ကိုသော်ကောင်းဆိုတဲ့ မိတ်ဆွေရင်းချာကောင်းတစ်ယောက် ရှိနေပေလို့ပဲ။ သူ မရှိရင် လုံးလုံးမွဲလွယ်ပါ။

ကိုယ် မရှိရင်ကော ...။

ကိုယ်မရှိရင် မအတွက် အဆိုးနည်းနည်းထဲမှာ အကောင်းများများ ဖြစ်သွားမဲ့သဘောပါ။ ဝေဒနာသည်းက မတွေ့ခဲ့ကြ





ဘူးဆိုရင်တောင် မ,အတွက် ပိုကောင်းလေမလား။ ဤသို့ တွေးမိလေ သူ့ရင်မှာ နာကျင်လေပင်။ မ, စိတ်ချမ်းသာအောင် ပြောစရာစကား သူ့မှာ မရှိပါတည်း။

"ဇင် နားရင်နားလိုက်ဦး"

"ဟုတ်ကဲ့"

ဇင်က ကိုသော်ကောင်း စကားကို နာခံစွာ မျက်စိ ကလေး မှိတ်ထားလိုက်သည်။ ကိုသာနှင့် စကားတွေ တစ်ဝကြီး ပြောချင်ပါသေးသည်။ ကိုသာ့ ရင်ခွင်ထဲ ခေါင်းထိုးပြီးတော့ ငိုချင်ပါသေးသည်။ အဲသလို ငိုဖို့ ပြောဖို့ကို ဇင့်မှာ ကျန်းမာရေး အရ ခွန်အားမပြည့်စုံတာပါ။ ကိုသော်ကောင်းဟာ ခုချိန်မှာ ဇင့် ကို အစ်ကိုရင်းဆိုလည်းဟုတ်၊ ဇင့်အဖေဆိုရင်တောင် ဟုတ်နေတဲ့ အနေအထားမှာ ရှိနေသည်ဖြစ်ရာ ကိုသော်ကောင်းရဲ့ စကားကို လည်း အလေးထားရပါဦးမည်။

ဇင် မျက်စိမှိတ်ငြိမ်သက်သွားပြီးလျှင် ကိုသော်ကောင်း က သီဟသာကို ...

"လာပါ ... ထိုင်ပါဦး ကိုသီဟသာ"

သီဟသာသည် ကိုသော်ကောင်း ခုနထိုင်နေတဲ့ ဆိုဖာတွေဆီမှာ ကိုသော်ကောင်းနှင့် အတူဝင်ထိုင်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝဟာ ကိုသော်ကောင်း ခွင့်ပြုမှ မ,နှင့် စကားပြောရမည့် အဖြစ်မျိုး ရောက်နေတာဟာလည်း ဖြစ်သင့်ဖြစ်ထိုက်လို့ လို့ပဲ ရှိပါစေတော့။

"အမေတွေချင်း ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေ အခု ခင်ဗျား သိပြီးပြီလား"

"ဟုတ်ကဲ့ … တော်တော်စုံစုံ သိပြီးပါပြီ၊ ကျွန်တော့် ဖေဖေ ပြောပြပါတယ်"

"ခင်ဗျားအမေ ထင်မြင်ယူဆသလိုသာ ဟုတ်ခဲ့ရင် … ခင်ဗျား အဖေက ဖင်တို့သားအမိ ထွက်သွားတဲ့အခါ လိုက်ရှာဖွေပြီး ပြန်ဆက်သွယ်ကြည့်ရှုခဲ့မှာပေါ့"

"ဟုတ်ပါတယ်၊ ဖေဖေ့စကားကိုလည်း ကျွန်တော် ယုံပါတယ်၊ ဖေဖေက အပြစ်ရှိရင်လည်း သူ့ဟာသူ ဖွင့်ပြောဖို့ အသိခံဖို့ ဝန်လေးတဲ့လူစား မဟုတ်ပါဘူး"

"အဲဒီအိမ်က ထွက်ခဲ့ပြီး ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တချို့တော့ ခင်ဗျား သိဦးမှာ မဟုတ်ဘူးပေါ့၊ ဖင့်ကို မာမီက မွေးစားပြီး အမွေလွှဲပေးပြီး ဒီအခြေအနေအထိ ဖင် ရောက်ခဲ့ရတဲ့ အကြောင်းတွေတော့ အကျဉ်းချုံးလေး သိအောင် ပြောပြပါ့မယ်"





ကိုသော်ကောင်း ပြောပြသမျှကို သူ တအံ့တသြ နားထောင်ရသည်။ သူ့အာမှ မသိပါ။ မ,တို့ ထမင်းဆိုင်မှာ ဝင်လုပ်ကြရတာ၊ မာမီနှင့် တွေ့တာ၊ မ,ကို မွေးစားပြီး သေတမ်းစာနှင့် အားလုံးလွှဲပြောင်းပေးသွားတာတွေ စသည့် မ,ရဲ့ နောက်ကြောင်းဇာတ်လမ်းတွေကို သူ ခုမှပဲ သိရသည်။

"မ,ရဲ့ မေမေကလည်း နှလုံးရောဂါနဲ့ပဲ ဆုံးခဲ့တာကိုး"

"ဟုတ်တယ်ဗျ၊ အန်တီနှင်းဟာ တောက်လျှောက် သူ့ကိုယ်သူလည်း နှလုံးသွေးကြော ကျဉ်းမှန်း မသိခဲ့ပါဘူး၊ ဆုံးခါနီးကျမှ စစ်ဆေးပြီးသိတော့ ဆေးရုံတင် ခွဲစိတ်ကုသပါသေးတယ်၊ ဒါပေမဲ့ မရလိုက်ဘူး၊ ဆုံးသွားရှာတယ်၊ အဲဒီကတည်းက လက္ခဏာပြစပြုတဲ့ ဖင့်ကို သေချာကြိုတင် စစ်ဆေးဖို့ ကျွန်တော်ပဲ စီစဉ်ခဲ့တယ်၊ ဖင့်ကိုတော့ တော်တော်စောစောကတည်းက ကြိုသိရတော့ နေတာ ထိုင်တာ စားတာ သောက်တာ စိတ်ပင်ပန်းမခံစေတာတွေကအစ သတိနဲ့ နေဖြစ်ခဲ့တာပေါ့ဗျာ …

မာမီ မဆုံးခင် တစ်ကြိမ် သွေးကြော ချဲ့ခဲ့ဖူးတယ်၊ မာမီက ဆုံးတာ သုံးနှစ်ပဲ ရှိပါသေးတယ်၊ မဆုံးခင် နှစ်နှစ်လောက်ဆိုတော့ ငါးနှစ်လောက်တော့ ရှိပြီပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းကတော့ စင် တော်တော် ပြန်ကျန်းမာလာသေး တယ်"

"အခုတော့ သွေးကြောကိုချဲ့ပြီး ပြန်မကျဉ်းအောင် မပိတ်အောင် ထောက်ထားတဲ့ ကိရိယာမျိုးလည်း ပေါ်လာပြီဗျ၊ အဲဒါကို သွေးကြောမှာ ထည့်ပေးထားတာပေါ့၊ နောက်ဆုံးပေါ်ပစ္စည်းဆိုရင် သူ့ထဲကနေ သွေးကြောကို ပြန်မကျဉ်းအောင် ဆေးရည်တစ်မျိုးကနေ စိမ့်ထွက်နေတော့ တော်တော် effective ဖြစ်ပြီး အောင်မြင်မှုရှိတယ်လို့ သိရတယ် ကိုသော်ကောင်း"

"အဲဒါကိုလည်း ဆရာကြီး ပြောပါတယ်"

"ဆရာကြီးက ဘယ်လိုအကြံဉာဏ်ပေးသလဲ မသိဘူး"

"ဆရာကြီးက သွေးကြောအစားထိုးတာမျိုး လုပ်စေချင်တဲ့ သဘောရှိတယ်"

မျက်မှောင်တွန့်ထားသည့် ကိုသော်ကောင်းကို သီဟသာက လှည့်ကြည့်လိုက်ရင်း ...

"အင်း ... အဲဒါက ပေါင်က သို့မဟုတ် လက်မောင်းက သွေးကြောကို ယူပြီး အစားထိုးတာမျိုးဗျ၊ ဒါကို လုပ်ဖို့ လိုအပ်တယ်လို့ ဆရာကြီးက ပြောသလား"





"လိုကောင်းလိုမယ်လို့ ပြောတယ်"

သီဟသာ ရင်ထဲ လေးပင်မောနင့်သွားကာ ...

"ဆရာကြီးကတော့ မလိုအပ်ဘဲ လုပ်စေချင်မှာ မဟုတ်ပါဘူး၊ ဒါပေမဲ့ အဲဒီခွဲစိတ်မှုက လူနာအတွက် အန္တရာယ်ကြီးပါတယ်၊ သူက နှလုံးကို ရပ်ပြီး လုပ်ရတဲ့ကိစ္စမျိုး ဖြစ်နေတယ်၊ တခြားက ယူတဲ့ သွေးကြောသစ်ကို နှလုံးမှာ လာပြီး အစားထိုးဖြတ်တောက်ထည့်တဲ့ သဘောပဲ"

"ဟုတ်တယ်၊ risk ယူရမယ်ဆိုတာ ပြောပါတယ်၊ အဲဒါကြောင့် ကျွန်တော်က အဲသလိုလုပ်ဖို့ လိုအပ်လာရင် စင်ကာပူကို သွားခွဲမယ်လို့ ဆုံးဖြတ်ထားတယ်"

သီဟသာက ကိုသော်ကောင်းရဲ့ ပိုင်နိုင်တဲ့ အပြောကို အံ့အားတသင့် ငဲ့ကြည့်လိုက်မိရင်း ...

"ဒီမှာလည်း ဒီခွဲစိတ်မှုမျိုး လုပ်ပေးနိုင်ပါတယ်"

"ဒါပေမဲ့ လိုအပ်တယ်၊ လုပ်မယ်ဆိုရင်တော့ ဟိုမှာပဲ လုပ်မယ်လို့ စိတ်ကူးတယ်၊ ကျွန်တော့် သူငယ်ချင်း အောင်မြင်နေတဲ့ ဆရာဝန်နှစ်ယောက် ဟိုမှာ လူခံရှိတယ်၊ ဆေးရုံတောင် စုံစမ်းခိုင်းထားတယ်၊ ဒီညဖုန်းလည်းလာမယ်၊ အီးမေးလ်နဲ့လည်း ဝင်လာမယ်၊ ကျွန်တော် လိုချင်တဲ့ အချက်အလက်တွေ သိရမယ်"



www.burmeseclassic.com

www.burmeseclassic.com



သီဟသာသည် ဘာမှ မပြောနိုင်ဘဲ ကိုသော်ကောင်းကိုသာ စိုက်ကြည့်နေမိသည်။ သူ့မှာတော့ နိုင်ငံရပ်ခြားမှာ အောင်မြင်နေတဲ့ သူငယ်ချင်းဆရာဝန် မရှိပါ။ သူနဲ့ သိကျွမ်းတဲ့ တစ်နှစ်စော ဆရာဝန်အစ်ကိုကြီးတစ်ယောက်တော့ မကြာခင်က ဆက်တက်ဖို့ အင်္ဂလန် ထွက်သွားခဲ့တာရှိသည်။ သူကိုယ်တိုင် ပလက်ဘ်ဝမ်းလောက်ကို အောင်ဖို့ အသေအလဲ စာကျက်နေရဆဲဖြစ်သည်။ ဘာမှ မအောင်မြင်သေးပါ။

"လွယ်ပါ့မလား ကိုသော်ကောင်း"

"မလွယ်တာ ဘာမှ မရှိဘူး၊ နယ်ကလူ ရန်ကုန်တက်ဆေးကုသလိုပါပဲ၊ ဟိုမှာ တည်းခိုစရာအိမ်ရှိ ရှိတယ်၊ နေစရာ စားစရာ အဆင်ပြေတယ်၊ ငွေကြေးတတ်နိုင်တယ်ဆိုရင် ပြီးတာပါပဲ"

"မ,က တစ်ကိုယ်တည်းသမား ဖြစ်နေတယ်၊ မ့်အတွက် လူရင်းလူယုံ အဖော်အလော့"

"ကျွန်တော်ပဲလေ၊ ဖင်များ သွားခွဲစိတ်ဖြစ်ခဲ့ရင် ကျွန်တော် လိုက်ပေးမှာပေါ့"

သီဟသာသည် ပါးစပ်ပင် ဟ,သွားမလို အံ့အားတသင့်နှင့် ကိုသော်ကောင်းရဲ့ ထက်သန်တက်ကြွစိတ်စောမှုကို





အငိုက်မိနေပါသည်။ ရင်ထဲမှလည်း ဘာမှန်းမသိသော အလုံးအခု တစ်ခုနှင့် တင်းကျပ်လာနေသည်။

"ကျွန်တော့်မှာ အချိန်မရွေး ကောက်ထ,ခရီးသွားလာနိုင်တဲ့ စီးပွားရေး ပါ့စ်ပို့ထ်ရှိတယ်၊ လူနာအတွက် အမြန်ဆုံး ထွက်လို့ရနိုင်ဖို့လည်း ကူညီနိုင်တဲ့ အသိမိတ်ဆွေတွေ ရှိတယ်၊ ဆရာကြီးကလည်း အရေးပေါ် အလျင်အမြန် ခွဲစိတ်ကုသဖို့ လိုအပ်ကြောင်း ထောက်ခံပေးမှာပဲ၊ လုပ်ဖို့ လိုပြီပေါ့ ဆိုတာနဲ့ ချက်ချင်း ထွက်နိုင်အောင် ကျွန်တော် အခု စ,ပြီး စီစဉ်စ,ပြုပြီ"

သီဟသာမှာ အာစေး ထည့်ခံထားရသလိုပင်။ စီစဉ်စ,ပြုပြီတဲ့။ ခုမှ တစ်ရက်ပဲ ရှိပါသေးသည်။ တစ်ရက်အတွင်း အလွန်ထက်သန်စွာ ကြိုးပမ်းနေခဲ့တာပဲ။ သူလည်း မ,နားကမခွာ။ အဆက်အသွယ်ကောင်း၊ မိတ်ဆွေကောင်းတွေ များစွာ ခိုင်မာတာမျိုး ဖြစ်သည်။ သီဟသာမှာတော့ ကိုယ့်ချစ်သူရဲ့ ကျန်းမာရေးကိစ္စ၊ ကိုယ်က ဆရာဝန်တစ်ယောက် ဖြစ်နေပါလျက် ဤမျှ စွမ်းစွမ်းတမံမရှိ ဖြစ်နေသည်။

တစ် ... ငွေအား။ မိဘထံက လက်ဖြန့်ကာ မိဘသဘောတူမှ သုံးစွဲခွင့်ရှိမည့် အခြေအနေဖြစ်သည်။ နှစ် ...



www.burmeseclassic.com

www.burmeseclassic.com



လူအား။ အချိန်မရွေး နိုင်ငံခြားကို ကောက်ထ,သွားနိုင်သည့် အစွမ်းအစမျိုး သူ့၌ မရှိ။ စေတနာအား ...။ သူ့မှာ ဒါပဲ ရှိပါသည်။ စေတနာခွန်အား အကြင်နာခွန်အား စ,တာတွေက ပါးစပ်က ပြောပြလို့ ရတာလေးရှိရုံကလွဲပြီး ဘယ်မှာမှ သုံးမရပါ။

စိတ်မကောင်းခြင်းကြီးစွာ သူ့ရဲ့ ရင်ထဲ ကြေကွဲဆို့နင့်၍ စိတ်ဓာတ်အကျကြီး ကျမိပြီး မျက်ရည်လည်မလို ဖြစ်လာသည်။ ဤမျှ ကောင်းနေတဲ့ လူတစ်ယောက်ကိုလည်း သူ အတော်မုန်းတီးချင်လာသည်။ သူ ကောင်းနေခြင်းဟာ ကိုယ် မကောင်းနိုင်တာကို ပေါ်လွင်စေလျက် သူ့အစွမ်းအစတွေနှင့် တော်နေခြင်းဟာ ကိုယ် အသုံးမကျရာ ညံ့ရာကျနေစေပါတော့သည်။

"မိန်းမဖော် လိုကောင်းလိုနိုင်တယ်၊ လိုရင်လည်း ကျွန်တော့် အမေ လိုက်နိုင်တယ်၊ ဒါမှ မဟုတ်လည်းပဲ ချွေနီဆိုလည်း ဖြစ်လောက်ပါတယ်"

သီဟသာသည် ချွေးတွေ စိမ့်ပြန်ထွက်လာသည်။

"ဒါကို လုပ်မှ ဇင် ကျန်းမာမယ်ဆိုရင် အဲဒီဟာကို လုပ်ကိုလုပ်ဖြစ်ဖို့ ကျွန်တော် မဖြစ်မနေ ကြိုးစားမှာပဲ၊ ခက်တယ် ဆိုတာ မရှိပါဘူး"





သူ အတော်အောင့်သက် နားခါးလာသည်။ သူ မချုပ်တည်းနိုင်တော့ဘဲ ...

"ကိုသော်ကောင်းက မ,အပေါ် ဘာကြောင့် ဒီလောက် ကောင်းနေရတာလဲ"

ကိုသော်ကောင်းသည် စိတ်လိုက်မာန်ပါ တက်ကြွစွာ ပြောနေရာမှ ထိုစကားကြောင့် ယောင်အမ်းအမ်းနှင့် မျက်နှာကြီး ပင်ပြီး ဆွံ့အ,သွားပါသည်။

"မိတ်ဆွေရင်းမို့လို့လို့ ပြောရင်တော့ လွယ်ပါတယ်၊ ဒါပေမဲ့ ဘယ်မိတ်ဆွေရင်းချာတွေမှ ဒီလောက်မကောင်းနိုင်ပါဘူး၊ စေတနာအရာကောင်းနိုင်ရင်တောင် မဖြစ်မနေ အားထုတ်စွမ်းဆောင်မှုမှာ ဘယ်သူမှ ဒီလောက်တောင် မကောင်းနိုင်ပါဘူး၊ ကိုသော်ကောင်း မ,အပေါ် ကောင်းပုံက နတ်သိကြားတွေ ကောင်းပုံမျိုး ဖြစ်နေပြီ"

သူ့စကားတွေ ဘယ်ရောက်သွားမလဲ၊ ရောက်စေတော့။ မအောင့်အည်းနိုင်လွန်း၍ ပြောဖြစ်မိသွားပါပြီ။ ကိုသော်ကောင်းက ဘာမှ ဆက်မပြောနိုင်တော့ဘဲ သီဟသာနှင့် အကြည့်ချင်း ရင်ဆိုင်ကာ ငိုင်နေသည်။ သူ့မျက်နှာဟာလည်း တဖြည်းဖြည်းချင်း သွေးရောင် လွှမ်းတက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ပွင့်ပွင့်လင်းလင်းသမားမို့ ဝန်ခံနိုင်ပါတယ်၊ ကျွန်တော် မ,အတွက် ချစ်သူဆရာဝန် တစ်ယောက်ဖြစ်ပြီး ဒီလောက် လုပ်မပေးနိုင်တာကို တွေးပြီး ရှက်လာတယ်၊ သိက္ခာကျလာတယ်၊ သိမ်စိတ်မကောင်း ဖြစ်လာမိတယ်၊ အဲဒီအတွက် တစ်လောကလုံးကို အခုတစ်ထိုင်တည်းအတွင်း ကျွန်တော် အတော်မုန်းတီးလာတယ်ဗျာ"

ကိုသော်ကောင်းက ခေါင်းတစ်ချက်ယမ်းလိုက်ပြီး ...

"ဟုတ်တယ်၊ ခင်ဗျား ဆရာဝန်ပဲ၊ ဖင့်အတွက် ဆရာဝန် တစ်ယောက် ဆေးက လိုက်ပါလာနိုင်ခြင်းဟာလည်း သိပ်အကျိုးရှိတာပဲ၊ ခင်ဗျား ဆန္ဒရှိရင် ခင်ဗျား လိုက်ပါခွင့် ရဖို့ ကိစ္စအဝဝ ကျွန်တော့် ကူညီပေးပါ့မယ်"

"ကျွန်တော်ဆန္ဒ ရှိပါတယ်၊ မ,နားက ကျွန်တော်ပဲ လိုက်ချင်တာပေါ့၊ ဒါပေမဲ့ ဖြစ်နိုင်ဖို့ မလွယ်ပါဘူး၊ မ,နောက်ကို ကျွန်တော် လိုက်မဲ့စကား စ,လိုက်တာနဲ့ အိမ်မှာ ရင်ဆိုင်ရမှာက အပြင်းအထန်ပါ၊ ကျွန်တော့်အမေကို ဝေဒနာနဲ့ ပစ်ထားခဲ့ပြီး ချစ်သူ ဆေးကုတဲ့နောက် လိုက်သွားတဲ့ သားဆရာဝန် ဆိုရင်ကော ကျွန်တော့်ကို မေမေ မွေးရကျိုးနပ်ပါဦးမလား"





"ခင်ဗျား ဘာဖြစ်ချင်တာလဲ ကိုသီဟသာ"

"ကျွန်တော် ဘာဖြစ်ချင်မှန်း ကျွန်တော် မပြောတတ်တော့ပါဘူး၊ ဒါကြောင့် အနီးဆုံးလူဖြစ်တဲ့ ခင်ဗျားကို ကျွန်တော် ပတ်ရမ်းနေတာပေါ့၊ ကျွန်တော့်မှာ ထွက်ပေါက်မရှိဘူးဗျာ၊ ကျွန်တော် မ,အတွက် ဘာမှ အသုံးမတည့်တဲ့ဘဝ ရောက်ရမယ်လို့လည်း မထင်ခဲ့မိဘူး၊ ခုတော့ မ,အတွက် ကျွန်တော် မရှိလည်း ဘာမှ မဖြစ်ဘူး မဟုတ်လား"

"ဒီလို ဘယ်ဟုတ်မလဲဗျ၊ ဖင်က ခင်ဗျားကို သိပ်ချစ်တာ၊ ခင်ဗျား မရှိရင် ဖင့် အသည်းကို ခွဲလိုက်တာနဲ့ အတူတူပေါ့"

"ခင်ဗျားက အသည်းခွဲတာတွေ ချစ်တာတွေ မြတ်နိုးတာတွေကို ဘယ်လောက် နားလည်ထားလို့လဲ"

ကိုသော်ကောင်းက မမျှော်လင့်ဘဲ ပြုံးလိုက်ရင်း ...

"ခင်ဗျားက ခင်ဗျား စကားအတိုင်း ကျွန်တော့်ကို တကယ်ပဲ ပတ်ရမ်းတော့တာကိုး၊ ကျွန်တော်က အကျိုးမရှိဘဲ ကိုယ့်အကြောင်းကိုယ် သူများတကာကို ရင်ဖွင့်ပြဖို့ ဝါသနာမပါပေမဲ့ လိုအပ်ရင် ခင်ဗျားလောက်တော့ ပွင့်လင်းပါသေးတယ် ကိုသီဟသာ၊ ခင်ဗျားက ဖင့် ချစ်သူပါ၊ သဘောထားကြီးလိမ့်မယ် ထင်ပါတယ်၊ ကျွန်တော် ဖင့် အပေါ် သိပ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမိတာဟာ ဇင့်ကို ချစ်လွန်းလို့ကလွဲပြီး ဘာများ
ဖြစ်နိုင်ဦးမလဲ"

သီဟသာသည် နားနှစ်ဖက် ရှိန်းခနဲ ပူထူကာ ပြုံးမဲ့မဲ့နှင့် ...

"ကျွန်တော် သဘောထားကြီးရမှာပေါ့၊ တကယ်တော့ ကျွန်တော် မ,အချစ်ကို ရခဲ့တာကိုက ခင်ဗျား မ,ကို မကြိုးစားခဲ့လို့ ဖြစ်မှာပဲ၊ ခင်ဗျားလို လူကသာ မ,ကို လက်ထပ်ခွင့်တောင်းခဲ့ရင် နှလုံးသားက မလှုပ်ရှားတောင်မှ မ,ဟာ လေးစားကြည်ညိုမှုနဲ့ ငြင်းမယ် မထင်ပါဘူး"

"ဇင့်ကို ချစ်တဲ့သူနဲ့ တွေ့စေဆုံစည်းစေချင်ပါတယ်၊ ဇင့်ကို စိတ်ချမ်းသာစေချင်တယ်ဗျာ၊ ကျွန်တော် ဖွင့်ပြောရင် ဇင် ငြင်းဖို့ ဝန်လေးမှာကို အစောကြီးကတည်းက သိပါတယ်၊ ဇင့်နှလုံးသားကို မရရင်လည်းနေပါ၊ ကျွန်တော်ကချည်း ချစ်နေပြီးတော့လည်း ကျွန်တော့်ဘဝ ပြည့်စုံနိုင်ပါတယ်၊ ဇင့်ကို ဖွင့်မပြောဘဲ အရိပ်ကြည့်နေခဲ့တာက ဇင်ဟာ ဖြစ်နိုင်ရင် အိမ်ထောင်သားမွေး ပင်ပန်းဆင်းရဲမှု ဒဏ်ကိုတောင်မှ မခံရင်ကောင်းတယ် ဆိုတဲ့ ဆရာဝန်ကြီး စကားကြောင့်ပါ"





သီဟသာ ငိုင်ကျသွားပါသည်။ ခေါင်းတွေလည်း မူးနောက်လာသည်။

"ဒါဖြင့် ခင်ဗျား ကျွန်တော့်ကို အတော်မုန်းမှာပဲနော် ကိုသော်ကောင်း"

"မုန်းတယ်လို့ မဟုတ်ပါဘူး၊ ခင်ဗျားဟာ ဇင့်အတွက် ကောင်းသောချစ်သူ၊ ကောင်းသောလင်ယောကျ်ားဖြစ်ဖို့ပဲ လိုအပ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

မေမေ ဆေးရုံက ဆင်းလာပြီးကတည်းက ဖေဖေ အိမ်ကပ်လာပါသည်။ ဖေဖေ့ရဲ့ ပြန်ချိန်တို့ဟာ အရင်ကလို ညကြီးမိုးချုပ် မဟုတ်တော့။ ခြောက်နာရီကျော်ကျော်လောက်တွင် ဖေဖေ ပုံမှန် အိမ်ပြန်ရောက်၍ ဖေဖေဟာ သီဟသာထက်ပင် အိမ်ကို စောစောရောက်ပါသည်။ ဖေဖေ ပြောင်းလဲလာသည်မှာ သူ့ကြောင့်ဆိုတာ သီဟသာ နားလည်သည်။ ဖေဖေ့ကို ကျေးဇူးတင်၍ လေးစားမိပါသည်။

ပထမတော့ သူ့ရဲ့ ဝေဒနာ၊ သူ့ရဲ့ ခံစားချက်တို့ကို ဖေဖေ့ကို ပြောပြဖို့ မရည်ရွယ်ပါ။ သားအဖပင် ဖြစ်သော်လည်း





သူ ရှက်ဆွံ့မိပါသည်။ အချစ်ရေးကိစ္စကြောင့် သူ စိတ်ညစ်နေလိမ့်မည်ဆိုတာကို ဖေဖေ အပေါ်ယံလောက်ပဲ သိမှာပင်။ သူ့ရဲ့ ဘေးကျပ်နံကျပ်တွေ၊ ချစ်သူကောင်းတစ်ယောက် မပီသနိုင်မှု၊ နေရာမရနိုင်မှုကို ကိုသော်ကောင်းနှင့် နှိုင်းယှဉ်၍ ရင်ကွဲပက်လက် ဖြစ်နေရတာတွေလောက်ထိတော့ ဖေဖေ မသိ။

သို့ပေမဲ့ တစ်ညမှာတော့ သိဖို့ ကြုံခဲ့ရပါသည်။ အဲဒီညက သူသည် စိတ်ညစ်လွန်းအားကြီး၍ ခင်မင်သော သူငယ်ချင်း ဒေါက်တာစောလင်းဦးကို ခေါ်လျက် အရက်သောက်မည့် ရည်ရွယ်ချက်နှင့် ရက်စ်တောရင့်တစ်ခုကို ရောက်သွားပါသည်။ အရင်ကတော့ ကြုံကြိုက်လျှင် ဘီယာလောက် အပျော်သောက်ဖြစ်မှုးပေမဲ့ အရက်ပြင်းကို သူ ကြိုက်တာလည်း မဟုတ်။

အဲဒီညကတော့ စောလင်းဦးကို ရင်ဖွင့်ရင်း သောက်ရင်းက သူ မူးသွားပါသည်။ ဘေးဘီကိုလည်း ဘာမှ မမြင်အောင် မူးသွားတာမှ ဘေးစားပွဲမှာ ဖေဖေတို့ အပေါင်းအသင်းတစ်စု ဝိုင်း ရှိနေတာကိုပင် မသိ။ ဖေဖေ့ကို မမြင်။ အာရုံမရောက်။ နောက်ဆုံးတွင် သူ့ကို ဖေဖေက ခေါ်ယူသွားရပါသည်။

အစကတည်းက မူးချင်တဲ့ ရည်ရွယ်ချက်နှင့်မို့ သူကားမောင်းဖို့ စိတ်ကူးမရှိကာ စောလင်းဦး ကားနှင့်သာ



www.burmeseclassic.com

www.burmeseclassic.com



လာတာမို့ စောလင်းဦးက သူ့ကားနှင့်သူ ပြန်ပြီး ဖေဖေက သီဟာသာကို သူ့ကားနှင့် တင်ခေါ်ပြန်လာသည်။ ဖေဖေက သူ့ကို အင်းလျားကန်ဘောင်ပေါ် ခေါ်လာပါသည်။ သားအဖနှစ်ယောက် ကန်ဘောင်မှ ခုံတန်းရှည်ကလေးတွေမှာ ထိုင်ရင်း နက်ပြာသော ကောင်းကင်ကြီးအောက်ဝယ် ရင်ဖွင့်ကြတဲ့ ညပင်။

သူ ဖြစ်ပျက်နေသမျှ သူ့ရင်ထဲက အကုန်အစင်ကိုလည်း ဖေဖေ သိသွားခဲ့သည်။ ကိုသော်ကောင်းဆိုတဲ့ အပြစ်ဆိုရခက်တဲ့ လူကောင်းလူတော်တစ်ယောက် ချစ်သူနှစ်ဦးကြားမှာ ရှိနေတဲ့အဖြစ်ကို ဖေဖေပါ ဦးနှောက်ခြောက်သွားပါသည်။ သူ့ခံစားချက်တွေတင်မက။ ဖေဖေ့ ခံစားချက်တွေကိုပါ သူ ကြားခွင့်ရခဲ့တာ။

မ,တို့ သားအမိ အိမ်က ထွက်သွားကြတဲ့အထိ ဖေဖေဟာ အိမ်ထောင်ရေးမှာ ဖောက်ပြန်စည်းကမ်းမဲ့မှု မရှိသေးပါတဲ့။ မေမေဟာ အန်တီနှင်း အိမ်က ထွက်သွားပေမဲ့ ပြီးမသွား။ ဖေဖေ နှင့် တစ်နည်းနည်း ဆက်သွယ်ကြဦးမလား စိတ္တဇဖြစ်နေကာ ဖေဖေ့ မိတ်ဆွေသူငယ်ချင်း အပေါင်းအသင်း အသိုင်းအဝိုင်းကြားမှာ ဤကိစ္စကို အဆင်ခြင်မဲ့စွာ ဖြန့်ဝေသည်။

ဖေဖေ့ကို ဝိုင်းဝန်းစောင့်ကြည့်ပေးကြဖို့၊ ဖေဖေ့ခြေလှမ်းတွေကို သူ့ထံ အသိပေးကြဖို့၊ ဖေဖေဟာ မယုံရတော့တဲ့





အကြောင်း၊ ခြေလှမ်းပျက်နေကြောင်းတွေ။ ဖေဖေ အင်မတန်ဒေါသထွက် ခံပြင်းရှက်ရွံ့ခဲ့တာလည်း နားမလည်စရာ မရှိပါ။ ဖေဖေနဲ့ မေမေ့ ရန်ပွဲတွေ တချိန်းချိန်း။ မေမေဟာလည်း သံသယတွေ ရုပ်တန်းက ရုပ်မသွားခဲ့။

ကြာသော် ဖေဖေသည် ဤဝဲဂယက်ထဲ ရှက်ရွံ့သိက္ခာကျရခြင်းအပေါ်၌ မေမေ့ကို နာကြည်းလာသည်။ ဤနည်းအားဖြင့် တမင်တကာ အရွဲ့တိုက်၍ မေမေ စိတ်ဆင်းရဲအောင် လုပ်ပြခဲ့သည်ဟု ဆိုပါသည်။

"အဲဒီတုန်းက ဒီနည်းလမ်းဟာ အဖြေမဟုတ်ဘူး၊ ထွက်ပေါက် မဟုတ်ဘူးဆိုတာလည်း ဖေဖေ သိပါတယ်၊ ယောကျ်ားကောင်း မပီသလို့ လို့ပဲ စွပ်စွဲစွဲ၊ သူ့ကြောင့် အပြစ်မရှိဘဲ ရှက်ရွံ့သိက္ခာကျရတော့ သူ့ကိုလည်း တန်ပြန်ခံစားရစေတော့လို့ကို စိတ်ဆိုးစိတ်ညစ် ဝင်ခဲ့တယ်၊ ဒီတုန်းက အဲသလို မလုပ်ခဲ့မိရင် ကောင်းသားလို့ နောက်တော့ နောင်တရပါတယ် ...

အစရှိ အနှောင်နှောင် ဆိုသလို လုပ်မှုးသွားတော့ ရဲသွားတယ်၊ သာယာသွားတယ်၊ ဂရုမစိုက်မိတော့ဘူး၊ နှောင်ကျတော့ ကောင်းကောင်းနေလိုက်ပါတော့မယ်ဆေတို



www.burmeseclassic.com

www.burmeseclassic.com



တာတောင် ငြိလက်စနဲ့ ထပ်ငြိစရာတွေ ဖြစ်လာခဲ့တာပဲ၊ မိကောင်းဖခင်သမီးတွေကို ဖေဖေ မဖျက်ဆီးဘူး၊ အဲဒီအပြင် ဒီမယား ဒီသားနဲ့ ယှဉ်ပြိုင်ဖြစ်လာနိုင်လောက်အောင်လည်း ဘယ်သူ့ကိုမှ အလေးအနက် နေရာမပေးခဲ့ဘူး"

ဖေဖေ့ရဲ့ ဆက်တိုက်သတင်းဆိုးတို့ဟာ အန်တီနှင်းနှင့် ကိစ္စကို မယုံကြည်တဲ့ မေမေ့အတွက် ပိုပြီး ခိုင်မာစေသော သက်သေပြချက်များလို ဖြစ်ခဲ့မှာပင်။ မေမေ့ စိတ်ထဲစွဲနေသည်မှာ ဖေဖေ့ကို ရှုပ်တတ်အောင် ပထမဦးဆုံး လက်ချာပေးသွားတာ အန်တီနှင်းရယ်လို့ပင်။ ဒါကြောင့်လည်း နောင် ဖေဖေနှင့် ဖြစ်ကြ ပျက်ကြသမျှတွေကို အတိအလင်းလည်း မသိ၊ သိသလောက်လည်း ဒီလောက်စိတ်မနာလှဘဲ အန်တီနှင်းကိုသာ ဖိပြီး စိတ်နာနေခဲ့တာ။

သီဟသာအတွက် ဖေဖေ စိတ်မကောင်း ဖြစ်ရသည်။ ထို့ကြောင့်ပင် ဖေဖေဟာ သူ့ကိုယ်သူ တမင်တကာ ပြောင်းလဲပစ်လိုက်တာပဲလို့ သီဟသာ နားလည်ပါသည်။

အိမ်ကိုစောပြန်သည်။ မေမေ့နား ကပ်သည်။ မေမေ့ကို ယုယကြင်နာသည်။ နာကျင်မှုကိုယ်စီနှင့် ခြောက်သွေ့နေသော အိမ်ထောင်ရေးကို ပြန်လည်စိုပြည်အောင် ဖေဖေ အသက်သွင်းပါ





သည်။ အဘယ်သော ဇနီးသည်သည် မိမိ ခင်ပွန်း အချိန်တန်အိမ်ပြန်၍ မိမိအပေါ် ယုယချစ်ကြင်ခြင်းကို မမက်မောပဲ ရှိပါအံ့နည်း။

ကုမ္ပဏီရုံးဆင်းချိန်နှင့် အိမ်အပြန်ကားမောင်းချိန် ကွက်တိကြောင့် အိမ်တန်းပြန်မှန်းလည်း အသိသာကြီးပင်။ နေ့လယ်နေ့ခင်းမှာလည်း နေကောင်းသလားဆိုတာ မေမေ့ထံ နှစ်ကြိမ်လောက် ဖုန်းဆက်သတင်းမေးသေးသည်။

"ကိုယ့်သွေးတိုး ကိုယ်ထိန်းမှ ဖြစ်တာ၊ မင်းဘာမှ မတွေးနဲ့လွှင်၊ ကိုယ် ကျန်းမာဖို့ပဲတွေးပါ၊ မင်း ကျန်းမာမှ ငါရောသားလေးရော စိတ်ချမ်းသာမယ်၊ ပြီးတော့ မင်း နေ့တိုင်းဘုရားရှိခိုး ပုတီးစိပ်နေတဲ့ သူပဲကွာ၊ တရားဓမ္မသဘောတွေငါ့ထက် သိပါတယ်၊ အရာရာကို တရားနဲ့ ယှဉ်တွေး၊ လောဘ ဒေါသ မောဟ အာဃာတတွေဟာ မကောင်းဘူးဆိုတာ ကလေးကအစ သိပါတယ်ကွာ"

"ရှင် ကျွန်မကို ဒါတွေပြောနေတာ ကျွန်မများ မကြာခင်သေလောက်တဲ့ ရောဂါအဆောက်အအုံ ရှိနေတာကြောင့်များလားဟင်"

"ဟာ ... ဘယ်ကသေရမှာလဲကွ၊ အဝေးကြီး၊ အေး ... မနေတတ်ရင် သွေးတိုးဆိုတာ ဖျိုးခနဲ ခေါက်ခနဲလည်း



www.burmeseclassic.com

www.burmeseclassic.com



သေရင်သေမယ်၊ အနေတတ်ရင် သေဖို့နဲ့အဝေးကြီး၊ ဘာကိုမှ ဒေါသနဲ့ ယှဉ်မတွေးနဲ့၊ စိတ်ကို ငြိမ်းချမ်းအောင်ထားကွာ”

“မသိပါဘူး၊ ရှင်က အခု အချိန်တန် အိမ်ပြန်၊ ကျွန်မနားကပ်၊ တရားစကားပြောနဲ့မို့ ကျွန်မများ သေတော့မလားလို့”

“ဘာမဟုတ်တာလေးနဲ့ မိသားစုထဲမှာ မပြေတဲ့အငြိုးကြီးတွေ အမှတ်သည်းခြေကြီးတွေ ဝင်ပြီး မသာယာတာကို ငါ စိတ်ပျက်လာလို့ပဲ၊ မင်းကို အကြိမ်တစ်ရာမက ပြောခဲ့ပြီးသားလည်း ထပ်ပြောရဦးမယ်၊ မင်း ပထမဆုံးအကြိမ် စွပ်စွဲတုန်းက မင်း ယောကျ်ားဟာ အင်မတန် အပြစ်ကင်းပြီး သိက္ခာသမာဓိ သန့်စင်ကြည်နေတဲ့ လူတစ်ယောက်ပဲ၊ မင်းက အယုံအကြည်မဲ့၊ ငါက ရွဲ့ရင်း ဒီအထိ ဖြစ်လာတာ၊ ငါနဲ့ မနှင်း ဘာမှ စိတ်နဲ့တောင် မပြစ်မှားဘူး၊ ဒါကို မင်က အကြမ်းကိုင်တွယ်၊ ငါက တစ်ခါအရွဲ့တိုက်တော့ မင်းက အယုံအကြည်ပိုမဲ့၊ နောက်ဆုံး နှစ်တွေ ကြာပြီးမှ ဒီဒဏ်ကို လာစုခံနေရတာက ငါတို့ရဲ့ ရင်နှစ်သည်းချာ သားလေး ဖြစ်နေတယ် ...

သီဟသာ မပြောနဲ့ ဇင့်မှာလည်း ဘာဆိုဘာမှ အပြစ်မရှိဘူး၊ ဖြူစင်အေးချမ်း လိမ္မာကြတဲ့ ကလေးတွေ၊





ငါတို့တုန်းကလည်း သိပ်ချစ်ပြီး ယူလာကြတယ်၊ သားအလှည့်ကိုလည်း သိပ်ချစ်တဲ့သူနဲ့ ယူရစေချင်တယ်”

“ဇင့်မှာ အပြစ်မရှိတာ ကျွန်မ သိသားပဲ၊ ဒါပေမဲ့ သူ့ကို မြင်နေရင် အဟောင်းတွေ အသစ်ဖြစ်ပြီး တစ်ရက်မှ စိတ်ချမ်းသာမှာ မဟုတ်တာကို သိသိနဲ့ ဖွတ်မိုတ်ပေးစားရမလား”

“နေ့တိုင်း မတွေ့ချင်ရင် ခပ်လှမ်းလှမ်းလေး နေနိုင်းလည်း ရတာပဲကွာ၊ တစ်ခါတစ်ရံမှ တွေ့ပေါ့၊ မင်းတို့ ငါတို့ သက်တမ်းဆိုတာ မကြာခင် ကုန်ဆုံးမှာ၊ သေမှာ၊ အကြွကြီး နေရဦးမှာက ငါတို့သား၊ နေရသမျှမှာ စိတ်ဆင်းရဲပြီး နေမသွားပါစေနဲ့ လွင်ရာ၊ အပြစ်မဲ့တဲ့ ဇင့်ကို စိတ်ချမ်းသာပါစေလား”

“အမယ်လေး ... သူကလည်း သူ့မာန်ကလေးနဲ့နေမှာပါ၊ သူ့အမေကို စွပ်စွဲရကောင်းလားဆိုတဲ့ နာကြည်းမှုရှိနေမှာပေါ့၊ ရင်ထဲအခုအခံတွေနဲ့ ပတ်သက်လို့ မဖြစ်နိုင်ပါဘူး ကိုကျော်သာရယ်၊ ခုကိုပဲ ကြည့်ပါလား၊ ကျွန်မ ဆေးရုံမှာ နှစ်ပတ်နီးပါးနေရတယ်၊ သူ လာကြည့်လို့လား၊ မာန်ကလေးတက်နေမှာပါ၊ သူကလည်း ပြည့်စုံကြွယ်ဝနေပြီကိုး”



www.burmeseclassic.com

www.burmeseclassic.com



"သူ လာကြည့်ရအောင် ခုထိတောင် သူက ဆေးရုံက ဆင်းရသေးတာမှ မဟုတ်တာ"

"ဟင် ..."

"အေး ... မင်းနဲ့ တစ်ရက်တည်း၊ တစ်ဆေးရုံတည်း အပေါ်ထပ်အောက်ထပ် တင်ရတာ၊ သူလည်း နှလုံးရောဂါ သမားတဲ့ကွ၊ သူ့အမေ ဖြစ်ခဲ့တာတွေလိုမျိုး"

"ရှင်ဟာလေ ... စကားထဲ ထည့်ပြောနေပြန်ပြီ"

"ပြောပြတာပါကွာ၊ ဒီကောင်မလေးက တစ်ကြိမ် ခွဲစိတ်ပြီးပြီ၊ ခုလည်းပဲ ထပ်ပြီး ခွဲစိတ်ဖို့ရှိတယ်၊ နိုင်ငံခြား သွားခွဲမယ် စီစဉ်နေကြတယ်၊ ဆရာဝန်နဲ့ ချစ်သူတော်ထားတဲ့ဟာပဲ၊ နိုင်ငံခြားသွားခွဲတဲ့ဆီ မင်းရဲ့သားသာ လိုက်သွားပေးနိုင်ရင် ကောင်မလေး အားရှိစရာပေါ့ကွာ"

"အောင်မယ်လေး ... ဘုရား ... ဘုရား ... မဖြစ်ပါဘူး၊ ကျွန်မသားကို နိုင်ငံခြားရောက်ပြီးမှ အငြိုးနဲ့ ပြန်မလွှတ်တော့ဘဲ ဟိုမှာ အခြေချလိုက်ကြရင် သေရချည်ရဲ့"

"မင်းကလည်း အစိုးရိမ်ဟယ် မရှိတာကွာ၊ ဆေးသွားကုပါတယ် ဆိုမှ တစ်သက်လုံး နေလိုက်လို့ရပါ့မလား၊ အချိန်တန် ကောင်းသွားရင် ပြန်လာရမှာပေါ့၊ ကိုယ် လုပ်ချင်တိုင်း ဖြစ်တာမှတ်လို့ လူပြိန်းစကား ပြောလိုက်တာ"





"အိုး ... မဖြစ်ပါဘူး၊ ကျွန်မ စိတ်မချဘူး၊ ကိုသာ မလိုက်ရပါဘူး၊ သူ့ဟာသူ သွားကုပေါ့၊ လင်မယားမှ မဟုတ်ဘဲနဲ့ဟာ၊ လိုက်စရာမလိုပါဘူး"

"အေးပါ၊ မင်း မကြည်ဖြူရင် သားလည်း မသွားရပါဘူး၊ နှလုံးသွေးကြောကို အစားထိုးကုရမှာ၊ ကြီးကျယ်တဲ့ ခွဲစိတ်မှုမျိုး သွားလုပ်ရမှာကွ၊ မင်းသာ ကြည်ကြည်ဖြူဖြူ ပြေပြေလည်လည်ဆိုရင် ကောင်မလေးမသွားခင် အတော် စိတ်ချမ်းသာရမယ်"

"အို ... ရှင့်မလည်း တစ်မျိုးပြီး တစ်မျိုး တောင်းဆိုနေ လိုက်တာ၊ သားကများ သင်ထားသလား အောက်မေ့ တယ်"

"ဘဝကို အစိုးရိမ်ဟယ်ရှိရှိ စိတ်ချမ်းချမ်းမြေ့မြေ့နဲ့ ငါ ကိုယ် တိုင်ရော၊ မင်းရော၊ သားရော၊ ဖြတ်သန်းစေချင်လို့ပါ၊ ငါ ကိုယ်တိုင် အခု အားလုံးကို ပြုပြင်ပြောင်းလဲပြီးနေဖို့ ဆုံးဖြတ်လိုက်ပြီ၊ ဘာမှ မဟုတ်ဘဲ အရွဲတိုက်တာသက်သက် နဲ့ မင်းရဲ့ သံသယတွေကို နှိုးဆွခဲ့လို့ ခုလောက်ထိ တစ်နှယ်ငင်တစ်စင်ပါ ဖြစ်နေတာကို နောင်တရ တရား သံဝေဂရလာလို့ဟော့"



www.burmeseclassic.com

www.burmeseclassic.com



မကြာခင်မှာ ဇင့် သတင်းကို ဒေါ်လွှင်လွှင် ကိုယ်တိုင် တခြားကရပါသည်။ ဒေါ်လွှင်လွှင်ကို သတင်းမေး လာရောက်လည်ပတ်သည့် ရွှေပန်းတိမ်လုပ်ငန်းရှင် သူငယ်ချင်းတစ်ယောက် ရောက်လာတဲ့အခါ အရင်ကတော့ ကိုယ်မသိလို့စကားမစပ်မိပေမဲ့ ခုတော့ သိနေပြီမို့ 'ရွှေဂမုန်းစိန်တိုက်'အကြောင်း စကားကြောင်း စပ်သွားရပါသည်။

"ဒီမိန်းကလေးနဲ့ မခင်လွန်းပေမဲ့ သိတော့သိကြပါတယ်၊ ဒေါ်ရွှေဂမုန်း မွေးစားလိုက်ပြီး အမွေတွေ ရသွားတာလေ၊ ချောကလည်းချော၊ ချမ်းကလည်းချမ်းသာပေမဲ့ နှလုံးရောဂါသည်ဆိုလား၊ ခုတောင် နိုင်ငံခြား ဆေးသွားကုဖို့ သတင်းကြားတယ်၊ စိန်တိုက်ပါ ပိတ်ထားတယ်၊ သူတို့နဲ့ လုပ်ငန်းမိတ်ဆွေပေါ့၊ စိန်ကုန်သည်ကောင်လေးတစ်ယောက်ဟာ ကိုသော်ကောင်း ဆိုတာ ရှိတယ်၊ သူတို့ချင်း ဘယ်လိုပတ်သက်လဲတော့ မသိဘူး၊ ဒါပေမဲ့ ဇင်ဂမုန်း ဆေးသွားကုရင် ကိုသော်ကောင်း လိုက်သွားမယ်လို့ မနေ့ကပဲ စိန်ရွှေရပ်ကွက်က သတင်းကြားလာသေးတယ်"

"ကိုသော်ကောင်း ဆိုတာ ဘယ်သူလဲ"





"အမယ်လေး ... ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ပေါ့၊ ဘယ်သူ့မှ စိတ်မဝင်စားဘူး၊ ခုထိ လူပျိုကြီး၊ အသက်သာသုံးဆယ့်ငါးနဲ့လေးဆယ်ကြား ရှိပြီ၊ ဇင်ဂမုန်းနဲ့ပဲ တတွဲတွဲပဲ"

"ချစ်သူတွေလား"

"သေချာတော့ မသိဘူး၊ ဒါပေမဲ့ ဖြစ်ရင်လည်း ဖြစ်မှာပေါ့၊ နေနဲ့လ ရွှေနဲ့မြတွေပဲ၊ နှလုံးခွဲမှာ သိန်းဘယ်နှစ်ရာကုန်မယ်ဆိုလား၊ ခုခေတ်ကြီးမှာ ငွေကြေးတတ်နိုင်ပေလို့ ကိုယ့်ရောဂါကိုယ်ကုနိုင်တာ တော်ပါသေးရဲ့ကွယ်"

ထိုစကားကြားရတဲ့အခါ ဒေါ်လွှင်လွှင်သည် ရင်ထဲ ခိုးလိုးခိုးလု အိုးတိုးအင့်တင့် နေမထိထိုင်မသာဖြစ်ကာ ဝမ်းသာရမှာလိုလို၊ ဝမ်းနည်းမှာလိုလို အတော်ပဲ နေရထိုင်ရ ခက်ပါသည်။ ညနေတွင် ခင်ပွန်းသည်ကို ပျာပျာသလဲ ပြောသည်မှာ ...

"ရှင်ကဖြင့် သားကို နိုင်ငံခြား ဆေးကုဖို့ ထည့်မလားလေးဘာလေး စိတ်ကူးယဉ်နေ၊ ဟိုမှာ ဇင် နိုင်ငံခြားသွားရင် စိန်သူဌေးလူပျိုကြီး ကိုသော်ကောင်းဆိုတာက လိုက်ပို့ပြီး ကုသပေးမှာဆိုပါလား၊ ဘာလဲ ဒီဟာမလေးက ငါးရံ့နှစ်ကောင်ဖမ်းနေတာလား၊ ကျုန်မတို့ သားကို သက်သက်မဲ့ ကျုန်မအပေါ် အငြိုးနဲ့များ လာကစားသလားရှင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်းကွာ၊ တစ်ဆိတ်ရှိ သံသယက စ,ဝင်ဖို့ပဲ၊ သူတို့ ဇာတ်ကြောင်းတွေ သားပြောလို့ ငါ အားလုံး သိပါတယ် လွင်ရယ်၊ ကိုသော်ကောင်းဆိုတာ ဇင့်ကို ဘာခေါ်မလဲကွာ၊ အခု စာတွေထဲ ခေတ်စားလာတဲ့ ပလက်တိုးနစ်လပ်ဖ်ဆိုလား၊ ရယူပိုင်ဆိုင်လိုခြင်း မျှော်လင့်ချက်ကင်းတဲ့ ချစ်ခြင်းမေတ္တာ အဖြူထည်ပေါ့ကွာ၊ အရိပ်တကြည့်ကြည့်နဲ့ ချစ်တဲ့သူတဲ့၊ မင်းသားလည်း သိပါတယ်"

"ဒီလို သူ့ခွေးက ဒီလို ဘာမှ မမျှော်လင့်ဘဲ ချစ်နေတာကို ဇင်ကကော ပြန်မချစ်ဘူးလား"

"ဇင်က မင်းရဲ့သား သီဟသာကိုပဲ ချစ်တာ၊ ဇင်နဲ့ သီဟသာ ချစ်သူဆိုတာကိုလည်း ဒီကိုသော်ကောင်း အသိပဲ၊ အခု သူ လိုက်မှာကလည်း စင်ကာပူမှာ သူ့မိတ်ဆွေ ဆရာဝန်လူခံတွေ ရှိတယ်၊ သူ ကျွမ်းဝင်တဲ့ မြို့ဖြစ်တယ်၊ ပြီးတော့ သူက နိုင်ငံခြား ခုသွားချင် ထ,သွားနိုင်တဲ့ ပါ့စ်ပို့ထ်မျိုး ကိုင်ထားတယ်၊ ဇင်နဲ့လည်း ရင်းချာတယ်၊ ဒါတွေကြောင့် လိုက်သွားမှာ"

"သင့်တော်ပါမလားရှင့်၊ သူစိမ်းယောကျ်ားနဲ့ သူစိမ်းမိန်းမ နိုင်ငံခြား အတူတွဲသွားပြီး အတူနေကြမှာ"





"ဟ ... ဇင်က ဟိုရောက်တာနဲ့ ဆေးရုံတန်းတက်နေမှာပဲ ဟာ၊ မင်းသားကိုယ်တိုင်တောင် ကြည်ဖြူလိုက်ရတာပဲ၊ မင်းလည်း ကြည်ဖြူလိုက်ပါကွာ"

"အို ... ရှင့်စကားက ဘာလိုလိုနဲ့၊ ကြည်ဖြူ မကြည်ဖြူ ဖြစ်ရအောင် သူက ကျွန်မ ချွေးမလောင်း စစ်စစ်လည်း မဟုတ်ဘူး၊ အေးလေ ... သူ့ဟာသူ သင့်တော်တော် မသင့်တော်တော် ကိုယ်လည်း သားနဲ့ ရည်ရွယ်ထားတာမှ မဟုတ်တာ၊ နေပစေတော့"

"သြော် ... လွင် ... လွင် ...၊ မင်းဆိုတဲ့ မင်းကတော့လေ၊ တကယ်တော့ မင်းရဲ့သားလည်းပဲ ဇော်ဇ့်ရှောက်လိုက်ပါမဲ့ ဆရာဝန်အဖြစ်နဲ့ လိုက်သွားလို့ရတယ်ကွ"

"သားရော၊ ကိုသော်ကောင်းရောလား"

"ဒါပေါ့"

ဒေါ်လွင်လွင်မှာ ခဏတဖြုတ် တွေသွားပြီးမှ ...

"အို ... မကောင်းပါဘူး၊ ဟိုလူ လိုက်တယ်ဆိုတာကို,ကို မကြိုက်တာ၊ ဒီကောင်မလေးဟာလည်း မရှင်းမရှင်းနဲ့"

"မင်းသား ထည့်လိုက်ပါဆိုတော့လည်း မဟုတ်၊ တခြား တစ်ယောက် လိုက်ပါသွားမယ်ဆိုပြန်တော့လည်း မကောင်း ပြန်၊ မင်းဟာက"



www.burmeseclassic.com

www.burmeseclassic.com



"အို … မိန်းမသနာထဲက အဖော်ခေါ်လည်း ဖြစ်တာကို"

"ဟာ … မြို့ထဲသွားတာ မဟုတ်ဘူးကွ၊ နိုင်ငံခြားဆေးသွားကုတာ၊ လိုက်ပါမဲ့ အဖော်ဟာ သွက်လက်ထက်မြက် စီမံခန့်ခွဲတတ်ပြီး ဦးဆောင်နိုင်ရမယ်၊ ဘာသာစကားကျွမ်းကျင်မှုလည်း လိုတယ်၊ ဟိုမှာ အူတူအတ ကြောင်တောင်တောင် ဖြစ်နေလို့ မရဘူး၊ ဒါတွေ လိုအပ်သေးတာကိုးကွ၊ ပြီးတော့ ဇင့်မှာ မင်းသိတဲ့အတိုင်း၊ ဘယ်မှာလဲဆွေမျိုးသားချင်းကွာ၊ သူ့နားမှာ အလုပ်သမားနဲ့ သူ့ဝန်ထမ်းပဲ ရှိတာတဲ့၊ အားကိုးအားထားစရာ ရှိတာမဟုတ်ဘူးတဲ့၊ အားကိုးအားထားနေရာကို မင်းသား သိဟာသာ ဝင်နိုင်လည်းတစ်မျိုးပေါ့၊ ဇင့်အတွက် သူ ဘာမှ ဦးဆောင်ဆုံးဖြတ်လုပ်ကိုင်မပေးနိုင်တာကို သား ရင်ထုမနာ ဖြစ်နေတာလွှင်လွှင်"

"ဟိုသူဌေးက အစစအရာရာ ဝင်ခြယ်လှယ်နေတာပဲလား"

"ခြယ်လှယ်နေတယ် ဘယ်ဟုတ်ပါ့မလဲကွာ၊ ကဲ … ဒီကိစ္စမှာ သူလိုလူမျိုး မရှိရင် မင်းကလည်း မင်းသားကို သဘောမတူ ခွင့်မပြုပုံနဲ့ ဇင် ဘယ်လိုလုပ် ဘယ်သူ့အားကိုးမလဲ၊ အသက် အသေခံရမလား"





"အမယ်လေးရှင်၊ သေတော့လည်း မသေနိုင်လောက်သေးဘူး ထင်ပါတယ်"

"ဇင့် အခြေအနေက အရေးပေါ် သွေးကြောပိတ်ဆို့သွားနိုင်တဲ့ အနေအထားမှာ ရှိတယ် လွှင်၊ ရုတ်တရက် ပိတ်သွားမှ အရေးပေါ် မခွဲစိတ်နိုင်ရင် ဘယ်ပြောနိုင်မလဲ၊ သေဖို့ပဲ ရှိတာပေါ့"

"သူ့ကိုကလည်း ဝင့်ကြီးပြီး ကိုသာနဲ့ လာတွေ့ကြိုက်မိရသေးတယ်"

"အဲဒါ ဖူးစာပေါ့ကွာ၊ လူ့ဘဝမှာ အိမ်ထောင်ရေးတွေ အများကြီး ရှိပေမဲ့ အချစ်ဦးတွေဖြစ်ဖို့ သူချစ်ကိုယ်ချစ် အပြန်အလှန် နှစ်နှစ်ကာကာ ချစ်ဖို့၊ နှစ်ဖက်လူကြီးမိဘသဘောတူ ကြည်ဖြူဖို့ဆိုတာတွေက အားလုံး ပြည့်စုံတိုက်ဆိုင်ဖို့ ခဲယဉ်းပါတယ်၊ ခုဆိုရင်ပဲ ကြည့်လေ၊ ယောက်ျားလေးရှင်ဘက်က သဘောမတူဘူးဆိုတဲ့ အဖြစ်နဲ့"

"အောင်မယ်လေး … သဘောသာမတူတယ်၊ ရှင့်သားဟာ နေ့စဉ်ဇင့်ကို ဆေးရုံ သွားကြည့်ရတာနဲ့၊ ညတစ်ခေါက် ဖုန်းဆက်ပြီး ဆရာမဆီ အခြေအနေ မေးရတာနဲ့၊ ပျာလောင်ခတ်နေတာ ရှင် မတွေ့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ပါတယ်၊ အဲသလို နိုးကြောင်နိုးဂုက် ပျာလောင်ခတ်ပြီး ဣန္ဒြေမရ ဖြစ်နေမဲ့အစား မင်းသာ ကြည်ကြည်ဖြူဖြူဆိုရင် သားလေး ဘယ်လောက် စိတ်အေးလက်အေးရှိရှာမလဲ လွင်ရာ၊ မင်းသိ်ား ပိန်ချုံးသွားတာရော မင်းမြင်ရဲ့လား"

ဟုတ်ပါသည်။ စိတ်ဆောလူမော ဖောကပ်၍ မစားနိုင်မအိပ်နိုင်လောက်အောင် စိတ်မချမ်းမြေ့ခြင်း ဖိစီးထားသည့် သီဟသာဟာ သိသိသာသာ ချုံးကျုညှိုးနွမ်းသွားတာ ဒေါ်လွင်လွင် အမြင်ပင် ဖြစ်ပါသည်။

နံနက်တိုင်းနှင့် ညတိုင်း သူ့ကို သွေးပေါင်ချိန်ပေးတဲ့ သားဖြစ်သူရဲ့ မျက်နှာကို ခပ်မဆိတ် အကဲခတ်ကာ ဒေါ်လွင်လွင် ရင်ထဲ မကောင်းပေ။ တာဝစဉ် ကြည်လင်နေသော သားရဲ့ မျက်နှာကလေးဟာ နေပူအကြာကြီးမိထားတဲ့ ပန်းပွင့်နယ် ညှိုးရော်လှသည်။ အသားအရေတို့သည်ပင် အရင်လို ချောမွေ့ပြောင်လက်





မနေ။ ဘုကလေးတွေ ထွက်ချင်လျက် ခြောက်သလိုလို ကြမ်းသလိုလို ဖြစ်နေသည်။

လူတစ်ယောက်ဟာ စိတ်ထောင်းကိုယ်ကြေဆိုတဲ့ အတိုင်း စိတ်မချမ်းသာခြင်း စိတ်ဆင်းရဲခြင်း ဖိစီးမှုကြောင့် ခန္ဓာကိုယ်တွင်းက ဇီဝဖြစ်စဉ်တွေ အားလုံး ချွတ်ချော်တိမ်းစောင်း ကုန်တော့သည် ထင်သည်။ သွေးလှည့်ပတ်စီးဆင်းနေမှုပင် အရင်က နှင့် မတူတော့ဘဲ နေလိမ့်မည် ထင်ပါရဲ့။ ဒါကြောင့်လည်း အသားအရေတွေပါ ညှိုးခြောက်နေတော့တာပင်။

ပိန်လှပ်၍ ဟိုက်ကျသွားတာကလည်း အမြင်၌ပင် အသိအသာ။ ညညတွေ ဘယ်လောက်များ အိပ်ရေးပျက်အောင် စဉ်းစားနေသည် မသိပါ။ မျက်ကွင်းကဟိုက်ကာ ညို၍ နိမ့်ကျနေသည်။ အရင်ကလောက် သန့်ပြန့်ချောမောခြင်း မရှိသည်မှာတော့ အမှန်ပင်။

သို့ပေမဲ့ သီဟသာသည် တစ်ချက်ပင် မျက်နှာကို အပြုံးမပျက်စေ။ အနားကပ်လာလျှင် …

"မေမေ နေကောင်းရဲ့လား"

အပြုံးနှင့် တယုတယမေးမြဲ။ သူ့ပရက်ရှာကာဖ်ကို ဖွင့်လျက် သွေးချိန်ဖို့ လုပ်ရင်း …



www.burmeseclassic.com

www.burmeseclassic.com



"အစားအသောက် ဆင်ခြင်ပြီး နေလိုက်တာ မေမေ ဘယ်လောက် အသားအရေ ကောင်းလာသလဲ ကြည့်စမ်း၊ အရင်က မျက်နှာက ဖောသလိုလို၊ အခုတော့ အရေပြား တင်းပြီး စိုပြည်ပြီး သိပ်ကောင်းတာပဲ"

သူ စိတ်ချမ်းသာအားတက်မည့် ကျန်းမာရေး အကြောင်း စကားမျိုးသာ ပြောကာ သူတို့ကြားက ပြဿနာကိစ္စကို လေသံတောင် မဟ,ပေ။ 'မ'ဆိုတဲ့ 'ဇင်'ဆိုတဲ့ စကားသံကို ဒေါ်လွင်လွင် ရှေ့၌ တစ်လုံးမှ မပြောတာ ကြာပြီ။ အဖေဖြစ်သူ ထံမှသာ သိနေရပြီး သားဖြစ်သူထံမှ ဘာသံမှ မကြားရသေး။

မကြားရတော့တဲ့အတွက် ပြတ်ပြီလား ဆိုတော့ မပြတ်သေးတာ ဒေါ်လွင်လွင် သိပါသည်။ သား သွားလာနေတာ တွေ သိပါသည်။ သို့သော်လည်း သားက ဘာမှ မပြော၍ သူ လည်း ဘာမှ မပြော။

"နော်မယ်လ်ထက် နည်းနည်းကလေး ပိုတယ်ဆိုရုံပဲ၊ အရမ်းကောင်းတယ်၊ ဒီနောက်ပိုင်း လုံးဝ ပြန်မတက်တော့ ဘူး မေမေ"

"မေမေ နေထိုင်လို့လည်း ကောင်းပါတယ်"





"မေမ ဘာမှ တောင်တောင်အီအီ စိတ်ရှုပ်စရာ မတွေးနဲ့ နော်၊ မေမေ စိတ်ချမ်းသာအောင်နေ၊ နို့မို့ ခဏခဏ သွေးတအားတက်နေရင် မကောင်းဘူး"

"အင်းပါ သားရယ်၊ မေမေ စိတ်ချမ်းသာအောင် နေပါတယ်၊ သားကိုရော မင်း အဖေကိုကော ကျေးဇူးလည်း တင်ပါ တယ်"

"မိသားစုပဲ မေမေရယ်၊ ကိုယ့်လင်ကိုယ့်သားပဲ၊ ကျေးဇူး တင်နေစရာလား၊ မေမေ့ကို ပရက်ရှာပြန်ထိန်းလိုက်နိုင်တာ ကျွန်တော် အရမ်းဝမ်းသာတာပဲ၊ ကျွန်တော့်ကြောင့် မေမေ့ ကို စိတ်မဆင်းရဲစေချင်ပါဘူး"

ဒေါ်လွင်လွင် ဘာမှ ပြန်မပြောနိုင်။ သားဖြစ်သူကို သာ သနားနေမိပါသည်။ ဒါဟာ သားဘဝမှာ ပထမဦးဆုံးချစ်သူ။ ပထမဦးဆုံး ချစ်ဖာတ်လမ်း။ ဒီကိစ္စအတွက် နောက်ထပ် ဘာ တစ်ခွန်းမှ မဟ။ နည်းနည်းကလေးတောင် တစ်ထစ်မလျှော့နိုင် ဘူးလား မေမေရယ် ဆိုတာမျိုးလေးပင် မတောင်းဆို။

သားက စိတ်ချမ်းသာအောင် နေပါဆိုပေမဲ့ စိတ်ဆင်း ရဲအောင် မလုပ်မဲ့ သားပေမဲ့ သူ့စိတ်၌ လုံးလုံး ပြည့်ဝချမ်းသာ ရတယ်တော့ မဟုတ်။ စိတ်မကောင်းတော့ ဖြစ်နေမိပါသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းသာရပြီး သားလေး စိတ်ဆင်းရဲနေရတော့ကော သူ့ဘက်က မှန်ပါရဲ့လား။

ဤတနုံ့နုံ့သော အတွေးတို့အတွက် စိတ်က ပေါ့ပါးလှတယ်တော့ မရှိ။ နေလို့ကတော့ ကောင်းနေပါပြီ။ တစ်နေ့သော အခါမှာတော့ ကံဇာတ်ဆရာက လှည့်ကွက်လေးတစ်ခုကို ဒေါ်လွှင်လွှင့်အတွက် ဖန်တီးပြန်ပါသည်။

ရင်းနှီးသော ပွဲရုံပိုင်ရှင် မိတ်ဆွေတစ်ဦး အမျိုးသမီးရောဂါနှင့် ဆေးရုံတက် ဗိုက်ခွဲရပါသည်။ ဤမိတ်ဆွေသည် ဒေါ်လွှင်လွှင် ဆေးရုံတက်နေစဉ်က တစ်ကြိမ်၊ အိမ်ကို ပြန်ဆင်းလာပြီးမှ တစ်ကြိမ် သတင်းမေးရောက်ကာ မိတ်ဆွေဝတ္တရား ကျေပွန်သူလည်းဖြစ်၊ အပြန်အလှန်လည်း ရင်းနှီးခင်မင်ကြသူများ ဖြစ်သည့်အတွက် သူ့အလှည့်မှာလည်း ခွဲစိတ်ပြီး နောက်တစ်ရက်၌ ဒေါ်လွှင်လွှင် သတင်းမေး ရောက်ခဲ့ပါသည်။

လူနာ့အိမ်ကို လှမ်းမေးထားသော အခန်းနံပါတ်ကို ထည့်ထားပြီး ဓာတ်လှေကားနှင့် တက်လာခဲ့သည်။ ထိုအထပ်မှာ အခန်းနံပါတ်တွေ ဖတ်ရှုရှာဖွေလာရင်း သူ မှတ်လာတဲ့ အခန်းနံပါတ်ကို တွေ့တဲ့အခါ တံခါးကို ဖွဖွ ခေါက်လိုက်ပါသည်။





သူနာပြုတစ်ယောက်က တံခါးဖွင့်ဟပေးသဖြင့် ဒေါ်လွှင်လွှင် အခန်းထဲ လှမ်းဝင်လာသည်။ အေးမြ၍ တိတ်ဆိတ်နေသော အခန်းထဲတွင် လူလည်း ရှင်းနေပါသည်။ ခုတင်ခြေရင်းမှ လက်ပိုက်ရပ်ကြည့်နေသော လူရွယ်တစ်ယောက်သာ သူ့ဘက် လှည့်ကြည့်လာပြီး ဧဝေဧဝါနှင့်၊ သို့သော် အပြုံးနှင့် ခေါင်းညိတ်ကြသည်။

မျက်မှန်ကြည်နှင့် ထိုလူရွယ်ကို သူ့မိတ်ဆွေ ဒေါ်ခင်မွန်ရဲ့ သားလို့ပင် ထင်လိုက်ပါသည်။ ဒေါ်ခင်မွန် သားနှင့်လည်း တစ်ကြိမ်နှစ်ကြိမ် ဆုံဖူးခဲ့ပါသည်။ ဒီလိုပဲ မျက်မှန်ကြည်ကြည်၊ ရုပ်သန့်သန့် အသားဖြူဖြူမို့ မျက်နှာပေါက်ကို သေချာကြီး မမှတ်မိတဲ့တိုင် ...

"မေမေ နေကောင်းလားသား"

လူနာခုတင်ကို အသေအချာ မကြည့်မိမီ သားဖြစ်သူကို အရင်နှုတ်ဆက်လိုက်မိတဲ့ သဘောပင်။ လူရွယ်က ကြောင်တောင်တောင် ဖြစ်သွားရင်းကပင် ...

"ဟုတ်ကဲ့၊ မေမေ နေကောင်းပါတယ်"

"သူ အိပ်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



ကျုံမေးခွန်းနှင့် တစ်ပြိုင်နက်တျမှ ခုတင်ပေါ်က လူနာကို လှမ်းကြည့်လိုက်မိသည်။ ကြည့်မိသည့်ချက်ချင်းပင် ဒေါ်ခင်မှုန် မဟုတ်တာ သိလိုက်ပါသည်။ ဒေါ်ခင်မှုန်က ခပ်ဝဝပြည့်ပြည့်။ ခုတင်ပေါ်မှာက အမျိုးသမီးတစ်ယောက်ပေမဲ့ ခပ်ငယ်ငယ် ခပ်သွယ်သွယ်။ ဖြူဖျော့၍ ငြိမ်သက်နေပါသည်။

ဒေါ်လွင်လွင်သည် ခေါင်းအုံးနှစ်လုံးဆင့်ထက်မှ လူနာမိန်းကလေး မျက်နှာကို ကြည့်ကြည့်ချင်းပင် ဒေါ်ခင်မှုန် မဟုတ်တာ သိလျက်၊ သိသိချင်းနောက်၌ပင် ဒါဟာ 'ဇင်'ပါ လား ဆိုတာကိုလည်း ချက်ချင်း မှတ်မိသိရှိလိုက်တာပင်။ ဖြူပြာပြာ နှုတ်ခမ်းနှင့် အောက်ဘက်မျက်ခမ်းတွေ ညိုမှိုင်းနေသော လူမမာ ရုပ်ကြားကပင် 'ဇင်'ဆိုတာကို လူမမှားနိုင်ပါ။

စိုက်ကြည့်နေရင်းက ဒေါ်လွင်လွင် ခြေဖျားလက်ဖျားတွေ အေးကာ ဘာဆက်လုပ်ရမှန်း မသိ ဖြစ်ရသည်။ လက်ဖမိုးမှာ အပ်တန်းလန်းနှင့် ပုလင်းတစ်လုံးလည်း ချိတ်လျက်သား။ လူရွယ် ကတော့ ဒေါ်လွင်လွင့် အမေးကို ဒီလူနာကိုပဲ မေးလိုက်သည် ထင်ကာ ...

"တစ်ညလုံး အိပ်မပျော်လို့ အခုက စိတ်ငြိမ်ဆေး ကင် ထားလို့ပါ၊ ခုနကမှ မှိန်းသွားတာ အန်တီ၊ ညဦးကနေ





မနက်လင်းတဲ့ထိ အောက်စီဂျင်ပေးထားခဲ့ရတယ်၊ ပင်လည်း ပင်ပန်းနေတာပေါ့"

ဒေါ်လွင်လွင်သည် ရင်ထဲ ကတုန်ကယင်နှင့် တလှပ်လှပ် ခံစားလာရကာ တစ်မျိုးကြီး မအီမသာ ဖြစ်လာသည်။ သူပါ မူးမိုက်ချင်လာသည်။ အရောင်ညစ်၍ နွမ်းဖျော့သော မျက်နှာ၊ ပိန်လှပ်နေသော လက်မောင်းလက်ချောင်းများ။ မြင်ရ သလောက် စိတ်ချမ်းသာဖွယ်ရာ လုံးဝမရှိ။

ဒေါ်လွင်လွင်သည် ဘာပြောရမည်မသိသည့်ကြားမှ ဖြစ်ညှစ်၍ ...

"ဟို ... နိုင်ငံခြား သွားခွဲဖို့ဆိုတာ"

"အမြန်ဆုံးတော့ စီစဉ်နေတာပါပဲ အန်တီ၊ ထွက်လို့ရတာနဲ့ တစ်ပြိုင်နက် ထွက်ပါမယ်"

"ဪ ... အဲဒီမှာ ခွဲလိုက်ပြီးရင်တော့ ကောင်းသွားမလား"

"ခွဲစိတ်မှု အောင်မြင်ရင် ကောင်းသွားမှာပါ"

"အင်း ... အင်း ... အောင်မြင်ပါစေ၊ အောင်မြင်ပါစေ"

ခပ်တိုးတိုးနှင့် အိပ်မက်ထဲမှာ ရွတ်သလို ရေရွတ် နေမိကာ ပါးပြင်တွေ ပူရှိန်းလာသည်။ နားထင်နားရင်း ထူလာသည်။ သွေးတိုးပြီ ထင်ရဲ့။ တကယ်တော့ ဒီကလေးမဟာ



www.burmeseclassic.com

www.burmeseclassic.com



ဟိုငယ်ငယ်က သူ့ အင်မတန် ချစ်တဲ့ လည်ပင်းဖက် ကြီးလာတဲ့ ညီအစ်မအလား ရင်းချာတဲ့ မိနှင်းရဲ့ သမီးကလေး။ ခုဆို သူ့ အမေ မရှိတဲ့အခိုက်။

"အန်တီက ဘယ်သူပါလဲ၊ စိတ်မရှိပါနဲ့ ခင်ဗျာ၊ စိန်ရွှေ မိတ်ဆွေထဲကပဲ ထင်ပါတယ်"

"သားက ကိုသော်ကောင်း ဆိုတာလား"

"ဟုတ်ပါတယ်"

ဒေါ်လွှင်လွှင်သည် ခဏဝန်လေး နှုတ်နေးနေပြီးမှ ...

"အန်တီက ဒေါ်လွှင်လွှင်ပါ၊ စိန်ရွှေမိတ်ဆွေ မဟုတ်ပါဘူး"

ဖော်ရွေသော မျက်ဝန်းများ အေးစက်သွေးခဲသွားသလား ထင်မိသည်။ ငါ့ကိုများ ဒီလူရွယ် သိနေသလား။

"ဟိုတုန်းက ... အင်း ... ဟိုတုန်းက မိတ်ဆွေဟောင်းတွေပါ"

ပြောမိပြောရာ ဆက်ပြောလိုက်မိပြန်သည်။ လူရွယ်က လည်ချောင်းတစ်ချက်ရှင်းကာ ...

"အဟမ်း ... အန်တီက ကိစ္စရှိလို့လား"

သတိအနေထား ဖြစ်သွားတဲ့ အသံနေအသံထားကို ရိပ်မိရပါသည်။ ဒေါ်လွှင်လွှင်က ခေါင်းတစ်ချက်ယမ်းကာ ...





"ဘာကိစ္စမှ မရှိပါဘူး၊ အန်တီ အခန်းမှားဝင်လာတာပါ၊ အန်တီ လာတာ တခြားလူနာဆီကိုပါ၊ အန်တီ သွားပါဦးမယ်"

စကားလည်းဆုံး ဧင့်ကို တစ်ချက်လှမ်းကြည့်ပြီး လှည့်လည်းထွက်။ ရင်ထဲ တလှပ်လှပ်နှင့် စိတ်မကောင်းခြင်း၊ ဝမ်းနည်းခြင်း ကြီးစိုးလာပါသည်။ အပြင်ကို ကသုတ်ကရက်ပဲ ထွက်လာခဲ့ကာ တစ်ထပ်ချင်းရဲ့ စုံစမ်းရေးကောင်တာဆီ လျှောက်ခဲ့ပြီး ...

"ဒေါ်ခင်မှုန် ဘယ်အခန်းပါလဲ"

ဆရာမက စာအုပ်တွင် ရှာဖွေပြီး ...

"--- ပါ အန်တီ"

ဧင့်အခန်းနှင့် ကပ်ရက်အခန်းတည်း။ ဒေါ်လွှင်လွှင်သည် ထိုအခန်းသို့ အရောက်ဝင်လာကာ အခန်းထဲ ရောက်လျှင်တော့ လူနာကိုပင် နှုတ်မဆက်နိုင်သေးဘဲ ဆိုဖာဆီ သွားကာ ထိုင်ချလိုက်ရပါသည်။

"ဟော့ ... လွှင်လွှင်၊ မျက်နှာတွေ နီလို့၊ နေကောင်းရဲ့လား ကွယ်၊ လွှင်လွှင် သတင်းလာမေးနေမှာစိုးလို့ အိမ်က လူတောင် အသိမပေးဖို့ မှာထားတာ၊ ဘာလို့ လာရသလဲ၊ ဘယ်က သိသလဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com



လူနာက မနေ့တစ်နေ့ကမှ ခွဲပြီး ဒီနေ့ ထူထောင်တာ ခုတင်ပေါ် ထိုင်လျက်သား ရှိနေသည်။ ဒေါ်လွင်လွင်မှာသာ လူနာပြန်ဖြစ်လုမတတ် ဖြစ်နေပါသည်။

"လာနိုင်ပါတယ်၊ နေကောင်းပါတယ်၊ ကောင်းလို့ လာတာပါ မမခင်ရယ်"

"ခု ... ဘာလဲ ... မူးနေသလား"

"မမူးပါဘူး၊ ဟိုဘက်ခန်း မှားဝင်သေးတယ်"

"ဟိုဘက်ခန်းက ရွှေဂမုန်းစိန်တိုက်ပိုင်ရှင်မလေးတဲ့၊ ညက အတော်ဆိုးသေးတယ် ထင်တယ်၊ သူ့အခန်းဘက် ရှုပ်ယှက်ခတ်နေတာပဲ၊ သမီးတောင် အသံတွေကြောင့် လန့်ပြီး ထွက်ကြည့်သေးတယ်"

ဒေါ်ခင်မွန် သမီးငယ်က ဝင်ပြောသည်။

"သမီး ... အန်တီ့ကို သံပရာသီးတစ်ခွက်လောက် ဖျော်တိုက်လိုက်ချည်။ ကိုယ့်ဟာကိုယ် နေကောင်းအောင်နေပါ လွင်လွင်ရယ်၊ မမခင်က ဘာမှ မဟုတ်ဘူး၊ ခွဲထုတ်လိုက်တော့ပြီးပြီ၊ လူက ထူထောင်တယ်၊ လွင်က ထူထောင်နေတာ မဟုတ်ဘဲနဲ့"





လူနာမေးလာပြီး လူနာ့အခန်းက သံပုရာရည် ပြန်သောက်နေရတဲ့အဖြစ်။ ထိုနေ့က ဒေါ်ခင်မွန်ကိုပင် ရေရေရာရာ သတင်းမမေးမိပါ။ ကိုယ့်ဟာကိုယ်သာ စိတ်မောလူမောဖြစ်နေသည်။

"မနေ့က လွင်လွင့်သား ကိုသာ တစ်ချက် လာကြည့်သွားပါသေးတယ်၊ လွင်က ထပ်လာနေရသေးတယ်"

သား ကိုသာ ဟိုဘက်ခန်းလာရင်း ဒီဘက်ခန်းဟာ အမေ့ မိတ်ဆွေ ဒေါ်ခင်မွန် ဖြစ်မှန်း သိသွားလို့နေမှာပေါ့။ ဒီပုံစံနှင့် ဖင့်ကို မြင်နေရတဲ့အခါ သား ရင်ထဲ ဘယ်သို့ ရှိမှာပါလိမ့်။ ဆူပွက်မှုထူနေမှာပဲ။ ကြားလူဖြစ်ရတဲ့ သားအတွက် ရင်ထုမနာ ဖြစ်ရသည်။

ထိုညတွင် ဒေါ်လွင်လွင်သည် သွေးလာချိန်သော သီဟသာကို ဂရုစိုက် အကဲခတ်သည်။ သီဟသာက ထူးခြားတဲ့ ဟန်မူရာမပြ။ မျက်နှာကတော့ နွမ်းမြိန္နမ်းလျက်။

"မေမေ နည်းနည်းကလေး သွေးတက်နေတယ်"

"နေ့ခင်းက ဒေါ်ခင်မွန်ဆီ သတင်းမေးသွားလိုက်တယ်"

ပြောပြီး သီဟသာကို အကဲခတ်လိုက်ပြန်သည်။ 'ဒေါ်ခင်မွန့်အခန်းဘေးမှာ'မ'တက်နေတယ်လေ မေမေ'လို့ သားများပြောမလား။ သားက မပြောပါ။ ဘာမှ မပြောပါ။



www.burmeseclassic.com

www.burmeseclassic.com



"အပြင်ထွက်လိုက်လို့လည်း ဖြစ်နိုင်တယ်"

"နည်းနည်းကလေးတက်တာ ဘာမှ မဖြစ်ပါဘူး မဟုတ်လား သားရယ်"

"ကျလက်စနဲ့ ဆက်ကျနေမှပေါ့၊ ဘာပဲဖြစ်ဖြစ် လူနာသတင်းမေးသွားရတာလဲ လူနာကို မြင်ရတွေ့ရနဲ့ စိတ်မသက်သာမှု ရှိတာပဲ၊ အပြင်တွေဘာတွေ သိပ်မသွားစေချင်သေးဘူး"

ဒေါ်ခင်မှုန်ကို တွေ့တာ စိတ်မသက်သာစရာ မဖြစ်ခဲ့ပါဘူး သားရေ။ ဇင့်ကို တွေ့ခဲ့လို့သာ စိတ်မသက်သာစရာဖြစ်လာရတာပါ။ အခန်းမှားဝင်သွားတာ သားကို ပြောပြရင်ကောင်းမလား စဉ်းစားသေးသည်။ သား ဒီညနေ မရောက်လို့လား။ သိလာပုံမရ။ ရောက်ပါလျက် ဟိုလူရွယ်က ပြောမပြလို့လား။ အင်းလေ ... ဟိုလူရွယ်က သူတို့သားအမိကို ဟွဲသိကော သိလို့လား။ သိချင်လည်း သိနိုင်သည်။ မသိချင်လည်းနေသည်။

အို ... ခေါင်းရှုပ်လာပြီ။

ဒေါ်လွင်လွင် ထိုညက ကောင်းစွာအိပ်မပျော်ပေ။ နောက်တစ်နေ့လည်း တစ်နေ့ကုန် လူက မတင်မကျ ဖြစ်နေသည်၊





ထိုနောက်တစ်ရက်နေ့ ညတွင် ခင်မွန်းသည် ဦးကျော်သာ ပြန်ရောက်ပြီးကတည်းက ဒေါ်လွင်လွင်သည် တစ်စုံတစ်ခု စကားစချင်နေသည်။ သိဟသာက မိုးချုပ်နေသည်။

"သားလေး နောက်ကျလိုက်တာနော်"

"ဒီနေ့ နောက်ကျမယ်လို့ ကိုယ့်ဆီ ဖုန်းဆက်ထားတယ်"

"ဟုတ်လား"

ဒေါ်လွင်လွင်သည် နည်းနည်းပါးပါး အားယူနေပြီးမှ ...

"ဟိုကောင်မလေး ဇင့်အကြောင်း သား ဘာပြောသေးလဲ၊ ရှင် ဘာသိသေးလဲ"

"ဘာအကြောင်းကို ပြောတာလဲ၊ သူတို့ချင်းကိစ္စလား၊ ကျန်းမာရေးလား"

"ကျန်းမာရေးကို မေးတာပါရှင်၊ ရှင်ကလဲ ...၊ နိုင်ငံခြားသွားခွဲမယ်ဆိုတဲ့ ကိစ္စကို စဉ်းစားနေတာ"

"မင်းက ဘာကို စဉ်းစားနေတာလဲ"

"ဟို ... ကိုသော်ကောင်းဆိုတဲ့ သူ ရှုပ်ရှုပ်ယှက်ယှက်မပါဘူးဆိုရင် ကိုသာ ကြပ်မတ်ပြီး လိုက်သွားပေးခွင့်ပြုရင်များ ဘယ်လိုနေလဲလို့"



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်သာမှာ အံ့အားတသင့်နှင့် မိန်းမကို လှည့်ကြည့်သည်။

"သားက ဆရာဝန်လည်းဖြစ်တော့ လုပ်တတ်ကိုင်တတ် ချက်ကျမလားလို့လေ၊ ဘာပဲဖြစ်ဖြစ် ဟိုဟာမလေးက တစ်ကောင်ကြွက်ဖြစ်နေတော့ ကျေနပ်တာ မကျေနပ်တာထား၊ ဝတ္တရားပျက်သလိုများ ဖြစ်နေမလား ... လို့"

ဦးကျော်သာက သက်ပြင်းရှိုက်ရင်း ...

"မင်း စိတ်ကူးနောက်ကျသွားပြီကွ၊ ဇင်တို့ နက်ဖြန် ဒီက ထွက်ကြလိမ့်မယ်၊ ဒီမနက်မှ သေချာသိတယ်၊ အဲဒီကိစ္စ မင်းသွား လိုက်ကူညီလို့ ဒီနေ့ည နောက်ကျတာ၊ ငါ့ဆီ နေ့လယ်က ဖုန်းဆက်တယ်လေ"





၁၂

ခင်ပွန်းသည်ရော သားရော မရှိတဲ့ တစ်ရက်မှာ ဒေါ်လွင်လွင်သည် ခြံထောင့်က အိမ်အိုကလေးဆီ လျှောက်လာခဲ့ပါသည်။ 'ဇင်' ဆေးကုဖို့ ထွက်သွားပြီးကတည်းက ဒေါ်လွင်လွင် ရင်၌ တစ်ရက်မှ မကောင်းပေ။ ဒီနေ့တွင် အလိုလို အိမ်ကလေးဆီ ဝင်ကြည့်ချင်ကာ မိနော်ကို ခေါ်၍ လာခဲ့ပါသည်။

"သော့ဖွင့်လိုက်"

မိနော် သော့ဖွင့်ပြီးလျှင် အိမ်အိုလေးထဲ လှမ်းဝင်လိုက်သည်။ ဖုန်တွေ ပင့်ကူအိမ်တွေ ဒလဟောနှင့် အိမ်က မှိုနံ့ ဟောင်းနံ့ နံနေလေသည်။ ပစ္စည်းဟောင်းတွေ လာလာကြည့်ပေမဲ့

www.burmeseclassic.com



အဲသလို လာမထည့်တာပင် နှစ်ချီကြာပြီ။ သော့ကိုတောင်မှ မနည်းဖွင့်ရတာပင်။ ကုလားထိုင် အကျိုးအပဲ့၊ သံခုံ သံချေးတက်စတွေ၊ ခြေကျိုးနေတဲ့ စားပွဲဝိုင်းကြီး စသဖြင့် ...

"ဖုန်တွေနဲ့ အန်တီ၊ အန်တီ နေမကောင်း ဖြစ်လာဦးမယ်"

"မဖြစ်ပါဘူး မိနော်ရယ်၊ ငါ ကြည့်ချင်လို့"

"အန်တီ ဘာကြည့်ချင်တာလဲ၊ ကျွန်မ ထုတ်ယူပေးမယ်၊ အန်တီ အထဲ သိပ်မဝင်နဲ့လေ၊ တိုက်မိပြီး လဲဦးမယ်"

တိုလီမိုလီပစ္စည်းတွေက မွစာတက်နေသည်။ အတွင်းဘက်ကို ကာထားသော သုံးထပ်သားနံရံတွင် ဖုံ၊ ပင့်ကူအိမ်နှင့်ယှက်နေသော ပြက္ခဒိန်ဟောင်းတစ်ခု။ အဲဒါဟာ မိနှင်းတို့ ထွက်သွားတဲ့ ခုနစ်က ပြက္ခဒိန်ပဲလေ။ လှန်ထားတဲ့ မျက်နှာကလည်း သူတို့ ထွက်ခွာသွားတဲ့ လ,ပဲပေါ့။

ဟိုးထောင့်က ထင်းရှူးသေတ္တာဟာလည်း မိနှင်းတို့သားအမိ သူတို့ရဲ့ အဝတ်အစားရော၊ တိုလီမိုလီရော အလာတုန်းက ပါလာသည့် လက်ဆွဲအိတ်နှစ်လုံးစာလောက်ကို ထည့်သိုအသုံးပြုခဲ့ကြတဲ့ ထင်းရှူးသေတ္တာ။ ထွက်သွားကြတော့ လက်ဆွဲအိတ်တွေထဲပဲ ပြန်ထည့်သိုသွားကြပါသည်။





မိနှင်းတို့ သားအမိ ထိတွေ့သုံးစွဲသွားတာတွေက ဟိုထောင့်က ဖျာအစုတ်။ ထင်းရှူးသေတ္တာ၊ နောက်ဖေးက ရေအိုးစင်။ စားပွဲခပ်ငယ်ငယ်နှင့် သစ်သားခေါက်ကုလားထိုင်ဟောင်းနှစ်လုံး။ မပြည့်မစုံနှင့် ဖြစ်သလိုပဲ နေခဲ့ကြတာပဲ။ ကျန်ပစ္စည်းတွေက ဘာမှ လက်စလက်န ကျန်နိုင်တာ မဟုတ်။

ထင်းရှူးသေတ္တာထဲ၌သာ တစ်စုံတစ်ရာ ကျန်နိုးနိုး၊ ဥပမာ သတင်းစာဟောင်း၊ စာအုပ်ဟောင်းပဲဖြစ်ဖြစ်။ ဟောင်းမြင်းတဲ့ ဓာတ်ပုံလေးပဲဖြစ်ဖြစ်။ ဒါမှမဟုတ်ရင် ...။ မိနှင်းတို့ ထွက်သွားကတည်းက ဤအိမ်ပေါ် မတက်တော့၍ ဤထင်းရှူးသေတ္တာကို ကိုင်မိဖို့က ပိုဝေးပါသည်။

သူ ဘာကို ကြည့်လိုမြင်လို တွေ့လိုနေမိတာပါနည်း။ ဒေါ်လွင်လွင်သည် သူ့ရဲ့ မသိစိတ်ကို သူ့ဟာသူ တစ်ဖက်လှည့်ရိုပ်မိကာ မျက်ရည်ပင် လည်ချင်လာသည်။ ယုတ်စွအဆုံး 'သူငယ်ချင်း လွင်ရေ ...'လို့ ခေါင်းစဉ်တပ်ထားမဲ့ မိနှင်းရဲ့ တောင်းပန်စာလိုမျိုးလေး တစ်စောင်တလေ ဖြစ်စေ။

"မိလွင်ရယ် ... ငါ့ကို အထင်မလွဲပါနဲ့ဟယ်"

ဤလေသံတိုးတိုးကို မျက်ရည်ပေါက် တတုတ်တုတ်ကျသည့်ကြားမှ သွားခါနီး မိနှင်း အားတင်းကာ တစ်ခွန်းတည်းသာ



www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့ပါသည်။ မဟုတ်ရလေကြောင်းကို သက်သေသတ္တာရှုနှင့်များ မိနှင်း စာတစ်စောင်တလေ ရေးခဲ့လေမလား။ ရေးခဲ့လို့များ ဖတ်ခွင့်ရရင် သိပ်စိတ်သက်သာရာ ရမှာပဲ။

"မိနော်"

"ရှင် ... အန်တီ"

"အဲဒီထင်းရှူးသေတ္တာကို ဖွင့်လိုက်စမ်းပါ"

"ဟုတ်ကဲ့"

မိနော်က ထင်းရှူးသေတ္တာအဖုံးပေါ်မှ ကက်ဆက်ကတ်ဘူးပုံး၊ ဗီစီဒီကတ်ထုပုံးတွေကို မ,ဖယ်ချလိုက်ကာ သော့ခတ်မထားတဲ့ ထင်းရှူးသေတ္တာပုံးကို အဖုံးဖွင့်လိုက်ပါသည်။

"ဘာရှိလဲ"

"စက္ကူစုတ်တွေ အန်တီ"

"ထုတ်ယူခဲ့စမ်းပါ"

မိနော်သည် ရှိရှိသမျှ အရှုပ်အပွတွေ သယ်ထုတ်လာသည်။ ကြမ်းပေါ်ချစေကာ ဒေါ်လွင်လွင်က ဆောင့်ကြောင့်ထိုင်၍ ဖွသည်။

"အန်တီ ... ဖုံတွေ ဝင်မယ်၊ ဘာမှ မဟုတ်ဘူး၊ အစုတ်တွေပါ"





ဒေါ်လွင်လွင်သည် တဒင်္ဂ ရှူးနမ်းနေသလို ထိုသတင်းစာစုတ်၊ ဗလာစာရွက်စုတ်၊ ရွှေသွေးဟောင်းအစုတ်တို့ကို မွှေနှောက်၍ တစ်စုံတစ်ခု တွေ့လိမ့်နိုးနိုး ရှာဖွေနေမိသည်။ ဗလာစာရွက်စုတ်ဆိုလျှင် တွန့်လိမ်နေတာကို ဖြေ၍ မရမက ရှာဖွေသည်။ မိနော်သည် သူ့အန်တီကို နားမလည်နိုင်ခြင်းနှင့် အံ့အားသင့် ငေးမော နေပါသည်။

ဘာစာကြောင်းတစ်တိုမှ မတွေ့။ တွေ့သည်မှာ ဒေါ်လွင်လွင်ရဲ့ ငယ်စဉ်က မှတ်ပုံတင်ဓာတ်ပုံကလေးတစ်ပုံသာ။ အဖြူအမည်းမှ ဝါကျင့်ကျင့် ပြောင်းနေပြီဖြစ်တဲ့ ပုံလေးဟာ တချို့နေရာတွေမှာ ပိုးကိုက်ဆေးကွက် အစက်အစက်တွေ ဖြစ်နေပြီ။ သို့ပေမဲ့ ဒေါ်လွင်လွင် ငယ်စဉ်ကပုံမှန်း ကာယကံရှင်မို့ သိပါသည်။

မိနှင်း တောင်းယူ သိမ်းထားတဲ့ပုံ။ ဆယ့်ရှစ်နှစ်ပတ်လည်အရွယ်လောက်က ပုံကို မိနှင်းဟာ ဒီအိမ်ရောက်လာတဲ့အထိ ပါလာခဲ့သေးပါလျက် ဒီက ထွက်သွားတော့ ပြန်ယူမသွား။ စိတ်နာနာနှင့်များ ထားခဲ့လေရော့သလား။ အမှတ်တရ ဆက်မသိမ်းဆည်းချင်တဲ့သဘောပဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ထိုဓာတ်ပုံကို ခပ်တင်းတင်း ဆုပ်ကာ မိနှင်းရဲ့ စာတိုပေစ ဘာမှ မတွေ့ရဘဲနှင့် ဒေါ်လွင်လွင် ထ,ထွက်လာခဲ့ပါသည်။

"အိမ်သော့ ပြန်ခတ်ခဲ့ မိနော်"

အိမ်လေးကို လှည့်မကြည့်မိတော့။ ရင်ထဲ၌ တင်းဆို့နေသည်။ ဒီအချိန်မှာ 'မဟုတ်ပါဘူး' ဆိုတဲ့ ငြင်းဆိုတဲ့ စာမျိုး သိပ်ဖတ်ချင်နေမိတာပဲ။ ဘာကြောင့်များ ခုမှ ဖတ်ချင်နေရတယ်ဆိုတာကိုတော့ သူကိုယ်တိုင်လည်း နားမလည်။ ဟိုတုန်းက 'မဟုတ်ရပါဘူး'ဆိုတဲ့ ငြင်းဆန်စကားကို နားနှင့် ဆတ်ဆတ်ကြားခဲ့ပါလျက် အရာမသွင်းခဲ့ပါဘဲနှင့်။

အခုမှပဲ ဘာကြောင့် မဟုတ်ခဲ့ဘူးဆိုသည်ကို အသည်းအသန် ခိုင်လုံချင်နေမိပါလိမ့်။ ခိုင်လုံသော သက်သေ ဘာမှ မတွေ့။ မဟုတ်နိုင်ပါဘူးလို့ သံသယဖြေဖျောက်ချင်စရာ ဘာအထောက်အထားမှ မရှိ။ ဒါကို အငမ်းမရ အလိုရှိကာ တကူးတက ဖွေရှာပါလျက် ဘာမှ မတွေ့။

ပုံပြင်ဆန်ဆန်လို့ ဆိုချင်ဆို လွန်ခဲ့တဲ့ ဆယ်ငါးနှစ်က တစ်စုံတစ်ခုသော (မိနှင်းကို ယုံကြည်သံသယကင်းဖွယ်) သက်သေပစ္စည်း တစ်ခုခုကို တွေ့ရှိပြီး 'မိနှင်းရယ် ငါ အထင်လွဲရက်မိလေခြင်း'လို့ နောင်တတွေရသည့် နိဂုံးမျိုးကို လိုချင်သလိုလိုရှိသော်လည်း မျှော်လင့်သလို မတွေ့ရ။





"ထမင်းစားရအောင် အမေကြီး"

ဦးကျော်သာရဲ့ အလုပ်ခန်းအပေါက်ဝကို လာရပ်၍ ပြောသံကြောင့် ဦးကျော်သာက ဖျတ်ခနဲ လှည့်ကြည့်လိုက်ပါသည်။ ခုတလော သူတို့လင်မယားအကြား ညင်သာပျော့ပျောင်းခြင်း အတော်အင်အားတောင့်တင်းလာပြီဖြစ်၍ ဒေါ်လွင်လွင် 'ကိုကျော်သာ'ဆိုတဲ့ သံပြတ်မှသည် 'အမေကြီး'ရယ်လို့ပင် ချိုသာပြောင်းလဲခဲ့ပြီ။

"အတော်ပဲ လွင်၊ ဒီကိုလာစမ်း ... ဒီမှာ"

ဦးကျော်သာရဲ့ ဝမ်းသာအားရ အမူအရာကြောင့် ဒေါ်လွင်လွင်က နားမလည်ပါးမလည် အနီးကို ကပ်သွားပါသည်။

"ဘာတုံးရှင့်"

"ဒီမှာ ... ဒီမှာ ... မင်း သား သိရင် သိပ်ဝမ်းသာမှာပဲ"

www.burmeseclassic.com



"ဘာလဲ … ဘာမို့လို့လဲ"

ဦးကျော်သာ ရှေ့က ဖွင့်ထားသော ကွန်ပျူတာ မျက်နှာပြင်ပေါ်မှာ ထူးထူးခြားခြား သူ နားလည်စရာ ဘာမှ မတွေ့။ အင်္ဂလိပ်စာလုံးတွေသာ တွေ့၍ ခေါင်းလွင်လွင်က ဓလေ့ဓဝါ မေးမိသည်။

"အီးမေးလ် ဝင်လာပြီ"

"ဘာအီးမေးလ်လဲ"

"မင်း သား တအားမျှော်နေတာလေ၊ မင်း မသိဘူးလား၊ မနက်တိုင်း၊ ညတိုင်း ဘာအီးမေးလ်များ ဝင်နေမလဲ အပြေးအလွှား ဖွင့်ရှာနေတာ၊ ခုမှပဲ ဝင်တယ်"

"ကျွန်မမှ ဘာမှ နားမလည်တာ၊ ရှင်းအောင် ပြောပြစမ်းပါ"

"စင်ကာပူက အီးမေးလ်လေ၊ ဟောဒီမှာ စာရိုက်ထားတာ ဖတ်ကြည့်လေ၊ နာမည် တပ်ထားတာ သီဟသာကို၊ အီးမေးလ်လိပ်စာကတော့ ငါ့အီးမေးလ် လိပ်စာပေါ့ကွာ၊ ပို့တဲ့သူက ဒီမှာ သော်ကောင်းတဲ့"

"ဟင် … ဟိုတစ်ယောက်ပေါ့"

"အေးလေ … အဲဒါကို ပြောနေတာပေါ့"

"သူက ဒီအီးမေးလ်လိပ်စာ ဘယ်လိုသိလဲ"





"သား ပေးထားတာပေါ့ကွ၊ အကျိုးအကြောင်း ဆက်သွယ်ပြောပြနိုင်အောင် ငါ့အီးမေးလ်အဒရက်စ်ကို ကိုသော်ကောင်းကို ပေးလိုက်မယ်လို့ သားက ခွင့်တောင်းတာ၊ ငါကလည်း ပေးလိုက်လို့ ပြောထားတယ်၊ ဟိုကနေ အကျိုးအကြောင်း စာနဲ့ လှမ်းပြောတဲ့သဘောပေါ့၊ ဟိုက ရေးပို့မှချင်း ဒီကို တန်းရောက်နိုင်တယ်လေ"

"သြော် … ဒီအချိန်ရောက်မှာ ရှင်က သိလို့လား"

"ငါလည်း ငါ့ကိစ္စနဲ့ငါ ဘယ်ကအီးမေးလ် ဝင်ထားတာ ရှိမလဲ ဖွင့်ကြည့်လိုက်တာလေ၊ ဒီမှာ ဝင်ထားတာ တွေ့တော့တာပေါ့"

"သား မသိသေးဘူးပေါ့နော်"

"သူ မနက်က ဖွင့်ကြည့်သေးတာပဲ၊ ဒီတုန်းက မဝင်သေးဘူး"

ဒီနေ့ဟာ တနင်္ဂနွေနေ့မို့ ဦးကျော်သာ အိမ်မှာ ရှိသော်လည်း သီဟသာက ဆေးရုံ သွားရပါသည်။

"ဘာရေးပို့တာလဲ၊ ပြောပြစမ်းပါ၊ ကျွန်မ မျက်စိက မှုန်မှုန်နဲ့"

"ဇင့်အကြောင်းပဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတဲ့လဲဟင်"

"ဖင် အခြေအနေ ကောင်းပါတယ်တဲ့၊ လိုအပ်တဲ့ Check Up တွေ အားလုံး လုပ်ပြီးသွားပြီတဲ့၊ ခွဲစိတ်မှုကို ခံနိုင်ရည် ရှိတဲ့ အနေအထား ရောက်ပြီတဲ့၊ ဆယ့်ရှစ်ရက်နေ့မှာ ခွဲစိတ်မယ်တဲ့၊ ထူးရင် ထပ်သတင်းပို့မယ်တဲ့၊ ဒါပဲ"

"ဆယ့်ရှစ်ရက်နေ့၊ ဒီနေ့က ဆယ့်ခြောက်နော်"

"အင်း ... သန်ဘက်ခါပေါ့"

"အင်္ဂါနေ့ပေါ့၊ ဟင် ... သူ့မွေးရက်ကြီးပေါ်မှာ"

"မွေးရက်ပေါ်ဖြစ်တော့ ဘာဖြစ်လဲကွ၊ မင်းကလဲ"

"ကောင်းပါ့မလား"

"အိုကွာ ... အရေးထဲ မင်းက လာအယူသည်းနေပြန်ပြီ၊ ခွဲစိတ်ခံနိုင်တဲ့ ကျန်းမာရေးပြည့်စုံမှုမျိုး ရှိဖို့ အဓိကပဲ၊ ကျန်တာ ဘာမှ မလိုဘူး"

"အို ... ရှင်တို့ ယောကျ်ားတွေက ဘာမှ အယုံအကြည် မရှိဘူးဆိုတာကို ဂုဏ်လုပ်နေရရင် ပြီးရော၊ သူ ကျန်းမာ တိုင်း ကောင်းသလား၊ အဲဒီနေ့ ခွဲစိတ်မဲ့ ဆရာဝန် ဆရာမတွေ လူရော စိတ်ပါ ကျန်းမာဖို့ လိုသေးတယ်၊





စိတ်ကြည်လင်၊ စိတ်ရှည်ဖို့ လိုသေးတယ်၊ မတော်တဆ ချွတ်ချော်မှု အရေးပေါ်မဖြစ်ဖို့ လိုသေးတယ်၊ စက်ပစ္စည်း ကိရိယာတွေ ကောင်းနေဖို့ လိုသေးတယ်၊ ကံအကြောင်း တိုက်ဆိုင်မှုတွေ အများကြီး ဆုံပြီး စုံအောင် ကောင်းမှ ဒီကိစ္စမျိုး အောင်မြင်မှာ"

ဦးကျော်သာက မျက်ခုံးပင့်ပြီး ...

"ဒီလောက်ထိ ဘက်စုံထောင့်စုံကောင်းဖို့တော့ ငါတို့လည်း မတတ်နိုင်ဘူးလေကွာ၊ ဒါတော့ ကုသိုလ်ကံပေါ့"

"ဒီကုသိုလ်ကံဆိုတာကို ကောင်းစေဖို့ ကိုယ် တတ်နိုင်သလောက် လုပ်ရမှာပေါ့"

"ဘယ့်နှယ် လုပ်ရမှာလဲ"

"ရှင့်သားကို ပြောခိုင်းလိုက်၊ သူ့အိမ်မှာ အလုပ်သမားတွေ ကျန်ရစ်တာပဲ၊ မေဒင်လေး ဘာလေး သွားမေးပြီး ယတြာ ချေခိုင်းဖို့"

"အိုကွာ ..."

ဦးကျော်သာက လက်တစ်ဖက်ကို ယမ်းရင်း မနှစ်သက်သလို အသံပြုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က အိုကွာ မနေပါနဲ့၊ အရာရောက်ရောက် မရောက် ရောက်ပေါ့၊ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ကိုယ် လုပ်ပေးနိုင်တဲ့ဘက်လေး ထောင့်စေ့အောင် လုပ်ထားပေးတာ ဘာမှားသလဲ၊ အကျိုးမရှိတောင် အကျိုးတော့ မယုတ်ဘူးရှင်၊ ရှင့်သားကိုသာ ရှင် သတိပေးလိုက်ပါ"

"အေးပါကွာ၊ အေးပါ"

"ဒီအီးမေးလ်က ဒီကနေလည်း ဟိုကို ပို့လို့ရတယ် မဟုတ်လား"

"ရတာပေါ့၊ ဒီမှာလေ၊ ဒီအီးမေးလ်လိပ်စာနဲ့ ပို့ရမှာ၊ ကြည့်ရတာ ဒီသော်ကောင်းဆိုတဲ့ သူရဲ့ သူငယ်ချင်းတစ်ယောက် အီးမေးလ် ဖြစ်မှာပေါ့"

"အဲဒါ ဘယ်လိုပို့ရတုန်း"

"လွယ်လွယ်လေးရယ်ကွာ၊ ဒီမှာ အီးမေးလ်ပို့တဲ့ ထဲကို ဝင်လိုက်၊ ပြီးရင် ဘယ်ကို ပို့မယ်၊ ဘယ်ကပို့တယ် ရိုက်ထည့်လေ၊ ကိုယ် ပို့ချင်တဲ့ သတင်းဆက်ရိုက်၊ ဒါပဲပေါ့၊ ပြီးရင် ဒီမှာ ပို့တယ်ဆိုပြီး ပို့လိုက်"

"ဟိုကို တန်းရောက်ရောပေါ့"

"အင်း ... ဘာလဲ... မင်းက ပို့မလို့လား"





"ဘာမှ နားမလည်လို့ ကြုံတုန်း မေးကြည့်တာ"

ဒေါ်လွင်လွင်သည် သားကို အမေမှတစ်ဆင့် ပြောခိုင်းပြီးသော်လည်း စိတ်မချနိုင်ပေ။ ဒီသားကလည်း ဒီအမေလိုပင် ဗေဒင်ယတြာဆိုတာတွေကို အလေးအနက် ထားလှသည်မဟုတ်။ ဖင့်အိမ်ကို လှမ်းပြောမည် မပြောမည် မသေချာ။ ပြောဖို့ တွန့်ချင်တွန့်နေမည်။ ပြောပါစေဦး၊ ဟိုက အရေးတယူ ဆောင်ရွက်နိုင် မနိုင် ရှိသေးသည်။

ဤသို့ဖြင့် နောက်တစ်ရက်တွင် ဒေါ်လွင်လွင်သည် သူ့ဟာသူ ကားမှား၍ အုတ်ကျင်းဘက်ရှိ ယတြာကောင်းလှကြောင်း နာမည်ကျော်ကြားသည့် ဘုန်းကြီးကျောင်းတစ်ကျောင်းကို ရောက်သွားခဲ့ပါသည်။ ဖင့် မွေးနေ့သက္ကရာဇ်ကို ငယ်ငယ်ကတည်းက သူ သိထားခဲ့ပါသည်။ အဂ်ါနေ့ ခွဲစိတ်မှုအတွက် မေးမြန်းယတြာ တောင်းသည်။

"ဘာမှ မပူပါနဲ့၊ ခွဲစိတ်မှု အောင်မြင်တယ်"

ဘုန်းကြီးက တိုတိုမိန့်ကာ နေ့သင့်နာမ်သင့် အညွန့်အစက်အရိုးအရွက်ဝဇ္ဇျကို ဘယ်တာဘယ်လိုလုပ်ဟု ယတြာပေးလိုက်ပါသည်။ တစ်နေကုန် ကားတစ်စီးနှင့် ပတ်ကာ ဤအဘိုးများ အကိုင်းအစက်များ ရှာဖွေပြန်လာပြီး ဒေါ်လွင်လွင်တစ်

www.burmeseclassic.com



ယောက် ခင့် ခွဲစိတ်မှု အောင်မြင်စေကြောင်း ယတြာလုပ်မိပါသည်။

အင်္ဂါနေ့ တစ်နေကုန် ဘုရားဝတ်ပြု ဆုတောင်းရွတ်ဖတ်မဆုံး။ ဘယ်သူ့မှလဲမသိစေချင်၍ ကိုယ့်ဟာကိုယ်သာ တိတ်တိတ် လုပ်နေသည်။ ထိုညနေ သိဟသာ ပြန်မရောက်သေးခင် ဦးကျော်သာ ပြန်ရောက်ချိန်၌ ...

"ရှင့်အီးမေးလ် ဖွင့်ကြည့်ချည်ဦးလေ၊ ဟိုကောင်မလေး ဒီမနက် ခွဲစိတ်ပြီးရောပေါ့"

"အေး ... ဟုတ်တယ်"

ဦးကျော်သာက ဖွင့်ကြည့်ပြီး ...

"စင်ကာပူက ဘာမှ ဝင်မထားဘူးကွ၊ လှမ်းမပို့သေးဘူး ဖြစ်မယ်"

"ဒီအချိန်လောက်ရှိ အခြေအနေ သိရလောက်ပြီ ထင်ပါရဲ့၊ ဟိုသူငယ်ကလည်း သား သိချင်မယ်ဆိုတာ နားလည်သင့်တယ်၊ ခပ်မြန်မြန်ပို့တာ မဟုတ်ဘူး"

ဦးကျော်သာက ဒေါ်လွှင်လွှင့်ကို ပြုံး၍ ကြည့်ပါသည်။ သား သိချင်သလို သားအမေလည်း သိပ်သိချင်နေတာ မရိပ်မိနိုင်စရာမှ မရှိဘဲ။





ထိုညတွင် သိဟသာသည် ပြန်ရောက်သည်မှစ၍ ကွန်ပျူတာရှေ့ ထိုင်နေသည်။ အီးမေးလ် စောင့်သည်။ ဦးကျော်သာရော ဒေါ်လွှင်လွှင်ပါ မအိပ်နိုင်ပါ။ ဦးကျော်သာက တစ်နာရီ တစ်ကြိမ်လောက် အောက်ထပ် သူ့အလုပ်ခန်းဆီ ဆင်းကာ သူ့သား အခြေအနေကြည့်သည်။ မျက်နှာတစ်ခုလုံး ကြက်စွပ်ပြုတ်လို ဖြူတိဖြူဖတ်ဖြစ်ကာ ချွေးတွေကျနေသော သိဟသာကို အားပေးကာ အပေါ်ပြန်တက်လာရတာတ်သည်။

အခန်းထဲ ရောက်လျှင် ...

"ဘာတဲ့လဲ ..."

"မလာသေးဘူးကွ"

သူတို့လင်မယားလည်း ထိုညက အိပ်လို့ကိုမရ။ တလူးလိမ့်လိမ့် ဖြစ်နေသည်။ နှစ်နာရီခွဲကျော် သုံးနာရီလောက်တွင် သူ့တို့အိပ်ခန်းတံခါးဝကို သိဟသာ ရောက်လာပါသည်။ သိဟသာသည် အိပ်မပျော်သေးသော မိခင်ဖြစ်သူကိုလည်း မဝံ့မရဲ ကြည့်ကာ ...

"မေမေ"

"ဟေ ... ဘာတုန်း သား"

"အိုကေတဲ့ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဝမ်းသာတယ်ကွာ၊ အေး ... အေး"

"မ, သတိမလည်သေးလို့ ကိုသော်ကောင်း အနားမှာပဲ နေနေတာတဲ့၊ ခုတော့ သတိရလာပြီးပြီ၊ ဂျင်နှရယ်လ် အခြေအနေအားလုံး ရာနိုင်နှုန်းကိုးဆယ်၊ ကောင်းတယ်တဲ့"

"ဟုတ်လား ... အေး ... ဒါတော့ကွာ၊ စမှ သတိလည်လာတဲ့ ခွဲစိတ်လူနာမို့ ဆယ်ရာနိုင်နှုန်းကို တရားသေထည့်မပြောတာနေမှာပေါ့၊ ခွဲစိတ်မှုအောင်မြင်တယ်ဆိုကတည်းက ကောင်းဖို့ များသွားပါပြီ၊မင်းလည်း စိတ်အေးတော့ကွာ၊ နားလိုက်ဦး သား"

"ဟုတ် ..."

"မင်း တစ်ခုခု ပြန်ပို့လိုက်ဦးလေ"

"ပို့လိုက်တယ် မေမေ"

ဒေါ်လွင်လွင်သည် သိသိသာသာ အေးသွားသော ရင်နှင့် တစ်ဖက်ကို စောင်းလှည့်လိုက်ပါသည်။ ဝမ်းသာမျက်ရည်တွေ စိတ်လှုပ်ရှားစွာ ဝဲပြည့်လာတာကိုလည်း သား မမြင်စေချင်လို့ ဖြစ်ပါသည်။ အသံစကာတိတ်နေသော်လည်း ခြေသံမကြားရသေး၍ သီဟသာ ထွက်မသွားသေးတာကို ဒေါ်လွင်လွင် သိနေ





သည်။ ရင်ထဲ ခုန်လှုပ်လာမိစဥ် သူ့ကျောဘက်နားသို့ သီဟသာ ကပ်လာပါသည်။

ခုတင်နံဘေး စါးညွှတ်ကာ ဒေါ်လွင်လွင့် ခါးပေါ်သို့ သီဟသာက လက်တစ်ဖက်ကို တင်ပြီး ...

"မေမေ"

"___"

"မေမေ့ကို နေကောင်းစေချင်၊ ကျန်းမာစေချင်သလိုမျိုးပဲ မ,ကို ကျန်းမာရေးနဲ့ ပြည့်စုံစေချင်တာ တစ်ခုပါပဲ"

ဒေါ်လွင်လွင် ဘာမှ ပြန်မပြောမိ။ သီဟသာ အသံက တုန်ခတ်နေသည်။

"မ, ကျန်းမာရေး တိုးတက်ကောင်းမွန်သွားတယ်ဆိုရင် ကျွန်တော် ဖြစ်စေချင်တဲ့ဆန္ဒ ပြည့်ဝပါပြီ"

ဒေါ်လွင်လွင်က အသံပြန်မပြုသော်လည်း စောင်းထားတဲ့ဘက် နားထင်စပ်ဆီသို့ မျက်လုံးထောင့်စွန်းမှ မျက်ရည်တစ်ပေါက် စီးလိမ့်လျှောဆင်းသွားပါသည်။

"မေမေကလည်း သတင်းစောင့်နေတော့ မေမေပါ ခုထိ အိပ်မရဘဲ ပင်ပန်းသွားပြီ၊ ကျွန်တော် တောင်းပန်ပါတယ် မေမေ၊ မေမေ ပျော်အောင်အိပ်တော့နော်"



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လွှင်လွှင့်က မျက်စိစုံမှိတ်ထားရင်းမှ ခေါင်းတစ်ချက် အသာညိတ်ပြလိုက်ပါသည်။ ဖေဖေကတော့ သတင်းစောင့်နေတာ၊ မေမေကတော့ သတင်းစောင့်နေတာမဟုတ်နိုင်ဘူးလို့ မင်း ထင်တယ်ပေါ့ သီဟသာရယ်။ မေမေလည်း သတင်းကိုစောင့်နေမိတဲ့သူပါပဲ။ အဲဒါအပြင် ဘုရားစင်က အစွက်အညွန့်တို့ဟာလည်း မင်းရဲ့ မ,ကို ကျန်းမာချမ်းသာစေကြောင်း မေမေဆုတောင်းတဲ့ ယကြာတွေဆိုတာ သား ဘယ်သိနိုင်ပါ့မလဲ။

ခါးသီးခဲ့တဲ့ ဝေနဒနာဒဏ်ရာကလည်း သူ့ဟာသူအလျောက်၊ မျက်ကွယ်မပြုနိုင်တဲ့ စေတနာမေတ္တာကလည်း သူ့ဟာသူအလျောက် မေမေ့နှလုံးသားထဲ တစ်ပြိုင်နက် လွန်ဆွဲနေခဲ့တာပါ။





အန်တီလွှင်က ပြောတယ် ကိုသာ။

ဘဝဆိုတာ တိုတိုကလေးပါတဲ့။

ဒီဘဝတာတိုတိုထဲမှာ ဇင် အလိုချင်ဆုံးက ဘယ်အရာပါလဲတဲ့။

'စိတ်ချမ်းသာခြင်းလား၊ ကိုယ်ကျန်းမာခြင်းလား၊ ဒါမှမဟုတ် ... ကိုသာလား'တဲ့။

မ,က ဒီလို ဖြေလိုက်တယ် ကိုသာ။

'အန်တီလွှင့်နားလည်ခွင့်လွှတ်ခြင်း'လို့လေ။

သားရွှေအိုးထမ်းလာတာ မြင်လိုတဲ့ အဖြေစကားလိုပဲ အလုံးစုံပါဝင်သွားပါရဲ့နော်။



www.burmeseclassic.com

www.burmeseclassic.com



ငှ

## ၁၃

Dear Zin, လို့ အစချီထားတဲ့ စာကလေးများကို ဇင့် ရင်ဝယ် ပိုက်ကာ ဆင်းသက်တော့မည့် လေယာဉ်ကြီးထဲ နှလုံးခုန်သံ မြန်ဆန်နေပါသည်။ အန်တီလွှင့်ဆီက အီးမေးလ်တို့ကို ကိုသော်ကောင်း Print out လုပ်၍ ပေးသမျှ အားလုံးကို ဇင် အထပ်ထပ် အခါခါဖတ်၊ အထပ်ထပ်အခါခါ ရင်ခုန်ခဲ့ပြီး ပြီ။

လတွေ နှစ်ကာ ကြာမြင့်ခဲ့သည့် ဇင့်ဆေးကုသစရိုးကာ ခုတော့ ဇင် အပြီးအပိုင် ပြန်ရောက်ခဲ့ပြီ။ ဇင့်ရဲ့ နာလန်ထ အားမျှ ရက်တွေမှာ ဒီအီးမေးလ်တွေက ခွန်အားပါ။ ကိုသော့ထံက အီးမေးလ်





ဖတ်ကာ နှစ်သိမ့်ကြည်နူးစွာ ပြုံးမျက်ရည်ဝဲရသလို အန်တီလွှင့် အီးမေးလ် ဖတ်ရင်း ဝမ်းနည်းဝမ်းသာ မျက်ရည် ရစ်ဝိုင်းရပါ သည်။

အန်တီလွှင့်ရဲ့ အမျက်ပြေပျောက်သော (သို့မဟုတ်) အာဃာတကို ပျောက်ဖျက်မေ့လျော့ထားသော အီးမေးလ် စာလေး တွေကို ကိုသော်ကောင်း ယူလာတိုင်း ကိုသော်ကောင်းကို အားနာ ကျေးဇူးတင်စွာ အားကိုးတကြီး ပြုံးကြည့်မိသည်။ ကိုသော်ကောင်းက ဇင့်ကို ကြင်ကြင်နာနာ ကြည့်ကာ ဇင့်အတွက်လည်း ဝမ်းပန်း တသာ ရှိစွာ ...

"လူဆိုတာ ကံကောင်းပြီဆိုရင်လည်း ကံကောင်းတွေက တစ်ခုပြီးတစ်ခု ဆက်တိုက်ဆက်ဝင်လာရော ဇင်ရဲ့"

"အဲဒါ တကယ်ပဲပေါ့နော်"

"တကယ်ပေါ့၊ ဒီအန်တီလွှင့်ဆိုတဲ့ အမျိုးသမီးကြီးရဲ့ ပြေလည်မှုကိုရတာကတော့ ကံအကောင်းဆုံးပေါ့၊ ဘာဖြစ် လို့လဲဆိုတော့ မကျန်းမာဘူးဆိုရင် ကျွမ်းကျင်တဲ့ ဆရာဝန် ကြီးတွေနဲ့ ငွေကြေးသုံးစွဲပြီး ဆေးကုယူနိုင်သေးတယ်၊ ပြန်ကောင်းလာဖို့ ကိုယ် ကြိုးစားပြီး ရာခိုင်နှုန်းမျှော် မျှော်လင့်ချက် ရှိသေးတယ်လေ ...



www.burmeseclassic.com

www.burmeseclassic.com



ဒီ အမျိုးသမီးကြီးဆီက ခုလို ပြေလည်မှုဆိုတာ ဇင် ကြိုးစားရုံနဲ့လည်း မရနိုင်၊ ငွေကြေးနဲ့ ဖန်တီးယူလို့လည်း မရနိုင်၊ ကုသိုလ်ကံအလျောက် ဖြစ်လာရတာမျိုးလေ”

“ဒါ ... ဇင့်ကို သူ လက်ခံတဲ့သဘောလား ကိုသော်ကောင်း”

“လုံးဝ သေချာတာပေါ့ ဇင်ရယ်”

ကိုသာရေ ...။

လေယာဉ်ကြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဆင်းသက်ပြီကွယ်။ ကိုသာတို့သားအမိနဲ့ ဆုံတွေ့ရတော့မှာပေါ့နော်။ ဇင့်ဘဝမှာ သုခချမ်းသာအားလုံးလည်း ပြည့်စုံပြီပေါ့။ ကိုသာနဲ့များ ချစ်ကြွခွင့်မရဘူးဆိုရင်တောင် ဇင် ကျန်းမာရေးနဲ့ ပြည့်စုံကောင်းမွန်လာခြင်းဟာ အပြည့်အဝ အဓိပ္ပာယ်ရှိလိမ့်မယ် မဟုတ်ပါဘူး။

ခုတော့ အဓိပ္ပာယ်ရှိသော မင်္ဂလာကျက်သရေနဲ့ ပြည့်စုံသော နေပျော်စရာ ဘဝတစ်ခုကို ရယူပိုင်ဆိုင်ဖို့ ဇင် ပြန်ရောက်လာခဲ့ပြီကွယ်။

ထမင်းမိုရို



www.burmeseclassic.com